www.dhammaransi.com

526

မုံရွာမြို့
ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး
ရေးသား
စီရင်တော်မူအပ်သော

# သီလဝိနိစ္ဆယပေါင်းချုပ်

သာသနာရေး ဦးစီးဌာန သို့
အရှင်ကောဝိဒ မှ
လှူဒါန်းပါသည်။

☆

ဟံသာဝတီ

08-KHIN

www.dhammaransi.com

မုံရွာမြို့
ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး
စီရင်တော်မူအပ်သော

# သီလဝိနိစ္ဆယပေါင်းချုပ်

☆

သရဏဂုံဝိနိစ္ဆယကျမ်းသစ်
ဝိရတိသီလဝိနိစ္ဆယ
ပဥ္စသီလဝိနိစ္ဆယ
အာဇီဝဋ္ဌမကသီလ အဆုံးအဖြတ်
ဝိကာလဘောဇနသိက္ခာပုဒ် အဆုံးအဖြတ်
သိက္ခာဂဟဏဝိနိစ္ဆယ
သစ္စတ္ထဒီပနီကျမ်း
ပဋိစ္စသမုပ္ပါဒ်အကောက်

## ၉-ကျမ်းတွဲ

☆

ရန်ကုန်မြို့
ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်
၁၉၅၅

www.dhammaransi.com



ကျေးဇူးရှင်
လယ်တီဆရာတော်ဘုရားကြီး ပုံတော်

www.dhammaransi.com

# နိဒါန်း

**ကျမ်းပြုအမေ ဇာတာတော်**

ဤသရဏဂုံဝိနိစ္ဆယကျမ်းသစ်, ဝိရတိသီလဝိနိစ္ဆယ,သီလဝိနိစ္ဆယ,ပဉ္စသီလဝိနိစ္ဆယ,အာဇီဝဋ္ဌမကသီလအဆုံးအဖြတ်, ဝိကာလဘောဇန သိက္ခာပုဒ်အဆုံးအဖြတ်,သိက္ခာဂဟဏဝိနိစ္ဆယ,သစ္စတ္တဒီပနီကျမ်း,ပဋိစ္စသမုပ္ပါဒ်အကောက်-ကျမ်းတို့ကို ပြုစုတော်မူသော **ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး** သည် ဒီပဲရင်းမြို့နယ်၊စိုင်ပြင်ရွာ အဘ ဦးထွန်းသာ, အမိဒေါ်ကျုံးတို့မှကောဇာသက္ကရာဇ် ၁၂၀၈-ခုနှစ်နတ်တော်လဆန်း ၁၃-ရက်အင်္ဂါနေ့ ညဥ့် တချက်တီးကျော် ၂-ပါဒ်၊ ၂-ဗိဇနာ၊ ၅-ပြန်၊ ၈-ခရာ၊ သိဟ် လဂ်၊တူ စန်း၊တနင်္ဂနွေ ကြွင်း၊တနင်းလာ နဝင်း၊၉-လုံး ၂-ပါဒ်ထက် လဂ်စီးလျက် ဗိရဏိနက္ခတ် မွန်းတည့်လတ်သော မင်္ဂလာအချိန်တွင် သားမြတ် သားဦး မိးရှူးသန့်စင် ဖွားမြင်တော်မူလေသည်။

**နိမိတ်ဖေါ်ပြ အမည်တော်ရ**

ဖွားမြင်တော်မူပြီး မကြာမြင့်မီပင် ဖွားသန့်စင်ရာမင်္ဂလာအိမ်တော်၏အနီး မန်ကျည်းပင်၌ ထောင်၍ ထားအပ်သော ဝါးလုံးမှ သက်တံ့ပေါ်ပြီးလျှင် ၎င်းသက်တံ့သည် ဖွားသန့်စင်ရာ မင်္ဂလာအိမ်တော်ကို လက်ျာရစ်လှည့်လျက် အိမ်**ခေါင်**မှ အထက်ကောင်းကင်သို့ **တက်**သွားသည်ကို လူအများတွေ့ရှိရသဖြင့် မင်္ဂလာနိမိတ်ကို အစွဲပြု၍ **မောင်တက်ခေါင်** ဟု ဗျုပ္ပတ္တိနိမိတ် ကောင်းဟိတ်မင်္ဂလာနှင့်အညီ အမည်နာမ ဘွဲ့ချီသ၍ ခေါ်ဝေါ်ကြလေသည်။

**ဗျုပ္ပတ်အညီ ဘွဲ့တော်ချီ**

၎င်းမောင်တက်ခေါင်သည် အရွယ်တော်မြောက် ကျောင်းနေချိန်သို့ ရောက်လျှင် ရွာဦးကျောင်းဆရာတော်ကြီး ဦးခမ္ဘ မဟာထေရ် အထံတော်၌ အပ်နှံထားရာ သူငယ်တို့တတ်အပ်သော အရပ်ရပ် အတတ်ပညာများကို တတ်မြောက်ပြီးနောက် ရှင်သာမဏေ အဖြစ်ဖြင့် သာသနာ့ဘောင်သို့ တက်ရောက်တော်မူရကား မောင်တက်ခေါင်-ဟူသော ဝေါဟာရမှ ထက်မြက်စူးရှ လျင်မြန်လှသော **ဉာဏ်**ရှိမှုကိုစွဲ၍ **ရှင်ဉာဏ**ဟု ဗျုပ္ပတ္တိနိမိတ် ကောင်းဟိတ်မင်္ဂလာနှင့်အညီ အမည်နာမ ဘွဲ့ချီသ၍ နောက်မှတဖန် ခေါ်ဝေါ်ကြပြန်လေသည်။

# (ခ) နိဒါန်း

**ဓမ္မာစရိယ ဆန် ထောက်ရ**

၎င်းနောက် သက်တော် ၂၀-ကျူး၍ ရဟန်းဘဝသို့ ကူးတော်မူပြီးလျှင် [သုဒဿနဝရ ဓမ္မသာမိ မဟာ ဓမ္မရာဇဂုရု, သုဒဿနဓဇ အတုလဓိပတိ သိရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု] ဟူသော တံဆိပ်တော် ၂-ထပ်ရ သံဃာ ၁၀၀၀၀-ကျော် စာချ **မန္တလေးမြို့ စံကျောင်းဆရာတော်** မဟာထေရ် ကျောင်းကြီးထံတော်ဝယ် ပညာရင့်နို့ သောက်စို့မှီဝဲ နေစဉ်မှာပင် ၎င်း ဆရာတော်ကြီး၏ အန္တေဝါသိက တပည့်ကြီးဖြစ်သော [လုံပဏ်,လင်း ပဏ်၊ ၍နှစ်တန်၊ ဘယ်ပဏ်သာ ၍တတ်သနည်း] ဟုပညာရှိများ နှုတ်၌ အထပ်ထပ် ချပ်ဆိုခံရသော **စလင်းဦးပုဒ္ဓိန္ဒမထေရ်** ထံတော်၌ ပဋ္ဌာကတ်အခြေ တတ်မြောက်နိုင်ပြီတော်မူလေသဖြင့် ပဌမစာချ ဆန် ထောက်တော်ရသျက် တပည့်အများ စာပေပို့ချ သင်ကြားပေးနေ စဉ်မှာပင် ၁၂၇၁-ခု နှစ်၌ ပါရမီဒီပနီကျမ်းကို ပြုစုတော်မူလေ၏။

**ကျောင်းစာသင်း တံဆိပ်နှင်း**

၁၂၇၈-ခုနှစ်သို့ရောက်လတ်သော်ရတနာပုံနေပြည် တော် မန္တလေးမြို့ စံကျောင်းတိုက်ဝိဟာရမှပြောင်း ရွှေ့တော်မူခဲ့၍ **မုံရွာမြို့ လယ်တီ ကျောင်းတိုက်ကြီး** ကိုတည်ထောင် ဖန်ဆင်းတော်မူကာ အရပ်ရပ်မှ ပညာရင့်နို့သောက်စို့ ရန် ရောက်လာကြသော များစွာ သောင်းသောင်း တပည့် သံဃာ အပေါင်းတို့အား စာပေပို့ချတော်မူခြင်း, တကာ- တကာမအပေါင်း တို့အား တရားရေအေး တိုက်ကျွေးဆုံးမတော်မူခြင်း, ပါဠိဘာသာ, မြန်မာဘာသာ ၂-ဖြာသောကျမ်းဂန်တို့ကို ရေးသားပြုစုတော်မူခြင်း, အမြို့မြို့ အရွာရွာသို့ လှည့်လည်တော်မူလျက် တရား အမြိုက်မိုယ်းကို တဖြိုးဖြိုးသွန်ချတော်မူခြင်း, အမေးပုစ္ဆာ ပြဿနာအရပ်ရပ်တို့ကို တပ် အပ်သေချာ ဖြေကြားရှင်းလင်းတော်မူခြင်းစသော ဂုဏ်အပေါင်းတို့ ကြောင့် လယ်တီဆရာတော်ကြီးဟု-အာရှ,ဥရောပ အနှံ့ တအံ့တသြ ကျော်စောကိတ္တိ ဂုဏ်ရှိန်ဖြိုး၍ ထွန်းလင်းဘိရကား တိုင်းကြီး,ပြည်ကြီး ရှင် ဘုရင်မင်းတို့က **အဂ္ဂမဟာပဏ္ဍိတ**ဟူသောပါဠိဂုဏ်ဟိတ် ဘွဲ့တံဆိပ် တော်ဖြင့်၎င်း, **ဒီလစ်** ဟူသော အင်္ဂလိပ်ဂုဏ်ဟိတ် ဘွဲ့တံဆိပ်တော်ဖြင့် ၎င်း ဆက်ကပ်လှူဒါန်းပူဇော်သည်ကို ခံယူရရှိတော်မူလေသည်။

www.dhammaransi.com

# နိဒါန်း (၈)

**ကရုဏာဒေါရေး၍ ကျမ်းဂန်ပြု** ကျေးဇူးရှင် လယ်တီ ဆရာတော်ဘုရားကြီးသည် သာမဏေဖြစ်စဉ်က ကျေးစောင်း ရတုကို စီရင်တော်မူလေသည်၊ ရဟန်းအဖြစ်သို့ ရောက်တော်မူသောအခါ စီရင်ပြုစုတော်မူသော ကျမ်းများမှာ–

၁။ ပရမတ္ထဒီပနီခေါ် [သင်္ဂြိုဟ်မဟာဋီကာသစ်ပါ၌]
၂။ နိရုတ္တိဒီပနီခေါ်[ဝုတ္တိမောဂ္ဂလာန်ဋီကာပါ၌]
၃။ ပဋ္ဌာနုဒ္ဒေသဒီပနီပါ၌
၄။ သမ္မာဒိဋ္ဌိဒီပနီပါ၌
၅။ အနုဒီပနီပါ၌
၆။ ရူပဒီပနီ
၇။ လက္ခဏာဒီပနီ
၈။ ပါရမီဒီပနီ
၉။ ဝိဇ္ဇာမဂ္ဂဒီပနီ
၁၀။ နိဗ္ဗာနဒီပနီ
၁၁။ မဟာသယနဒီပနီ
၁၂။ ဥတ္တမပုရိသဒီပနီ
၁၃။ ပဋိစ္စသမုပ္ပါဒဒီပနီ
၁၄။ အာဟာရဒီပနီ
၁၅။ အနတ္တဒီပနီ
၁၆။ ကမ္မဋ္ဌာနဒီပနီ
၁၇။ အာနာပါနဒီပနီ
၁၈။ စတုသစ္စဒီပနီ
၁၉။ သစ္စတ္တဒီပနီ
၂၀။ ဗောဓိပက္ခိယဒီပနီ
၂၁။ သောမနဿုပေက္ခာဒီပနီ
၂၂။ ဘာဝနာဒီပနီ
၂၃။ သုကုမာရမဂ္ဂဒီပနီ
၂၄။ သာသနဒါယဇ္ဇဒီပနီ
၂၅။ ရောဂန္တရဒီပနီ
၂၆။ ဓမ္မဒီပနီ
၂၇။ ဒါနာဒိဒီပနီ
၂၈။ မဂ္ဂင်ဒီပနီ
၂၉။ ဂေါဏာသုရာဒီပနီ
၃၀။ နိယာမဒီပနီ
၃၁။ ဝိပဿနာဒီပနီ
၃၂။ အနတ္တဒီပနီကျမ်းသစ်
၃၃။ သီလဝိနိစ္ဆယ
၃၄။ ဝိရတိသီလဝိနိစ္ဆယ
၃၅။ ဠာဏပရိဘောဂဝိနိစ္ဆယ
၃၆။ ဒီဃာသနဝိနိစ္ဆယ
၃၇။ သရဏဂုံဝိနိစ္ဆယ ကျမ်းသစ်
၃၈။ အသင်္ခါရ,သသင်္ခါရ ဝိနိစ္ဆယ
၃၉။ သိက္ခာဂဟဏဝိနိစ္ဆယ
၄၀။ စေတိယင်္ဂဏဝိနိစ္ဆယ
၄၁။ ဥပသမ္ပဒ ဝိနိစ္ဆယ
၄၂။ အာဇီဝဋ္ဌမက သီလအဆုံးအဖြတ်။
၄၃။ ဝိကာလဘောဇနသိက္ခာပုဒ် အဆုံးအဖြတ်။
၄၄။ ပရမတ္ထသံခိပ်
၄၅။ ဝိနယသံခိပ်

(ဃ) **နိဒါန်း**

၄၆။ သဒ္ဒသံခိပ်
၄၇။ သတ်ပုံသံခိပ်
၄၈။ သင်ပုန်းကြီးသံခိပ်
၄၉။ ပရမတ္ထဒီပနီဝေါ [သင်္ဂြိုဟ်မဟာဋီကာသစ်နိဿယ]
၅၀။ နိရုတ္တိဒီပနီဝေါ [ဝုတ္တိမောဂ္ဂလာန်ဋီကာနိဿယ]
၅၁။ ပဓာနသုတ် ပါဠိတော်နိဿယသစ်
၅၂။ အနတ္တဝိဘာဝနာပါဌ်နိဿယ
၅၃။ အာဝေဏိကဂုဏ်တော်ပါဌ်နိဿယ
၅၄။ လန်ဒန်ပါဠိဒေဝီပုစ္ဆာဝိဿဇ္ဇနာပါဌ်
၅၅။ သောတာပန်ပုစ္ဆာ
၅၆။ လယ်တီပုစ္ဆာ အဖြေပေါင်းချုပ်
၅၇။ နိဗ္ဗာနဝိဿဇ္ဇနာ
၅၈။ ရုပ်ပိုင်းအကျဉ်း
၅၉။ သာသနဝိသောဓနီ ပဌမတွဲ
၆၀။ ၎င်း ဒုတိယတွဲ
၆၁။ ၎င်း တတိယတွဲ
၆၂။ ခေတ်ကမ္မဋ္ဌာန်းကျမ်းသစ်
၆၃။ ဂမ္ဘီရကဗျာကျမ်း
၆၄။ ဥရောပဗုဒ္ဓဘာသာအလင်းပြ
၆၅။ ပဋိစ္စသမုပ္ပါဒ်အကျဉ်းလင်္ကာ
၆၆။ သံဝေဂလေးချိုးနှင့်အဓိပ္ပါယ်
၆၇။ ကမ္မဋ္ဌာန်းကျမ်းကြီး
၆၈။ ပုဏ္ဏောဝါဒ ကမ္မဋ္ဌာန်း
၆၉။ လယ်တီမင်္ဂလသုတ္တန်
၇၀။ အလင်းကျမ်း

**သဗ္ဗေသင်္ခါရာ အနိစ္စာ** ဤသို့အစရှိသည်ဖြင့် ဒီပနီ, ဝိနိစ္ဆယ, သံခိပ်, ပါဌ်-နိဿယ, ပုစ္ဆာ-ဝိဿဇ္ဇနာ, ဝိသောဓနီ ကျမ်းပေါင်းမြောက်မြားစွာကိုရေးသားစီရင်တော်မူခဲ့ပြီးသည့်နောက်--

**ဧဝံ မဟာနုဘာဝေါ၊ ယံ နာမေတံ မဟေသိနော။**
**န ဘယေန န လဇ္ဇာယ၊ မရဏဝသ မာဂတံ။**

ဟူသော ဒေသနာတော်နှင့်အညီ ကြီးကျယ် မြင့်မြတ်သော အာနုဘော်တော်တို့နှင့် ပြည့်စုံတော်မူသည့် သဗ္ဗညုရှင်တော်မြတ်ဘုရားကြီးသော်မှရှောင်ကွင်း၍ မလွတ်နိုင်၊ ကြောက်ရွံ့မဲ့ကင်း သေမင်းအလိုသို့ပါတော်မူရဘိသို့၊ ဘုရားရှင်၏တပည့်သာဝက ကျေးဇူးရှင် လယ်တီဆရာတော် မထေရ်မြတ်ကြီးသည်လည်း ၁၂၈၅-ခုနှစ် ပဌမဝါဆိုလပြည့်ဗုဒ္ဓဟူးနေ့ ၂-နာရီ မိနစ် ၃၀-အချိန်တွင် ပျဉ်းမနားမြို့၌ ကြောက်ရွံ့မဲ့ကင်း သေမင်းအလိုသို့ ပါတော်မူရချေပြီ။

www.dhammaransi.com

## နိဒါန်း (င)

**ပုံနှိပ်ဝေခြင်း နှလုံးသွင်း** ကျေးဇူးရှင် ဆရာတော်ဘုရားကြီး ပျံလွန်တော်မူပြီး နောက်၌ စီရင်တော်မူခဲ့သော ကျမ်းစာများ **မတိမ်ကော မပပျောက်စေရန်ရင်း**, တပည့်နောက်သား လူအများတို့ မှတ်သားကြည့်ရှု သတိပြုသဖြင့် ဉာဏ်စဉ်တိုးပွား **နိဗ္ဗာန်တိုင် အကျိုးများစေရန်ရင်း** ရည်သန်ရိုးရင်း နှလုံးသွင်းရှိရကား ပါဠိဆရာကြီး **ဦးခင်စိုး သိရိပဝရ ဓမ္မာစရိယ** အမှူးရှိသော ဟံသာဝတီ ပါဠိဆရာကြီးများက အက္ခရာပုဒ်ရင်း မချွတ်ယွင်းစေရအောင် သုတ်သင်ပြင်ဆင်လျက်ဤသရဏဂုံ ဝိနိစ္ဆယကျမ်းသစ်,ဝိရတိသီလဝိနိစ္ဆယ, သီလဝိနိစ္ဆယ, ပဉ္စသီလဝိနိစ္ဆယ, အာဇီဝဋ္ဌမကသီလ အဆုံးအဖြတ်, ဝိကာလဘောဇန သိက္ခာပုဒ်အဆုံးအဖြတ်, သိက္ခာဂဟဏ ဝိနိစ္ဆယ, သစ္စတ္ထဒီပနီကျမ်း, ပဋိစ္စသမုပ္ပါဒ်အကောက် ၉-ကျမ်းတွဲကို စက်တင် ပုံနှိပ်အပ်ပါကြောင်း။

"ဟံသာဝတီ"

---

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **သရဏဂုံဝိနိစ္ဆယ ကျမ်းသစ်** | |
| ၁။ | သရဏဂုံပျက်မပျက်ကိုပြခြင်း .... | ၁ |
| ၂။ | ကိုးကွယ်မှု ၂-ပါးခြားနားပုံကိုပြခြင်း .... | ၄ |
| ၃။ | သရဏဂုံခံယူမှု,ရမှုကိုပြခြင်း .... | ၆ |
| ၄။ | ပုထုဇဉ်သံဃာသရဏဂုံထိုက်,မထိုက်ကိုပြခြင်း | ၉ |
| ၅။ | သရဏဂုံထိုက်သော သံဃာကိုပြခြင်း .... | ၁၃ |
| ၆။ | သရဏဂုံ ပျက်ခြင်းနှင့်မပျက်ခြင်းအကျဉ်းချုပ် | ၂၃ |
| ၇။ | သရဏဂုံအကျိုးကိုပြခြင်း .... | ၂၃ |
| | **ဝိရတိသီလ ဝိနိစ္ဆယ** | |
| ၁။ | ကုသလကမ္မပထတရား၁၀-ပါးကိုပြဆိုခြင်း .... | ၃၉ |
| ၂။ | ဝိရတိသီလကမ္မပထကြီး၇-ပါးကိုပြဆိုခြင်း .... | ၄၁ |
| ၃။ | ဝိရတိ၃-ပါးနှင့်ဝဋ္ဋနိဿိတ,ဝိဝဋ္ဋနိဿိတကို .... ခွဲပြခြင်း .... | ၄၂ |
| ၄။ | ဥါရဠ် ဝိရတိ၃-ပါးအထူးကိုပြခြင်း .... | ၄၉ |
| ၅။ | သမ္ပတ္တစသော ဝိရတိ၃-ပါးအထူးကိုပြခြင်း .... | ၅၂ |
| ၆။ | သမာဒါနဝိရတိကိုအကျယ်ပြခြင်း .... | ၅၄ |
| ၇။ | ဝိရတိသီလကို တနည်းပြခြင်း .... | ၆၄ |
| ၈။ | လူတို့၏သီလကိုခွဲပြခြင်း .... | ၆၈ |
| ၉။ | သုတ္တန်,အဘိဓမ္မာဝိရတိကိုပြခြင်း .... | ၇၂ |
| ၁၀။ | အာဇီဝဋ္ဌမကသီလနှင့် မနောကံတို့ကိုပြခြင်း .... | ၇၄ |
| ၁၁။ | ကုသလကမ္မပထ၁၀-ပါး ဖြစ်ပွားရာကာလ .... ကိုပြခြင်း .... | ၇၇ |
| | **သီလဝိနိစ္ဆယကျမ်း** | |
| ၁။ | ၅-ပါးသီလ၏ နိစ္စ,အနိစ္စစစ်တမ်း .... | ၈၃ |
| ၂။ | ၁၀-ပါးသီလ၏ နိစ္စ,အနိစ္စစစ်တမ်း .... | ၈၅ |

www.dhammaransi.com



# မာတိကာ

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


၃။ ၈-ပါးသီလ၏ နိစ္စ,အနိစ္စစစ်တမ်း .... ၈၇

၄။ သဘာဝနိစ္စ စသည်တို့၏အဆုံးအဖြတ် .... ၈၈


## ပဉ္စသီလဝိနိစ္ဆယ


၁။ ပါဏာတိပါတကိုပြဆိုခြင်း .... ၁၀၉

၂။ အဒိန္နာဒါနကိုပြဆိုခြင်း .... ၁၁၅

၃။ ကာမေသုမိစ္ဆာစာရကိုပြဆိုခြင်း .... ၁၁၈

၄။ မုသာဝါဒကိုပြဆိုခြင်း .... ၁၂၃

၅။ သုရာမေရယကိုပြဆိုခြင်း .... ၁၂၅


## အာဇီဝဋ္ဌမကသီလအဆုံးအဖြတ်


၁။ သီလ ၃-မျိုးခြားနားပုံကို ပြဆိုခြင်း .... ၁၂၉

၂။ အာဇီဝဋ္ဌမက သီလဆောက်တည်ပုံကို ပြဆိုခြင်း .... ၁၄၃

၃။ အာဇီဝဋ္ဌမကသီလ၏ အင်္ဂါပဋယောဂကို ပြဆိုခြင်း .... ၁၄၅


## ဝိကာလဘောဇန သိက္ခာပုဒ်အဆုံးအဖြတ်


၁။ ဝိကာလဘောဇန သိက္ခာပုဒ် ပျက်မပျက် .... ၁၄၉

၂။ သိက္ခာပုဒ် အညှိုးအင်္ဂါတွင် ပါမပါကို ပြဆိုခြင်း .... ၁၆၄


## သိက္ခာဂဟဏဝိနိစ္ဆယ


သီလခံယူပုံ ၄-နည်း .... ၁၇၁

၁။ ပဌမနည်းကို စိစစ်ပြခြင်း .... ၁၇၂

၂။ ဒုတိယနည်းကို စိစစ်ပြခြင်း .... ၁၇၆

၃-၄။ တတိယ, စတုတ္ထနည်းတို့ကို စိစစ်ပြခြင်း .... ၁၇၇

သီလအမျိုးမျိုးအကျိုးဝေဘန်း .... ၁၈၀

www.dhammaransi.com

# မာတိကာ



| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


**သစ္စဒွဒ္ဒ ဒိပနီကျမ်း**

ပဏာမနှင့်ပဋိညာဉ် .... ၁၀၅
၁။ သစ္စာအနက် ၁၆-ချက်ပါဠိအနက် .... ၁၀၅
၂။ သစ္စာအနက် ၁၆-ချက် အဓိပ္ပါယ် .... ၁၀၇

**ပဋိစ္စသမုပ္ပါဒ်အကောက်**

၁။ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ပုံ .... ၂၀၉
၂။ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်ပုံ .... ၂၁၄
၃။ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်ပုံ .... ၂၁၆
၄။ နာမ်ရုပ်ကြောင့် သဠာယတနဖြစ်ပုံ .... ၂၁၇
၅။ သဠာယတနကြောင့် ဖဿဖြစ်ပုံ .... ၂၁၇
၆။ ဖဿကြောင့် ဝေဒနာဖြစ်ပုံ .... ၂၁၈
၇။ ဝေဒနာကြောင့် တဏှာဖြစ်ပုံ .... ၂၁၉
၈။ တဏှာကြောင့် ဥပါဒါန်ဖြစ်ပုံ .... ၂၂၀
၉။ ဥပါဒါန်ကြောင့် ဘဝဖြစ်ပုံ .... ၂၂၁
၁၀။ ဘဝကြောင့် ဇာတိဖြစ်ပုံ .... ၂၂၂
၁၁။ ဇာတိကြောင့် ဇရာမရဏဖြစ်ပုံ .... ၂၂၃
၁၂။ ဇာတိကြောင့် သောက,စသည်တို့ဖြစ်ပုံ .... ၂၂၃

www.dhammaransi.com



# သရဏဂုံဝိနိစ္ဆယကျမ်းသစ်

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

### ၁-ပဉ္စမခဏ်း

### သရဏဂုံပျက်မပျက်ကို ပြခြင်း

ကျိုက်ထိုမြို့မှ တပည့်ဖြစ်သူ ရှင်ကိတ္တိ လျှောက်ထားလိုက်သောစာလွှာသည် သက္ကရာဇ် ၁၂၆၆-ခု၊ ပြာသိုလဆန်း ဂ-ရက်နေ့တွင် ဆရာတော်ထံသို့ရောက်လာသည်၊ ၎င်းလျှောက်လွှာတွင် ပါရှိသမျှကို ကြည့်ရှုရာ ဝမ်းမြောက်ဝမ်းသာရှိ၏။

"ရသေ့ပရိဗိုဇ်များကို ကိုးကွယ်ကြကုန်သောသူတို့အား သရဏဂုံ ပျက်မည်, မပျက်မည်များကို ခြားနားစွာသိလိုပါသည်" ဟု လျှောက်ထားချက် ပါရှိသည်မှာ—

၁။ သီလတည်မှု, သီလပျက်မှု,
၂။ သရဏဂုံတည်မှု, သရဏဂုံပျက်မှု-

တို့ကို ထင်ရှားစွာပြ၍ ထိုအမေးကိုဖြေဆိုရာ၏။

၁။ သီလတည်မှုမည်သည်- ရဟန်းသံဃာ, စေတီ, ပုထိုး၌ခံယူခဲ့သော်၎င်း, မိမိအလိုအလျောက်ပင် နှုတ်မြွက်၍ ဆောက်တည်ခဲ့သော်၎င်း ထိုပုဂ္ဂိုလ်အား သီလသည်တည်၏၊ နေ့ရက်အပိုင်းအခြားနှင့်

**H,297 1** [ဟံသာဝတီ]

www.dhammaransi.com



မှန်းထား၍ ခံယူဆောက်တည်ခဲ့သည်ရှိသော် ထိုအပိုင်းအခြားကိုလွန်လျှင် ထိုသီလသည်ပျက်၏။

ပျက်၏-ဆိုသော်လည်း ခံယူမှု, ဆောက်တည်မှု ကွယ်ပြီမ်း၍သွားသည်ကိုဆိုလိုသည်၊ ကျိုးပေါက်သော အပျက်မျိုးမဟုတ်၊ ခံယူဆောက်တည်သော နေ့ရက်အပိုင်းအခြားကို မလွန်သေးမီ ထိုထိုသိက္ခာပုဒ်ကို ကျူးလွန်ခဲ့သည်ရှိသော် ကျူးလွန်သော သိက္ခာပုဒ်သည် ကျူးလွန်သော ခဏာ၌ပျက်၏၊ ဤအပျက်ကား ကျိုးပေါက်သောအပျက်တည်း။

[ဤကား- သီလတည်မှု, သီလပျက်မှု၌ ပညာရှိသူလူအများတို့အား အရိုးအစဉ်ထင်ရှား၍ နေကြသောအမိပ္ပါယ်တည်း။]

၂။ သရဏဂုံတည်မှု, သရဏဂုံပျက်မှု၌ကား- နေ့ရက်အပိုင်းအခြားနှင့် မှန်းထား၍ ခံယူဆောက်တည်ရသော အရာမျိုးမဟုတ်၊ နေ့ရက် အပိုင်းအခြားနှင့် ခံယူဆောက်တည်၍မရ၊ ပါဏုပေတံ-အသက်ထက်ဆုံးပြု၍ ခံယူဆောက်တည်ရသော အရာမျိုးပေတည်း၊ ပါဏုပေတံ-အသက်ထက်ဆုံးပြု၍ ခံယူဆောက်တည်မှုရ၏၊ထို့ကြောင့် သိက္ခာပုဒ်တို့၌သာလျှင် ပိုင်းခြားသော နေ့ရက်ကို လွန်လျှင် ပျက်မှုဟူ၍ အသီးအခြားရှိသည်၊ သရဏဂုံ၌ ပိုင်းခြားသော နေ့ရက်ကို လွန်၍ ပျက်မှုမရှိ၊ သေလွန်မှပျက်မှုသာရှိသည်။

[ကျူးလွန်၍ ပျက်မှု သည်မှုကား-သီလ,သရဏဂုံ ၂-ပါးစုံ၌ပင် ရှိ၏။]

### အထူးမှုကား

သီလအရာ၌—

၁။ တခုသော သိက္ခာပုဒ်ကို ကျူးလွန်ခဲ့လျှင် ၅-ပါး, ၈-ပါး အကုန်ပျက်နည်းတမျိုး,

၂။ တခုသော သိက္ခာပုဒ်ကို ကျူးလွန်ခဲ့လျှင် တပါးသောသိက္ခာပုဒ်ကား မပျက်၊ကျူးလွန်သော သိက္ခာပုဒ်တခုသာ ပျက်နည်း တမျိုး-

ဟူ၍ ၂-မျိုးရှိ၏။

www.dhammaransi.com



၁။ ပဉ္စသိက္ခာပဒါနိ သမာဒိယာမိ၊ အဋ္ဌ ဥပေါသထင်္ဂါနိ သမာဒိယာမိ-ဟူ၍ တပေါင်းတည်း ခံယူဆောက်တည်ရာ၌ တခုပျက်လျှင် အကုန်ပျက်၏။

၂။ ယခုကာလ၌ကဲ့သို့ အသီးအသီးခံယူဆောက်တည်ရာ၌တခုခုကို ကျူးလွန်မိလျှင် ကျူးလွန်မိသော သိက္ခာပုဒ်သာ ပျက်၏-

ဟု သမ္မောဟဝိနောဒနီ သိက္ခာပဒဝိဘင်း အဋ္ဌကထာ၌လာ၏။

သရဏဂုံအရာ၌မူကား-

ထိုကဲ့သို့မဟုတ်၊ တပေါင်းတည်း ခံယူဆောက်တည်သည် ဖြစ်စေ, အသီးအသီး ခံယူဆောက်တည်သည်ဖြစ်စေ ကျူးလွန်သည်ရှိသော် တပေါင်းတည်းသာပျက်၏။

အဘယ်ကြောင့်နည်းဆိုသော်-

၁။ သိက္ခာပုဒ်တို့မှာ ကျူးလွန်ခြင်းမြောက်ရန် အင်္ဂါအသီးအသီး ရှိကြကုန်၏။

၂။ သရဏဂုံ၌မူကား-ကျူးလွန်မှုမည်သည် ဗုဒ္ဓဘာသာကို စွန့်၍ ဘာသာတပါးသို့ ပြောင်းရွှေ့ခြင်းတပါးသာရှိ၏၊ တကြိမ်ဆောက်တည်၍ထားသော သရဏဂုံမည်သည် မသေမီအတွင်း၌ အရှင်ဂေါတမဘုရား, အရှင်ဂေါတမတရား,အရှင်ဂေါတမတပည့်သား သံဃာ, အရှင်ဂေါတမသာသနာကို မကိုးကွယ်လိုပြီ-ဟု ဗုဒ္ဓဘာသာကိုစွန့်၍ ခရစ်ယန်ဘာသာအစရှိသော ဘာသာတပါးသို့ ပြောင်းရွှေ့မှပင်သရဏဂုံပျက်တော့သည်။

ထို့ကြောင့် သရဏဂုံမည်သည် တကြိမ်ခံယူဆောက်တည်ပြီးနောက် ဗုဒ္ဓဘာသာကို မစွန့်သမျှကာလပတ်လုံး အမြဲတည်၏၊ အခါခါခံယူဆောက်တည်ဘွယ်ကိစ္စမရှိ၊ သို့သော်လည်း အခါခါခံယူဆောက်တည်မှုသည် ကုသိုလ်တရား အသစ်အသစ် ပွင့်လင်းမှုဖြစ်၏၊ ထို့ကြောင့်ယခုကာလ၌ လူတို့သည် သရဏဂုံကိုလည်း သီလနှင့်အတူ အခါခါခံယူဆောက်တည်ကြရကုန်၏၊ ၅-ပါးသီလကဲ့သို့ ကျူးလွန်မိခဲ့သော်, ပျက်စီးခဲ့သော်- ဟု မိမိကိုယ်ကို မိမိစိတ်မချသာရှိ၍ အခါခါခံယူဆောက်တည်ကြကုန်သည်လည်းမဟုတ်၊ ဥပေါသထသီလကဲ့သို့ ယခင်ကခံယူ

www.dhammaransi.com



ဆောက်တည်သော နေ့ရက်အပိုင်းအခြားကိုလွန်၍ ပြီးခဲ့ပြီ-ဟု အခါခါယူဆောက်တည်ကြကုန်သည်လည်းမဟုတ်။

[ဤကား-သီလတည်မှု, သီလပျက်မှု၊ သရဏဂုံတည်မှု, သရဏဂုံပျက်မှု ၂-ပါးတို့၏ ကွဲပြားခြားနားကြပုံကို အကျဉ်းအားဖြင့် ထင်ရှားအောင်ပြဆိုလိုက်သော စကားတရပ်တည်း၊ ကျမ်းဂန်ပါဠိ ယုတ္တိသဘောများကို နောက်မှပြဆိုမည်။]

ပဌမခဏ်းပြီး၏။

## ၂-ဒုတိယခဏ်း

### ကိုးကွယ်မှု ၂-ပါး ခြားနားပုံကိုပြခြင်း

လောက၌ကိုးကွယ်ရာပြုမှု မည်သည် ၂-မျိုးရှိ၏။

၁။ သရဏဂုံကိစ္စနှင့် ကိုးကွယ်ရာပြုမှုတမျိုး,

၂။ အထူးကုသိုလ်ဖြစ်ပွားရန် ကိစ္စနှင့် ကိုးကွယ်ရာပြုမှုမျိုး-

၁။ သရဏဂုံ ကိစ္စနှင့် ကိုးကွယ်ရာပြုမှုဆိုသည်ကား- သက်တော်ထင်ရှားရှိတော်မူသော သဗ္ဗညုမြတ်စွာဘုရားကိုရင်း, မဂ် ၄-တန်, ဖိုလ် ၄-တန်, နိဗ္ဗာန်, ပရိယတ်တည်းဟူသော ၁၀-ပါးသောတရားတော်မြတ်ကိုရင်း, သီလဝန်, ဂုဏဝန် ကလျာဏပုထုဇဉ် ရဟန်းနှင့်တကွ ၈-ယောက်သော အရိယာသံဃာတော်မြတ်တို့ကိုရင်း အသက်ထက်ဆုံး အမြဲနိစ္စအားဖြင့် ယခုဘဝ၌ မိမိ၏ကိုးကွယ်ရာဟု ခံယူဆောက်တည်၍ ကိုးကွယ်မှုသည် သရဏဂုံကိစ္စနှင့် ကိုးကွယ်ရာ ပြုမှုမည်၏။

၂။ စေတီ, ပုထိုး, ရုပ်ပွား, ဆင်းတု တည်ထောင်၍ ကိုးကွယ်မှု၊ မိမိမိမိတို့ ကြည်ညိုလေးမြတ်ရာ ဂိဏ်းသံဃာပုဂ္ဂိုလ်ကို မိမိတို့ဆိုင်ရာဆရာသမားပြုလုပ်၍ အသီးအသီး ကိုးကွယ်ကြမှုများသည် အထူးကုသိုလ်ဖြစ်ပွားရန်ကိစ္စနှင့် ကိုးကွယ်ရာပြုမှုမည်၏။

ထို ၂-မျိုးတို့တွင်—

၁။ သရဏဂုံကိစ္စနှင့် ကိုးကွယ်ရာပြုမှုသည် ဗုဒ္ဓဘာသာမှန်ကြသူ နတ်, လူ, ဗြဟ္မာ သတ္တဝါခပ်သိမ်း တထပ်တည်းတူမျှကြ၏၊ ဘယ်သူ၏

www.dhammaransi.com



ကိုးကွယ်ရာက ယုတ်ညံ့သည်၊ ဘယ်သူ၏ကိုးကွယ်ရာက မြင့်မြတ်သည်-ဟူ၍မရှိကြပြီ။

၂။ အထူးကုသိုလ်ဖြစ်ပွားရန် ကိစ္စနှင့် ကိုးကွယ်ရာပြုကြမှု၌ကား-ဘယ်သူ၏ ကိုးကွယ်ရာက ယုတ်ညံ့သည်၊ ဘယ်သူ၏ကိုးကွယ်ရာက မြင့်မြတ်သည်ဟူ၍ အထူးထူးအထွေထွေရှိကြ၏၊ အထူးကုသိုလ်ဖြစ်ပွားရန် ကိစ္စနှင့် ကိုးကွယ်ရာပြုကြမှုသည်ကား-သရဏဂုံကိစ္စမျိုးမဟုတ်၊ ဤကဲ့သို့ ကိုးကွယ်မှုနှင့် သရဏဂုံကိစ္စပြီးစီးသည်လည်းမဟုတ်၊ သရဏဂုံကိစ္စကို ညစ်နွမ်းစေတတ်, ပျက်စီးစေတတ်သည်လည်းမဟုတ်။

ထို့ကြောင့် ခုဒ္ဒကပါဌအဋ္ဌကထာ၌—

> ဧဝံ ပန သရဏံ ဂတဿ အညသ္မိံ ဘိက္ခုသံဃေဝါ ဘိက္ခုနီသံဃေ ဝါ ဗုဒ္ဓပ္ပမုခေ ဝါ သံဃေ သမ္မုတိသံဃေ ဝါ စတုဝဂ္ဂါဒိဘေဒေ ဂေသ္မိံ ပုဂ္ဂလေပိ ဘာဂဝန္တံ ဥဒ္ဒိဿ ပဗ္ဗဇိတေ ဝန္ဒနာဒိကိရိယာယ သရဏဂမနံ နေဝ ဘိဇ္ဇတိ န သံကိလိဿတိ။

ဟူ၍မိန့်ဆိုပေ၏။

**ပါဠိ်လျှောက်အဓိပ္ပါယ်ကား။** ။ဤသရဏဂုံသို့ကပ်ပြီးသောသူအား တပါးသော ဘိက္ခုသံဃာ၌ဇင်း, ဘိက္ခုနီသံဃာ၌ဇင်း, ဘုရားအမှူးရှိသော သံဃာ၌ဇင်း,စတုဝဂ္ဂစသည် အပြားရှိသော သမ္မုတိသံဃာ၌ဇင်း, သဗ္ဗညုဘုရားကို ရည်စူး၍ ပဗ္ဗဇိတအဖြစ်သို့ ရောက်သော သိက္ခမာန်-သာမဏေ-သီတင်းသည်-ရသေ့-ပရိဗိုဇ်တို့၌ဇင်း ရှိခိုးခြင်းစသည်ကို ပြုခြင်းကြောင့် ခံယူဆောက်တည်၍ ထားအပ်သော ပကတိသရဏဂုံသည် ပျက်စီးခြင်း, ညစ်နွမ်းခြင်းမရှိ-ဟူလိုသည်။

ဤအဋ္ဌကထာပါဌ်ဖြင့်—

ပကတိသရဏဂုံကိစ္စနှင့် အထူးကိုးကွယ်မှုကိစ္စ ၂-ပါး၏ကွဲပြားခြားနားမှုသည် အလွန်ထင်ရှား၏၊ အထူးကိုးကွယ်မှုတမျိုးဖြစ်၍ ရဟန်းသံဃာ၌ ရှိခိုးမှုစသည်ကိုပင် သရဏဂုံပျက်ကြောင်း မဟုတ်ဟု ကွက်ခြား၍ မိန့်ဆိုရလေသတည်း၊ ပစ္စုပ္ပန် အကျိုးစီးပွားအတွက်နှင့် မင်း

www.dhammaransi.com



စိုးရာဇာကို ရှိခိုးမှု, မြိုးဘလာနတ်တို့ကို ရှိခိုးမှု, ကိုးကွယ်မှု- စသည်တို့သည်လည်း ထို့အတူ သရဏဂုံပျက်ကြောင်းမဟုတ်ကုန်။

[ဤကား-သရဏဂုံကိစ္စနှင့်ကိုးကွယ်မှု, အထူးကိုးကွယ်မှု ၂-ပါးတို့၏ ကွဲပြားခြားနားပုံကို ထင်ရှားအောင် ပြဆိုလိုက်သော စကားရပ်တည်း။]

ဒုတိယခဏ်းပြီး၏။

---

## ၃-တတိယခဏ်း

### သရဏဂုံခံယူမှု ရမှုကို ပြခြင်း

သရဏဂုံခံယူဆောက်တည်မှုကို ဤသို့ကျမ်းဂန်တို့၌လာ၏။

> သရဏဂမနံ ပန ကေဘိက္ခုဿ ဝါ သန္တိကေ သံဃဿ ဝါ ဂဏဿ ဝါ သကိံ ဂဟိတံ ဂဟိတမေဝ ဟောတိ။
>
> [သီလက္ခန်အဋ္ဌကထာ။]

သရဏဂုံခံယူဆောက်တည်မှု မည်သည် တဦး တယောက်သော ရဟန်း၏အထံ၌သော်၎င်း, ၂-ပါး ၃-ပါးသော ဂိုဏ်း၏အထံ၌သော်၎င်း, ၄-ပါး ၅-ပါး စသောသံဃာ၏ အထံ၌သော်၎င်း တကြိမ်တခါ ခံယူဆောက်တည်သည်ရှိသော် အသက်ထက်ဆုံး ခံယူဆောက်တည်မှုပြီးသည်သာလျှင်ဖြစ်၏၊ ခရစ်ယန်ဘာသာအစရှိသော ကိုးကွယ်ရာဘာသာတပါးသို့ မပြောင်းသည်ရှိသော် ထပ်မံ၍ အဘန်ဘန် အခါခါ ခံယူဆောက်တည်ဘွယ်ကိစ္စမရှိ-ဟုလိုသည်။

[ယခုကာလ၌ကဲ့သို့ ဒီဘန်ဘန် အခါခါ ခံယူ ဆောက်တည်မှု၏ အကျိုးမှုကား ပဋ္ဌမခဏ်းမှာပြဆိုခဲ့ပြီ၊ ခုတင်ဆောက်တည်ပုံကို ပြဆိုသော ကျမ်းဂန်များကို ထောက်ထား၍ စေတီ, ပုထိုးအထံ၌ ခံယူဆောက်တည်မှုကိုလည်း သိလေ။]

ဋီမိအိမ်မှာပင် အလိုအလျောက် ခံယူဆောက်တည်လျှင် မြောက်ကြောင်းကိုမူကား-ပြဆိုခဲ့ပြီးသော အဋ္ဌကထာပါဌ်၏ အဘွင့်ဖြစ်သော သီလက္ခန်မဟာဋီကာကြီး၌—

> ကေဘိက္ခုဿ ဝါတိအာဒိ ဥပါသကာနံ တထာသမာဒါနေ အာစိဏ္ဏတ္တာ ဒဿတရံ သမာဒါနဥ္စ ဒဿေတုံ ဝုတ္တံ။ သရဏံ ပန ကေသံ သာမံ သမာဒိန္နမ္ပိ သမာဒိန္နမေဝ ဟောတိ။

ဟူ၍မိန့်ဆို၏။

www.dhammaransi.com



မိမိအလိုအလျောက်ဆောက်တည်၍ မြောက်သည်ကို ဋီကာကြီး၌မိန့်ဆိုသဖြင့် ဘယ်ပုဂ္ဂိုလ်အထံမှာမဆို ခံယူဆောက်တည်လျှင် မမြောက်သည်ဟူ၍မရှိ၊ ခံယူမှု, ဆောက်တည်မှုသည်သာ လိုရင်းပဓာနဖြစ်၍ သာမဏေ, သိက္ခမာန်, သီတင်းသည်, ရသေ့, ပရိဗိုဇ်တို့အထံမှာပင် ခံယူဆောက်တည်လျှင်မြောက်၏-ဟု ထင်ရှားလေသတည်း။

ဤအရာ၌ ခံယူဆောက်တည်မှု ဆိုသည်မှာ-

အစခံယူဆောက်တည်မှုကိုသာ ဆိုလိုရင်းဖြစ်သည်၊ ငယ်ရွယ်စဉ်အခါ၌ တကြိမ်တခါ ခံယူဆောက်တည်မှုကို ပြုပြီးသည့်နောက်၌ ယခုကာလ၌ကဲ့သို့ သီလနှင့်အတူ အဘန်ဘန်ထပ်မံ၍ ခံယူဆောက်တည်မှုတို့၌ကား-ဘယ်ပုဂ္ဂိုလ်အထံ၌ ခံယူဆောက်တည်ရမည်ဟူ၍ ဆိုဘွယ်ကိစ္စပင်မရှိ၊ ကုသိုလ်အသစ်အသစ် ပွင့်လင်းရုံမျှ ခံယူဆောက်တည်ရသောအရာမျိုးဖြစ်၍ ဝစီဘေဒပြုလျှင် ကုသိုလ်အသစ် ပွင့်လင်းမှုမြောက်တော့သည်။

ငယ်ရွယ်စဉ်အခါ၌ တကြိမ်တခါခံယူဆောက်တည်မှုဆိုသည်ကား-စကားပြီစ အခါ၌ မိဘတို့၏ သွန်သင်တိုက်တွန်းမှုနှင့်ပင်ပြီး၏။

ထို့ကြောင့်-

တံ အတ္တတော ဗုဒ္ဓါဒီသု တီသု ဝတ္ထူသု သဒ္ဓါပဋိလာဘော သဒ္ဓါမူလိကာ စ သမ္မာဒိဋ္ဌိ၊ ဒသသု ပုညကိရိယဝတ္ထူသု ဒိဋ္ဌုဇုကမ္မန္တိ ဝုစ္စတိ။

ဟူ၍လာသော သီလက္ခန်အဋ္ဌကထာ, မူလပဏ္ဏာသအဋ္ဌကထာ, အင်္ဂုတ္တိုရ်အဋ္ဌကထာကြီးတို့၏ အဘွင့်ဖြစ်သော ဋီကာကြီးတို့၌—

သဒ္ဓါပဋိလာဘောတိဣမိနာ မာတာဒီဟိ ဥဿာဟိတ-ဒါရကာဒီနံ ဝိယ ဉာဏဝိပ္ပယုတ္တံ သရဏဂမနံ ဒဿေတိ။

ဟူ၍မိန့်ဆိုကြကုန်၏။

[အဋ္ဌကထာပါဠိ၌-တံ၊ ထိုသရဏဂုံဟူသည်။ သဒ္ဓါပဋိလာဘောစ၊ ၎င်း။ သမ္မာဒိဋ္ဌိစ။ ၎င်းတည်း-ဟု ယောဇနာလေ။]

www.dhammaransi.com



## ပဋိသမ္ဘိဒာကပင် သရဏဂုံတည်သော ဝတ္ထု၊

တရံရောအခါ မြတ်စွာဘုရားသည် သံသုမာရဂိရိမြို့သို့ ကြွရောက်တော်မူ၏၊ ဗောဓိမင်းသားသည် လုလင်တယောက်နှင့် ဘုရားထံသို့လာ၍ ချမ်းသာသုခမည်သည်ကို ဒုက္ခနှင့်ရင်းမှ ရနိုင်သည်ဟု ထင်ပါကြောင်းလျှောက်ထား၏၊ ထိုအခါ မြတ်စွာဘုရားသည် ဟုတ်လှ၏မင်းသား-ဟု မိန့်တော်မူ၍ ဘုရားအဖြစ်ဟူသော သုခကိုရခြင်းငှါ ၆-နှစ်ပတ်လုံးကျင့်ရသော ဒုက္ကရစရိယ ဒုက္ခကိုအကျယ်အားဖြင့် ဟောတော်မူ၏၊ ဒေသနာအဆုံး၌ ဗောဓိမင်းသားသည် "အဘိက္ကန္တံဘန္တေ" အစရှိသောစကားဖြင့် ဒေသနာတော်ကို ကြည်ညိုချီးမွမ်း၏၊ သရဏဂုံကိုမဆောက်တည်။

ထိုအခါလုလင်က အရှင်မင်းသားသည် သည်လိုချည်း လုပ်သည်၊ ဒေသနာတော်ကိုသာ ကြည်ညိုချီးမွမ်းသည်၊သရဏဂုံကိုကား-ဆောက်တည်သည်ဟူ၍မရှိ-ဟု ဆိုလေ၏၊ ထိုအခါ လုလင်····ငါကား သရဏဂုံဆောက်တည်ဘွယ်ကိစ္စမရှိ၊ မယ်တော်၏ဝမ်း၌ ပဋိသန္ဓေတည်စဉ်အခါ ငါ၏မယ်တော်သည် မြတ်စွာဘုရား အထံတော်သို့ရောက်၍ သရဏဂုံဆောက်တည်သောအခါ မိမိအတွက်တကြိမ်, ငါ၏အတွက်တကြိမ်၊ ၂-ကြိမ်ထပ်မံ၍ ဆောက်တည်သည်၊ ထို့ကြောင့် ငါသည် မဘွားမီကပင် သရဏဂုံတည်ပြီး ဖြစ်သည်ဟု မြတ်စွာဘုရားရှေ့တော်၌ လုလင်အား ဗောဓိမင်းသားပြောကြားပေ၏။

ယခုအခါ၌ သဒ္ဓါပညာရှိကြသော မာတုဂါမတို့လည်း မိမိဝမ်း၌ ကိန်းသော သူငယ်၏ ဘုန်းကြီးသက်ရှည်စေခြင်းငှါ အတုခိုးဘို့ကောင်းလှ၏၊ ဤဝတ္ထုကိုထောက်၍ လူတို့သရဏဂုံမည်သည် ရတနာ ၃-ပါးကိုအထွတ်အမြတ်-ဟု ယုံကြည်၍ သိ၍ ငါ၏ကိုးကွယ်ရာတည်း-ဟု စိတ်ဖြစ်၍နေလျှင် ထိုသူ၌ သရဏဂုံတည်တော့သည်၊ ထိုစိတ်ကို မစွန့်သမျှကာလပတ်လုံး ဘယ်သူကိုပင် ဆည်းကပ်ကိုးကွယ်သော်လည်း သရဏဂုံပျက်သည်ဟု မရှိပြီ-မှတ်လေ။

ထိုအစစ္စာဆောက်တည်မှုမှာ—

၁။ ယခုအခါ၌ သာသနာပိုင် သာသနာပြု ဆရာတော်ကြီး၏ အထံမှာပင် ခံယူဆောက်တည်သော်လည်း ထိုဆရာတော်ကြီးကို ကိုး

www.dhammaransi.com



ကွယ်ရာဟူ၍ ဆည်းကပ်သောအမှုမဟုတ်၊ဆရာတော်ကြီးကို ရှေးရှုပြု၍ တိုင်တည်ရုံမျှ သွန်သင်၍ပေးစေရုံမျှသာဖြစ်သည်၊သရဏဂုံမှာမူကား- နှုတ်မြွက်မှုနှင့်ပြီးစီးလေသည်။

၂။ ၂-ပါး, ၃-ပါးသောဂိုဏ်း၏ အထံမှာ ခံယူရာ၌ငင်း, ၄-ပါး, ၅-ပါးအစရှိသောသံဃာ၏အထံမှာခံယူရာ၌ငင်း ထိုဂိုဏ်းသံဃာတို့ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်သည်မဟုတ်၊ ဂိုဏ်းသံဃာတို့ကို ရှေးရှုပြု၍ တိုင်တည်ရုံမျှ သွန်သင်၍ ပေးစေရုံမျှသာဖြစ်သည်၊သရဏဂုံမှာမူကား- နှုတ်မြွက်ရုံမျှနှင့် ပြီးစီးလေသည်။

ယခုသရဏဂုံသွန်သင်၍ ပေးကြသူ ဆရာတော်ကြီး ဂိုဏ်းသံဃာကြီးတို့သည်မူကား- မိမိတို့ပေးကြသော သရဏဂုံအတွင်း၌ မိမိတို့ပါထိုက်မှ ပါကြရလိမ့်မည်၊ မပါထိုက်လျှင် မပါကြရ၊ ပါထိုက်,မပါထိုက် ကိုနောက်မှဆိုလတ္တံ့။

ဤသို့လျှင် သရဏဂုံပေးသည်၊ဥပုသ်သီလ ပေးသည်-ဟူသောစကားမျိုး၌ သွန်သင်၍ ပေးမှုကိုသာ ဆိုလိုရင်းဖြစ်သည်၊ သာသနာပိုင်ဆရာတော်ကြီးပင်ဖြစ်သော်လည်း ဤသူ၌ သရဏဂုံတည်စေ, ၅-ပါးသီလတည်စေ,၈-ပါးဥပုသ်တည်စေ-ဟု အစိုးရမှုနှင့် ပေးနိုင်သော အမှုမျိုးမဟုတ်၊ ခံယူဆောက်တည်သူ၏ ကိုယ်, နှုတ်,နှလုံးသည်သာ ပေးနိုင်လေသည်၊ ဝစီဘေဒမြွက်ဆိုမှုသည်သာ ပဓာနဖြစ်လေသည်၊ ဘယ်ပုဂ္ဂိုလ်၏အထံမှာ ခံယူသော်လည်း ဝစီဘေဒအတွက်နှင့်သာ သရဏဂုံသီလ ရကြလေသည်၊ ထိုပုဂ္ဂိုလ်၏ပေးမှုနှင့်ရကြသည်မဟုတ်။

[ဤကား-သရဏဂုံခံယူမှု အထူးအပြား,သရဏဂုံရမှု အထူးအပြားကို ထင်ရှားစွာပြဆိုလိုက်သောစကားတရပ်တည်း။]

တတိယခဏ်းပြီး၏။

---

## ၄-စတုတ္ထခဏ်း
### ပုထုဇဉ်သံဃာသရဏဂုံထိုက်, မထိုက်ကို ပြခြင်း

ယခုကာလ၌ သရဏဂုံ ပေးကြကုန်သော ဆရာတော် သံဃာတော်တို့သည် မိမိတို့ပေးကြသော သရဏဂုံ၌ မိမိတို့ပါထိုက်, မပါထိုက်၊ ပုထုဇဉ်သံဃာသည် သရဏဂုံထိုက်, မထိုက်ဟူသောစကား၌—

www.dhammaransi.com



ဘိုးတော်မင်းတရားကြီးလက်ထက် "ဉာဏာဘိဝံသ ဓမ္မသေနာပတိ" တံဆိပ်တော်ရ ပဌမမောင်းထောင် သာသနာပိုင်ဆရာတော်ကြီး ရေးသားစီရင်သော သရဏဂုံဝိနိစ္ဆယကျမ်း၌—

ပါဠိတော်အရပ်ရပ်တို့၌—

စတ္တာရိ ပုရိသယုဂါနိ အဋ္ဌ ပုရိသပုဂ္ဂလာ၊

အဋ္ဌ စ ပုဂ္ဂလာ ဓမ္မဒသာ တေ—

အစရှိသည်ဖြင့် အရိယာပုဂ္ဂိုလ် ၈-ယောက်ကိုသာ ဟောတော်မူသည်၊ ပုထုဇဉ်ပုဂ္ဂိုလ်နှင့်တကွ ၉- ယောက်ဟူ၍ ဟောတော်မူသော အရာ မလာမရှိ။

သမန္တပါသာဒိကအဋ္ဌကထာ, ဒီဃနိကာယ် အဋ္ဌကထာ, မဇ္ဈိမနိကာယ် အဋ္ဌကထာ, အင်္ဂုတ္တရနိကာယ် အဋ္ဌကထာ, ခုဒ္ဒကပါဌ အဋ္ဌကထာ၊ ဤအဋ္ဌကထာကြီးတို့၌လည်း "သံဃံသရဏံဂစ္ဆာမိ-"၌ သံဃအရကို—

သော အတ္ထတော အဋ္ဌ အရိယပုဂ္ဂလသမူဟော—

ဟူ၍ အရိယာပုဂ္ဂိုလ် ၈-ယောက်ကိုသာ ပြဆိုတော်မူကြကုန်သည်။

ထို့ကြောင့် ဝိနယမဉ္ဇူသာအမည်ရှိသော ကင်္ခါဝိတရဏီဋီကာ-အစရှိသော နောက်ဖြစ်ဋီကာကျမ်း, ဥပါသကာလင်္ကာရ ကျမ်းများ၌—

ကလျာဏပုထုဇဉ်ပုဂ္ဂိုလ်ကိုလည်း"သံဃံသရဏံ"၌သဖြင့်ဟ် ရေတွက်ရမည်ဟူသော စကားကို ပယ်ရှား၍ ပရမတ္ထ သံဃာ အရိယာ ၈-ယောက်ကိုသာ "သံဃံသရဏံ"၌ သံဃာ-ဟူ၍ ယူရမည်၊ ပုထုဇဉ် သံဃာကို မယူအပ်ဟု ဆုံးဖြတ်ကြ၏။

ဤဝိနိစ္ဆယကျမ်းအလိုအားဖြင့်—

ယခုကာလရှိကြသော ပုထုဇဉ် သမ္မုတိသံဃာများသည် သရဏဂုံ မထိုက်၊ ထိုပုဂ္ဂိုလ်တို့၏ အထံ၌ အရိယာ ပုဂ္ဂိုလ်၈-ယောက်ကို ရည်မှတ်၍ ခံယူမှ သံဃသရဏဂုံကိုရထိုက်၏၊ ယခုရှိကြသော မိမိ မိမိတို့၏ ကိုးကွယ်ရာဆရာတော် သံဃာတော်များကိုသာ ကိုးကွယ်ရာရည်မှတ်၍ ခံယူသည်ရှိသော် သံဃသရဏဂုံကိုမရ-ဟု အဓိပ္ပါယ်ကျ၏။

www.dhammaransi.com



ဆင်တဲဆရာတော်ရေးသားဆုံးဖြတ်သောသရဏာဒိဝိနိစ္ဆယကျမ်း၊ မန်လည်ဆရာတော် ရေးသား ဆုံးဖြတ်သော ဝဇီရဗုဒ္ဓါကရဏကျမ်း- အစရှိသည်တို့၌မူကား—

အဋ္ဌကထာကြီးတို့၌ "သံဃံသရဏံ"၏အရကို "အဋ္ဌအရိယပုဂ္ဂလသမူဟော"ဟု ၈-ယောက်သော အရိယာသံဃာကိုသာ ထိုပုဒ်၌ပြဆိုကြသည်မှန်ပေ၏၊ သေက္ခဟူသောပုဒ်၌မူကား—

ပုထုဇ္ဇနကလျာဏကေန သဒ္ဓိံ သတ္တ အရိယာ တိဿော သိက္ခာ သိက္ခန္တီတိ သေက္ခာ—

အစရှိသည်ဖြင့် ကလျာဏပုထုဇဉ် ပုဂ္ဂိုလ်ကို သေက္ခပုဂ္ဂိုလ်၌ ထည့်သွင်း၍ ဘွင့်ကြကုန်၏၊ ထို့ကြောင့် ကလျာဏပုထုဇဉ် ပုဂ္ဂိုလ်သည် "အဋ္ဌအရိယပုဂ္ဂလသမူဟော" ဟူသော ထိုအဋ္ဌကထာကြီးတို့၌ သောတာပတ္တိမဂ္ဂဋ္ဌပုဂ္ဂိုလ်တွင် အတွင်းဝင်ဖြစ်၍ ပါလေ၏။

ထို့ကြောင့် သီလက္ခန်အဋ္ဌကထာ, အင်္ဂုတ္တိုရ်အဋ္ဌကထာ- စသည်တို့၌လည်း—

ပုထုဇ္ဇနကလျာဏကေန သဒ္ဓိံ သတ္တ သေက္ခာ မဂ္ဂဖြဟ္မစရိယံ စရန္တိနာမ—

ဟုမိန့်တော်မူကြကုန်၏။

ထုတ်ပြခဲ့ပြီးသော ပါဠိတော်တို့၌လည်း ထို့အတူ ပါဝင်လေ၏၊ ထို့ကြောင့် ပြဆိုခဲ့ပြီးသော ကင်္ခါဝိတရဏီဋီကာ, ဉပါသကာလင်္ကာရကျမ်းတို့၌ ဘွင့်ဆိုကြသော စကားများသည် ထိုပါဠိတော်ကြီး, အဋ္ဌကထာကြီးများနှင့်အညီပင်ဖြစ်၏၊ ကလျာဏပုထုဇဉ် ရဟန်းသည်လည်း သရဏဂုံထိုက်၏-ဟု ဆုံးဖြတ်တော်မူကြကုန်၏။

၎င်းဝိနိစ္ဆယ ကျမ်းတို့အလိုအားဖြင့် ယခုကာလရှိကြသော ကလျာဏပုထုဇဉ် သမ္မုတိသံဃာတော် အပေါင်းတို့သည်—

"သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော"

အစရှိသော ပါဠိတော်၌လည်း ပါဝင်ကုန်၏၊ သုပ္ပဋိပန္န,ဉဇုပ္ပဋိပန္န, ဉာယပ္ပဋိပန္န, သာမိစိပ္ပဋိပန္န တစိတ်ဖြစ်ကြကုန်၏-ဟုအမိပ္ပါယ်ကျ၏၊ သင့်မြတ်လှပေ၏၊ ဉာဏ်ကြီးတော်မူကြပေကုန်၏။

www.dhammaransi.com



အဘယ်သို့သင့်မြတ်လှပေသနည်း ဟူမူကား—

ပါတိမောက်၌လာသော ၂၂၇-ပါးသော သိက္ခာပုဒ်တော်စုသည် အာဒိဗြဟ္မစရိယသီလမည်၏၊ အဘယ့်ကြောင့် အာဒိဗြဟ္မစရိယသီလ မည်သနည်းဟူမူကား—ဗြဟ္မစရိယဿ၊ မဂ်တည်းဟူသော ဗြဟ္မစရိယ ၏။ အာဒိ၊ အဦးအစပေတည်း။ ဣတိ၊ ထို့ကြောင့်။ အာဒိဗြဟ္မစရိယံ၊ အာဒိဗြဟ္မစရိယသီလမည်၏-ဟူသော ဝိသုဒ္ဓိမဂ်အဋ္ဌကထာနှင့်အညီ- ထိုထို ၂၂၇-ပါးသော သိက္ခာပုဒ်တော်စုသည် သောတာပတ္တိမဂ်၏ အဦးအစဖြစ်၏၊ သောတာပတ္တိမဂ်၏နယ်တွင်းခေတ်၌ဖြစ်၏၊ ထိုသီလ၌ တည်ကြကုန်သော ရဟန်း, သာမဏေတို့၌လည်း ရဟန်း, သာမဏေ အဖြစ်သို့ ရောက်သည်နှင့် တပြိုင်နက် သောတာပတ္တိမဂ္ဂဋ္ဌသေက္ခပုဂ္ဂိုလ် ၏အဦးအစ၌ တည်ကြလေကုန်၏၊သေက္ခပုဂ္ဂိုလ်ဟူသော အရေအတွက် သုပ္ပဋိပန္န, ဥဇုပ္ပဋိပန္န, ဉာယပ္ပဋိပန္န, သာမိစိပ္ပဋိပန္န ပုဂ္ဂိုလ်အရေ အတွက်သို့ရောက်ကြလေကုန်၏။

ထို့ကြောင့် မဇ္ဈိမပဏ္ဏာသပါဠိတော် သေက္ခပဋိပဒါသုတ် အစရှိ သည်တို့၌ ပုထုဇဉ်ရဟန်းတို့၏ သိက္ခာပဒသီလစုကိုလည်း—

ဣမိနာ အရိယေန သီလက္ခန္ဓေန သမန္နာဂတော ဟောတိ—

အစရှိသည်ဖြင့် အရိယသီလဟူ၍ ဟောတော်မူပြန်သောကြောင့် ထို ၂၂၇-ပါးသော သိက္ခာပုဒ်၌ တည်ကုန်သော ပုထုဇဉ်ရဟန်းတို့သည် သုပ္ပဋိပန္နအာစာရ အရိယာပုဂ္ဂိုလ်မျိုးလည်း မည်ကုန်၏၊ ထို့ကြောင့် ထိုဆရာတော်ကြီးတို့၏ ဝိနိစ္ဆယစကားသည် အလွန်သင့်မြတ်လှပေသ တည်း။

သည်သာမကသေး၊ ဥပရိပဏ္ဏာသ ပါဠိတော် ဒက္ခိဏာဝိဘင်္ဂသုတ်၌ ပုဂ္ဂလိကအလှူခံပုဂ္ဂိုလ်တကျိပ်လေး လာရှိသည်တွင်—

၁။ ပဌမကား တိရစ္ဆာန်တည်း။

၂။ ဒုတိယကား လူဒုဿီလတည်း။

၃။ တတိယကား သာသနာပ လူသီလဝန္တတည်း။

၄။ စတုတ္ထကား သာသနာပ ဈာန်ရရသေ့တည်း။

၅။ ပဉ္စမကား သောတာပတ္တိမဂ္ဂဋ္ဌပုဂ္ဂိုလ်တည်း၊သောတာပတ္တိဖလ သစ္ဆိကိရိယာယ ပဋိပန္န-ဟုခေါ်၏။

www.dhammaransi.com



သာသနာတွင်း၌ ပုထုဇဉ်ဖြစ်သောလူ, သာမဏေ, ရဟန်းတို့သည် ပါဠိတော်၌ အလျှုခံပုဂ္ဂိုလ်တို့မှ လွတ်သကဲ့သို့ ရှိကုန်၏၊ သရဏဂုံဘည်သော လူမှစ၍ အလုံးစုံသော ဗုဒ္ဓဘာသာဝင်ပုထုဇဉ်တို့ကို သောဘာပတ္တိမဂ္ဂဋ္ဌပုဂ္ဂိုလ်နှင့် တပေါင်းတည်းပြု၍ ယူတော်မူသည်ဟု-ဒက္ခိဏာဝိဘင်္ဂသုတ် အဋ္ဌကထာ၌ ဘွင့်ဆိုတော်မူ၏။

ဤအဋ္ဌကထာအလိုအားဖြင့် သရဏဂုံ ၃-ပါး ကောင်းစွာတည်သော ဗုဒ္ဓဘာသာ အမျိုးအရိုးမှန်ခဲ့ပေလျှင် သောတာပတ္တိမဂ္ဂဋ္ဌသေက္ခပုဂ္ဂိုလ်၌ ရေတွက်ရသည်ချည်း ဖြစ်၏၊ ထို့ကြောင့် ငါတို့ဗုဒ္ဓဘာသာ မြန်မာနိုင်ငံတခုလုံးသည် သုပ္ပဋိပန္န နိုင်ငံအမှန်ဆိုထိုက်၏၊ ထို့ကြောင့် ထိုဆရာတော်ကြီးတို့၏ ဝိနိစ္ဆယစကားသည် အလွန်သင့်မြတ်လှပေသတည်း။

**အထူးမှုကား။** ။သံဃသဒ္ဒါ၌ ဥပသမ္ပန္နဖြစ်သော ရဟန်းပုထုဇဉ်ကိုသာယူအပ်၏၊ ရဟန်းမဟုတ်သောသူကို မယူအပ်။

[ဤကား-သံဃသရဏဂုံ၌ ကလျာဏပုထုဇဉ်ရဟန်း ပါထိုက်, မပါထိုက်-ဟူသောစကားကို ထင်ရှားအောင်ဖြေဆိုချက်တည်း။]

စတုတ္ထခဏ်းပြီး၏။

---

## ၅-ပဉ္စမခဏ်း

### သရဏဂုံထိုက်သော သံဃာကိုပြခြင်း

**မေး။** ။သံဃသရဏဂုံ၌ ပါဝင်ထိုက်သော ကလျာဏပုထုဇဉ်ဟူသည် အဘယ်ကဲ့သို့သော ရဟန်းကို ဆိုပါသနည်း-ဟု အမေးထုတ်ရာ၏။

**ဖြေ။** ။ပုထုဇဉ်သည် ကလျာဏပုထုဇဉ်, အန္ဓပုထုဇဉ် ဟူ၍ ၂-မျိုးရှိ၏၊ ထို ၂-မျိုးတို့တွင်-

၁။ ခန္ဓာ ၅-ပါး, အာယတန ၁၂-ပါး, ဓာတ် ၁၈-ပါး, ပဋိစ္စသမုပ္ပါဒ်တရား, သတိပဋ္ဌာန်စသော ဗောဓိပက္ခိယတရားတို့၌ ကျွမ်းကျင်လိမ်မာသော ပညာမျက်စိမရှိကြသူ ရှင်လူအပေါင်းသည် အန္ဓပုထုဇဉ်မည်၏။

www.dhammaransi.com



၂။ ထိုတရားတို့၌ ကျွမ်းကျင်လိမ္မာသော ပညာမျက်စိနှင့်ပြည့်စုံကြသူ ရှင်လူအပေါင်းသည် ကလျာဏပုထုဇဉ်မည်၏။

[ဤကား-အဘိဓမ္မာအဋ္ဌကထာ, သုတ္တန်အဋ္ဌကထာတို့၌ များစွာလာရှိသည်ဖြစ်၍ လောကဉ္စပြောရိုးဆိုစဉ်အားဖြင့် ထင်ရှား၍နေသော ပုထုဇဉ် ၂-မျိုး ခွဲနည်းတည်း။]

ယဿ ဟိ ခန္ဓဓာတု အာယတန ပစ္စယာကာရ သတိပဋ္ဌာနာဒီသု ဥဂ္ဂဟပရိပုစ္ဆာဝိနိစ္ဆယ ရဟိတတ္တာ ဒိဋ္ဌိပ္ပဋိဃေဓကော နေဝ အာဂမော အတ္ထိ-

အစရှိသည်ဖြင့် အဋ္ဌသာလိနီ အဋ္ဌကထာ, မူလပဏ္ဏာသ အဋ္ဌကထာစသည်တို့၌ ထင်ရှားစွာလာရှိ၏။

ဤသံဃသရဏဂုံအရာ၌ ရဟန်းကိုသာလျှင် လိုအပ်၏၊ ထို့ကြောင့် ဤအဋ္ဌကထာကြီးတို့၏ အလိုအားဖြင့်-

၁။ ခန္ဓာ, အာယတန, ဓာတ်, ပဋိစ္စသမုပ္ပါဒ်တို့၌၎င်း၊ ဗောဓိပက္ခိယ တရားတို့၌၎င်း ခွဲခြမ်းစိတ်ဖြာ၍ သိတတ်သောဉာဏ်မျက်စိမရှိသော ရဟန်းသည် အဝါ ၆၀-ပင် ရသော်လည်း အန္ဓပုဂ္ဂိုလ်ဖြစ်၍ သရဏဂုံမထိုက်၊ ထိုရဟန်းကို ကိုးကွယ်၍သရဏဂုံမရ။

၂။ ထိုတရားတို့၌ ခွဲခြမ်းစိတ်ဖြာ၍သိတတ်သောဉာဏ်မျက်စိနှင့်ပြည့်စုံသောရဟန်းသည် ယနေ့မှဖြစ်သော ရဟန်းငယ်ပင်ဖြစ်သော်လည်း ကလျာဏပုဂ္ဂိုလ်ဖြစ်၍ သရဏဂုံထိုက်၏၊ ထိုကဲ့သို့သော ရဟန်းကို ကိုးကွယ်မှ သရဏဂုံရ၏-ဟူသောအဓိပ္ပါယ်သည်ပြီးစီး၏။

## မေးမြန်းဘွယ်

မေး။ "ပုထုဇဉ်ရဟန်းကို သံဃသရဏဂုံအရာ၌၎င်း,သေက္ခအရာ၌၎င်း သွင်း၍ပြဆိုကြကုန်သော ကျမ်းဂန်အရပ်ရပ် တို့၌ ကလျာဏ ပုထုဇဉ် ရဟန်းကိုသာ ပြဆိုကြကုန်၏၊ အန္ဓပုထုဇဉ်ရဟန်းကို ကြဉ်ဖယ်ကြကုန်၏၊ ထိုသို့ ဖြစ်ခဲ့သော် အကြင် ရဟန်းသည် သီလနှင့်ပြည့်စုံ၏၊ ပြဆိုခဲ့ပြီးသော

www.dhammaransi.com



တရားတို့၌ ခွဲခြမ်းစိတ်ဖြာ၍ သိတတ်သော ဉာဏ်မျက်စိ မူကား-မရှိ၊ ထိုရဟန်းသည် သံဃသရဏဂုံအရာ၌ လုံးလုံး မဝင်ထိုက်-ဟုမှတ်ရမည်လောဟူမူ—

ဖြေ။ ။သီလသည်လည်း ကလျာဏဓမ္မပင်ဖြစ်၏၊ထို့ကြောင့် သီ-လနှင့်ကောင်းစွာပြည့်စုံပေလျှင်ပင်ထိုကဲ့သို့သောဉာဏ်မျက်စိ မရှိငြားသော်လည်း ကလျာဏပုထုဇဉ်၌ ပါဝင်သင့်သည်သာဖြစ်၏။

မေး။ ။ထိုသို့ဖြစ်ခဲ့သော် ကလျာဏပုထုဇဉ်၏ လက္ခဏာကိုပြဆိုကြကုန်သော အဋ္ဌကထာကြီးတို့၌ အဘယ့်ကြောင့် ပညာမျက်စိကိုသာ ကလျာဏ အင်္ဂါပြု၍ ပြဆိုကြကုန်သနည်းဟူမူ—

ဖြေ။ ။ဤသာသနာတော်တွင်း၌ ခန္ဓာ, အာယတန, ဓာတ်တည်းဟူသော အနတ္တတရားတို့ကို မြင်နိုင်သောသူသည်သာလျှင် ဘုရားကို တွေ့မြင်သောသူမည်၏၊ တရားကို တွေ့မြင်သောသူမည်၏၊ သံဃာကို တွေ့မြင်သောသူမည်၏၊ သာသနာတော်ကို တွေ့မြင်သောသူမည်၏၊ ပြဆိုခဲ့ပြီးသော ပညာမျက်စိနှင့် ပြည့်စုံသော ရဟန်းသည်သာလျှင် မိမိသည်လည်း ဘုရား, တရား, သံဃာ, သာသနာတော်ကို တွေ့မြင်ရ၏၊ မိမိကို ကြည်ညိုလေးမြတ် ဆည်းကပ်ကိုးကွယ်ကြသူ ရှင်လူအပေါင်းတို့အားလည်း ဘုရား, တရား,သံဃာ, သာသနာတော်ကို တွေ့မြင်နိုင်သော ဉာဏ်မျက်စိကို ပေးနိုင်၏၊ ထို့ကြောင့် ကလျာဏပုထုဇဉ်၏အင်္ဂါကို ပြဆိုကြကုန်သော အဋ္ဌကထာကြီးတို့၌ ခန္ဓာစသည်ကို မြင်နိုင်သော ပညာမျက်စိကိုသာ ကလျာဏအင်္ဂါပြု၍ ပြဆိုကြပေကုန်သတည်း၊ သီလနှင့်ပြည့်စုံသော အန္ဓပုထုဇဉ် ရဟန်းသည် သရဏဂုံမထိုက်သောကြောင့် ပညာမျက်စိကိုသာ ကလျာဏအင်္ဂါပြု၍ပြဆိုကြကုန်သည်မဟုတ်-ဟုဖြေ။

တနည်းကား။ ။ဤသတ္တဝါတို့၌ သက္ကာယဒိဋ္ဌိတရားသည် ထင်ရှားရှိနေ၏။

www.dhammaransi.com



သက္ကာယဒိဋ္ဌိတရားဆိုသည်ကား–

သတ္တဝါတို့၏ ခန္ဓာကိုယ်မည်သည် အထူးထူးအထွေထွေသော ရုပ်ဓာတ်အစု, နာမ်ဓာတ်အစုသာဖြစ်၏၊ ပုဂ္ဂိုလ်မဟုတ်, သတ္တဝါမဟုတ်, မိန်းမမဟုတ်, ယောကျ်ားမဟုတ်၊ပုဂ္ဂိုလ်, သတ္တဝါ, မိန်းမ, ယောကျ်ား ဟူ၍မရှိ၊ အပြုအမူ အပြောအဆို အကြံအစည်ဟူသမျှသည် ရုပ်ဓာတ်, နာမ်ဓာတ်တို့၏ အမှုသာတည်း၊ ပုဂ္ဂိုလ်, သတ္တဝါ၏ အမှုမဟုတ်၊ထိုသို့ ဖြစ်ပါလျက် ရုပ်ဓာတ်, နာမ်ဓာတ်တို့ကိုမသိမမြင်နိုင်ကြကုန်သည်ဖြစ်၍-

၁။ ပုဂ္ဂိုလ်တွေကိုသာ ကြောင်ကြောင်ကြီးထင်မြင်၍ နေကြကုန်၏။

၂။ သတ္တဝါတွေကိုသာကြောင်ကြောင်ကြီးထင်မြင်၍ နေကြကုန်၏။

၃။ မိန်းမ,ယောကျ်ားတွေကိုသာ ကြောင်ကြောင်ကြီး ထင်မြင်၍ နေကြကုန်၏။

၄။ ငါဟူ၍ ကြောင်ကြောင်ကြီးထင်မြင်လျက်နေကြကုန်၏။

၅။ မည်သူ,မည်ဝါဟူ၍ ကြောင်ကြောင်ကြီးထင်မြင်လျက် နေကြကုန်၏။

၆။ ငါမြင်သည်၊ ငါကြားသည်၊ ငါနံသည်၊ ငါလျက်သည်၊ ကိုယ်အင်္ဂါ၌ အတွေ့အထိကို ငါသိသည်၊ ငါကြံသည်၊ ငါသွားသည်၊ ငါလာသည်၊ ထိုထိုအမှုကိုငါပြုသည်၊ ငါပြောဆိုသည်၊ ငါကြံဘန်သည်-ဟုကြောင်ကြောင်ကြီးထင်မြင်လျက်နေကြကုန်၏။

ဤသို့ ကြောင်ကြောင်ကြီး ထင်မြင်မှု, စွဲလမ်းမှုတွေကို သက္ကာယဒိဋ္ဌိဆိုသတည်း။

ထိုသက္ကာယဒိဋ္ဌိသည်–

၁။ သရဏဂုံ၏ အန္တရာယ်ကြီးပေတည်း။

၂။ ဈာန်သမာဓိ၏ အန္တရာယ်ကြီးပေတည်း။

၃။ ကမ္မဿကတာဉာဏ်ဟု ဆိုအပ်သော လောကီ သမ္မာဒိဋ္ဌိ၏ အန္တရာယ်ကြီးပေတည်း။

၄။ သရဏဂုံ, သီလ, ဈာန်, သမာဓိ, လောကီသမ္မာဒိဋ္ဌိတို့ကို ပစ်ခွင်းဘို့လက်နက်ကြီးပေတည်း။

www.dhammaransi.com



ဤသတ္တဝါအပေါင်းတို့သည်ကား—

၁။ ဘုရားသာသနာတော်တွင်း၌ ကြုံကြိုက်သည့်အခါ သဒ္ဓါ၏ အစွမ်းအားဖြင့် သရဏဂုံကိုလည်းအဘန်ဘန် ဆောက်တည်ကြကုန်၏။

၂။ သရဏဂုံကို ပစ်ခွင်းရန် ငါငါဟူသော, ငါ၏ကိုယ်-ငါ၏ကိုယ် ဟူသော သရဏဂုံပစ် လက်နက်ကြီးကိုလည်း နေ့ရှိသမျှ တသသပြုစု ပျိုးထောင်လျက်နေကြကုန်၏။

၃။ မိမိတို့ဆောက်တည်ကြသော သရဏဂုံကိုပစ်ခွင်းရန် သက္ကာယ ဒိဋ္ဌိ လက်နက်တိုက်ကြီးကို နေ့ရှိသမျှ ကြောင့်ကြစိုက်ထုတ် ပြုလုပ်တည် ထောင်လျက် နေကြကုန်၏။

၄။ သရဏဂုံကိုလည်း နေ့စဉ်ခံယူကြကုန်၏။

၅။ သရဏဂုံ၏ ရန်သူဖြစ်သော သက္ကာယဒိဋ္ဌိကြီးကိုလည်း ကိုယ် တွင်း, နှလုံးတွင်း၌ ရင်ခွင်ပိုက်၍ အမြဲမွေးမြူလျက်ရှိနေကြကုန်၏။

ထို့အတူ—

၁။ ၅-ပါးသီလ,၈-ပါးသီလ, ၁၀-ပါးသီလ, ၂၂၇-ပါးသော ရဟန်းသီလတို့ကိုလည်း ခံယူစောင့်ထိန်းကြကုန်၏။

၂။ သီလ၏ရန်သူဖြစ်သော သက္ကာယဒိဋ္ဌိကိုလည်း ရင်ခွင်ပိုက်၍ မွေးမြူလျက်ထားကြကုန်၏။

၃။ ဣန္ဒြေသမာဓိကိုလည်း စောင့်ထိန်းကြကုန်၏။

၄။ ဣန္ဒြေသမာဓိ၏ရန်သူဖြစ်သော သက္ကာယဒိဋ္ဌိကိုလည်း ရင်ခွင် ပိုက်၍ မွေးမြူလျက်ထားကြကုန်၏။

၅။ ဒါန,သီလအစရှိသော ကမ္မဿကတာ သမ္မာဒိဋ္ဌိ အမှုတို့ကို လည်းပြုကြကုန်၏။

၆။ ကမ္မဿကတာ သမ္မာဒိဋ္ဌိ၏ ရန်သူဖြစ်သော သက္ကာယဒိဋ္ဌိကို လည်း ရင်ခွင်ပိုက်၍ မွေးမြူလျက်ထားကြကုန်၏။

ရင်ခွင်ပိုက်၍ မွေးမြူမှုဆိုသည်ကား—

သက္ကာယဒိဋ္ဌိကိုပယ်သတ်ရန် ရုပ်, နာမ် ခန္ဓာတရားတို့၌ သိက္ခမ်း လိမ်မာမှုကို အားမထုတ်ကြကုန်မူ၍ ငါငါဟူသော သက္ကာယဒိဋ္ဌိ ပွား

www.dhammaransi.com



များရန် လောကီစည်းစိမ်, လောကီဂုဏ်, လောကီကြက်သရေ ပွား များမှုကိုသာ အားထုတ်ကြကုန်၏၊ ဤသို့အားထုတ်မှုကို "သက္ကာယဒိဋ္ဌိကို ရင်ခွင်ပိုက်၍ မွေးမြူမှု" ဆိုသတည်း။

လွန်လေပြီးသော အနမတဂ္ဂသံသရာ၌လည်း—

၁။ ဘုရားသာသနာနှင့် တွေ့ကြုံခဲ့ကြလေကုန်ပြီ။

၂။ သရဏဂုံကို ဆောက်တည်ခဲ့ကြလေကုန်ပြီ။

၃။ မိမိတို့သရဏဂုံကို သက္ကာယဒိဋ္ဌိဟူသော လက်နက်ဖြင့် မိမိတို့ သည်ပင်လျှင် ပစ်ခွင်း၍, ပစ်ခွင်း၍ ပျက်ဆီးစေကြလေကုန်ပြီ။

၄။ ရဟန်းသီလ, လူသီလတို့ကိုလည်း စောင့်ထိန်းခဲ့ကြလေကုန်ပြီ။

၅။ ဈာန်သမာဓိတို့ကိုလည်း စောင့်ထိန်းခဲ့ကြလေကုန်ပြီ။

၆။ ကမ္မဿကတာ သမ္မာဒိဋ္ဌိမှုတို့ကိုလည်း ပြုခဲ့ကြလေကုန်ပြီ။

၇။ သီလ,သမာဓိ,ပညာမှုတို့ကိုလည်း သက္ကာယဒိဋ္ဌိဟူသော လက်နက်ဖြင့် မိမိတို့သည်ပင်လျှင် ပစ်ခွင်း၍, ပစ်ခွင်း၍ ပျက်ဆီးစေကြလေကုန်ပြီ။

ယခုအခါ၌လည်း—

၁။ သက္ကာယဒိဋ္ဌိကို မွေးမြူလျက် ရှိနေကြကုန်သော ပုဒ္ဓဘာသာဝင် ရှင်လူအပေါင်းတို့အား ဆောက်တည်စောင့်ရှောက်၍ရှိနေကြကုန်သော သရဏဂုံ,သီလ,သမာဓိ, ပညာတို့သည် တရက်, တလ, တနှစ်, တဘဝ,တဒင်္ဂမျှသာ ထိုသူတို့၏သန္တာန်၌ တည်နေခွင့် ရကြကုန်လတ္တံ့၊ တည်နေကြစဉ်အခါ၌လည်း သက္ကာယဒိဋ္ဌိ လက်နက်ဦးမှာ တည်နေကြရကုန်သည်ဖြစ်၍ ယခုနေ့၌ပင် ပျက်ဆီးရမည်လော၊ နက်ဖြန်၌ပင် ပျက်ဆီးရမည်လော-ဟု ပျက်ဆီးမှုကိုသာရှေးရှု၍ တည်နေကြရကုန်၏။

၂။ သေလွန်သဖြင့် ပျက်ဆီးမှု,ယခုဘဝတွင်လည်း ဘာသာတပါး ပြောင်းလဲသဖြင့် ပျက်ဆီးမှု-ဟူသော သရဏဂုံပျက်ဆီးမှု ၂-ပါးတို့တွင် တပါးပါးသို့ ဆိုက်ရောက်မှုကို ရှေးရှုလျက် တည်နေရ၏။

၃။ သီလ, သမာဓိ, ပညာတို့မှာလည်း ထို့အတူ တစုံတခုနှင့်ပျက်ဆီးမှုကိုသာရှေးရှုလျက် တည်နေကြရကုန်၏။

www.dhammaransi.com



၄။ ယခုဘဝ၌ ခံယူဆောက်တည်ပြီးသော သရဏဂုံကိုစွန့်ပစ်၍ ဧရရှုခရစ်ဘာသာသို့ ဝင်ကြသူတို့လည်း များစွာရှိကြကုန်၏။

၅။ ယခုဘဝ၌ မစွန့်ကြကုန်သော်လည်း သေလွန်သော အခါ၌ ကောန် စွန့်ကြရကုန်လတ္တံ့၊ နောက်ဘဝ၌ တွေ့ရှိရာဘာသာသို့ ဝင်ကြရကုန်လတ္တံ့။

အဘယ့်ကြောင့်နည်း ဆိုသော်–

ဒါနကုသိုလ်မျိုး သည်လည်း သက္ကာယဒိဋ္ဌိကို နှိမ်နင်း နိုင်သော ကုသိုလ်မျိုးမဟုတ်၊ ရဟန်းသီလမျိုး, လူသီလမျိုးသည်လည်း သက္ကာယဒိဋ္ဌိကို နှိမ်နင်းနိုင်သောကုသိုလ်မျိုးမဟုတ်၊ ဈာန်သမာဓိကုသိုလ်မျိုး, လောကီသမ္မာဒိဋ္ဌိမျိုးသည်လည်း သက္ကာယဒိဋ္ဌိကို နှိမ်နင်းနိုင်သော ကုသိုလ်မျိုးမဟုတ်၊ ရုပ်နာမ်,ခန္ဓာ,အာယတန, ဓာတ်, ပဋိစ္စသမုပ္ပါဒ်တို့၌ တတ်သိလိမ်မာသော သာသနသမ္မာဒိဋ္ဌိ ကုသိုလ်မျိုးမှသာလျှင် သက္ကာယဒိဋ္ဌိကိုနှိမ်နင်းနိုင်သော ကုသိုလ်မျိုးဖြစ်၏။

ဤ သာသနသမ္မာဒိဋ္ဌိ ကုသိုလ်မျိုးကိုမူကား- လေ့ကျက်သူအလွန်နည်းပါးကြကုန်၏၊ တတ်သိလိမ်မာသူ လူလူရှင်ရှင် အလွန်နည်းပါးကြကုန်၏၊ သက္ကာယဒိဋ္ဌိကို ရင်ခွင်ပိုက်၍ အလိုလိုက်၍ မွေးမြူ၍နေကြကုန်သော လူရှင်တို့သာများကြကုန်၏။

ဗုဒ္ဓသရဏဂုံ၏ရန်သူကို မွေးမြူ၍ထားကြကုန်သော လူရှင်အပေါင်းတို့သည် ဘုရားကိုကြည်ညိုသမှု ပြုကြကုန်သော်လည်း ကြည်ညိုသည်မမည်၊ ကြည်ညိုရာမရောက်၊ သီလ၏ ရန်သူကို မွေးမြူ၍ ထားကြကုန်သော လူရှင်အပေါင်းတို့သည် သီလကို ရိုသေကြကုန်သော်လည်း ရိုသေသည်မမည်၊ ရိုသေရာမရောက်၊ ဈာန်သမာဓိ၏ အန္တရာယ်ကို မွေးမြူ၍ ထားကြကုန်သော လူရှင်အပေါင်းတို့သည် ဈာန်သမာဓိကို စောင့်ရှောက်သည်မမည်၊စောင့်ရှောက်ရာမရောက်။

အဘယ့်ကြောင့်နည်းဆိုသော်–

သရဏဂုံ,သီလ,သမာဓိတို့၏ အန္တရာယ်ကို ပယ်သတ်ရန် ဉာဏ်လက်နက်မရှိသဖြင့် အန္တရာယ်ရန်သူကို မွေးမြူ၍ နေကြလျက်ရှိသောကြောင့်တည်း။

www.dhammaransi.com



ခန္ဓာ, အာယတန, ဓာတ်, ပဋိစ္စသမုပ္ပါဒ်တို့၌ တတ်သိလိမ်မာသော ဉာဏ်ပညာမျက်စိမရှိကြကုန်သော အန္ဓပုထုဇဉ် ရဟန်းတို့သည် မိမိတို့သန္တာန်၌ အနမတဂ္ဂ သံသရာတွင် အစဉ်ပါရှိ၍နေသော သရဏဂုံ၏ ရန်သူကြီး ဖြစ်သော သက္ကာယဒိဋ္ဌိကိုပင် ယခုဘဝ၌သော်၎င်း, နောက်ဘဝ၌သော်၎င်း ပယ်သတ်ရန် ဉာဏ်ပညာမျိုးစေ့ပင်မရှိကြကုန်သေး၊ မိမိကို ကိုးကွယ်ဆည်းကပ်ကြသူ လူရှင်အပေါင်းတို့အား ထိုဉာဏ်ပညာမျိုးကို ပေးဝေဖြန့်ဖြူးခြင်းငှါ အဘယ်မှာ စွမ်းနိုင်ကြကုန်အံ့နည်း၊ ထို့ကြောင့် မြတ်စွာဘုရားသခင်သည် အန္ဓပဝေဏီ ဥပမာကိုပြဆိုတော်မူပေ၏။

### အန္ဓပဝေဏီ ဥပမာ

အန္ဓပဝေဏီဥပမာဆိုသည်ကား—

တယောက်၏ ပခုံး၌ တယောက်ကိုင်၍ ဆက်လက်ကာ နေကြသော အထောင်မကသော သူကန်းတန်းကြီးကို ဆိုသတည်း၊ ပဌမသူကန်းကြီးသွားရာ အစဉ်လိုက်ပါ၍ နေကြရကုန်၏၊ ပဌမသူကန်းလည်း လမ်းစခန်းကိုမမြင်၊ နောက်နောက်သော သူကန်းတို့သည်လည်း မျက်စိမရှိကြသည့်အတွက် ပဌမ သူကန်းကြီး မျက်စိ မရှိသည်ကိုလည်း မမြင်နိုင်ကြကုန်၊ မျက်စိရှိသည်ဟူ၍ပင် ထင်ကြရကုန်၏၊ ပဌမသူကန်းကြီးလည်း မိမိမှာ နောက်လိုက်နောက်ပါ အခြံအရံ ယုတ်လျော့မည်စိုးသောကြောင့် ငါသည် သူကန်းပင် ဖြစ်သည်ဟုမပြော၊ တလည်လည် တပတ်ပတ်နှင့်ပင် တောအရပ်၌ ပျက်စီးခြင်းသို့ ရောက်ကြလေကုန်၏။

[ဤကား-အန္ဓပဝေဏီ ဥပမာတည်း။]

ခန္ဓာ, အာယတန, ဓာတ်, ပဋိစ္စသမုပ္ပါဒ်တို့၌ တတ်သိလိမ်မာသော ဉာဏ်ပညာမျက်စိမရှိသော အန္ဓပုထုဇဉ် ရဟန်းတို့ကို ကိုးကွယ်ကြသူ ရှင်လူအပေါင်းတို့သည်လည်း ဤအန္ဓပဝေဏီ ဥပမာအတိုင်းဖြစ်ကြကုန်ရာသောကြောင့်အဋ္ဌကထာဆရာမြတ်တို့သည် အန္ဓပုထုဇဉ်ရဟန်းကို သရဏဂုံအရာမှ အပပြု၍ထားကြကုန်သည်၊ သံဃသရဏဂုံအရာ၌

www.dhammaransi.com

သုတေသနစာကြည့်တိုက် ၂၄၇၃၈
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
ကမ္ဘာအေး၊ ရန်ကုန်



လုံးလုံးမဝင်ထိုက်သောကြောင့် အပပြု၍ ထားကြကုန်သည်မဟုတ်ဟု-ထိုအမေးကို ဖြေဆိုရာ၏။

[ဤကား-ကျမ်းဂန်တို့၌ သံဃသရဏဂုံအရာမှ ပယ်၍ ထားကြသော အန္ဓပုထုဇဉ်ရဟန်းကိုသံဃသရဏဂုံ၌ ထည့်သွင်းနည်းကို ပြဆိုလိုက်သော စကားရပ်တည်း။]

ခန္ဓာအစရှိသည်ကို သိမြင်နိုင်သောသူသည်သာလျှင် ဘုရား, တရား, သံဃာ, သာသနာကို တွေ့မြင်ရသောသူမည်၏ဟူသော စကား၌—

ကိံ တေ ဝက္ကလိ ဣမိနာ ပူတိကာယေန ဒိဋ္ဌေန၊ ယော ခေါ ဝက္ကလိ ဓမ္မံ ပဿတိ သော မံ ပဿတိ—

ဟူသော ဝက္ကလိသုတ်ကို ထိုအဋ္ဌကထာကြီးတို့၌ ပြဆိုကြကုန်၏၊ ထို့ကြောင့် ကျမ်းဂန်၌ ပြဆိုအပ်သော ဉာဏဝိပ္ပယုတ်ဒွိဟိတ် သရဏဂုံ, ဉာဏသမ္ပယုတ်-တိဟိတ် သရဏဂုံ ၂-ပါးတို့တွင်—

၁။ ခန္ဓာအစရှိသော တရားကို မမြင်တတ်ကြကုန်သော သူတို့သည် ဉာဏဝိပ္ပယုတ်ဒွိဟိတ် သရဏဂုံကိုသာ ရနိုင်ကြကုန်၏။

၂။ ခန္ဓာအစရှိသော တရားကို မြင်တတ်ကြကုန်သောသူတို့သည် ဉာဏသမ္ပယုတ်တိဟိတ်သရဏဂုံကိုသာ ရနိုင်ကြကုန်၏။

ဤသို့သော အထူးကိုသာ မှတ်ရာ၏။

သီလဝန္တအန္ဓပုထုဇဉ် ရဟန်းသည် အဝါ ၆၀-ပင် ရသော်လည်း သံဃသရဏဂုံအရာ၌ မပါထိုက်၊ ထိုရဟန်းအတွက် လူတို့မှာ သရဏဂုံမရထိုက်၊ ထိုရဟန်းကို ကိုးကွယ်သည့်အတွက် သရဏဂုံပျက်သည်ဟူ၍ကား- မဆိုသင့်ပေ။

### မေးမြန်းဘွယ်

မေး။ ။အဘယ့်ကြောင့် တရားကို မမြင်တတ်ကြသော သူတို့မှာ ဒွိဟိတ်သရဏဂုံ, တရားကို မြင်တတ်ကြသော သူတို့မှာ တိဟိတ်သရဏဂုံ-ဟူ၍ ခြားနားရလေသနည်းဟူမူ—

ဖြေ။ ။သရဏဂုံအဘွင့်ဋီကာကြီးတို့၌—
သမ္မာဒိဋ္ဌီတိ ဗုဒ္ဓ သုဗုဒ္ဓတံ ဓမ္မ သုဓမ္မတံ သံဃ သုပ္ပဋိပတ္တိဥ္စ လောကိယာဝ ဗောဓဝသေနေဝ သမ္မာဉာယေန ဒဿနတော-ဟုမိန့်ဆိုကြကုန်၏။

www.dhammaransi.com



## သရဏဂုံဝိနိစ္ဆယကျမ်းသစ်

**အဓိပ္ပါယ်ကား။** ။ခန္ဓာအစရှိသော တရားအထွေအပြား တို့မည်သည် ဘုရားမှတပါး တစုံတယောက်သောသူ၏ သိနိုင်မြင်နိုင်ကြသည် မဟုတ်၊ ဘုရားဉာဏ်တော်၏ အရာသာဖြစ်၏၊ တပါးသော သတ္တဝါတို့သည်မူကား-ဘုရားဟောဒေသနာကို ကြားနာ ကြရကုန်မှသာလျှင် ထိုတရားတို့ကိုသိနိုင်မြင်နိုင်ကြကုန်၏။

ထိုတရားတို့ကို မြင်သောသူသည်သာလျှင်—

၁။ ဘုရားဉာဏ်တော်၏ အရာအချက်ကို ကိုယ်တိုင်မျက်မှောက်တွေ့၏၊မြင်၏၊ဗုဒ္ဓ သုဗုဒ္ဓတာ ဂုဏ်တော်ဆိုသည်ကား-ခန္ဓာအစရှိသော တရားတို့၌ အဟုတ်အမှန်အားဖြင့် ထိုးထွင်းသော ဉာဏ်တော်ကို ဆိုသတည်း၊ ထိုဉာဏ်တော်အချက်ကိုတွေ့၏၊ မြင်၏။

၂။ ဓမ္မ သုဓမ္မတာဂုဏ်ကိုလည်း တွေ့၏၊မြင်၏၊ဓမ္မ သုဓမ္မတာဂုဏ်ဆိုသည်ကား-ထိုခန္ဓာအစရှိသော တရားတို့ကို ဟောကြားသောဒေသနာဓမ္မ၏ သွာက္ခာတအဖြစ်တည်း၊ ထိုဓမ္မ သုဓမ္မတာ အချက်ကိုလည်း တွေ့၏၊ မြင်၏။

၃။ သံဃ သုပ္ပဋိပတ္တိကိုလည်းတွေ့၏၊မြင်၏၊သံဃသုပ္ပဋိပတ္တိဆိုသည်ကား-ထိုတရားတို့ကို ထိုးထွင်း၍သိခြင်းငှါ ကျင့်ကြကုန်သော အရိယာသံဃာတို့၏ သုပ္ပဋိပန္နအဖြစ်တည်း၊ ထိုသုပ္ပဋိပတ္တိ အချက်ကိုလည်း ကိုယ်တိုင်မျက်မှောက် တွေ့၏၊ မြင်၏။

ထိုတရားတို့ကိုမမြင်ကြသောသူတို့သည်ကား—

ထို၃-ချက်တို့တွင် တခုခုသောအချက်ကို၌ ကိုယ်တိုင်တွေ့မြင်မှုမရှိကြကုန်၊ကျမ်းတွက် စာတွေ့ လူပြောသူပြောနှင့်သာ ရတနာ၃-ပါးကို ကြည်ညိုစွာ ကိုးကွယ်ကြရကုန်၏၊ ထို့ကြောင့် ထို ၂-ဦးသောသူတို့မှာ ဒိဋ္ဌိဟိတ်သရဏဂုံ, တိဟိတ်သရဏဂုံ ၂-ပါးခြားနားချက်ရှိကြလေသည်-ဟူလို။

[ဤကား-သံဃသရဏဂုံ၌ပါဝင်တိုက်သော ကလျာဏပုထုဇဉ်အရန်နှင့်တကွ ကလျာဏပုတ်,ကလျာဏမြတ် ၂-ပါး,ဒွိဟိတ်သရဏဂုံ, တိဟိတ်သရဏဂုံ ၂-ပါးကိုကင်ရှားစွာပြဆိုချက်တည်း။]

ပဥ္စမခဏ်းပြီး၏။

www.dhammaransi.com



## ၆-ဆဋ္ဌခဏ်း

### သရဏဂုံပျက်ခြင်းနှင့် မပျက်ခြင်းအကျဉ်းချုပ်

ဒုဝိဓော သရဏဂမနဘေဒေါ-အစရှိသည်ဖြင့် ဗုဒ္ဓဘာသာကို စွန့်၍ ဘာသာတပါး ပြောင်းရွှေ့သဖြင့် ပျက်ခြင်း, သေလွန်သဖြင့် ပျက်ခြင်း-ဟူ၍ လောကီသရဏဂုံပျက်ခြင်း ၂-ပါးကား-ထင်ရှားပြီးဖြစ်၍ အကျယ်မဆိုလိုက်ပြီ။

လိုရင်းအဓိပ္ပါယ်မှာမူကား—

၁။ ရှင်ဂေါတမဘုရားကို ဘုရားမဟုတ်၊ ရှင်ဂေါတမ၏ တရားကို တရားကောင်းမဟုတ်၊ ရှင်ဂေါတမ၏ တပည့်အရိယာ သံဃာကို သံဃာကောင်းမဟုတ်-ဟု စိတ်ဆုံးဖြတ်သည်နှင့်တပြိုင်နက် ထိုသူမှာ သရဏဂုံပျက်၏။

၂။ ထိုသို့သော စိတ်မျိုးမရှိမူ၍ ဘုရားကိုဝင်း၊ မဂ် ၄-တန်, ဖိုလ် ၄-တန်, နိဗ္ဗာန်, ပရိယတ်တရားကိုဝင်း၊ ၈-ယောက်သော အရိယာသံဃာတော်ကိုဝင်း ယုံကြည်မြဲကိုးကွယ်မြဲတိုင်းသောစိတ်ကို မစွန့်မူ၍ ကုသိုလ်ပွား, ပညာပွား, ဘေးကင်း, ရန်ကင်းအားဖြင့် တပါးသော ပုဂ္ဂိုလ်, တပါးသော ဆရာ, မင်းစိုးရာဇာ, မိစ္ဆာစုန်းနတ် အစရှိသည်ကို ရှိခိုးဝပ်တွားခစားရိုသေကိုးကွယ်လေသော်လည်း သရဏဂုံမပျက်ဟုမှတ်။

[ဤကား-သရဏဂုံပျက်ခြင်းနှင့်မပျက်ခြင်းကိုအကျဉ်းချုပ်ပြဆိုချက်တည်း။]

ဆဋ္ဌခဏ်းပြီး၏။

---

## ၇-သတ္တမခဏ်း

### သရဏဂုံအကျိုးကိုပြခြင်း

ယခုအခါ အနိယတသရဏဂုံ, နိယတသရဏဂုံ ၂-ပါးတို့၏ အကျိုးသွားကိုပြဆိုရာ၏။

ပြဆိုခဲ့ပြီးသော ဒွိဟိတ်သရဏဂုံ, တိဟိတ်သရဏဂုံ ၂-မျိုးတို့တွင်-

၁။ ဒွိဟိတ်သရဏဂုံသည် အနိယတသရဏဂုံပုံသေတည်း၊ အကျိုးသွားမှာလည်း နောက်နောက်ဘဝတို့၌ ဒွိဟိတ်ပဋိသန္ဓေအကျိုးကို သာပေးနိုင်၏၊ ဉာဏ်ပညာအလိမ္မာအကျိုးကိုမူကား မပေးနိုင်။

www.dhammaransi.com



ထို့ကြောင့် ယခုအခါအလွန်တွေ့ခဲကြုံခဲနက်နဲ ထူးမြတ်လှစွာသော မြတ်စွာဘုရား သာသနာတော်မြတ်၌ ကြုံကြိုက်ကြရကုန်သော ရဟန်း ရှင်လူ သူတော်ကောင်းအပေါင်းတို့သည် မိမိတို့ကိုယ်ကို အန္ဓပုထုဇဉ် အဖြစ်,ဒိဋ္ဌိဟိတ်သရဏဂုံမျိုး အဖြစ်၌တည်၍ တသက်တခွန်္ဓာ တသာသ နာပြီးဆုံး၍ သွားကြမည့်အရေးကို စိုးရိမ်ကြကုန်ရာ၏၊ မသေမီကာလ အတွင်း၌ တကြိမ် တခါမျှပင်သော်လည်း မိမိတို့ကိုးကွယ်ရာ ဘုရား, တရား, သံဃာ, သာသနာများကို ကိုယ်တွေ့ဒိဋ္ဌ တွေ့မြင်ဘူးရသော ကလျာဏကြီးအဖြစ်, တိဟိတ်သရဏဂုံမျိုးအဖြစ်၌ တည်၍ နောင်တိ ဟိတ်ပဋိသန်ဉာဏ် အလိမ်မာမျိုးများကို ရနိုင်ကြံရန် ကြိုးတန်အား စိုက်ကြကုန်ရာသည်။

၂။ ဤဒိဋ္ဌိဟိတ် သရဏဂုံကဲ့သို့ပင်လျှင် ယခုဘဝ၌ အနတ္တပရိညာ စခန်းသို့ မရောက်သော တိဟိတ်သရဏဂုံသည်လည်း အနိယတမျိုးပင် တည်း၊ နောက်နောက် ဘဝတို့၌ အသိအလိမ်မာ ဉာဏ်ပညာကိုမူကား- ပေးနိုင်၏။

ယခုအခါ၌ ဤအနိယတသရဏဂုံ ၂-ပါးတို့၏ အလားကို ထင်ရှား စေခြင်းငှါ—

နာနာသတ္ထာရာနံ မုခံ ဥလ္လောကေန္တီတိ ပုထုဇ္ဇနာ—

ဟူသော ပဋိသမ္ဘိဒါမဂ်ပါဠိတော်မြတ်၏ အနက်အဓိပ္ပါယ်ကို ပြဆိုရာ၏။

**အနက်ကား။** ။နာနာသတ္ထာရာနံ၊ အထူးထူးသော ကိုးကွယ်ရာ ဆရာတို့၏။ မုခံ၊ မျက်နှာကို။ဥလ္လောကေန္တိ၊ တမော့မော့ကြည့်တတ်ကုန် ၏။ ဣတိ-တသ္မာ၊ ထို့ကြောင့်။ ပုထုဇ္ဇနာ၊ ပုထုဇဉ်မည်ကုန်၏။

[တဘဝ တဘဝ လျှင် တမျိုးတမျိုး ကိုးကွယ်ရာ ပြောင်းရွှေ့တတ်ကုန် ၏-ဟူလို။]

## ဘေးကြီး ၃-ပါး

ဤသံသရာ၌ အထူးကြောက်မက်ဘွယ် ကောင်းလှသော ဘေးကြီး ၃-ပါးရှိ၏၊ ၃-ပါးဟူသည်ကား—

၁။ ဝိနိပါတဘေးကြီး တပါး,

www.dhammaransi.com



၂။ မိစ္ဆာဒိဋ္ဌိဘေးကြီး တပါး,

၃။ နာနာသတ္တာဝါ ဥပ္ပလ္လောကန ဘေးကြီး တပါး,

ဤ ၃-ပါးတို့တည်း၊ ထို ၃-ပါးတို့တွင်—

၁။ ဝိနိပါတဘေးကြီး ဆိုသည်ကား-သက္ကာယဒိဋ္ဌိ တင်းလင်းရှိနေကြကုန်သောလူ, နတ်, ဗြဟ္မာသတ္တဝါအပေါင်းတို့သည် မိမိတို့ဖြစ်ရာဘုံဘဝမှ စုတေကြကုန်သည်ရှိသော် ဘယ်ဘုံ ဘယ်ဘဝမှာ ငါဖြစ်မည်ဟု အလိုရှိရာဘုံဘဝသို့ သွားနိုင်ကြကုန်သည်မဟုတ်၊ ကမ္မဿကာ ကံပစ်ချရာဟု သေသည့်နောက်၌ပေါက်လွှတ်ထားကြရကုန်၏၊ယူဇနာများစွာကျယ်သော ထန်းတော, အုန်းတောကြီးမှ ခုတ်ချိုင်၍ ချအပ်ကုန်သော ထန်းသီး, အုန်းသီး တို့သည် ပေါက်လွှတ်ဒလကြမ်း ပရမ်းပတာ ကျရောက်ကြလေကုန်သကဲ့သို့၊ ထို့အတူ—

(က) လူ့ဘုံမှ စုတေကုန်သောလူသတ္တဝါအပေါင်းတို့သည်လည်း သေသည်၏နောက်၌ ပေါက်လွှတ်ဒလကြမ်း ပရမ်းပတာ ကံပစ်ချရာကျရောက်ကြလေကုန်၏။

(ခ) နတ်ပြည် ၆-ထပ် နတ်ဘုံတို့မှ စုတေကြကုန်သော နတ်သတ္တဝါအပေါင်း တို့သည်လည်းကောင်း၊ ရူပါဝစရ-အရူပါဝစရဗြဟ္မာ့ပြည်မှ စုတေကြကုန်သော ဗြဟ္မာသတ္တဝါအပေါင်းတို့သည် လည်းကောင်း သေသည်၏ နောက်၌ ပေါက်လွှတ်ဒလကြမ်း ပရမ်းပတာ ကံပစ်ချရာ ကျရောက်ကြလေကုန်၏။

(ဂ) မဟာပထဝီ, မြင်းမိုရ်, သတ္တရဘန်, ဘုံဗိမာန်တို့သည် မသေမီကာလ၌သာ တည်ရာမှီရာကိစ္စကို ပြီးစီးစေကုန်၏၊ သေသည်၏ နောက်၌မူကား-အောက် မဟာအဝီစိငရဲကြီး အပြင်တိုင်အောင် ကောင်းကင်ဟင်းလင်း အနန္တချောက်ကြီးတွင်းသို့ ကျကြကုန်ဘိသကဲ့သို့ အငြိအတွယ် အကွယ်အကာမရှိ ကံပစ်ချရာ ကျရောက်ကြလေကုန်၏။

www.dhammaransi.com



မြတ်စွာဘုရားသည်လည်း—

သေကြကုန်သော သတ္တဝါအပေါင်းတို့တွင် သုဂတိဘဝသို့ ရောက်ကြကုန်သော သတ္တဝါ တို့သည် ငါ၏လက်သည်းတော်ပေါ်မှာ တင်ရှိသော မြေမှုန့်ပမာဏကဲ့သို့ အလွန်နည်းကြလှတုန်၏၊ အပါယ်ဘုံသို့ ရောက်ကြလေကုန်သော သတ္တဝါတို့သည်မူကား-မဟာပထဝီ မြေကြီးမှာရှိနေသော မြေမှုန့်ပမာဏကဲ့သို့ အလွန်များလှကုန်၏-ဟူ၍ ဟောတော်မူပေ၏၊ တယောက်သောသူ၏ ကိုယ်၌ရှိသော မိုးမျိုး ၁၀-တို့မှစ၍ ဝဲရဲကြီး ၈-ပြည်ထောင်တို့နှင့်တကွ အပါယ်၄-ဘုံတို့၌ အလုံးစုံသော ရေသတ္တဝါ, ကုန်းသတ္တဝါတို့၏ ပေါများပုံကို ဆင်ခြင်မြော်ထောက်သဖြင့်လည်း ဒေသနာတော်အတိုင်း မှန်လှပေသည်ဟု ယုံကြည်ကြကုန်ရာ၏။

ဤသို့လျှင် အနမတဂ္ဂသံသရာပြင်ကြီး၌ သက္ကာယဒိဋ္ဌိ တင်းလင်းရှိနေကြကုန်သော လူ,နတ်,ဗြဟ္မာသတ္တဝါ အပေါင်းတို့အား စုတေမနေ သေလွန်ကြသောအခါ၌ တျလိုရာတျ ရောက်လိုရာရောက် ပေါက်လွှတ်လျောက်လျား ကမ္ဘာဃကာ ကံပစ်ချရာဟု ကံတခု ကြမ္မာတခု လွှတ်၍ထားကြရသဖြင့် ကံပစ်ချရာ ပရမ်းပတာ ကျရောက်မြဲ ဓမ္မတာဖြစ်သော ဘေးကြီးသည် ဝိနိပါတဘေးကြီးမည်၏။

ပညာရှိသူ နတ်, လူအပေါင်းတို့သည် သံသရာအပြင်၌ ဤဝိနိပါတဒုက္ခဘေးကြီးကို အလွန်ကြောက်ကြ, စက်ဆုပ်ကြကုန်သည် ဖြစ်၍ ထိုဘေးကြီးမှ လွတ်ခွင့်ကို ရခြင်းငှါ ဘုရားသာသနာတော်ကို တမြော်တည်း မြော်ကြရကုန်၏၊ ဘုရားသာသနာတော်နှင့် တွေ့ကြုံကြသောအခါ တပါးသော ဆွေရေး, မျိုးရေး, ဥစ္စာရေး, စီးပွားရေး တို့ထက် ထိုဘေးကြီးမှ လွတ်ပြီး ဖြစ်တည့်ကြခြင်းငှါ အနတ္တဘာဝနာတရားကို အားတုတ် စွဲမြဲကြရကုန်၏။

[ဤကား-အနမတဂ္ဂသံသရာကြီး၌ အလွန်ကြောက်မက်ဘွယ် ကောင်းလှသော ဝိနိပါတဘေးကြီးကို အရိပ်အမြွက်မျှပြဆိုလိုက်သော စကားရပ်တည်း။]

၂။ မိစ္ဆာဒိဋ္ဌိဘေးကြီးဆိုသည်ကား—နတ္ထိဒိန္နံနတ္ထိယိဋ္ဌံ နတ္ထိဟု တံ- အစရှိသည်ဖြင့် လာသော ၁၀-ပါး အပြားရှိသော ယခုအခါအနောက်

www.dhammaransi.com



နိုင်ငံတခွင်လုံး၌ ထွန်းကား၍နေသော မိစ္ဆာဒိဋ္ဌိ ဘေးကြီးတည်း၊ ကမ္မဿကတာသမ္မာဒိဋ္ဌိဉာဏ်မျက်စိ၏ အန္တရာယ်ဖြစ်သော ဘေးကြီးတည်း။

[ကမ္မဿကတာသမ္မာဒိဋ္ဌိဉာဏ်မျက်စိ ဆိုသည်ကား- သံသရာစခန်းကိုရင်း, သံသရာလမ်းကိုရင်း သိတတ်မြင်တတ်သော ဉာဏ်မျက်စိကိုဆိုသတည်း။]

(က) သံသရာစခန်းဆိုသည်ကား-သေသည်၏ အခြားမဲ့၌ ကံအားလျော်စွာ ဆိုက်ရောက်ကြရသော အပါယ် ၄-ဘုံ, လူ့ဘုံ, နတ်ပြည် ၆-ထပ် နတ်ဘုံ, ရူပ- အရူပ ဗြဟ္မာဘုံတို့ကို သံသရာစခန်းဆိုသည်။

(ခ) သေသည်မှ နောက်၌ သတ္တဝါတို့၏ လားရာ ရောက်ရာ အပါယ် ၄-ဘုံတို့သည် ရှိကုန်၏၊ အပါယ် ၄-ဘုံတို့သို့လည်း လားကြ ရောက်ကြရကုန်၏၊ အထက်နတ်ပြည် ၆-ထပ် နတ်ဘုံတို့သည် ရှိကုန်၏၊ နတ်ပြည်သို့လည်း ရောက်ကြရကုန်၏၊ ဗြဟ္မာ ၂၀-တို့လည်းရှိကုန်၏၊ ဗြဟ္မာပြည်သို့လည်း ရောက်ကြရကုန်၏- ဟု သိတတ် မြင်တတ်သော ဉာဏ်မျက်စိသည် သံသရာစခန်းကို သိတတ်မြင်တတ်သော ဉာဏ်မျက်စိမည်၏။

(ဂ) သတ္တဝါတို့ပြု၍ နေကြရကုန်သော ကာယကံမှု, ဝစီကံမှု, မနောကံမှုတို့ကို ဤအမှု ဤအမှုတို့ကား-ဒုစရိုက်မှုတို့တည်း၊ အပါယ်ငရဲသို့ ကျရောက်မည့်လမ်းတည်း၊ ဤအမှု ဤအမှုတို့ကား-သုစရိုက်မှုတို့တည်း၊ လူ့ဘဝ, နတ်ဘဝသို့ ရောက်ရမည့်လမ်းတည်း၊ ဤအမှု ဤအမှုတို့ကား- ရူပ, အရူပ ဗြဟ္မာဘုံသို့ ရောက်ရမည့်လမ်းတည်း-ဟု သိတတ်မြင်တတ်သော ဉာဏ်သည် သံသရာလမ်းကို သိတတ်မြင်တတ်သော ဉာဏ်မျက်စိမည်၏။

အနမတဂ္ဂသံသရာ၌ ကျင်လည်၍နေကြကုန်သော သတ္တဝါအပေါင်းတို့အား ဤကမ္မဿကတာသမ္မာဒိဋ္ဌိဉာဏ်မျက်စိကိုပင် အလွန်တရာရခဲလှကုန်၏၊ ဘဝတရာမှ တခါမရနိုင်ကြကုန်၊ ဘဝတထောင်မှ တခါမရ

www.dhammaransi.com



နိုင်ကြကုန်၊ သံသရာမှာ သွားလာကျင်လည်ဆဲမတ်တတ်၌ မိစ္ဆာဒိဋ္ဌိ ဒဏ်ကြီးထိကြသဖြင့် ထိုမျက်စိ ၂-လုံး ကွယ်ဆုံး၍နေကြသော ဘဝတို့ သည်သာ အလွန်များကြကုန်၏၊ ယခုအခါ ဗုဒ္ဓဘာသာလူမျိုးတို့၌ ဤမျက်စိရှိကြကုန်၏၊ ဗုဒ္ဓဘာသာလူမျိုးမှတပါးအရပ်ရပ်သောလူမျိုး, အလုံးစုံသော ရေသတ္တဝါ,ကုန်းသတ္တဝါမျိုးတို့မှာ ဤမျက်စိမရှိကြလေ ပြီ၊ အောက်၌ငရဲဘုံ, ပြိတ္တာဘုံ, အသုရကာယ်ဘုံ, အထက်၌ နတ်ဘုံ, ဗြဟ္မာ့ဘုံရှိမှန်းကိုပင် မသိကြကုန်ပြီ၊ မိမိ မိမိတို့ နေ့ရှိသမျှ ပြုလုပ်၍ နေ ကြသော ကာယကံမှု, ဝစီကံမှု, မနောကံမှုတို့ကိုပင် သုစရိုက်မှုမှန်း, ဒုစရိုက်မှုမှန်း, သုဂတိလမ်းမှန်း, ဒုဂ္ဂတိလမ်းမှန်း မသိကြကုန်ပြီ။

ဤကမ္ဘာသကတာသမ္မာဒိဋ္ဌိ မျက်စိ၂-လုံး ပျက်ဆုံး ကွယ်ပျောက်၍ နေကြကုန်သော သတ္တဝါတို့အား နေ့ရှိသမျှ ရက်ရှိသမျှ လှုပ်လှုပ်ရွရွ ပြုကြ လုပ်ကြ ပြောကြ ဆိုကြ ကြံစည်ကြသမျှသော ကာယကံမှု, ဝစီကံ မှု, မနောကံမှုတို့သည် အပါယ် ၄-ပါး၌ မြုပ်ကြဘို့, နစ်ကြဘို့သာဖြစ် ကုန်၏၊ထိုမျက်စိ၂-လုံး ကွယ်ပျောက်ရာအရပ်တို့မည်သည် တမျိုးလုံး, တဆွေလုံး, တရပ်လုံး, တရွာလုံး, တမြို့လုံး, တနယ်လုံး, တတိုင်းလုံး, တပြည်လုံး, တနိုင်ငံလုံး အပါယ်ငရဲသို့ချည်း စုံးစုံးမြုပ်ကြလေကုန်၏၊ အနမတဂ္ဂသံသရာ တပြင်လုံးသည် မိစ္ဆာဒိဋ္ဌိတောကြီး ဂနိုင်ကြီးကဲ့သို့ ဖြစ်၏၊ သတ္တဝါအပေါင်းတို့သည် များသောအားဖြင့် မိစ္ဆာဒိဋ္ဌိဘဝ တို့နှင့်သာ တွေ့ကြုံကြရကုန်၏။

ဤသို့လျှင် သက္ကာယဒိဋ္ဌိ တင်းလင်းရှိနေကြကုန်သော သတ္တဝါအ ပေါင်းတို့အား ကမ်းမမြင်သော သမုဒ္ဒရာအပြင်၌ နတ်နဂါးတို့၏ အဆိပ်လေ,အဆိပ်ခိုးတို့နှင့် တွေ့ကြုံကြ၍ ပကတိမျက်စိ၂-လုံးပျက်ဆုံး ကွယ်ပ၍နေကြကုန်သောသင်္ဘောသားအများ,လှေသားအများသူကန်း ယောကျာ်းတို့သည် လှေသင်္ဘောကိုလွှတ်၍ ထားပြန်လျှင်လည်း ကမ်း နှင့် ဝေးသည်ထက် ဝေးရာသို့သာ ရေအလိုက် လေအလိုက် မျောကြ ပါ ကြလေကုန်ရာ၏၊လှော်မှု,ခတ်မှု, ရွက်တိုက်မှု, စက်ခုတ်မှု ပယောဂကို ပြုကြကုန်ပြန်လျှင်လည်းအရှေ့,အနောက်,တောင်,မြောက်ကို မမြင်ဘဲ ပြုကြရသည့်အတွက် ကမ်းနှင့်ဝေးသည်ထက် ဝေးရာသို့သာ ပြုမိကြကုန် ရာ၏။

www.dhammaransi.com



ထို့အတူ အနမတဂ္ဂသံသရာ ပြင်ကြီးဝယ် သုညကမ္ဘာတို့၌ မိစ္ဆာဒိဋ္ဌိတည်းဟူသော အဆိပ်လေ,အဆိပ်ခိုးတို့နှင့် တွေ့ကြုံကြ၍ ဘဝအဆက်ဆက် သမ္မာဒိဋ္ဌိမျက်စိ ၂-လုံး ပျက်ဆုံးကွယ်ပလျက် ကျင်လည်ကြရကုန်သော သတ္တဝါအပေါင်းတို့အား ပြုသမျှ ဖြစ်သမျှသော ကိုယ်ပယောဂ, နှုတ်ပယောဂ, စိတ်ပယောဂတို့သည် မြုပ်သည်ထက် မြုပ်ဘို့,နစ်သည်ထက် နစ်ဘို့သာ ဖြစ်ကြလေကုန်၏။

[ဤကား-ရာဇဝေါဝါ စောရဝေါဝါ-ဟူသောပရိတ်ကြီး၌အသန္တိ-ဋ္ဌိဝေါဝါ-ဟူ၍ လာရှိသော မိစ္ဆာဒိဋ္ဌိသံသရာဘေးကြီးပေတည်း၊]

ပညာရှိသူ နတ်,လူ,ဗြဟ္မာ သတ္တဝါအပေါင်းတို့သည် အနမတဂ္ဂသံသရာတပြင်လုံး၌ သံသရာနှင့်အပြည့်ရှိသော မြို့ရွာနိုင်ငံနှင့်တကွ အပါယ်ငရဲသို့ စုံးစုံးစုပ်စုပ်မြုပ်စေနိုင်သော ဤအသန္တိဋ္ဌိ ဘေးကြီးကိုလည်း အလွန်ကြောက်လန့်ကြ, အလွန်စက်ဆုပ်ကြ ကုန်သည်ဖြစ်၍ ထိုဘေးကြီးမှလွတ်ခွင့်ကို ရခြင်းငှါ ဘုရားသာသနာတော်ကိုသာ တမြော်တည်း မြော်ကြရကုန်၏၊ဘုရားသာသနာတော်နှင့် တွေ့ကြုံကြသောအခါ တပါးသော ဆွေရေး, မျိုးရေး, စီးပွားရေး, ချမ်းသာရေးတို့ထက် ထိုဘေးကြီးမှလွတ်ပြီးဖြစ်တည့်ကြရန်အနတ္တဘာဝနာရေးကိုသာ ကိုယ်ရေးပြုလုပ်၍ အားထုတ်စွဲမြဲကြရကုန်၏။

[ဤကား-အနမတဂ္ဂသံသရာကြီး၌အလွန်ကြောက်မက်ဘွယ်ကောင်းလှသော အသန္တိဋ္ဌိမိစ္ဆာဒိဋ္ဌိဘေးကြီးကို အရိပ်အမြွက်မျှ ပြဆိုလိုက်သော စကားရပ်တည်း။]

၃။ နာနာသတ္တာရ ဥလ္လောကနဘေးကြီးဆိုသည်ကား- အနမတဂ္ဂသံသရာအပြင်၌ ကျင်လည်ကြရကုန်သော သတ္တဝါအပေါင်းတို့အား ဘုရားဟုတ် ဘုရားမှန်နှင့် တွေ့ကြုံမှုမည်သည် ကမ္ဘာအသင်္ချေပေါင်း အသင်္ချေပင် ကြာသော်လည်း တရံတခါ ကြုံကြိုက်ခဲလှ၏၊ ထို့အတူ တရားဟုတ်တရားမှန်, သံဃာဟုတ်သံဃာမှန်, သာသနာဟုတ် သာသနာမှန်ကို တွေ့ကြုံမှုမည်သည် ကမ္ဘာအသင်္ချေပေါင်း အသင်္ချေပင် ကြာသော်လည်း တရံတခါမျှတွေ့ကြုံခဲလှ၏။

(က) ရံခါပြဟ္မာကိုဘုရားလုပ်၍ ကိုးကွယ်ကြရကုန်၏။
(ခ) ရံခါသိကြားကိုဘုရားလုပ်၍ ကိုးကွယ်ကြရကုန်၏။

www.dhammaransi.com



(ဂ) ရုံခါနေကို, ရုံခါလကို, ရုံခါထိုထိုနက္ခတ်ကို, ရုံခါပရမီသွာနတ်မျိုးကို, ရုံခါဗိဿကြိုးနတ်မျိုးကို, ရုံခါထိုထိုဘီလူးကြီးတို့ကို, ရုံခါနဂါးကြီးတို့ကို, ရုံခါဂဠုန်ကြီးတို့ကို,

(ဃ) ရုံခါတောင်ကို, ရုံခါတောကို, ရုံခါထိုထိုသစ်ပင်တို့ကို, ရုံခါမြစ်ကြီးတို့ကို, ရုံခါအိုင်ကြီးတို့ကို, ရုံခါရေကို, ရုံခါမီးကို, ရုံခါလေကို, ဘုရားလုပ်၍ကိုးကွယ်ကြရကုန်၏။

(င) ရုံခါခွေးကို ဥပဇ္ဈာယ်ဆရာလုပ်၍ ကိုးကွယ်ကြရကုန်၏။

(စ) ရုံခါနွားကို, ရုံခါမြင်းကို, ရုံခါဆင်ကိုအစရှိသည်ဖြင့် တဘဝ တဘဝလျှင် တမျိုးတမျိုး ကိုးကွယ်ရာပြုကြရကုန်၏။

**အထူးအားဖြင့်မူကား**- ပုရာဏကဿပ, မက္ခလိဂေါသာလ- အစရှိသည်တို့ကဲ့သို့သော အယုတ်တမာ မိစ္ဆာဒိဋ္ဌိကြီးတို့မည်သည် ဤသံသရာကြီး၌ ကမ္ဘာအစဉ်ရှိကြကုန်၏၊ ထိုသူတို့ကို ကြပ်ကြပ်ကိုးကွယ်လေလေ အပါယ်ငရဲနက်လေလေသာ ဖြစ်ကုန်၏၊ တအိမ်လုံးကိုးကွယ်လျှင် တအိမ်လုံးစုံးစုံးမြုပ်ကြလေကုန်၏၊တရပ်လုံး,တရွာလုံး,တမြို့လုံး, တနိုင်ငံလုံးကိုးကွယ်လျှင် တနိုင်ငံလုံးအပါယ်ငရဲသို့ စုံးစုံးမြုပ်ကြလေကုန်၏၊ဘုရားလက်ထက်တော်၌ပုရာဏကဿပကြီးကို ကိုးကွယ်ကြသူတို့သည် အိမ်ခြေငါးရာစလုံး အဝီစိငရဲသို့ မြုပ်ကြလေကုန်၏၊ ထို့အတူ မက္ခလိဂေါသာလဆရာကြီးကို ကိုးကွယ်ကြသူအိမ်ခြေငါးရာ အစရှိသည်ဖြင့် ကျမ်းဂန်တို့၌လာ၏။

[ဤကား-အနမတဂ္ဂ သံသရာပြင်ကြီးနှင့် အပြည့်ရှိနေသော နာနာသတ္တာရ ဥလ္လောကနဘေးကြီးတည်း။]

ပညာရှိသူ နတ်,လူ,ဗြဟ္မာ သတ္တဝါ အပေါင်းတို့သည် သံသရာ၌ အယုတ်တမာကြီးတွေကို ဘုရားပြုလုပ်၍ တဘဝလျှင် တမျိုးတမျိုး ကြိုးကြိုးစားစား အမွှောက်မွှောက် အမှားမှား ကိုးကွယ်၍နေကြရသော ဘေးကြီးကိုလည်း အလွန်ကြောက်လန့်ကြ, အလွန်စက်ဆုပ်ကြကုန်သည်ဖြစ်၍ ထိုဘေးကြီးမှ လွတ်ခြင်းငှါ ဘုရားသာသနာတော်ကိုသာ တမြော်တည်း မြော်ကြရကုန်၏၊ ဘုရားသာသနာတော်နှင့် တွေ့ကြုံကြသောအခါ တပါးသော ဆွေရေး, မျိုးရေး, စီးပွားရေး, ချမ်းသာရေး

www.dhammaransi.com



တို့ထက် ထိုဘေးကြီးမှလွတ်ပြီး ဖြစ်တည့်ကြခြင်းငှါ အနတ္တဘာဝနာရေး ကိုသာ ကိုယ်ရေးပြုလုပ်၍ အားထုတ်စွဲမြဲ အားခဲကြရကုန်၏။

[ဤကား—အနမတဂ္ဂသံသရာကြီး၌ အလွန်ကြောက်မက်ဘွယ်ကောင်း လှသော နာနာသဏ္ဌာရ ဉလ္လောကနဘေးကြီးကို အရိပ်အမြွက်မျှပြဆိုလိုက် သောစကားရပ်တည်း။]

[ဤကား-ဘေးကြီး ၃-ပါးကို ပြဆိုခြင်းတည်း။]

ပညာရှိသူ နတ်, လူ,ဗြဟ္မာ သတ္တဝါအပေါင်းတို့သည် ထိုဘေးကြီး ၃-ပါးတို့မှ ကျွတ်လွတ်သော အခွင့်ကိုရခြင်းငှါ ဘုရားသာသနာတော် ကို မြော်ခေါ်တောင့်တ၍ ဒါန, သီလ-အစရှိသော ကုသိုလ်ကောင်းမှု တို့ကို ပြုလုပ်အားထုတ်၍ လာကြကုန်ရာ ထိုကုသိုလ်ကောင်းမှုတို့၏ အကျိုးအားဖြင့် ဘုရားသာသနာတော်နှင့် တွေ့ကြုံကြရကုန်သော် လည်း အကြင်သူတို့သည် အနိယတ သရဏဂုံမျှနှင့် သေဆုံးကြလေ ကုန်၏၊ အနတ္တပရိညာသို့ ဆိုက်သော နိယတသရဏဂုံသို့မရောက်ကြ လေကုန်၊ရဟန်း,ရှင်,လူ ထိုသူအပေါင်းတို့သည် ဘေးကြီး ၃-ပါးတို့မှ ကျွတ်လွတ်ခွင့်သို့ မရောက်ကြကုန်မူ၍ သေသည်မှ နောက်ကာလ၌ သရဏဂုံကွယ်ပျောက်၍ ထိုဘေးကြီး ၃-ပါး အတွင်းသို့သာ ရောက်မြဲ ရောက်ကြလေကုန်၏။

အဘယ့်ကြောင့်နည်းဆိုသော်—

ထို ရဟန်း,ရှင် ,လူတို့သည် သာသနာတွင်း၌ ကြုံကြိုက်ကြသည်ဆို ငြားသော်လည်း ကြုံကြိုက်ခါမျှသာ ရှိကြကုန်၏၊ ခန္ဓာ, အာယတန, ဓာတ်, ပဋိစ္စသမုပ္ပါဒ်ဟုဆိုအပ်သော အနတ္တဓမ္မတို့ကို မရှုတတ်, မမြင် တတ်ကြကုန်သည်ဖြစ်၍ ဘုရားကိုလည်း တွေ့မြင်ရသူ မဟုတ်ကြကုန်၊ တရားကိုလည်း တွေ့မြင်ရသူ မဟုတ်ကြကုန်၊သံဃာကိုလည်း တွေ့မြင် ရသူ မဟုတ်ကြကုန်၊ သာသနာတော်ကိုလည်း တွေ့မြင်ရသူ မဟုတ်ကြ ကုန်၊ဘုရားလက်ထက်တော်၌ ကောသလမင်းကြီး,လာဠုဒါယီမထေရ် ကြီး အစရှိသော လူရှင်,ရဟန်းတို့ကဲ့သို့တည်း။

(က) ကောသလမင်းကြီးသည် အသဒိသ အလှူကြီးကိုလည်းလှူရ ၏၊ ဇေတဝန် ကျောင်းတော်တွင်း၌ ကလေရှမည်သော

www.dhammaransi.com



ကျောင်းကို ဆောက်လုပ်၍ ကျောင်းတကာလည်း ခံရ၏၊ ဘုရားအထံသို့လည်း နေ့စဉ်ဆည်းကပ်ရ၏၊ ခန္ဓာ, အာယတန, ဓာတ်, ပဋိစ္စသမုပ္ပါဒ်-တည်းဟူသော အနတ္တဓမ္မကို တွေ့မြင်မှုမရှိသည့်အတွက်ကြောင့် ဘုရားကို တွေ့မြင်ရသူဟူ၍ကား-မဆိုအပ်။

(ဒ) လာဠုဒါယီ အမည်ရှိသော မထေရ်ကြီးသည် ဇေတဝန်ကျောင်းတော်တွင်းမှာ ဘုရားနှင့် အသက်ထက်ဆုံးနေရ၏၊ ခန္ဓာ, အာယတန, ဓာတ်, ပဋိစ္စသမုပ္ပါဒ်တည်း-ဟူသော အနတ္တဓမ္မကို တွေ့မြင်မှုမရှိသည့်အတွက်ကြောင့် ဘုရားကို တွေ့မြင်ရသူဟူ၍ကား-မဆိုအပ်။
[ဝက္ကလိသုတ် သံယုတ်ပါဠိတော်ကို ရှေး၌ ပြဆိုခဲ့ပြီ။]

အဋ္ဌကထာကြီးတို့၌လည်း—

စက္ခုနာ၊ မျက်စိဖြင့်။ ပဿန္တောပိ၊ မြင်၍နေပါသော်လည်း။ ဉာဏေန၊ ဉာဏ်ဖြင့်။ အရိယေဟိ၊ အရိယာပုဂ္ဂိုလ်တို့သည်။ ဒိဋ္ဌံ၊မြင်အပ်သော။ အနိစ္စာဒိလက္ခဏံ၊ အနိစ္စအစရှိသော သဘောလက္ခဏာကို။ အပဿန္တော၊ မမြင်သောသူကိုဋ်း။ အရိယာဓိဂတံ၊ အရိယာတို့သည် သိအပ်သော။ဓမ္မံ၊ ဗောဓိပက္ခိယတရားအစုကို။ အနဓိဂစ္ဆန္တော-စ၊ မသိသောသူကိုဋ်း။ အရိယကရဓမ္မာနံ၊ အရိယာဖြစ်အောင်ပြုနိုင်သော ခန္ဓာအစရှိသော တရားတို့ကို။အဒိဋ္ဌတ္တာစ၊ မမြင်သည်၏အဖြစ်ကြောင့်ဋ်း။ အရိယဘာဝဿ၊ အရိယာဖြစ်ကြောင်းဖြစ်သော ဗောဓိပက္ခိယတရားကို။ အဒိဋ္ဌတ္တာစ၊ မမြင်သည်၏ အဖြစ်ကြောင့်ဋ်း။အရိယာနံ၊ ဘုရားအစရှိသော အရိယာတို့ကို။ အဒဿာဝီတိ၊ မတွေ့မမြင်ရသောသူဟူ၍။ ဝေဒိတဗ္ဗော၊ သိအပ်၏-ဟူ၍မိန့်ဆိုကြလေကုန်၏။

[အနိစ္စနှင့်အနတ္တကား-အတူတူ၊ အနိစ္စအစစ်ကိုမြင်တတ်လျှင် အနတ္တကိုမြင်တော့သည်၊ နောက်၌ သေချာစွာပြဆိုလတ္တံ့။]

ဤသို့လျှင် ကောသလမင်းကြီး, လာဠုဒါယီမထေရ်ကြီးတို့ ကဲ့သို့ သာသနာတွင်း၌ ကြုံကြိုက်ကြပါကုန်သော်လည်း သဒ္ဓါ၏စခန်းမျှသို့သာ ဆိုက်ရောက်ကြကုန်၍ ဉာဏ်၏စခန်းသို့မရောက်ကြကုန်သည်နှင့် သဒ္ဓါ

www.dhammaransi.com



တွေ့ကိုမျှသာ တွေ့ကြကုန်၍ ဉာဏ်တွေ့မတွေ့ကြကုန်သောကြောင့် သေသည်၏နောက်၌ သရဏဂုံကွယ်ပျောက်၍ထိုဘေးကြီး ၃-ပါးအတွင်းသို့သာ ရောက်မြဲ ရောက်ကြလေကုန်သတည်း။

လွန်လေပြီးသော အနမတဂ္ဂ သံသရာ၌ မြတ်စွာဘုရားသည် ဂင်္ဂါသဲလုံးမျှမက ပွင့်ကြလေကုန်ပြီ၊ ယခုရှိနေကြသော ရှင်, လူအပေါင်းတို့သည်လည်း လွန်လေပြီးသော မြတ်စွာဘုရားတို့၏ သာသနာ၌ ကြုံကြိုက်ခဲ့ကြလှကုန်ပြီ၊ ပညာစခန်းသို့ကား—မရောက်၊ သဒ္ဓါစခန်းမျှနှင့်သာ အားရတင်းတိမ်၍ လာခဲ့ကြသောကြောင့် နိယတသရဏဂုံသို့ မရောက်ကြကုန်သည်နှင့် ယနေ့ထက်တိုင်အောင်ပင်ဘေးကြီး၃-ပါးမှ ကျွတ်လွတ်ခွင့် မရကြကုန်ဘဲ-- နစ်မြဲနစ်ခါမျောမြဲမျောခါ ဝဋ်ပင်လယ်တကြောမှာ တမောမောနေကြကုန်သတည်း။

အကြင် လူလူရှင်ရှင်ပညာရှိတို့သည်မူကား— ခန္ဓာ, အာယတန, ဓာတ်, ပဋိစ္စသမုပ္ပါဒ် တည်းဟူသော အနတ္တဓမ္မတို့ကို အသိဉာဏ်, အမြင်ဉာဏ် ပေါက်ရောက်ကြကုန်၏၊ ထိုသူတို့သည်မူကား--

(၁) မြတ်စွာဘုရားကိုလည်း သဒ္ဓါတွေ့, ပညာတွေ့ ၂-ပါးတို့ဖြင့် တွေ့မြင်ကြရကုန်၏။
(၂) တရားတော်ကိုလည်း သဒ္ဓါတွေ့, ပညာတွေ့ ၂-ပါးတို့ဖြင့် တွေ့မြင်ကြရကုန်၏။
(၃) အရိယာ သံဃာတော်တို့ကိုလည်း သဒ္ဓါတွေ့, ပညာတွေ့ ၂-ပါးတို့ဖြင့် တွေ့မြင်ကြရကုန်၏။
(၄) သာသနာတော်ကိုလည်း သဒ္ဓါတွေ့, ပညာတွေ့ ၂-ပါးတို့ဖြင့် တွေ့မြင်ကြရကုန်၏။

ထိုသူတို့သည် ဉာဏသမ္ပယုတ် တိဟိတ်ဥက္ကဋ္ဌ နိယတသရဏဂုံသို့ ရောက်ကြကုန်သဖြင့် ဘေးကြီး ၃-ပါးမှ ကျွတ်လွတ်ကြလေကုန်၏။

(၁) ဝိနိပါတ-ဟူသော ပဌမ ဘေးကြီးမှလည်း ကျွတ်လွတ်ကြလေကုန်၏၊ ယခုဘဝမှစ၍ ဘဝများစွာ,ကမ္ဘာများစွာ သံသရာ၌ကျင်လည်၍သွားကြရကုန်သော်လည်း ယုတ်ညံ့သောဘုံဘဝသို့ ပရမ်းပတာ

www.dhammaransi.com



ကျရောက်ခြင်းဟူ၍ မရှိကြကုန်ပြီ၊ ဘုန်းတန်ခိုးကြက်သရေ စည်းစိမ် ချမ်းသာ အလိမ်မာတို့နှင့်ပြည့်စုံသော မြင့်မြတ်သောလူမျိုး, မြင့်မြတ် သောနတ်မျိုး,မြင့်မြတ်သောဗြဟ္မာမျိုးတို့၌သာ ဖြစ်ကြရကုန်တော့သည်။

၂။ မိစ္ဆာဒိဋ္ဌိ-ဟူသော ဒုတိယ ဘေးကြီးမှလည်း ကျွတ်လွတ်ကြ လေကုန်၏၊ ယခုဘဝမှစ၍ ဘဝများစွာ, ကမ္ဘာများစွာ သံသရာ၌ကျင် လည်၍သွားကြကုန်သော်လည်း ကမ္မဿကတာ သမ္မာဒိဋ္ဌိမျက်လုံးပျက် ဆုံးကွယ်ပသော မိစ္ဆာဒိဋ္ဌိဘဝသို့ မရောက်ကြကုန်ပြီ၊ ကမ္မဿကတာ သမ္မာဒိဋ္ဌိမျက်လုံးနှင့်တကွ ခန္ဓာ, အာယတန, ဓာတ်, ပဋိစ္စသမုပ္ပါဒ် တို့ကိုမြင်နိုင်သော ဓမ္မစက္ခုဉာဏ်မျက်လုံး, ဓမ္မဒိဋ္ဌိဉာဏ်မျက်စိတို့နှင့် အမြဲနိစ္စထာဝရ ပြည့်စုံကြလေကုန်တော့သည်။

၃။ နာနာသတ္ထာရုဒ္ဒေသကန-ဟူသော တတိယဘေးကြီးမှလည်း ကျွတ်လွတ်ကြလေကုန်၏၊ ယခုဘဝမှစ၍ ဘဝများစွာ, ကမ္ဘာများစွာ သံသရာ၌ ကျင်လည်၍သွားကြကုန်သော်လည်း ဘုရားဟုတ်,ဘုရားမှန်, ဘုရားစစ်ဟု ဆိုအပ်သော သဗ္ဗညုမြတ်စွာဘုရားမှတပါး ဗြဟ္မာအစရှိ သော တခြားတပါးသောသူကို ဘုရားဟူ၍ ထင်မှတ်ကိုးကွယ်ခြင်း မရှိကြကုန်လေပြီ၊ ယခုဘဝ၌ ဆောက်တည်အပ်သော ဗုဒ္ဓသရဏဂုံ သည် ထိုသူတို့အား အနုပါဒိသေသ နိဗ္ဗာန်ရသည် ဘဝတိုင်အောင် အစဉ်ထာဝရ နိစ္စအမြဲ တည်လေတော့သည်။

[ဓမ္မသရဏဂုံ, သံဃသရဏဂုံတို့သည်လည်း ထို့အတူ တည်လေကုန် တော့သည်။]

ဘဝများစွာ ကမ္ဘာအဆက်ဆက် ကျင်လည်၍ သွားကြကုန်သော် လည်း ထိုသူတို့မှာ သာသနာပ-သောဘဝ, သာသနာကွယ်သောဘဝ ဟူ၍ မရှိကြကုန်ပြီ၊ ဤကဲ့သို့သောသူတို့သည် ယခုအခါ၌ နတ်ပြည် ၆-ထပ်တို့မှာလည်း အပြည့်ရှိကြကုန်၏၊ ဗြဟ္မာပြည်တို့မှာလည်းအပြည့်ရှိ ကြကုန်၏။

ဤသို့လျှင် ခန္ဓာ, အာယတန, ဓာတ်, ပဋိစ္စသမုပ္ပါဒ်တို့၌ အနတ္တ ပရိညာသို့ရောက်သဖြင့် နိယတသရဏဂုံကိုရ၍ ၃-ပါးသော ဘေးကြီး

www.dhammaransi.com



တို့မှ အပြီးတိုင် လွတ်ငြိမ်း၍ သွားမှုကို ခံသိမ်းသော ဘုရားရှင်တို့၏ သာသနာ၌ သဥပါဒိသေသ ပဌမ နိဗ္ဗာန်ကြီးခေါ်သတည်း။

[ဤပဌမနိဗ္ဗာန်ကြီး၏အခြင်းအရာကိုမူကား-ငါတို့စီရင်သော စတုသစ္စ ဒီပနီကျမ်း, အနတ္တဒီပနီကျမ်း, သဂြိုဟ် ၉-ပိုင်းလုံးကို အကျဉ်းချုံး၍ သံပေါက်လက်ာဖြင့် စီရင်သော ပရမတ္ထသံခိပ်ကျမ်း- စသည်တို့မှ ကြည့်ကြလေ။]

ဤကဲ့သို့သော နိယတသရဏဂုံကိုရ၍ ပဌမနိဗ္ဗာန်သို့, ပဌမနိဗ္ဗာန်သားအဖြစ်သို့ ရောက်ခြင်းငှါ ခန္ဓာ, အာယတန, ဓာတ်, ပစ္စဋိသမုပ္ပါဒ် တရားတို့၌ အနတ္တဘာဝနာအလုပ်ကို အားထုတ်စွဲမြဲ ခဲ့ကြကုန်ရာ၏။

ခန္ဓာ, အာယတန, ဓာတ်, ပဋိစ္စသမုပ္ပါဒ်ဟူသောစကား၌—

မိမိ မိမိတို့၏ ကိုယ်ခန္ဓာမှာရှိနေကြသော ပထဝီဓာတ်, အာပေါဓာတ်, တေဇောဓာတ်, ဝါယောဓာတ်,အာကာသဓာတ်, ဝိညာဏဓာတ် တည်း-ဟူသော ၆-ပါးသော ပဓာနဓာတ်ကြီးတို့၌ အနိစ္စလက္ခဏာကို နေရာတကျထင်မြင်နိုင်လျှင်ပင် အနတ္တပရိညာကိစ္စပြီးစီးနိုင်တော့သည်။

အနိစ္စသညိနော မေဃိယ အနတ္တသညာ သဏ္ဌာတိ။
[အင်္ဂုတ္တိုရ်ပါဠိတော်, ဥဒါန်းပါဠိတော်။]

**အနက်ကား။** ။မေဃိယ၊မေဃိယရဟန်း။ အနိစ္စသညိနော၊အနိစ္စသညာထင်မြင်စွဲမြဲသောသူအား။ အနတ္တသညာ၊ အနတ္တသညာသည်။ သဏ္ဌာတိ၊ အလိုလိုတည်လာ၏။

အနတ္တဘာဝနာအလုပ်ကို တမင်အားထုတ်ဘွယ် မရှိ-ဆိုလိုသည်။ အနတ္တသညာထင်မြင်စွဲမြဲ၍အနတ္တပရိညာသို့ရောက်လျှင်လည်း နိယတသရဏဂုံကို ရလေတော့သည်၊ နိယတသရဏဂုံကို ရလျှင်လည်း ဘေးကြီး ၃-ပါးမှ အပြီးတိုင် လွတ်ငြိမ်းလေတော့သည်။

ထို့ကြောင့် ယခုအခါ သာသနာတော်တွင်း၌ ကြုံကြိုက်ကြရကုန်သော လူလူ ရှင်ရှင် ပညာရှိအပေါင်း သူတော်ကောင်းတို့သည် အလွန်တရာ ကြုံကြိုက်ခဲလှစွာသော သာသနာတော်မြတ်၌ ကြုံကြိုက်ကြသည့် အခါမှာ ဘုရား, တရား, သံဃာ, သာသနာတော်ကို ဉာဏ်မျက်စိမပေါ

www.dhammaransi.com



သဒ္ဓါတွေမျှသာဖြစ်သော အနိယတသရဏဂုံကိစ္စနှင့် အားရတင်းတိမ် ခြင်းသို့မရောက်ကြကုန်မူ၍ နည်းစွအဆုံး ၆-ပါးသောပဓာနဓာတ်ကြီး တို့၌ အနိစ္စလက္ခဏာကို ကောင်းစွာထင်မြင်ခြင်းတည်း-ဟူသော ဉာဏ် မျက်စိအလင်းပါသဖြင့် ဘုရား, တရား, သံဃာ, သာသနာကို သဒ္ဓါ တွေ့, ပညာတွေ့ ၂-မျိုးပါသော နိယာမ သရဏဂုံကို ခိုလှုံဆည်းကပ် ခြင်း၌ အားထုတ်ကြကုန်ရာသတည်း။

ဤအရာ၌ သဒ္ဓါတွေ့, ပညာတွေ့ ၂-ပါးကို အနည်းငယ်ပြဆိုရာ၏။

၁။ ဗုဒ္ဓဘာသာ အမျိုးအရိုးမှန်သူ မိကောင်း ဘကောင်းတို့ဖြစ် ကြကုန်သော ၅-နှစ်ရွယ်, ၆-နှစ်ရွယ်, ၇-နှစ်ရွယ် သူငယ်တို့အား မိဘတို့၏ တိုက်တွန်းမှုနှင့် ကြည်လင်စွာခံယူအပ်သော သရဏဂုံသည် သဒ္ဓါပဋိလာဘသရဏဂုံမည်၏။

ထို့အတူ အသက်အရွယ်ပင် ကြီးသော်လည်း ခန္ဓာ, အာယတန, ဓာတ်, ပဋိစ္စသမုပ္ပါဒ် အနတ္တဓမ္မတို့၌ လေ့ကျက်ခြင်းမရှိမူ၍ အတု မရှိ ကြီးမြတ်သည်ဟူသော ကျမ်းတွေ့စာတွေ့ ဆရာသမား ပြောစ ကား ဟောစကားကို ကြားဘူးနားဝရှိရုံမျှနှင့် အလွန်ယုံကြည် လေးမြတ် စွာခံယူ၍ နေကြသော သရဏဂုံသည်လည်း သဒ္ဓါပဋိလာဘသရဏဂုံ ပင်မည်၏။

၂။ ခန္ဓာ, အာယတန, ဓာတ်, ပဋိစ္စသမုပ္ပါဒ် အနတ္တဓမ္မတို့၌ လေ့ကျက်ခြင်း, ဆင်ခြင်ခြင်း, ထင်မြင်ခြင်းရှိကြကုန်သောသူတို့၏ သရ ဏဂုံသည်မူကား-ဗုဒ္ဓ သုဗုဒ္ဓတာ,ဓမ္မ သုဓမ္မတာ, သံဃ သုပ္ပဋိပတ္တိ ဉာဏ်ပညာစခန်းသို့ ရောက်သည်ဖြစ်၍ သမ္မာဒိဋ္ဌိသရဏဂုံမည်၏။

ထို့ကြောင့် အဋ္ဌကထာကြီးတို့၌—

တံ အတ္တတော ဗုဒ္ဓါဒီသု တီသု ဝတ္ထုသု သဒ္ဓါပဋိလာဘော တမ္မူလိကာစ သမ္မာဒိဋ္ဌိ—

ဟူ၍မိန့်ဆိုကြကုန်၏။

ဋီကာကြီးတို့၌လည်း—

(က) သဒ္ဓါပဋိလာဘောတိဣမိနာ မာတာဒီဟိ ဥဿာဟိတ ဒါရ-ကာဒီနံ ဝိယ ဉာဏဝိပ္ပယုတ္တံ သရဏဂမနံ ဒဿေတိ၊ သမ္မာ ဒိဋ္ဌိတိဣမိနာ ဉာဏသမ္ပယုတ္တံ သရဏဂမနံ-ဟူ၍၎င်း,

www.dhammaransi.com



(ခ) သမ္မာဒိဋ္ဌိတိ ဗုဒ္ဓ သုဗုဒ္ဓတံ ဓမ္မ သုဓမ္မတံ သံဃ သုပ္ပဋိပတ္တိဉ္စ လောကိယာဝဇ္ဇာဝဇ္ဇဝသေနေဝ သမ္မာဉာဏေန ဒဿန-တော-ဟူ၍၎င်း,
မိန့်ဆိုကြကုန်၏။

ထို့ကြောင့် ငယ်ရွယ်စဉ်အခါ၌မူကား- ခပ်သိမ်းသောသူတို့သည် ပင်လျှင် သဒ္ဓါပဋိလာဘ ဉာဏ ဝိပ္ပယုတ် သရဏဂုံနှင့် တည်ထောင်၍ လာကြရကုန်၏၊ ကြီးသောအရွယ်သို့ ရောက်ကြသော အခါ၌မူကား- ငယ်ရွယ်စဉ်အခါကအတိုင်းနှင့်စိတ်ချ၍နေခြင်းငှါမသင့်၊ဗုဒ္ဓ သုဗုဒ္ဓတာ, ဓမ္မ သုဓမ္မတာ,သံဃ သုပ္ပဋိပတ္တိ ဉာဏ်မျက်စိအလင်းနှင့်ယှဉ်သောသမ္မာ ဒိဋ္ဌိပြဓာန်းသော ဒုတိယ သရဏဂုံသို့ ရောက်နိုင်ကြအောင် အထူး ကြောင့်ကြစိုက်ကြကုန်ရာသတည်း။

ထိုမှတပါး ဤသရဏဂုံအရာ၌ များစွာသော အဆုံးအဖြတ်တို့ကို မူကား-သရဏာဒိဝိနိစ္ဆယ အစရှိသော စာအုပ်များမှာ ကြည့်၍ယူကြ လေကုန်၊ ဤစာအုပ်၌မူကား-ထိုဝိနိစ္ဆယ စာအုပ်များ၌ ကျန်ရှိ၍နေ သော အချက်စုကိုသာ ပြဆိုလိုက်သည်။

[ဤကား-အနိယတ အာဂန္တုကသရဏဂုံ, နိစ္စထာဝရ အပိုင်ရသော နိယတသရဏဂုံ ၂-ပါးတို့၏ အလားကို ပြဆိုသောစကားရပ်တည်း။]

သတ္တမခဏ်းပြီး၏။

---

## နိဂုံး

ဤတွင်ရွှေကား ကျိုက်ထိုမြို့မှ တပည့်ဖြစ်သူ ရှင်ကိတ္တိ လျှောက် ထား တောင်းပန်အပ်သည်ဖြစ်၍ ပျဉ်းမနားမြို့ စမ်းကျတောကျောင်း ၌ နေခိုက်ဖြစ်သော မုံရွာမြို့ လယ်တီတောကျောင်းဆရာ ငါတို့စီရင် ဆုံးဖြတ်အပ်သောသရဏဂုံဝိနိစ္ဆယကျမ်းသစ်သည် သက္ကရာဇ် ၁၂၆၆-ခု၊ ပြာသိုလဆန်း ၁၃-ရက်နေ့တွင် ပြီးစီးအောင်မြင်သတည်း။

သရဏဂုံဝိနိစ္ဆယကျမ်းသစ်ပြီး၏။

www.dhammaransi.com

# ဝိရတိသီလဝိနိစ္ဆယ

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

### ၁-ကုသလကမ္မပထတရား ၁၀-ပါးကိုပြဆိုခြင်း

ပါဏာတိပါတာဒီဟိ ပန ဝိရတိယော အနဘိဇ္ဈာ အဗျာပါဒ သမ္မာဒိဋ္ဌိယော စာတိ ဣမေ ဒသ ကုသလကမ္မပထာ နာမ။

ပါဏာတိပါတာဒီဟိ၊ ပါဏာတိပါတ-အစရှိကုန်သော ၇-ပါး ကုန်သော အကုသလကမ္မပထ တရားတို့မှ။ ဝိရတိယော စ၊ ကြဉ်ရှောင်မှုဟူသော ၇-ပါးကုန်သော ဝိရတိတို့သည်၎င်း။ အနဘိဇ္ဈာ အဗျာပါဒ သမ္မာဒိဋ္ဌိယော စ၊ အနဘိဇ္ဈာတရား, အဗျာပါဒတရား, သမ္မာဒိဋ္ဌိတရားတို့သည်၎င်း။ ဣတိ၊ ဤသို့။ ဣမေ ဒသ၊ ဤ ၁၀-ပါးကုန်သော တရားတို့သည်။ ကုသလကမ္မပထာ နာမ၊ ကုသိုလ်ကမ္မပထတို့မည်ကုန်၏။

၇-ပါးကုန်သောဝိရတိတို့ဆိုသည်ကား—

၁။ ပါဏာတိပါတဝိရတိ တပါး,
၂။ အဒိန္နာဒါန ဝိရတိ တပါး,
၃။ ကာမေသုမိစ္ဆာစာရ ဝိရတိ တပါး,
၄။ မုသာဝါဒ ဝိရတိ တပါး,

www.dhammaransi.com



၅။ ဝိသုဏာဝါစာ ဝိရတိ တပါး,
၆။ ဖရုသဝါစာ ဝိရတိ တပါး,
၇။ သမ္ဖပ္ပလာပ ဝိရတိ တပါး,

ဤ ၇-ပါးကုန်သော ဝိရတိတို့ပေတည်း။

ထို ၇-ပါးကုန်သော ဝိရတိတို့ကို မနောကံ ၃-ပါးတို့နှင့် ပေါင်းသည်ရှိသော် ကုသိုလ်ကမ္မပထတရား ၁၀-ပါးဖြစ်၏။

**မနောကံ ၃-ပါး**

၁။ အနဘိဇ္ဈာဆိုသည်ကား-အလောဘတရားတည်း။
၂။ အဗျာပါဒဆိုသည်ကား-အဒေါသတရားတည်း။
၃။ သမ္မာဒိဋ္ဌိဆိုသည်ကား-အမောဟတရားတည်း။

[မဟာကုသိုလ်စိတ် ၈-ခုအတွင်း၌ ပြဆိုအပ်သော ကုသလကမ္မပထတရား ၁၀-ပါးတည်း။]

**ဥတ္တရိမနုဿဓမ္မာ**—ဟူသောပုဒ်၌ ဤကုသလကမ္မပထတရား ၁၀-ပါးကို မနုဿဓမ္မဟူ၍ဆို၏၊ ဘုရားပွင့်ရာကာလ၌၎င်း, ဘုရားပွင့်ရာမဟုတ်သော သုညကမ္ဘာတို့၌၎င်း, ဘုရားပွင့်ရာ ဤစကြဝဠာတို့၌၎င်း, ဘုရားပွင့်ရာမဟုတ်သော တပါးသောစကြဝဠာ အနန္တတို့၌၎င်း သမ္မာဒိဋ္ဌိအယူရှိကြကုန်သော လူသူတော်ကောင်းတို့၏ ပကတိမျိုး ကျင့်ရိုးကျင့်စဉ် တရား ၁၀-ပါး ဖြစ်၍ မနုဿဓမ္မ-ဆိုရသတည်း။

**ဝိနယေ ာစသုသိက္ခိတော**—ဟူသောမင်္ဂလာတရား၌ဤကုသလကမ္မပထတရား ၁၀-ပါးကိုဂိဟိဝိနယတရားမျိုးဆိုလိုသည်၊ လူသူတော်ကောင်းမျိုးတို့၏ ကျင့်ရိုးကျင့်စဉ် ဝိနည်းတရားမျိုးဆိုလိုသည်၊ "အပ္ပမာဒေါစ ဓမ္မေသု" ဟူသော မင်္ဂလာတရား၌လည်း ဤကုသလကမ္မပထတရား ၁၀-ပါးကိုပင်ဆိုသည်။

စကြဝဠာအနန္တ, ကမ္ဘာအနန္တတို့မှာ လူသတ္တဝါဟူသမျှ,နတ်ပြည် ၆-ထပ် နတ်, သိကြားသတ္တဝါ ဟူသမျှတို့သည် ဤကုသလကမ္မပထတရား ၁၀-ပါးတို့မှ ဖြစ်ပွားကြရကုန်သည်၊ ဤကုသလကမ္မပထတရား ၁၀-ပါးမရှိခဲ့လျှင် လောက၌ လူဟူ၍, နတ်ဟူ၍, သိကြားဟူ၍ပင် မရှိရာပြီ။

www.dhammaransi.com



ဤ ၁၀-ပါးသော တရားတို့ကို သင်္ဂီတိသုတ်, ဒသုတ္တရသုတ်-အစ ရှိကုန်သော သုတ္တန်ပါဠိတော်ကြီးတို့၌ ''ကုသလကမ္မပထ'' ဟူသော အမည်နှင့် ဟောတော်မူသည်၊ များသောအားဖြင့် နိကာယ်ငါးရပ် ပိဋကတ် ၃-ပုံတို့၌ ကာယသုစရိုက် ၃-ပါး,ဝစီသုစရိုက်၄-ပါး,မနော သုစရိုက် ၃-ပါးဟူ၍ ''သုစရိတ'' အမည်နှင့်ဟောတော်မူသည်။

### သင်္ဂီတိသုတ်ပါဠိတော်

ဒသ အကုသလကမ္မပထာ၊ ပါဏာတိပါတော အဒိန္နာဒါ- နံ ကာမေသုမိစ္ဆာစာရော မုသာဝါဒေါ ပိသုဏာဝါစာ ဖရုသ- ဝါစာ သမ္ဖပ္ပလာပေါ အဘိဇ္ဈာ ဗျာပါဒေါ မိစ္ဆာဒိဋ္ဌိ။

ဒသကုသလကမ္မပထာ၊ပါဏာတိပါတာဝေရမဏီ အဒိန္နာ- ဒါနာဝေရမဏီ ကာမေသုမိစ္ဆာစာရာ ဝေရမဏီ မုသာဝါဒါ ဝေရမဏီ ပိသုဏာယဝါစာယဝေရမဏီ ဖရုသာယ ဝါစာယ ဝေရမဏီ သမ္ဖပ္ပလာပါဝေရမဏီ အနဘိဇ္ဈာ အဗျာပါဒေါ သမ္မာဒိဋ္ဌိ။

ကုသလကမ္မပထတရား၁၀-ပါးကိုပြဆိုခြင်းပြီး၏။

---

### ၂-ဝိရတိသီလကမ္မပထကြီး၇-ပါးကိုပြဆိုခြင်း

ဤ၁၀-ပါးသော ကုသလကမ္မပထတရားတို့တွင် အနဘိဇ္ဈာ,အဗျာ ပါဒ, သမ္မာဒိဋ္ဌိ-ဟူသော မနောကံ၃-ပါးတို့သည်ကား- ဝိရတိသီလ တရားမျိုးမဟုတ်ကြကုန်၊ထို့ကြောင့် ဤဝိရတိသီလဝိနိစ္ဆယ၌ ထိုမနော ကံ၃-ပါးတို့ကို ချန်လှပ်၍ ရှေ့ဖြစ်သော ဝိရတိသီလ ကမ္မပထတရား ၇-ပါးတို့ကို ပါဠိ,အဋ္ဌကထာ ဝိနိစ္ဆယများနှင့်တကွ ထင်ရှားစွာ ပြဆို ပေအံ့။

ပါဏာတိပါတာဒီဟိ တေဟိ ဝိရမန္တိ သယံ ဝါ ဝိရမတိ ဝိရမဏမတ္တမေဝ ဝါ တေန္တိ ဝိရတိ။ပါဏာတိပါတာဝိရမန္တဿ ယာ တသ္မိံ သမယေ ပါဏာတိပါတာ အာရတိ ဝိရတီတိ ဧဝံ ဝုတ္တာ ကုသလစိတ္တ သမ္ပယုတ္တာ ဝိရတိ။

www.dhammaransi.com



**အနက်ကား။** ။တေ ယ၊ ဤတရားဖြင့်။ ပါဏာတိပါတာဒီဟိ၊ ပါဏာတိပါတ စသည်အပြား အကုသလကမ္မပထတရား၇-ပါးတို့မှ။ ဝိရမန္တိ၊ ကြဉ်ရှောင်ကြကုန်၏။ ဣတိ၊ ဤသို့သော အကြောင်းကြောင့်။ ဝိရတိ၊ဝိရတိမည်၏။

ဝါ၊ တနည်းကား။ သယံ၊ မိမိဟူသောတရားရင်းသည်။ ပါဏာတိပါတာဒီဟိ၊ ပါဏာတိပါတ စသည်အပြား အကုသလကမ္မပထတရား ၇-ပါးတို့မှ။ ဝိရမတိ၊ ကြဉ်ရှောင်တတ်၏။ ဣတိ၊ဤသို့သောအကြောင်းကြောင့်။ ဝိရတိ၊ဝိရတိမည်၏။

ဝါ၊ တနည်းကား။ ဧတံ၊ ဤဝိရတိမည်သည်။ ပါဏာတိပါတာဒီဟိ၊ ပါဏာတိပါတ စသည်အပြား အကုသလကမ္မပထတရား၇-ပါးတို့မှ။ ဝိရမဏမတ္တမေဝ၊ ကြဉ်ရှောင်ခြင်း ကိရိယာမျှသာတည်း။ (ပုဂ္ဂိုလ်, သတ္တဝါ, အကောင်အထည်မရှိ-ဟူလို)။ ဣတိ၊ ဤသို့သော အကြောင်းကြောင့်။ ဝိရတိ၊ဝိရတိမည်၏။

[ဝိရတိသဒ္ဒါ၏ဝိဂ္ဂြိုဟ်၃-ချက်ကိုပြတော်မူသည်၊ အဓိပ္ပါယ်အထူးမဟုတ်။]

ပါဏာတိပါတာ ဝိရမန္တဿ ယာ တသ္မိံ သမယေ ပါဏာတိ-ပါတာ အာရတိ ဝိရတီတိ၊ ပါဏာတိပါတာ။လ။ အာရတိ ဝိရတိ-ဟူ၍။ ဧဝံ၊ ဤသို့။ ဝုတ္တာ၊ ပါဠိတော်၌ ဟောတော်မူအပ်သော။ ကုသလစိတ္တသမ္ပယုတ္တာ၊ ကုသိုလ်စိတ်နှင့်ယှဉ်သော။ ဝိရတိ၊ ဝိရတိ ပေတည်း။

[ရှေ့ဝိဂ္ဂြိုဟ် ၃-ချက်၏အရမှာ ပါဠိတော်လာရင်း ဝိရတိကိုပင်ရသည်-ဟု ပြတော်မူသည်၊ပါဏာတိပါတာ ဝိရမန္တဿ။လ။အာရတိ ဝိရတီတိ-၌ ဣတိသဒ္ဒါဖြင့် ကျန်ရှိသော ဝိဘင်းပါဠိတော်ဝါကျ ၆- ဝါရနှင့်တကွ အဒိန္နာဒါနဝိရတိ-စသည်အပြား ဝိရတိ၆-ပါးတို့ကိုယူ။]

ဝိရတိသီလကမ္မပထကြီး၇- ပါးကိုပြဆိုခြင်းပြီး၏။

---

## ၃-ဝိရတိ ၃-ပါးနှင့် ဝဋ္ဋနိဿိတ, ဝိဝဋ္ဋနိဿိတ ကိုခွဲပြခြင်း

## ဥပရိပဏ္ဏာသပါဠိတော်

ကတမာ စ ဘိက္ခဝေ သမ္မာဝါစာ၊သမ္မာဝါစာဟံ ဘိက္ခဝေ ဒွယံ ဝဒါမိ၊အတ္ထိ ဘိက္ခဝေ သမ္မာဝါစာ သာသဝါ ပုညဘာဂိ-

www.dhammaransi.com



ယာ ဥပဓိဝေပက္ကာ၊ အတ္ထိ ဘိက္ခဝေ သမ္မာဝါစာ အရိယာ အနာသဝါ လောကုတ္တရာ မဂ္ဂင်္ဂါ။

ကတမာ စ ဘိက္ခဝေ သမ္မာဝါစာ သာသဝါ ပုညဘာဂိယာ ဥပဓိဝေပက္ကာ၊ မုသာဝါဒါ ဝေရမဏီ ပိသုဏာယဝါစာယ ဝေရမဏီ ဖရုသာယ ဝါစာယ ဝေရမဏီ သမ္ဖပ္ပလာပါ ဝေရမဏီ၊ အယံ ဘိက္ခဝေ သမ္မာဝါစာ သာသဝါ ပုညဘာဂိယာ ဥပဓိဝေပက္ကာ။

ကတမာစ ဘိက္ခဝေ သမ္မာဝါစာ အရိယာ အနာသဝါ လောကုတ္တရာ မဂ္ဂင်္ဂါ၊ ယာ ခေါ ဘိက္ခဝေ အရိယစိတ္တဿ အနာသဝစိတ္တဿ အရိယမဂ္ဂသမင်္ဂိနော အရိယမဂ္ဂံ ဘာဝယတော စတူဟိ ဝစီဒုစ္စရိတေဟိ အာရတိ ဝိရတိ ပဋိဝိရတိ ဝေရမဏီ၊ အယံ ဘိက္ခဝေ သမ္မာဝါစာ အရိယာ အနာသဝါ လောကုတ္တရာ မဂ္ဂင်္ဂါ။

ကတမော စ ဘိက္ခဝေ သမ္မာကမ္မန္တော၊ သမ္မာကမ္မန္တာဟံ ဘိက္ခဝေ ဒွယံ ဝဒါမိ၊ အတ္ထိ ဘိက္ခဝေ သမ္မာကမ္မန္တော သာသဝေါ ပုညဘာဂိယော ဥပဓိဝေပက္ကော၊ အတ္ထိ ဘိက္ခဝေ သမ္မာကမ္မန္တော အရိယော အနာသဝေါ လောကုတ္တရော မဂ္ဂင်္ဂါ။

ကတမော စ ဘိက္ခဝေ သမ္မာကမ္မန္တော သာသဝေါ ပုညဘာဂိယော ဥပဓိဝေပက္ကော၊ ပါဏာတိပါတာ ဝေရမဏီ အဒိန္နာဒါနာ ဝေရမဏီ ကာမေသုမိစ္ဆာစာရာ ဝေရမဏီ၊ အယံ ဘိက္ခဝေ သမ္မာကမ္မန္တော သာသဝေါ ပုညဘာဂိယော ဥပဓိဝေပက္ကော။

ကတမော စ ဘိက္ခဝေ သမ္မာကမ္မန္တော အရိယော အနာသဝေါ လောကုတ္တရော မဂ္ဂင်္ဂါ၊ ယာ ခေါ ဘိက္ခဝေ အရိယစိတ္တဿ အနာသဝ စိတ္တဿ အရိယမဂ္ဂ သမင်္ဂိနော အရိယမဂ္ဂံ ဘာဝယတော တီဟိ ကာယဒုစ္စရိတေဟိ အာရတိ ဝိရတိ ပဋိဝိရတိ ဝေရမဏီ၊ အယံ ဘိက္ခဝေ သမ္မာကမ္မန္တော အရိယော အနာသဝေါ လောကုတ္တရော မဂ္ဂင်္ဂါ။

www.dhammaransi.com



ကတမော စ ဘိက္ခဝေ သမ္မာအာဇီဝေါ၊ သမ္မာအာဇီဝါပဟံ ဘိက္ခဝေ ဒွယံ ဝဒါမိ၊ အတ္ထိ ဘိက္ခဝေ သမ္မာအာဇီဝေါ သာသဝေါ ပုညဘာဂိယော ဥပဓိဝေပက္ကော၊ အတ္ထိ ဘိက္ခဝေ သမ္မာအာဇီဝေါ အရိယော အနာသဝေါ လောကုတ္တရော မဂ္ဂင်္ဂေါ။

ကတမော စ ဘိက္ခဝေ သမ္မာအာဇီဝေါ သာသဝေါ ပုညဘာဂိယော ဥပဓိဝေပက္ကော၊ ဣဓ ခေါ ဘိက္ခဝေ အရိယသာဝကော မိစ္ဆာအာဇီဝံ ပဟာယ သမ္မာအာဇီဝေန ဇီဝိတံ ကပ္ပေတိ၊ အယံ ဘိက္ခဝေ သမ္မာအာဇီဝေါ သာသဝေါ ပုညဘာဂိယော ဥပဓိဝေပက္ကော။

ကတမော စ ဘိက္ခဝေ သမ္မာအာဇီဝေါ အရိယော အနာသဝေါ လောကုတ္တရော မဂ္ဂင်္ဂေါ၊ ယာ ခေါ ဘိက္ခဝေ အရိယစိတ္တဿ အနာသဝစိတ္တဿ အရိယမဂ္ဂသမင်္ဂိနော အရိယမဂ္ဂံ ဘာဝယတော မိစ္ဆာအာဇီဝါ အာရတိ ဝိရတိ ပဋိဝိရတိ ဝေရမဏီ၊ အယံ ဘိက္ခဝေ သမ္မာအာဇီဝေါ အရိယော အနာသဝေါ လောကုတ္တရော မဂ္ဂင်္ဂေါ။

[အာဇီဝဋ္ဌမကသီလစောင့်ထိန်းကြသူတို့ ဆောင်ရွက်ကြရန် ကောင်းလှသော မဇ္ဈိမနိကာယ်, ဥပရိပဏ္ဏာသ, မဟာစတ္တာလီသက သုတ်ပါဠိတော်ကြီးပေတည်း။]

## ပါဠိတော်အနက်

ဘိက္ခဝေ၊ ရဟန်းတို့။ သမ္မာဝါစာ၊ သမ္မာဝါစာဟူသည်။ ကတမာ စ၊ အဘယ်နည်းဟူမူကား။ ဘိက္ခဝေ၊ ရဟန်းတို့။ သမ္မာဝါစံ၊ သမ္မာဝါစာကို။ ဒွယံ၊ ၂-ပါးရှိ၏ဟူ၍။ အဟံ၊ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏။

၁။ ဘိက္ခဝေ၊ ရဟန်းတို့။ သာသဝါ၊ အာသဝတရား ၄-ပါးတို့၏ အာရုံဖြစ်သော။ ပုညဘာဂိယာ၊ ပုညာဘိသင်္ခါရတွင် အဝင်အပါဖြစ်သော။ ဥပဓိဝေပက္ကာ၊ ဘဝအဆက်ဆက်တို့၌ လူ့ ရပ် နတ်ရွာ ကောင်းမြတ်ရာဝယ် ခန္ဓာ ၅-ပါး ဥပဓိတရားတို့ကို ဖြစ်ပွားစေတတ်သော။ သမ္မာဝါစာ၊ လောကီသမ္မာဝါစာသည်လည်း။ အတ္ထိ၊ရှိ၏။

www.dhammaransi.com



၂။ ဘိက္ခဝေ၊ ရဟန်းတို့။ အရိယာ၊ မြတ်စင်သော။ အနာသဝါ၊ အာသဝတရား ၄-ပါးတို့၏ အာရုံမဟုတ်သော။ လောကုတ္တရာ၊ လောကကိုလွန်နိုင်သော။ မဂ္ဂင်္ဂ၊ မဂ္ဂင်အစစ်ဖြစ်သော။ သမ္မာဝါစာ၊ သမ္မာဝါစာသည်လည်း။ အတ္ထိ၊ ရှိ၏။

သာသဝါ၊ အာသဝတရား ၄-ပါးတို့၏အာရုံ ဖြစ်သော။ ပုညဘာဂိယာ၊ ပုညာဘိသင်္ခါရတွင် အဝင်အပါဖြစ်သော။ ဥပဓိဝေပက္ကာ၊ ဘဝအဆက်ဆက်တို့၌လူ့ရပ် နတ်ရွာ ကောင်းမြတ်ရာဝယ် ခန္ဓာ ၅-ပါး ဥပဓိတရားတို့ကို ဖြစ်ပွားစေတတ်သော။ သမ္မာဝါစာ၊ လောကီသမ္မာဝါစာဟူသည်။ ကတမာစ၊ အဘယ်နည်းဟူမူကား—

၁။ မုသာဝါဒါ၊ မုသာဝါဒဒုစရိုက်တရားမှ။ ဝေရမဏီ၊ ကြဉ်ရှောင်ခြင်း တပါး။ ပိသုဏာယဝါစာယ၊ ကုန်းတိုက်ခြင်းဟူသော ပိသုဏဝါစာဒုစရိုက်တရားမှ။ ဝေရမဏီ၊ ကြဉ်ရှောင်ခြင်း တပါး။ ဖရုသာယဝါစာယ၊ ဆဲရေးခြင်းဟူသော ဖရုသဝါစာ ဒုစရိုက်တရားမှ။ဝေရမဏီ၊ ကြဉ်ရှောင်ခြင်း တပါး။သမ္ဖပ္ပလာပါ၊ အပြိန်အဖျင်း ပြောဆိုခြင်းဟူသော သမ္ဖပ္ပလာပဒုစရိုက်တရားမှ။ ဝေရမဏီ၊ကြဉ်ရှောင်ခြင်း တပါး။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤ ၄-ပါးသော ဝိရတိတရားသည်။ သာသဝါ၊ အာသဝတရား ၄-ပါးတို့၏ အာရုံဖြစ်သော။ ပုညဘာဂိယာ၊ ပုညာဘိသင်္ခါရတွင် အဝင်အပါဖြစ်သော။ဥပဓိဝေပက္ကာ၊ ဘဝအဆက်ဆက်တို့၌ လူ့ရပ်နတ်ရွာ ကောင်းမြတ်ရာဝယ် ခန္ဓာ ၅-ပါး ဥပဓိတရားတို့ကို ဖြစ်ပွားစေတတ်သော။ သမ္မာဝါစာ၊ လောကီသမ္မာဝါစာမည်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ အရိယာ၊ မြတ်စင်သော။ အနာသဝါ၊အာသဝတရား ၄-ပါးတို့၏ အာရုံမဟုတ်သော။ လောကုတ္တရာ၊ လောကကိုလွန်နိုင်သော။ မဂ္ဂင်္ဂ၊ မဂ္ဂင်အစစ်ဖြစ်သော။ သမ္မာဝါစာ၊ သမ္မာဝါစာဟူသည်။ ကတမာစ၊ အဘယ်နည်းဟူမူကား—

၂။ အရိယစိတ္တဿ၊ မြတ်စင်သောစိတ်ရှိသော။ အနာသဝစိတ္တဿ၊ အာသဝတရားတို့မှ လွတ်ကင်းသော စိတ်ရှိသော။ အရိယမဂ္ဂ၊ အရိယာ

မဂ်ကို။ ဘာဝယတော-ဘာဝယန္တဿ၊ ဖြစ်ပွားစေဆဲဖြစ်၍။ အရိယမဂ္ဂသမင်္ဂိနော၊ အရိယာမဂ်နှင့် ပြည့်စုံဆဲဖြစ်သော ပုဂ္ဂိုလ်အား။ စတူဟိ ဝစီဒုစ္စရိတေဟိ၊ ၄-ပါးသော ဝစီဒုစရိုက်တရားတို့မှ။ ဓါ၊ စင်စစ်။ ယာအာရတိ၊ အကြင် ဝေးစွာကြဉ်ရှောင်ခြင်းသည်။ယာဝိရတိ၊အကြင် အထူးကြဉ်ရှောင်ခြင်းသည်။ ယာပဋိဝိရတိ၊ အကြင်တဘန် ကြဉ်ရှောင်ခြင်းသည်။ ယာဝေရမဏီ၊ အကြင်လွတ်ကင်းအောင် ကြဉ်ရှောင်ခြင်းသည်။အတ္ထိ၊ရှိ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤသမ္မာဝါစာသည်။ အရိယာ၊ဖြူစင်သော။ အနာသဝါ၊ အာသဝတရား ၄-ပါးတို့၏ အာရုံမဟုတ်သော။ လောကုတ္တရာ၊ လောကကို လွန်နိုင်သော။ မဂ္ဂင်္ဂါ၊ မဂ္ဂင်အစစ်ဖြစ်သော။ သမ္မာဝါစာ။ သမ္မာဝါစာမည်၏။

[သမ္မာကမ္မန္တ ၂-ပါးအကျဉ်းအကျယ် အနက်လွယ်ပြီ။]

ဘိက္ခုဝေ၊ ရဟန်းတို့။ဣဓ၊ ဤလောက၌။ ကေစ္စော၊ အချို့သောသူသည်။ မိစ္ဆာအာဇီဝံ၊ ယုတ်မာသောအသက်မွေးမှုကို။ ပဟာယ၊ ပယ်စွန့်၍။ သမ္မာအာဇီဝေန၊ ကောင်းသော အသက်မွေးခြင်းဖြင့်။ ဇီဝိတံ၊ အသက်ကို။ ကပ္ပေတိ၊ ပြုစုမွေးမြူ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤသမ္မာအာဇီဝသည်။ သာသဝေါ၊ အာသဝေါတရား ၄-ပါးတို့၏အာရုံဖြစ်သော။ ပုညဘာဂိယော၊ပုညာဘိသင်္ခါရတွင် အဝင်အပါဖြစ်သော။ ဥပဓိဝေပက္ကော၊ ဘဝအဆက်ဆက်တို့၌ လူ့ရပ်နတ်ရွာ ကောင်းမြတ်ရာဝယ် ခန္ဓာ ၅-ပါး ဥပဓိတရားတို့ကို ဖြစ်ပွားစေတတ်သော။ သမ္မာအာဇီဝေါ၊ လောကီသမ္မာအာဇီဝမည်၏။

[ကြွင်းကျန်သောပုဒ်များအနက်ပေးလွယ်ပြီ။]

ဤပါဠိတော်မြတ်ကြီးဝယ် အချုပ်အကျဉ်း လိုရင်းအဓိပ္ပါယ်ကား—

ဝိရတိသည်—

၁။ သမ္မာဝါစာဝိရတိ,
၂။ သမ္မာကမ္မန္တဝိရတိ,
၃။ သမ္မာအာဇီဝဝိရတိ—

ဟူ၍၃-ပါးရှိ၏၊ ထို၃-ပါးတို့တွင်—

www.dhammaransi.com



၁။ သမ္မာဝါစာ ဝိရတိသည်လည်း—

၁။ လောကီသမ္မာဝါစာ ဝိရတိ,

၂။ လောကုတ္တရာသမ္မာဝါစာဝိရတိ—

ဟူ၍၂-ပါးရှိ၏၊ ထို၂-ပါးတို့တွင်—

၁။ ဝဋ္ဋနိဿိတဖြစ်၍ ပုညာဘိသင်္ခါရမျိုးဖြစ်သော သမ္မာဝါစာ သည် လောကီသမ္မာဝါစာမည်၏။

၂။ အရိယာမဂ်စိတ်၌ ယှဉ်သော သမ္မာဝါစာသည် လောကုတ္တရာသမ္မာဝါစာမည်၏။

[လောကီသမ္မာဝါစာပင်ဖြစ်သော်လည်း ယခုအခါ သာသနာတော်တွင်း၌ ဝိဝဋ္ဋနိဿိတဖြစ်၍ ပါရမီမျိုး, ဗောဓိပက္ခိယမျိုးဖြစ်သော သမ္မာဝါစာကိုမူကား-သောတာပတ္တိမဂ်၌ သင်္ဂြိုဟ်ရေတွက်မြဲဖြစ်၏။]

၂။ သမ္မာကမ္မန္တဝိရတိသည်လည်း ထို့အတူ လောကီ,လောကုတ္တရာ၂-ပါးရှိ၏၊ ထို ၂-ပါးတို့တွင်—

၁။ ဝဋ္ဋနိဿိတဖြစ်၍ ပုညာဘိသင်္ခါရမျိုး ဖြစ်သော သမ္မာကမ္မန္တသည် လောကီသမ္မာကမ္မန္တမည်၏။

၂။ အရိယမဂ်စိတ်၌ယှဉ်သောသမ္မာကမ္မန္တသည်လောကုတ္တရာသမ္မာကမ္မန္တမည်၏။

[လောကီ သမ္မာကမ္မန္တပင်ဖြစ်သော်လည်း ယခုအခါ သာသနာတော်တွင်း၌ ဝိဝဋ္ဋနိဿိတဖြစ်၍ ပါရမီမျိုး, ဗောဓိပက္ခိယမျိုးဖြစ်သော သမ္မာ-ကမ္မန္တကိုမူကား သောတာပတ္တိမဂ်၌ သင်္ဂြိုဟ်ရေတွက်မြဲဖြစ်၏။]

၃။ သမ္မာအာဇီဝဝိရတိသည်လည်း ထို့အတူ လောကီ,လော-ကုတ္တရာ ၂-ပါးရှိ၏၊ ထို ၂-ပါးတို့တွင်—

၁။ ဝဋ္ဋနိဿိတဖြစ်၍ပုညာဘိသင်္ခါရမျိုးဖြစ်သောသမ္မာအာဇီဝသည် လောကီသမ္မာအာဇီဝမည်၏။

၂။ အရိယမဂ်စိတ်၌ယှဉ်သောသမ္မာအာဇီဝသည်လောကုတ္တရာသမ္မာအာဇီဝမည်၏။

[လောကီသမ္မာအာဇီဝပင် ဖြစ်သော်လည်းယခုအခါသာသနာတော်တွင်း၌ဝိဝဋ္ဋနိဿိတဖြစ်၍ ပါရမီမျိုး, ဗောဓိပက္ခိယမျိုးဖြစ်သော သမ္မာ-အာဇီဝကိုမူကား-သောတာပတ္တိမဂ်၌ သင်္ဂြိုဟ်ရေတွက်မြဲဖြစ်၏။]

လောကီဝိရတိ၃-ပါးကား-မဟာကုသိုလ်စိတ်၌ယှဉ်၏။

www.dhammaransi.com



(၁) ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိကို တောင့်တ၍ စောင့်ထိန်းအပ်သော ဝိရတိသီလမျိုးသည် ဝဋ္ဋနိဿိတသီလမည်၏၊ သံသရာကျွတ်လွတ်ဘို့သီလမျိုးမဟုတ်။

(၂) နိဗ္ဗာန်ကို တောင့်တ၍ စောင့်ထိန်းအပ်သော ဝိရတိသီလမျိုးသည် ဝိဝဋ္ဋနိဿိတသီလမည်၏။

ဝိဝဋ္ဋနိဿိတသီလမျိုးသည် ဗောဓိပက္ခိယမျိုး, ပါရမီမျိုး-ဟူ၍ ၂-မျိုးရှိ၏။

(၁) ယခုဘဝ၌ပင်လျှင် မဂ်,ဖိုလ်ကိုရခြင်းငှါ သတိပဋ္ဌာန်တရား, သမ္မပ္ပဓာန်တရားတို့ကို အားထုတ်ကြရာ၌ သတိပဋ္ဌာန်, သမ္မပ္ပဓာန်, ဈာန်, ဝိပဿနာတို့၏ အခြေခံဖြစ်သောဝိရတိသီလသည် ဗောဓိပက္ခိယမျိုးမည်၏။

(၂) သတိပဋ္ဌာန်, သမ္မပ္ပဓာန်တရားတို့ကိုမူကား- အားမထုတ်ဘဲ နောင်နိဗ္ဗာန်ကိုရဘို့ဟူ၍ စောင့်ထိန်းအပ်သော ဝိရတိသီလသည် ပါရမီမျိုးမည်၏။

ထို ၂-မျိုးလုံးကိုပင် ဝိဝဋ္ဋနိဿိတချည်းဖြစ်ပေ၍သောတာပတ္တိမဂ်၌ သင်္ဂြိုဟ်ရေတွက်ရ၏၊ ဤသီလနှင့်နိစ္စပြည့်စုံသော ယခုကာလ သီလဝန္တ ပုထုဇဉ် ရဟန်းတော်များကိုလည်း အလျှုခံပုဂ္ဂိုလ် တကျိပ်လေးတွင် သောတာပတ္တိမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်၌ သင်္ဂြိုဟ်ရေတွက်ရ၏။

[ဤပါဠိတော်ကို ထောက်မြော်၍ ဝိရတိသီလမှန်လျှင် နိဗ္ဗာန်ရောက်ကြောင်းကေန်ဖြစ်သည်ဟု မဆိုသာ၊ဝိရတိသီလပင်မှန်သော်လည်း နိဗ္ဗာန်ရောက်ကြောင်းမဟုတ်သည်လည်း ရှိသေး၏-ဟုသိရာ၏။]

"သာသဝါ ပုညဘာဂိယာ၊ ဥပဓိဝေပက္ကာ-"ဟူသော ပါဠိတော်နှင့်အညီ ပုညာဘိသင်္ခါရမျိုးဖြစ်ကုန်သော သမ္မာဝါစာဝိရတိ, သမ္မာကမ္မန္တဝိရတိ, သမ္မာအာဇီဝဝိရတိ၊ ဤလောကီဝိရတိ ၃- ပါးတို့သည်ကား-ဤစကြဝဠာတွင် ဘုရားပွင့်ရာကာလ၌၎င်း, ဘုရားပွင့်ရာမဟုတ်သော သုညကပ္ပာတို့၌၎င်း, ဤစကြဝဠာမှ တပါးသော အနန္တစကြဝဠာတို့၌၎င်း ကမ္မဿကတာ သမ္မာဒိဋ္ဌိအယူရှိကြကုန်သော လူသူတော်

www.dhammaransi.com



ကောင်းတို့၏ ပကတိမျိုး ကျင့်ရိုးကျင့်စဉ် အရိုးတွင်သော ဝိရတိသီလ တရား၃-ပါးတို့တည်း။

ဝိရတိ ၃-ပါးနှင့် ဝန္တနိဿိဘ, ဝိဝဋ္ဋနိဿိတကို ခွဲပြခြင်းပြီး၏။

---

၄-ဥ္ပါရန္ဒ ဝိရတိ ၃-ပါးအထူးကိုပြခြင်း

၁။ သမ္မာကမ္မန္တသည် ကာယဒုစရိုက် ၃- ပါးမှ ကြဉ်ရှောင်မှု ဖြစ်၍ ကာယကံသီလမည်၏။

၂။ သမ္မာဝါစာသည် ဝစီဒုစရိုက်၄-ပါးမှ ကြဉ်ရှောင်မှုဖြစ်၍ ဝစီကံသီလမည်၏။

၃။ သမ္မာအာဇီဝ သည်လည်း ကာယဒုစရိုက်, ဝစီဒုစရိုက်တို့မှ ကြဉ်ရှောင်မှုပင်ဖြစ်၏။

ဤသို့ဖြစ်ခဲ့သော်—

၁။ ကာယဒုစရိုက်မှ ကြဉ်ရှောင်မှုမှာ သမ္မာကမ္မန္တနှင့် သမ္မာအာဇီဝသည် အဘယ်သို့ခြားနားကြပါသနည်း။

၂။ ဝစီဒုစရိုက်မှ ကြဉ်ရှောင်မှုမှာ သမ္မာဝါစာနှင့် သမ္မာအာဇီဝ သည် အဘယ်သို့ခြားနားကြပါသနည်း-မေးရန်ရှိ၍—

ထိုအမေးကို ၎င်းအဋ္ဌကထာနံပါတ် (၂၃၇-၂၃၈) တို့မှာ ဖြေဆိုပေ၏။

**ပါဠိလျှောက်အဓိပ္ပါယ်ကိုပြဆိုလိုက်အံ့။** ။အာဇီဝ မည်သည် ပျက်သည်ရှိသော် ကာယဒွါရ,ဝစီဒွါရတို့၌သာလျှင်ပျက်တတ်၏၊မနောဒွါရ၌ အာဇီဝပျက်သည်ဟူ၍မရှိ၊ အာဇီဝပြည့်သည်ရှိသော် ကာယဒွါရ,ဝစီဒွါရတို့၌သာပြည့်၏၊ မနောဒွါရ၌ အာဇီဝပြည့်သည်ဟူ၍မရှိ။

ကာယဒွါရ၌ ဒုစရိုက်ဖြစ်ပွားမှုသည် အသက်မွေးရန်အကြောင်းနှင့်ဖြစ်ပွားမှု, အသက်မွေးရန်အကြောင်းမှ အလွတ်ကိစ္စနှင့်ဖြစ်ပွားမှု-ဟူ၍ ၂-မျိုးရှိ၏၊ ဝစီဒွါရ၌ ဒုစရိုက်ဖြစ်ပွားမှုမှာလည်း ထိုနည်းတူ ၂-မျိုးရှိ၏။

ထို၂-မျိုးတို့တွင်—

၁။(က) မင်း, မင်းအမတ်ကြီးတို့သည် ပျော်ရွှင် မြူးထူးခြင်း၌လေ့ကျက်ကြကုန်လျက် မိမိတို့၏ ရဲရင့်ခြင်းသူရသတ္တိကို ပြကြ

www.dhammaransi.com



ကုန်ရာ တောသို့သွား၍ သားသမင်ပစ်ခြင်း, လမ်းခရီး၌ လုယက်ခြင်း,သူတပါး သားမယားကို ကျူးလွန်ခြင်းများကို ပြုကြကုန်၏၊ ဤအမှုမျိုးသည် အသက်မွေးရန်အကြောင်း-မှ အလွတ်ဖြစ်သော ကာယဒုစရိုက်မှုမျိုးသက်သက်ဖြစ်၏၊ ထိုအမှုမျိုးမှ ကြဉ်ရှောင်ခြင်းသည် သမ္မာကမ္မန္တ ဝိရတိသာမည်၏၊ သမ္မာအာဇီဝဝိရတိမမည်။

(ခ) ထိုမင်း, မင်းအမတ်တို့သည်ပင်လျှင် ပျော်ရွှင်မြူးထူးခြင်းစသည်ကို အကြောင်းပြု၍ မုသားဆိုခြင်း, ကုန်းတိုက်ခြင်း, ဆဲရေးခြင်း, အပြိန်အဖျင်း ပြောဆိုခြင်းဟူသော ဝစီဒုစရိုက် ၄- ပါးတို့ကို ပြုလုပ်ကြကုန်၏၊ ဤအမှုမျိုးသည် အသက်မွေးရန် အကြောင်းမှ အလွတ်ဖြစ်သော ဝစီဒုစ-ရိုက် မှုမျိုးသက်သက်ဖြစ်၏၊ ထိုအမှုမျိုးမှ ကြဉ်ရှောင်ခြင်း-သည် သမ္မာဝါစာဝိရတိ သာမည်၏၊ သမ္မာအာဇီဝဝိရတိမမည်။

၂။(က) အသက်မွေးရန်ဥစ္စာခနရမှုကိုအကြောင်းပြု၍ တံငါ,မုဆိုး, သူခိုး, ဓားပြစသည်တို့သည် သတ်ဖြတ်မှု, ခိုးဝှက်တိုက်ခိုက်မှု, အိမ်ရာကျူးလွန်မှုကို ပြုကြကုန်၏၊ ဤအမှုမျိုး-သည် မိစ္ဆာဇီဝမှုမျိုးဖြစ်၏၊ ထိုအမှုမျိုးမှ ကြဉ်ရှောင်ခြင်း-သည် သမ္မာအာဇီဝဝိရတိမည်၏။

(ခ) မင်း, မင်းအမတ်စသည်တို့သည် တံစိုးလက်ဆောင်စား၍ မုသားပြောဆိုကြကုန်၏၊ ကုန်းတိုက်ကြကုန်၏၊ ဆဲရေးကြကုန်၏၊ အကျိုးမရှိ ပြိန်ဖျင်းသောစကားကို ပြောဆိုကြကုန်၏၊ ဤအမှုမျိုးသည် မိစ္ဆာဇီဝမှုမျိုးဖြစ်၏၊ ထိုမိစ္ဆာဇီဝမှုမျိုးမှ ကြဉ်ရှောင်ခြင်းသည် သမ္မာအာဇီဝဝိရတိမည်၏။

ကာယဒွါရ၌ဖြစ်သော မိစ္ဆာဇီဝဒုစရိုက် ၃-ပါး, ဝစီဒွါရ၌ဖြစ်သော မိစ္ဆာဇီဝဒုစရိုက်၄- ပါး၊ ထို၇-ပါးသော မိစ္ဆာဇီဝတို့မှ ကြဉ်ရှောင်ခြင်းသည် သမ္မာအာဇီဝဝိရတိ ၇-ပါးဖြစ်၏။

[ဤကား-မဟာအဋ္ဌကထာနည်းတည်း။]

www.dhammaransi.com



မဟာသိဝမထေရ်ကြီးအယူကား—

အသက်မွေးမှုကြောင့် ပြုကြသော်လည်း သတ်ဖြတ်မှု,ခိုးမှု, အိမ်ရာကျူးလွန်မှု, မုသားဆိုမှု, ကုန်းတိုက်မှု, ဆဲရေးမှု, အပြိန်အဖျင်းပြောဆိုမှုမျိုးသည် ကာယဒုစရိုက်မှု,ဝစီဒုစရိုက်မှုသာမည်ကုန်၏၊ ထိုအမှုတို့မှ ကြဉ်ရှောင်ခြင်းသည် သမ္မာကမ္မန္တဝိရတိ, သမ္မာဝါစာဝိရတိသာမည်၏၊ ထိုဒုစရိုက်မှုမျိုးတို့မှ အလွတ်ဖြစ်သော ကုဟနဝတ္ထု ၃-ပါးတို့ကိုပြု၍ အသက်မွေးခြင်းသည် မိစ္ဆာဇီဝသက်သက်ဖြစ်၏၊ ထိုမိစ္ဆာဇီဝသက်သက်မှ ကြဉ်ရှောင်ခြင်းသည် သမ္မာအာဇီဝဝိရတိ မည်၏-ဟု မိန့်ဆို၏။

ထိုမထေရ်ကြီး၏အယူ၌—

မိစ္ဆာဇီဝ လည်းဟုတ်ပေ၏၊ သမ္မာအာဇီဝ ဝိရတိလည်းမှန်ပေ၏၊ သို့ရာတွင်-လူပကတိတို့နှင့်စပ်ဆိုင်သောမိစ္ဆာဇီဝမျိုးမဟုတ်၊သမ္မာအာဇီဝမျိုးမဟုတ်၊ ရသေ့,ရဟန်းတို့နှင့်သာ စပ်ဆိုင်၏၊ လူပကတိတို့၏မိစ္ဆာဇီဝမျိုး,သမ္မာအာဇီဝဝိရတိမျိုး များစွာကျန်ရှိ၏၊ထို့ကြောင့် ထိုမထေရ်ကြီး၏မိစ္ဆာဇီဝ, သမ္မာအာဇီဝတို့ကို ရှေးမဟာအဋ္ဌကထာနည်း၌ထည့်သွင်း၍ မဟာအဋ္ဌကထာနည်းကိုသာ ပဓာနထားရမည်-ဟု ဆိုးဖြတ်ပေ၏။

> အယံပန ကောဋိပတ္တော မိစ္ဆာဇီဝေါ တတော ဝိရတိ
> သမ္မာအာဇီဝေါနာမ—

ဟူသော အဋ္ဌကထာစကား၏ ပိဏ္ဍတ္ထအဓိပ္ပါယ်တည်း။

ဤသမ္မာကမ္မန္တ, သမ္မာဝါစာတို့နှင့် သမ္မာအာဇီဝ ခွဲခဏ်းတို့၌လာသော မင်း,မင်းအမတ်, တံငါ,မုဆိုး, သူခိုး,ဓားပြ စသည်တို့၏ ပြုဆိုခဲ့ပြီးသော ဒုစရိုက်မှုတို့မှ ကြဉ်ရှောင်ခြင်းများသည်လည်း သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ ဝိရတိသီလ အစစ်ပင်ဖြစ်သတည်း၊ အာဇီဝဋ္ဌမကသီလအစစ်ပင်ဖြစ်သတည်း။

> အတ္တိ ဘိက္ခဝေ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီ
> ဝေါ သာသဝေါ ပုညဘာဂိယော ဥပဓိဝေပက္ကော—

ဟူသော ပါဠိတော်မှာပါဝင်သောသီလမျိုးပေတည်း။

ဥါရဉ္စ ဝိရတိ ၃-ပါးအထူးကို ပြခြင်းပြီး၏။

www.dhammaransi.com



## ၅-သမ္ပတ္တစသော ဝိရတိ ၃-ပါးအထူးကိုပြခြင်း

ယခုအခါသမ္ပတ္တဝိရတိ, သမာဒါနဝိရတိ, သမုစ္ဆေဒဝိရတိ ၃ပါး ကို ခွဲ၍ပြပေအံ့။

သာ ပဘေဒတော တိဝိဓာ ဟောတိ သမ္ပတ္တဝိရတိ သမာ ဒါနဝိရတိ သမုစ္ဆေဒဝိရတီတိ။

[ၚင်းအဋ္ဌကထာပါဠိ။]

**အနက်ကား။** ။သာ၊ ထိုဝိရတိသည်။ သမ္ပတ္တဝိရတိ၊ အတွေ့ကို ရှောင်ကြဉ်သော သမ္ပတ္တဝိရတိၚင်း။ သမာဒါန ဝိရတိ၊ ခံယူဆောက် တည်၍ ရှောင်ကြဉ်သော သမာဒါနဝိရတိၚင်း။ သမုစ္ဆေဒဝိရတိ၊ အကြွင်းမဲ့ပယ်ဖြတ်သော သမုစ္ဆေဒဝိရတိၚင်း။ ဣတိ၊ ဤသို့။ ပဘေဒ တော၊ အပြားအားဖြင့်။ တိဝိဓာ၊ ၃-ပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။

[သမ္ပတ္တဝိရတိ ၇-ပါး, သမာဒါနဝိရတိ ၇-ပါး,သမုစ္ဆေဒဝိရတိ မူကား-တပါးသာ။]

သမ္ပတ္တဝိရတိ ၇-ပါးဆိုသည်ကား—

၁။ ပါဏာတိပါတ ဝိရတိ တပါး,
၂။ အဒိန္နာဒါန ဝိရတိ တပါး,
၃။ ကာမေသုမိစ္ဆာစာရ ဝိရတိ တပါး,
၄။ မုသာဝါဒ ဝိရတိ တပါး,
၅။ ပိသုဏာဝါစာ ဝိရတိ တပါး,
၆။ ဖရုသဝါစာ ဝိရတိ တပါး,
၇။ သမ္ဖပ္ပလာပ ဝိရတိ တပါး,

[သမာဒါနဝိရတိ ၇-ပါးလည်း ထိုနည်းတူ။]

တတ္ထ အသမာဒိန္နသိက္ခာပဒါနံ အတ္တနော ဇာတိဝယဗဟု- သစ္စာဒီနိ ပစ္စဝေက္ခိတွာ အယုတ္တံ အမှာကံ ဧဝရူပံ ပါပံ ကာ- တုန္တိ သမ္ပတ္တံ ဝတ္ထုံ အဝီတိက္ကမန္တာနံ ဥပ္ပဇ္ဇမာနာ ဝိရတိ သမ္ပတ္တဝိရတီတိ ဝေဒိတဗ္ဗာ။

[ၚင်းအဋ္ဌကထာပါဠိ။]

www.dhammaransi.com



**အနက်ကား။** ။တတ္ထ၊ ထို ၃-ပါးသော ဝိရတိတို့တွင်။ အသမာဒိန္နသိက္ခာပဒါနံ၊ ခံယူဆောက်တည်သော သိက္ခာပုဒ် မရှိဘဲလျက်။ အတ္တနော၊ မိမိ၏။ ဇာတိဝယဗဟုသစ္စာဒီနိ၊ အမျိုး, အရွယ်,ဗဟုသုတဂုဏ်စသည်တို့ကို။ ပစ္စဝေက္ခိတွာ၊ ဆင်ခြင်စဉ်းစား၍။ အမှာကံ၊ ငါတို့အား။ ဝေရူပံ၊ ဤသို့သဘောရှိသော။ ပါပံ၊ မကောင်းမှုကို။ ကာတုံ၊ ပြုခြင်းငှါ။ အယုတ္တံ၊ မသင့်။ ဣတိ၊ ဤသို့ဆင်ခြင်၍။သမ္ပတ္တံ၊ ဆိုက်တိုက်တွေ့ကြုံ၍နေသော။ ဝတ္ထုံ၊ ဒုစရိုက်မှုကို။ အဝီတိက္ကမန္တာနံ၊ မကျူးလွန်ဘဲ ရှောင်လွှဲ ကြဉ်ဖယ်ကြကုန်သော သူတော် ကောင်းတို့အား။ ဥပ္ပဇ္ဇမာနာ၊ ဖြစ်လာသော။ ဝိရတိ၊ ဝိရတိကို။သမ္ပတ္တဝိရတီတိ၊ သမ္ပတ္တဝိရတိ-ဟူ၍။ဝေဒိတဗ္ဗာ၊ သိအပ်၏။

[သမ္ပတ္တဝိရတိ ၇-ပါးတို့၏အကျယ်ကို ပြဆိုသော အဋ္ဌကထာဝိနိစ္ဆယ ပေတည်း။]

သမာဒိန္န သိက္ခာပဒါနံ ပန သိက္ခာပဒသမာဒါနေစ တတုတ္တရိစ အတ္တနော ဇီဝိတမ္ပိ ပရိစ္စဇိတွာ ဝတ္ထုံ အဝီတိက္က မန္တာနံ ဥပ္ပဇ္ဇမာနာ ဝိရတိ သမာဒါန ဝိရတီတိ ဝေဒိတဗ္ဗာ။

[ငင်းအဋ္ဌကထာပါဠိ။]

**အနက်ကား။** ။သမာဒိန္နသိက္ခာပဒါနံပန၊ ခံယူဆောက်တည်သော သိက္ခာပုဒ်ရှိကြကုန်သော သူတို့အားမူကား။ သိက္ခာပဒသမာဒါနေစ၊ သိက္ခာပုဒ်တို့ကို ခံယူဆောက်တည်ဆဲအခါ၌၎င်း။ တတုတ္တရိစ၊ ထိုခံယူဆောက်တည်ဆဲအခါမှ နောက်ကာလ၌၎င်း။ အတ္တနော၊ မိမိ၏။ ဇီဝိတမ္ပိ၊ အသက်ကိုသော်လည်း။ ပရိစ္စဇိတွာ၊ စွန့်၍။ ဝတ္ထုံ၊ ဒုစရိုက်မှုကို။ အဝီတိက္ကမန္တာနံ၊ မလွန်ကျူးကုန်သော သူတို့အား။ အဝီတိက္ကမနေစ၊ မလွန်ကျူးဘဲ ရှောင်လွှဲကြဉ်ဖယ်ဆဲခဏ၌၎င်း။ (ထည့်ပါ၌)။ ဥပ္ပဇ္ဇမာနာ၊ ဖြစ်သော။ ဝိရတိ၊ ဝိရတိကို။ သမာဒါန ဝိရတီတိ၊ သမာဒါနဝိရတိ-ဟူ၍။ ဝေဒိတဗ္ဗာ။ သိအပ်၏။

[ပါဏာတိပါတ ဝိရတိမှစ၍ သမ္ပပ္ပလာပဝိရတိကိုင်အောင် သမာဒါန ဝိရတိ ၇-ပါးတို့၏ အကျယ်ကိုပြဆိုသော အဋ္ဌကထာဝိနိစ္ဆယ ပေတည်း။]

www.dhammaransi.com



အရိယမဂ္ဂသမ္ပယုတ္တာ ပန ဝိရတိသမုစ္ဆေဒဝိရတီတိ ဝေဒိ-တဗ္ဗာ။

[ၛင်းအဋ္ဌကထာပါဠိ နံပါတ် –၁၃၂။]

အရိယမဂ်နှင့် ယှဉ်သောဝိရတိကို သမုစ္ဆေဒဝိရတိ-ဟူ၍ သိအပ်၏။ [အနက်။]

[သမုစ္ဆေဒဝိရတိကို ပြဆိုသော အဋ္ဌကထာဝိနိစ္ဆယပေတည်း။]

[သမ္ပတ္တစသော ဝိရတိ ၃-ပါးအထူးကို ပြခြင်းပြီး၏။]

### ၆-သမာဒါနဝိရတိကိုအကျယ်ပြခြင်း

ထိုသမ္ပတ္တ, သမာဒါန, သမုစ္ဆေဒဝိရတိ ၃-ပါးတို့တွင် ခံယူဆောက်တည်မှုမရှိဘဲ အတွေ့ကို ကြဉ်ရှောင်သော သမ္ပတ္တဝိရတိ ၇-ပါး,လောကုတ္တရာမဂ်၌ ယှဉ်သော သမုစ္ဆေဒ ဝိရတိများကား-ထင်ရှားပြီ၊ ခံယူဆောက်တည်မှုနှင့်စပ်လျဉ်းသော သမာဒါနဝိရတိ ၇-ပါး၌ ခံယူဆောက်တည်ပုံ အခြင်းအရာများကို၊ ၛင်းအဋ္ဌကထာစာအုပ် နံပါတ် ၁၂၂-မှာရှိတိုင်းပြဆိုပေအံ့။

#### ၁။ သမ္မာကမ္မန္တဝိရတိသီလကို
#### (က) ကာယဒွါရဖြင့် ခံယူပုံ

ယဒါ ဟိ ကေနစိ ကာရဏေန ဝတ္တုံ အသက္ကောန္တော ပါဏာတိပါတာ အဒိန္နာဒါနာ ကာမေသုမိစ္ဆာစာရာ ပဋိဝိရမာမီတိ ဣမာနိသိက္ခာပဒါနိ ဟတ္ထမုဒ္ဒါယ ဂဏှာတိ၊တဒါ ကမ္မံ ကာယကမ္မံ၊ဒွါရမ္ပိ ကာယဒွါရမေဝ၊ဧဝံ ကုသလံ ကာယကမ္မံ၊ ကာယဒွါရေ သမုဋ္ဌာတိ။

[ၛင်းအဋ္ဌကထာပါဠိ။]

**အဓိပ္ပါယ်ကား။** ။အကြင်အခါ၌ လျှာနာခြင်း,သွားနာခြင်းအစရှိသော တစုံတခုသောအကြောင်းကြောင့် နှုတ်ဖြင့်မြွက်ဆိုခြင်းငှါ မတတ်နိုင်သည်ဖြစ်၍-ပါဏာတိပါတာ ပဋိဝိရမာမိ၊အဒိန္နာဒါနာ ပဋိဝိရမာမိ၊ ကာမေသုမိစ္ဆာစာရာ ပဋိဝိရမာမိ-ဟူ၍ ၃-ခုသော သိက္ခာပုဒ်တို့ကို လက်ဆုပ်လက်ကိုင်ပြုဟန်ပြ၍ ကာယဒွါရဖြင့် ခံယူဆောက်တည်၏၊

www.dhammaransi.com



ထိုအခါ၌ ထိုသူ၏ကံသည် ကာယကံပေတည်း၊ ဒွါရသည်လည်း ကာယဒွါရသာလျှင်တည်း၊ ဤသို့လျှင် ကုသိုလ်ကာယကံ ၃-ပါးသည် ကာယဒွါရ၌ဖြစ်၏။

[ဤအဋ္ဌကထာ၌- ပါဏာတိပါတာ၊ အဒိန္နာဒါနာ၊ ကာမေသုမိစ္ဆာစာရာ ပဋိဝိရမာမိ-ဟု သိက္ခာပုဒ် ၃-ခုကို တပေါင်းတည်းဆိုရာ၌ ပါဏာတိပါတာ ပဋိဝိရမာမိ၊ အဒိန္နာဒါနာ ပဋိဝိရမာမိ၊ ကာမေသုမိစ္ဆာစာရာ ပဋိဝိရမာမိ-ဟု ခွဲ၍ယူလေ။]

## (ခ) ဝစီဒွါရဖြင့်ခံယူပုံ

ယဒါ ပန တာနေဝ သိက္ခာပဒါနိ ဝစီဘေဒံ ကတွာ ဂဏှာတိ၊ တဒါ ကမ္မံ ကာယကမ္မံ၊ ဒွါရံ ပန ဝစီဒွါရံ ဟောတိ၊ ဧဝံ ကုသလံ ကာယကမ္မံ ဝစီဒွါရေ သမုဋ္ဌာတိ။

[ဋ္ဌင်းအဋ္ဌကထာပါဠိ။]

**အဓိပ္ပါယ်ကား။** ။အကြင်အခါ၌ ထိုကာယကံ သိက္ခာပုဒ် ၃-ပါးတို့ကိုပင်လျှင် ပါဏာတိပါတာ ပဋိဝိရမာမိ-စသည်ဖြင့် နှုတ်မြွက်ခြင်းကိုပြု၍ ခံယူဆောက်တည်၏၊ ထိုအခါ၌ ကံသည် ကာယကံဖြစ်၏၊ ဒွါရသည်မူကား-ဝစီဒွါရဖြစ်၏၊ ဤသို့လျှင် ကုသိုလ်ကာယကံ ၃-ပါးသည် ဝစီဒွါရ၌ဖြစ်၏။

## (ဂ) မနောဒွါရဖြင့်ခံယူပုံ

ယဒါ ပန တေသု သိက္ခာပဒေသု ဒိယျမာနေသု ကာယင်္ဂ-ဝါစင်္ဂါနိ အစောပေတွာ မနသာဝ ပါဏာတိပါတာ အဒိန္နာ-ဒါနာ ကာမေသုမိစ္ဆာစာရာ ပဋိဝိရမာမီတိ ဂဏှာတိ၊ တဒါ ကမ္မံ ကာယကမ္မံ၊ဒွါရံ ပန မနောဒွါရံ ဟောတိ၊ ဧဝံ ကုသလံ ကာယကမ္မံ မနောဒွါရေ သမုဋ္ဌာတိ။

[ဋ္ဌင်းအဋ္ဌကထာပါဠိ။]

**အဓိပ္ပါယ်ကား။** ။အကြင်အခါ၌ ကာယကံသိက္ခာပုဒ် ၃-ပါးတို့ကို ဆရာရဟန်းတော်တို့က မြွက်ဆို၍ ပေးကြကုန်သည်ရှိသော် ကိုယ်အင်္ဂါ, နှုတ်အင်္ဂါတို့ကို လှုပ်ရှားခြင်းငှါ မတတ်နိုင်သဖြင့် မလှုပ်ရှားစေမူ၍ မနောဒွါရဖြင့်သာလျှင် ပါဏာတိပါတာ ပဋိဝိရမာမိ၊ အဒိန္နာဒါနာ

www.dhammaransi.com



ပဋိဝိရမာမိ၊ကာမေသုမိစ္ဆာစာရာ ပဋိဝိရမာမိ-ဟု ခံယူဆောက်တည်-၏၊ ထိုအခါ၌ ကံသည် ကာယကံဖြစ်၏၊ ဒွါရသည်မူကား-မနောဒွါရဖြစ်၏၊ ဤသို့လျှင် ကုသိုလ်ကာယကံ၃-ပါးသည် မနောဒွါရ၌ဖြစ်၏။

အဋ္ဌကထာပါဠိမှာ—

သိက္ခာပုဒ်၃-ပါးတို့ကိုဆိုရာ ရဟန်းတော်များကပေးမှုပါရှိ၏၊ဆရာရဟန်းတော်များက-ပါဏာတိပါတာ ပဋိဝိရမာမိ-ဟု ဆို၍ပေးသောအခါ ထိုအဆိုအတိုင်း စိတ်ထဲကလိုက်၍ နှလုံးသွင်းရသည်၊ မြန်မာဘာသာအတိုင်း သူ့အသက်ကို သတ်ခြင်းမှ ကြဉ်ရှောင်ပါ၏-ဟု စိတ်ထဲကနှလုံးသွင်းရမည်၊ နောက်သိက္ခာပုဒ် ၂-ပါး၌လည်း ဤနည်းတူ၊ သေလုနီးပါး လူမမာကြီးများအတွက်တည်း၊ ကျန်းမာသူတို့မှာလည်း မနောဒွါရဖြင့် ခံယူမှုရထိုက်ပါ၏၊ ပေးသူမရှိဘဲ မိမိအလိုအလျောက်လည်း ဒွါရ ၃-ပါးတွင် တပါးပါးဖြင့် ဆောက်တည်ရပါ၏။

[ဤကား-သမ္မာကမ္မန္တဝိရတိသီလ ၃-ပါးခံယူပုံတည်း။]

## ၂။ သမ္မာဝါစာဝိရတိသီလကို
## (က) ကာယဒွါရဖြင့်ခံယူပုံ

> မုသာဝါဒါ ဝေရမဏီတိအာဒီနိ ပန စတ္တာရိ သိက္ခာပဒါနိ ဝုတ္တနယေနေဝ၊ကာယာဒီဟိ ဂဏှန္တဿ ကုသလံ ဝစီကမ္မံ တီသု ဒွါရေသု သမုဋ္ဌာတီတိ ဝေဒိတဗ္ဗံ။
>
> [ဋ္ဌင်းအဋ္ဌကထာပါဠိ။]

ပါဠိတော်အရပ်ရပ်တို့၌—

၁။ မုသာဝါဒါ ဝေရမဏီ,

၂။ ပိသုဏာယ ဝါစာယ ဝေရမဏီ,

၃။ ဖရုသာယ ဝါစာယ ဝေရမဏီ,

၄။ သမ္ဖပ္ပလာပါ ဝေရမဏီ-

ဟူ၍ များစွာလာရှိသော ဝစီသုစရိတ ဝိရတိသီလ သိက္ခာပုဒ်ကြီး ၄-ပါးတို့ကို ကာယကံသီလ၌ ပြဆိုခဲ့ပြီးသောနည်းအားဖြင့် ကာယဒွါရဖြင့် ခံယူဆောက်တည်မှု, ဝစီဒွါရဖြင့် ခံယူဆောက်တည်မှု, မနော

www.dhammaransi.com



ဒွါရဖြင့် ခံယူဆောက်တည်မှုကိုပြုသောသူအား ကုသိုလ်စိတ် ၄-ပါးသည် ဒွါရ ၃-ပါးတို့၌ ဖြစ်၏-ဟုသိအပ်၏။

[အာရတိ, ဝိရတိ, ပဋိဝိရတိ, ဝေရမဏီ၊ ဤအမည် ၄-ပါးသည် သမ္မာဝါစာဝိရတိ၏ အမည်ချည်းသာတည်း။]

များစွာသော ပါဠိတော်တို့၌—

၁။ မုသာဝါဒါ ဝေရမဏီ,

၂။ ပိသုဏာယ ဝါစာယ ဝေရမဏီ,

၃။ ဖရုသာယ ဝါစာယ ဝေရမဏီ,

၄။ သမ္ဖပ္ပလာပါ ဝေရမဏီ—

ဟူ၍လာရှိသော ဝစီသုစရိတဝိရတိ သီလသိက္ခာပုဒ်ကြီး ၄-ပါးတို့ကို—

၁။ မုသာဝါဒါ ပဋိဝိရမာမိ,

၂။ ပိသုဏာယ ဝါစာယ ပဋိဝိရမာမိ,

၃။ ဖရုသာယ ဝါစာယ ပဋိဝိရမာမိ,

၄။ သမ္ဖပ္ပလာပါ ပဋိဝိရမာမိ-

ဟူ၍ လက်ဆုပ်လက်ကိုင်ပြုဟန်ပြု၍ ကာယဒွါရဖြင့် ဆောက်တည်သောသူအား ကံသည် ဝစီကံတည်း၊ ဒွါရမူကား-ကာယဒွါရတည်း၊ ဤသို့လျှင် ကုသိုလ်ဝစီကံ ၄-ပါးသည် ကာယဒွါရ၌ ဖြစ်၏။

## (ခ) ဝစီဒွါရဖြင့်ခံယူပုံ

သမ္မာဝါစာ သိက္ခာပုဒ်ကြီး ၄-ပါးတို့ကို မုသာဝါဒါ ပဋိဝိရမာမိ။ လ။ သမ္ဖပ္ပလာပါ ပဋိဝိရမာမိ-ဟု နှုတ်မြွက်၍ ခံယူဆောက်တည်သောသူအား ကံသည် ဝစီကံတည်း၊ ဒွါရမူကား ဝစီဒွါရတည်း၊ ဤသို့လျှင် ကုသိုလ်ဝစီကံ ၄-ပါးသည် ဝစီဒွါရ၌ဖြစ်၏။

## (ဂ) မနောဒွါရဖြင့်ခံယူပုံ

သမ္မာဝါစာ သိက္ခာပုဒ်ကြီး ၄-ပါးတို့ကို ရဟန်းတော်များက ပေးသည်ရှိသော် မုသာဝါဒါပဋိဝိရမာမိ-အစရှိသည်ဖြင့် ကိုယ်,နှုတ်မလှုပ်မရှားဘဲ မနောဒွါရသက်သက်ဖြင့် ခံယူဆောက်ဘည်သော သူအား

www.dhammaransi.com



ကံသည် ဝစီကံတည်း၊ဒွါရမူကား-မနောဒွါရတည်း၊ဤသို့လျှင် ကုသိုလ် ဝစီကံ ၄-ပါးသည် မနောဒွါရ၌ဖြစ်၏။

[ရှေးစကား၏အကျယ်အဓိပ္ပါယ်။]

[ဤကား-သမ္မာဝါစာဝိရတိသီလ ၄-ပါးခံယူပုံတည်း။]

## ဝိရတိသီလ ၇-ပါးကိုဒွါရ ၃-ပါးဖြင့်ခံယူပုံ

၁။ ပါဏာတိပါတာ ပဋိဝိရမာမိ။

၂။ အဒိန္နာဒါနာ ပဋိဝိရမာမိ။

၃။ ကာမေသုမိစ္ဆာစာရာ ပဋိဝိရမာမိ။

၄။ မုသာဝါဒါ ပဋိဝိရမာမိ။

၅။ ပိသုဏာယဝါစာယ ပဋိဝိရမာမိ။

၆။ ဖရုသာယဝါစာယ ပဋိဝိရမာမိ။

၇။ သမ္ဖပ္ပလာပါ ပဋိဝိရမာမိ။

[ဤကား-အဋ္ဌကထာကြီးမှာ ဒွါရ ၃-ပါးဖြင့် ဆောက်တည်ပုံအသေအချာလာရှိသော ဝိရတိသီလ သိက္ခာပုဒ်ကြီး ၇-ပါး ခံယူဆောက်တည်ပုံတည်း။]

## မေးမြန်းဘွယ်

**မေး။** ။သမ္မာအာဇီဝ ဝိရတိသီလ ခံယူဆောက်တည်နည်းသည် ဤအဋ္ဌကထာမှာ မပါပါတကား၊ ခံယူဆောက်တည်၍ ကျင့်အပ်သော သီလမျိုးမဟုတ်၍ပင် မပါလေသလော-မေးရန်ရှိ၏။

**ဖြေ။** ။ထိုအမေးကိုဖြေဆိုပေအံ့-

အာဇီဝေါ နာမေသ ပါဋိယေက္ကော နတ္ထိ၊ဝါစာကမ္မန္တေသု ဂဟိတေသု ဂဟိတောဝ ဟောတိ တပ္ပက္ခိကတ္တာ၊ ဓုဝပဋိသေဝန ဝသေန ပနာယံ တတောနီဟရိတွာ ဒဿိတော။

[ဋ္ဌင်းအဋ္ဌကထာစာအုပ်နံပါတ်-၂၃၇။]

**အနက်ကား။** ။သေ-သော အာဇီဝေါနာမ၊ ဤအာဇီဝမည်သည်။ ပါဋိယေက္ကော၊ ကာယကံ, ဝစီကံ ၂-ပါးမှ အသီးအခြား။ နတ္ထိ၊ မရှိ။ ဝါစာကမ္မန္တေသု၊ ဝါစာ,ကမ္မန္တတို့ကို။ ဂဟိတေသု၊ ထုတ်

www.dhammaransi.com



ဘော်ဟောတုံ ယူအပ်ကုန်သည် ရှိသော်။ ဂဟိတော၀၊ မထုတ်ဘော်ဘဲ ဘက်တွဲယှဉ်မှီး ပါဝင်ပြီးဖြစ်၍ ယူခြင်းကိစ္စ ပြီးတော့သည် သာလျှင်။ ဟောတိ၊ ဖြစ်၏။ကသ္မာ၊အဘယ့်ကြောင့်နည်းမူဟူ။တပ္ပက္ခိကတ္တာ၊ထို၀ါ စာ,ကမ္မန္တ ၂-ပက္ခတွင် ပါဝင်ပြီးဖြစ်လေသောကြောင့်တည်း။ ပန၊ ထိုသို့ပင် ပါဝင်ပြီးဖြစ်ငြားသော်လည်း။ အယံ၊ ဤအာဇီ၀ကို။ ဓုဝပဋိ· သေ၀န၀သေန၊အမြဲမှီဝဲခြင်း၏ အစွမ်းဖြင့်။ တတော၊ ထို၀ါစာ,ကမ္မန္တ တို့၏အထဲမှ။ နီဟရိတွာ၊ သမ္မာအာဇီ၀-ဟု အသီးအခြား ထင်ရှား အောင် ထုတ်ဘော်၍။ ဒဿိတော၊ ပါဠိတော်တို့၌ ပြတော်မူပေ၏။

**အဓိပ္ပါယ်ကား။** ။ပါဏာတိပါတမှုသည်အသက်မွေးရန်ဓုဝသေ- ၀နကိစ္စနှင့် ပြုရသော ပါဏာတိပါတမှု, အသက်မွေးမှုမှ အလွတ် ဖြစ်သောကိစ္စနှင့် ပြုရသော ပါဏာတိပါတမှု- ဟူ၍ ၂-မျိုးရှိ၏၊ "ပါဏာတိပါတော" ဟူသောပါဠိတော်စကားမှာ ထို ၂-မျိုးလုံး ပါဝင်ပြီးဖြစ်၏၊ ထို ၂-မျိုးလုံးသည် ပါဏာတိပါတ ဒုစရိုက်မှုချည်း ဖြစ်၏၊ထို ၂-မျိုးလုံးတို့မှာ ကြဉ်ရှောင်မှု ၂-မျိုးလုံး ရှိကြသော်လည်း ပါဏာတိပါတာ ဝေရမဏီ-ပုဒ်မှာ ထိုကြဉ်ရှောင်မှု ၂-မျိုးလုံးပင် ပါဝင်လေတော့သည်၊ ကြွင်းသော ဒုစရိုက် ၆-ပါး, သိက္ခာပုဒ် ၆-ပါး တို့၌လည်း ဤနည်းအတူတည်း။

သို့ရာတွင် အသက်မွေးမှုမျိုးမည်သည် လောက၌ အကြီးကျယ်ဆုံး သောအမှု, မရှောင်သာ မလွဲသာ အမြဲမှီဝဲရသော အမှုကြီးမျိုးဖြစ် ချေ၍ ထိုပါဏာတိပါတ သာမညနှင့်, ပါဏာတိပါတာ ဝေရမဏီ သာမညတို့၏ အထဲမှ အသက်မွေးမှုနှင့် ပြုရသော ပါဏာတိပါတကို မိစ္ဆာဇီ၀-ဟူ၍၊ ထိုမိစ္ဆာဇီ၀မှ ကြဉ်ရှောင်မှုကို သမ္မာ အာဇီ၀-ဟူ၍ အသီးအခြားထင်ရှားအောင် ထုတ်ဘော်၍ ပါဠိတော်တို့၌ ဟောတော် မူပေသတည်း၊ အဒိန္နာဒါနစသည်မှာ,အဒိန္နာဒါနာ ဝေရမဏီစသည် တို့၌လည်း ဤနည်းတူမှတ်။

[ဆောက်တည်မှုမှာလည်း ဤမဟာအဋ္ဌကထာနည်းအတိုင်း မိစ္ဆာ အာဇီ၀ါပဋိဝိရမာမိ- ဟု အသီးအခြား ထင်ရှားအောင် ထုတ်ဘော်၍ ဆောက်တည်ရမည်-ဟူသောအနက်သည် ပြီးစီး၏။]

www.dhammaransi.com



ခံယူဆောက်တည်မှုဟူသော သမာဒါန ကိစ္စမည်သည်–

၁။ ရဟန်းသီလ၌ တမျိုး,

၂။ သာမဏေသီလ၌ တမျိုး,

၃။ ရသေ့ပရိဗိုဇ်တို့၏သီလ၌ တမျိုး,

၄။ ဂဟဋ္ဌဖြစ်သူလူတို့၏ သီလ၌ တမျိုး–

၁။ ရဟန်းတို့၏ ၂၂၀-သောသိက္ခာပုဒ်သီလတို့သည် ဉတ်ကမ္မဝါစာဖြင့် ခံယူဆောက်တည်မှုပြီးစီးကုန်၏၊ သမာဒါနဝိရတိ မြောက်အောင် နှုတ်မြွက်၍ ခံယူဆောက်တည်ဘွယ်ကိစ္စမရှိ၊ စောင့်ရှောက်သော သမာဒါနဝိရတိကိုသာ စွဲမြဲဘွယ်ရှိ၏။

၂။ သာမဏေတို့၏ ဒသသီလတို့သည်လည်း သရဏဂုံ ခံယူမှုဖြင့်ပြီးစီးကုန်၏၊ သမာဒါန ဝိရတိသီလ မြောက်အောင်နှုတ်မြွက်၍ ခံယူဆောက်တည်ဘွယ်ကိစ္စမရှိ၊ စောင့်ရှောက်သော သမာဒါန ဝိရတိကိုသာ စွဲမြဲဘွယ်ရှိ၏၊ ၎င်း၁၀-ပါးသီလတို့ကို နှုတ်မြွက်၍ ယခုကာလ သာမဏေတို့ နေ့စဉ်ဆောက်တည်ကြမှုသည် ကုသိုလ်တရား အသစ်အသစ် ပွားများဘို့သာဖြစ်၏။

၃။ ဖန်ရည်စွန်းသော အရဟတ္တဓဇအဝတ်ကို ဝတ်ကြကုန်သော ရသေ့ပရိဗိုဇ်တို့၏ ၁၀-ပါးသီလသည်လည်း အရဟတ္တဓဇအဝတ်ကို ဝတ်ဆင်၍ အသွင်ကိုယူခြင်းဖြင့် ခံယူဆောက်တည်မှု ပြီးစီး၏။

၄။ ပကတိလူတို့၏ ၅- ပါးသီလ, အာဇီဝဋ္ဌမက ၈- ပါးသီလ, ဉပေါသထ ၈-ပါးသီလတို့သည်မူကား-ဒွါရ ၃- ပါးတွင် တပါးပါးဖြင့် ခံယူဆောက်တည်ကြကုန်မှသာ သမာဒါနဝိရတိသီလ ဖြစ်နိုင်ကြကုန်၏။

တိုက်ရိုက် ခံယူဆောက်တည်မှုမည်သည်လည်း–

ခံယူပါ၏၊ ဆောက်တည်ပါ၏၊ ကြဉ်ရှောင်ပါ၏- စသည်ဖြင့် ပစ္စုပ္ပန်ပဋိညာဉ် ပြဓာန်းချက်ပါရှိမှသာ သမာဒါနကိစ္စမြောက်၏၊ ထိုသမာဒါနကိစ္စမျိုးသည် လူတို့၏သီလ၌သာရှိ၏၊ ထို့ကြောင့် အဋ္ဌကထာ၌ ပြဆိုသောခံယူမှုသည် လူတို့၏သီလပေတည်း-ဟုသိအပ်၏။

www.dhammaransi.com



ပါဠိတော်ဒေသနာတော်များ၌မူကား–

လူတို့၏ သီလကို ပြတော်မူရာ ထိုထိုသုတ္တန် ဒေသနာကြီးတို့၌ ခံယူဆောက်တည်ပုံကို ထုတ်ဘော်၍ဟောတော်မူသည်မရှိ။

၁။ အချို့အချို့သောသုတ္တန်တို့၌ ကျင့်အပ်သောတရားသရုပ်ကိုသာ ထုတ်ဘော်၍ ဟောတော်မူ၏။ "ဒသကုသလ ကမ္မပထာ၊ ပါဏာတိပါတာဝေရမဏီ။လ။သမ္ဖပ္ပလာပါဝေရမဏီ" အစ ရှိသည်တည်း။

၂။ အချို့အချို့သော သုတ္တန်တို့၌ ကျင့်ဆောင်သော ပုဂ္ဂိုလ်သရုပ်ကိုသာထုတ်ဘော်၍ ဟောတော်မူ၏။ "ပါဏာတိပါတာ ပဋိဝိရတော။ လ။သမ္ဖပ္ပလာပါ ပဋိဝိရတော"အစရှိသည်တည်း။

ကျင့်အပ်သော တရား သရုပ်ကို ထုတ်ဘော်၍ ဟောသဖြင့်၎င်း, ကျင့်ဆောင်သော ပုဂ္ဂိုလ်သရုပ်ကို ထုတ်ဘော်၍ ဟောသဖြင့်၎င်း ထိုတရားစုကို ကျင့်ဆောင်လိုသူတို့၏ ကျင့်ဆောင်ကြရန် ခံယူဆောက်တည်ပုံကိုမူကား- လူပညာရှိ, ရှင်ပညာရှိတို့သည် အလိုလို သိနိုင်ကြကုန်၏။

**ဥပမာကား။** ။မြတ်စွာဘုရားသည် ဓုတင်၁၃-ပါးကို ဟောတော်မူသော ဒေသနာတော်တို့၌ ဆောက်တည်ပုံကို ဟောတော်မူသည် ဟူ၍ မရှိ၊ ဓုတင်္ဂဓမ္မ သရုပ်ကိုသော်၎င်း, ဓုတင် ဆောင်သူတို့၏ ဂုဏ်ကျေးဇူးကိုသော်၎င်း ဟောတော်မူ၏၊ ဓုတင်္ဂဓမ္မ သရုပ်ကိုသော်၎င်း, ဓုတင် ဆောင်သူတို့၏ ဂုဏ်ကျေးဇူးကိုသော်၎င်း ဟောတော်မူသဖြင့် ကျင့်လိုသောသူတို့၏ ခံယူပုံ ခံယူနည်းကို ပညာရှိတို့သည် အလိုအလျောက် သိကြကုန်၏၊ ခံယူနည်းကို မသိတတ်ကြကုန်သေးသောသူတို့မှာ ခံယူနည်းကို သိတတ်သူတို့၏အထံမှာ ခံယူကြရကုန်၏။

ထို့ကြောင့် ဓုတင်ပေးမှု, သီလပေးမှု-ဟု ရှိနေကြသည်မှာ-ခံယူနည်းကို သွန်သင်၍ ပေးမှုမျှသာတည်း၊ ရာထူးရာခံပေးသကဲ့သို့ အမိန့်အာဏာနှင့် ပေးနိုင်ကြသည်မဟုတ်၊ ထို့ကြောင့် ဤဝိရတိသီလမှာ-ခံယူဆောက်တည်ပုံကို ပါဠိတော်တို့၌ မဟောသောကြောင့် လူတို့ခံယူ၍ ကျင့်ရသောသီလမျိုးမဟုတ်-ဟုဆိုဘွယ်မရှိ။

www.dhammaransi.com



သီလပေးကြသောလူများကသာ ပေးပုံ,ခံပုံများကို နေရာတကျလေ့ ကျက်၍ထားကြရကုန်၏။

သုစရိတဝိရတိသီလသိက္ခာပုဒ် ၇-ပါးပေးနည်း, ခံယူနည်းမှာ- ဤ အဋ္ဌကထာ၌ သေချာစွာပြဆိုလျက်ရှိပေ၏၊ ပါဠိတော်ဒေသနာတော်တို့ ၌ခံယူဆောက်တည်ပုံကိုမဟောပေသည်မှာလည်း သမ္ပတ္တဝိရတိ, သမာ ဒါနဝိရတိ, သမုစ္ဆေဒဝိရတိ ၃-ပါးနှင့် ဆက်ဆံ၏၊ ခံယူဆောက်တည် ပုံကို ဟောခဲ့သော် သမာဒါနဝိရတိ တပါးနှင့်သာ ဆက်ဆံ၏၊ ခံယူ ဆောက်တည်ခြင်းမရှိသော်လည်း သမ္ပတ္တဝိရတိ ပြည့်စုံ နိုင်မြဲရှိခဲ့လျှင် သီလဝိသုဒ္ဓိကိစ္စ ပြီးစီးသည်သာလျှင်ဖြစ်၏။

ဤအဋ္ဌကထာ၌—

သိက္ခာပုဒ်ကြီး ၇-ပါး ခံယူဆောက်တည်ပုံကို အသေအချာပြတော် မူရသည်မှာမူကား-ဒွါရကထာ, ကမ္မကထာဖြစ်သည်နှင့်အညီတခုတခု သောကုသိုလ်ကံ၏ဒွါရ၃-ပါး,၃-ပါး၌ဖြစ်ပုံကိုအကျယ်ဝေဘန်ရာဌာန ဖြစ်၍ သမာဒါနဝိရတိ၏အရာဌာနကြီးဖြစ်ပေ၏၊ ထို့ကြောင့် ပါဏာ- တိပါတာပဋိဝိရတော-ဟူသောပါဠိတော်မှ သမာဒါနဝိရတိအတွက် "ပါဏာတိပါတာ ပဋိဝိရမာမိ" ဟု ခံယူဆောက်တည်ပုံကို ထုတ် ဘော်၍ ပြပေသည်၊ နောက်သိက္ခာပုဒ် ၆-ပါးတို့၌လည်း ဤနည်းအ တိုင်းမှတ်လေ။

ထိုသို့ဖြစ်ခဲ့သော်—မိစ္ဆာအာဇီဝါ ပဋိဝိရတော-ဟူ၍လည်းပါဠိတော် မှာများစွာလာရှိသည်သာလျှင် ဖြစ်သောကြောင့်"မိစ္ဆာအာဇီဝါပဋိဝိရ မာမိ" ဟု ခံယူဆောက်တည်မှုသည်လည်း အလွန်သင့်မြတ်လှပေသ တည်း၊ ပါဏာတိပါတာ ဝေရမဏီ-စသည်ဖြင့် လာရှိသော ဝေရမ ဏီ ပုဒ် ၇-ပါးကို အစွဲပြု၍ "ပါဏာတိပါတာ ဝိရမာမိ။လ။ သမ္ဖပ္ပ လာပါ ဝိရမာမိ"ဟုခံယူရပါ၏။

သမ္မာအာဇီဝနိဒ္ဒေသပါဠိတော်၌—

မိစ္ဆာအာဇီဝါဝိရမန္တဿ ယာ တသ္မိံ သမယေ မိစ္ဆာအာ ဇီဝါ အာရတိ ဝိရတိ ပဋိဝိရတိ ဝေရမဏီ—

ဟု လာရှိသောကြောင့် မိစ္ဆာအာဇီဝါ ဝိရမာမိ-ဟု ခံယူသင့်လှ ပေ၏။

www.dhammaransi.com



အဋ္ဌကထာ၌—

သမ္မာအာဇီဝဝိရတိ သီလ ခံယူပုံကို မဆိုပေသည်မှာမူကား— ထိုအဋ္ဌကထာ ဘွင့်ရာ စကားရပ်သည် ဝိရတိကထာမဟုတ်၊ သီလကထာမဟုတ်၊ ကမ္မကထာဖြစ်ပေ၍ သမ္မာအာဇီဝကို ထုတ်ဘော်၍ ခံယူ ဆောက်တည်ပုံနှင့်တကွ ဘွင့်ဆိုခွင့်မကျသောကြောင့် မဆိုပေသတည်း၊ ဝိရတိကထာသို့ ရောက်သောအခါ၌မူကား-ခံယူဆောက်တည်မှု အစီအရင်မျိုး လုံးလုံးပင်မလာပြီ၊ ထို့ကြောင့် သမ္မာအာဇီဝ သိက္ခာပုဒ်ကြီးကို အသီးအခြား ထုတ်ဘော်၍ ခံယူနည်းသည် အဋ္ဌကထာ၌ တိုက်ရိုက်မလာရှိ-နေလေသတည်း။

ခံယူဆောက်တည်ပုံကို အဋ္ဌကထာ၌ တိုက်ရိုက်မလာသော်လည်း သမ္မာအာဇီဝ ဝိရတိအပြားတွင် သမာဒါနဝိရတိ ပါရှိသောကြောင့်ငင်း, ထိုသို့ခံယူမှုမပြုခဲ့သော် လူတို့မှာ သမာဒါန သမ္မာအာဇီဝကို ရနိုင်ခွင့် မရှိသောကြောင့်ငင်း "မိစ္ဆာအာဇီဝါ ပဋိဝိရမာမိ"ဟု ခံယူဆောက်တည်မှုသည် အသင့်ပင်ဖြစ်၏။

ဆောက်တည်ဆဲအခါ၌ ဖြစ်သော သမာဒါနဝိရတိ, စောင့်ရှောက်အပ်သောအခါ၌ ဖြစ်သော သမာဒါနဝိရတိ-ဟူ၍ အဋ္ဌကထာ၌ပြဆိုသော သမာဒါနဝိရတိ ၂-မျိုးတို့တွင် ဆောက်တည်ဆဲအခါ၌ဖြစ်သော သမာဒါနဝိရတိသည် ပကတိလူတို့၌သာ ရနိုင်၏၊ ထိုကြောင့်"ပါဏာတိပါတာ ပဋိဝိရမာမိ" အစရှိသည်ဖြင့် အဋ္ဌကထာ၌ပြဆိုသော ဒွါရ ၃-ပါးဖြင့် ဆောက်တည်မှုအစီအရင်များသည် ဂဟဋ္ဌဖြစ်သူ ပကတိလူတို့၏ အာဇီဝဋ္ဌမက သီလ၌သာ ရထိုက်၏။

ဤသို့ပြဆိုအပ်ပြီးသော အရပ်ရပ်သော အကြောင်းများကြောင့် မိစ္ဆာအာဇီဝါ ပဋိဝိရမာမိ-ဟူသော ဆောက်တည်မှုသည် အဋ္ဌကထာ၌ မလာသော်လည်း သမ္မာအာဇီဝ ဝိရတိ သီးသန့်ခြားနား ထင်ရှားစွာ ထုတ်ဘော်ပါရှိသောကြောင့် အလွန်သင့်မြတ်လှပေ သတည်း၊ လူတို့၌ဒုစရိုက်ကြီး ၇-ပါးတို့မှ တပါး မရောင်းအပ်သောကုန် ၅-ပါးတို့ကို ရောင်းချ၍ အသက်မွေးခြင်းအစရှိသော မိစ္ဆာအာဇီဝတရားတို့သည် ရှိကုန်သေး၏၊ ထိုမိစ္ဆာ အာဇီဝတရားတို့ကိုလည်း ပယ်ရှားခြင်း

www.dhammaransi.com



အကျိုး၄ါ "မိစ္ဆာအာဇီဝါ ပဋိဝိရမာမိ" ဟုသိက္ခာပုဒ်ကြီးတခု အသီးပြု၍ ဆောက်တည်မှုဖြစ်သောကြောင့်လည်း အလွန်သင့်မြတ်လှပေ၏။

သမာဒါနဝိရတိကို အကျယ်ပြခြင်းပြီး၏။

---

## ၇-ဝိရတိသီလကို တနည်းပြခြင်း

**တနည်းကား။** ။ဝိရတိ သီလသည်—

၁။ ပကတိလူတို့၏ ဝိရတိသီလ,

၂။ ညောင်ခေါက်ရည်, ပိန္နဲရည်, ချဉ်ရွက်ရည်-စသော ဖန်ရည်ဆိုးသော အရဟတ္တဓဇအဝတ်မျိုးကို ဝတ်ရုံကြကုန်သော ရသေ့ပရိဗိုဇ်တို့၏ ဝိရတိသီလ,

၃။ ရဟန်းတို့၏ ဝိရတိသီလ-

ဟူ၍ ၃-မျိုးရှိ၏။

[ဤဝိရတိသီလကို သုစရိတသီလလည်းခေါ်၏၊ အာဇီဝဋ္ဌမကသီလလည်းခေါ်၏၊ အာဒိဗြဟ္မစရိယကသီလလည်း ခေါ်၏။]

၁။ ပကတိလူတို့၏ ဝိရတိသီလမှာ အဋ္ဌကထာ၌ပြဆိုသည့်အတိုင်း ဒွါရ ၃-ပါးတွင် တပါးပါးဖြင့် သူတပါး၏အထံမှာ ခံယူမှုသော်၎င်း, မိမိအလိုအလျောက် ဆောက်တည်မှုသော်၎င်း သမာဒါနဝိရတိကိုရ၏၊ ခံယူဆောက်တည်ပြီးနောက် ကျူးလွန်မိပြန်ခဲ့သော် သမာဒါနပျက်ပြန်၏၊ တဘန် ခံယူဆောက်တည်ရပြန်၏။

သမ္မာအာဇီဝ ဝိရတိမှာလည်း မရောင်းအပ်သော ကုန် ၅-ပါးတို့ကို ရောင်းချ၍ အသက်မွေးမှုစသည်ပါဝင်၏၊ ပိဋကတ်တော်၌ ဒုစရိုက်တရား ၁၀-ပါး,သုစရိုက်တရား ၁၀-ပါးတို့သည် အလွန်များစွာလာရှိကုန်၏၊သုစရိုက်တရား၁၀-ပါး,ကုသလကမ္မပထတရား ၁၀-ပါးတို့လာရှိရာ ဒေသနာတိုင်းမှာပင် ဤဝိရတိသီလသည် အမြဲပါရှိ၏၊ထို့ကြောင့် လူတို့၏ဝိရတိသီလသည် မိုဃ်းကောင်းကင်တခွင်မှာ ကြယ်တာရာတို့ကဲ့သို့ ပိဋကတ်တော်တခွင်မှာ အလွန်ပင်များပြား၏။

၂။ ရသေ့ပရိဗိုဇ်တို့၏ ဝိရတိသီလမှာ-သာသနာပရသေ့ ပရိဗိုဇ်တို့၌ သမုစ္ဆေဒဝိရတိကိုမရအပ်၊ သမ္ပတ္တဝိရတိ, သမာဒါနဝိရတိ ၂-ပါးကိုသာရအပ်၏။

www.dhammaransi.com



ထို့ကြောင့် သီလကွန်အဋ္ဌကထာ မဟာသီဟနာဒသုတ် စာအုပ်နံပါတ် ၂၅၅-၌—

သမ္ပတ္တ သမာဒါန သေတုဃာတဝသေန ဟိ တိဿော ဝိရတိယော၊တာသု သမ္ပတ္တ သမာဒါန မတ္တမေဝ အဓိပ္ပေတံ ဟောတိ၊ သေတုဃာတဝိရတိ ပန သဗ္ဗေနသဗ္ဗံ နတ္ထိ—

ဟူ၍ဆိုပေသည်။

[သမုစ္ဆေဒဝိရတိကို ဤအဋ္ဌကထာ၌ သေတုဃာတ ဝိရတိခေါ်သည်။]

ဝိရတိတို့သည်—

၁။ သမ္ပတ္တဝိရတိ,

၂။ သမာဒါနဝိရတိ,

၃။ သေတုဃာတ ဝိရတိ-

ဟူ၍ ၃-ပါးရှိ၏။

ထို ၃-ပါးတို့တွင် သာသနာပ ဖြစ်ကြကုန်သော အညတိတ္ထိယခေါ်သော ရသေ့ပရိဗိုဇ်တို့မှာ-သမ္ပတ္တဝိရတိမျိုး, သမာဒါန ဝိရတိမျိုး ၂-ပါးကိုသာ ရအပ်၏၊ သေတုဃာတ ဝိရတိကို မရအပ်-ဟူလိုသည်၊ ထို ဝိရတိ ၂-မျိုးကိုမူကား-သာသနာပ စကြဝဠာအနန္တမှာပင် ရအပ်၏၊ သာသနာပဖြစ်ကြကုန်သော သမ္မာဒိဋ္ဌိ ပကတိလူတို့မှာလည်း ထို့အတူ။

၃။ သာသနာထမ်း ရဟန်းတော်တို့၏ ဝိရတိသီလမှာမူကား—

ဥဘတောဝိဘင်္ဂပရိယာပန္နံ ဝါ အာဒိဗြဟ္မစရိယကံ၊ခန္ဓကဝတ္တပရိယာပန္နံ အာဘိသမာစာရိကံ—

ဟူသော ဝိသုဒ္ဓိမဂ်နှင့်အညီ ဥဘတောဝိဘင်း၌ အကျုံးဝင်သော အာဒိဗြဟ္မစရိယက ခေါ်ရသော ဝိရတိသီလအပြား အလွန်များ၏၊ အလွန်များသော်လည်း ကံအားဖြင့် အကျဉ်းချုံးသည်ရှိသော် ကာယကံ,ဝစီကံ ၂-ပါး၌ အကုန်ဝင်ရ၏၊ ကာယကံ,ဝစီကံ ၂-ပါး၌ အကုန်ဝင်ရသည်ရှိသော် မုချအားဖြင့်သော်ရင်း, ဥပစာအားဖြင့်သော်ရင်း အာဇီဝဋ္ဌမက ဝိရတိသီလ၌ အကုန်ဝင်ရ၏။

www.dhammaransi.com



ထို့ကြောင့် ဒွေမာတိကာ အဋ္ဌကထာ,ဥဘတောဝိဘင်းအဋ္ဌကထာ-တို့၌ ထိုထိုသိက္ခာပုဒ် အဆုံးတို့မှာ-''ကာယကမ္မံ,ဝစီကမ္မံ,ကာယဝစီ-ကမ္မံ'' ဟူ၍ ကာယကံ, ဝစီကံ ၂-ပါး၌ထည့်သွင်းချက် လာရှိသေး-သည်၊ ရဟန်းတော်တို့၏ ထိုထိုသိက္ခာပုဒ်ကို ကျူးလွန်မှုအလုံးစုံသည် ကာယဒုစရိုက်, ဝစီဒုစရိုက် ၂-ပါး၌ အကုန်ဝင်ရ၏၊ ထိုထိုသိက္ခာပုဒ်ကို စောင့်ထိန်းမှု အလုံးစုံသည်လည်း ကာယသုစရိုက်,ဝစီသုစရိုက်၂-ပါး၌ အကုန်ဝင်ရ၏။

ထို့ကြောင့် ရဟန်းတော်တို့၏သီလကို ပဓာနပြု၍လာသော ဈာန ဝိဘင်းအဋ္ဌကထာ၌—

(က) ကာယိကော ဝီတိက္ကမောတိ တိဝိဓံ ကာယဒုစ္စရိတံ၊ ဝါစသိကော ဝီတိက္ကမောတိ စတုဗ္ဗိဓံ ဝစီဒုစ္စရိတံ၊ကာယိက ဝါ-စသိကော ဝီတိက္ကမောတိ တဒုဘယံ။ ဧဝံ အာဇီဝဋ္ဌမက-သီလဿေဝ ဝီတိက္ကမံ ဒဿေတိ-ဟူ၍၎င်း,

(ခ) ကာယိကော အဝီတိက္ကမောတိ တိဝိဓံ ကာယသုစရိတံ၊ ဝါစသိကောတိ စတုဗ္ဗိဓံ ဝစီသုစရိတံ၊ကာယိက ဝါစသိကော-တိ တဒုဘယံ၊ ဣမိနာ အာဇီဝဋ္ဌမကသီလံ ပရိယာဒါယ ဒဿေတိ-ဟူ၍၎င်း လာပေသည်။

ထို့ကြောင့် ဝိနည်းပိဋကတ်တွင် ဥဘတော ဝိဘင်းကြီး ၂-ကျမ်း-သည် အာဇီဝဋ္ဌမကသီလ ကျမ်းကြီး၂-ကျမ်းပင်ဖြစ်၏၊ သုတ္တန်ပိဋကတ်တွင် သုတ်သီလက္ခန်ကျမ်းကြီးသည် အာဇီဝဋ္ဌမကသီလ ကျမ်းကြီး-ဟု ဆိုထိုက်၏။

မဇ္ဈိမနိကာယ်, သံယုတ္တနိကာယ်, အင်္ဂုတ္တရနိကာယ်တို့မှာလည်း ဤသုစရိုတဝိရတိသီလဒေသနာသည် များစွာလာရှိ၏၊ ရဟန်းတော်တို့၏ မိစ္ဆာအာဇီဝတရား, သမ္မာအာဇီဝတရားတို့သည်လည်း အလွန်များကုန်၏၊ မဟုတ်မမှန် ဈာန်မဂ်ဖိုလ်တရားကို ပြောကြားခြင်းစသော မိစ္ဆာဇီဝ ၆-ပါး, ကုလဒူသန ၈-ပါး, အနေသန ၂၁-ပါး, ကုဟနဝတ္ထု၃-ပါး,ဗြဟ္မဇာလသုတ် မဟာသီလခဏ်းတွင် လာသော မိစ္ဆာဇီဝပေါင်း ၁၄၀-ကျော်တို့ပေတည်း၊ဤဝိရတိသီလကိုပင် သာ-သနာတော်တွင်းမှာ အာဒိဗြဟ္မစရိယကသီလဟူ၍ခေါ်၏။

www.dhammaransi.com



### မေးမြန်းဘွယ်

မေး။ "အဘယ့်ကြောင့် အာဒိဗြဟ္မစရိယကဓါသနည်းဟူမူ—

ဖြေ။ "မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို ရလိုကြကုန်သော သူတို့သည် ဤ အာဇီဝ ဋ္ဌမကဝိရတိသီလကို အစအဦးပြု၍ ကျင့်ဆောင် အပ်သောကြောင့်တည်း။

ထို့ကြောင့် ဝိသုဒ္ဓိမဂ်၌—

မဂ္ဂဗြဟ္မစရိယဿ အာဒိဘာဝဘူတန္တိ အာဒိဗြဟ္မစရိယကံ၊ အာဇီဝဋ္ဌမကသီလဿေတံ အဓိဝစနံ၊ တဉှိ မဂ္ဂဿ အာဒိ-ဘာဝဘူတံ ပုဗ္ဗဘာဂေယေဝ ပရိသောဓေတဗ္ဗတော—

ဟူ၍လာပေ၏။

[သီလံ ပတိဋ္ဌာ အာဒိစရဏံ သံယမော သံဝရော မောက္ခံ ပါမောက္ခံ ကုသလာနံ ဓမ္မာနံ သမာပတ္တိယာ-ဟူသော ပါဠိတော်နှင့်စပ်၍ အာဒိ-ဟူသောပုဒ်အနက်ကိုယူလေ။]

သီလ, သမာဓိ, ဝိပဿနာပညာ, မဂ်ပညာအစဉ်၌ သီလသည် သမာဓိစသည်တို့၏ အစအဦးဖြစ်ငြားသော်လည်း မဂ်ပညာသည်သာ လျှင် လိုရင်းပဓာနဖြစ်၍ မဂ္ဂဗြဟ္မစရိယဿ အာဒိဘာဝဘူတံ- ဟုဆို ပေသည်။

ထို့ကြောင့် အာဒိပုဒ် အဘွင့်အဋ္ဌကထာ၌—

ယောဂါဝစရော အာဒိတော စ သီလံ ဝိသောဓေတွာ အပရ-ဘာဂေ သမထဝိပဿနာဒယော ဓမ္မေ သမ္ပာဒေတိ၊တသ္မာ သီလံ အာဒီတိ ဝုတ္တံ—

ဟူ၍ဆိုပေသည်။

ယခုကာလ၌ ထိုအာဇီဝဋ္ဌမကသီလကို လုံခြုံစွာ စောင့်ရှောက်ကြ ကုန်သောသူတို့သည် သမထ, ဝိပဿနာ, မဂ် ဖိုလ်သို့ မပေါက်မရောက် နိုင် ရှိနေကြကုန်သော်လည်း ထိုသူတို့၏ ထိုသီလကို အာဒိဗြဟ္မစရိယ က သီလမဟုတ်-ဟု မဆိုရ၊သမထ, ဝိပဿနာ, မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်သို့ မပေါက်ရောက်နိုင်-ရှိနေကြသည်ဟူ သီလ၏အတွက် မဟုတ်၊ ပုဂ္ဂိုလ်တို့၏အတွက်သာဖြစ်သတည်း။

www.dhammaransi.com



မဂ်၏အစ-ဟု ပြဆိုသည်မှာလည်း ဗုဒ္ဓဘာသာ သာသနာတော်နှင့် လျော်စွာ ပြဆိုချက်ပေတည်း၊ ထိုအာဇီဝဋ္ဌမက သီလမှုကား-သာသနာပအခါ၌ ဈာနပြဟ္မစရိယ, အဘိညာပြဟ္မစရိယ တို့၏လည်း အဦး အစပင် ဖြစ်ပေသတည်း။

အကြောင်းမူကား-သာသနာပ အခါမှာလည်း ဈာန် သမာပတ်ကို အားထုတ်ကြကုန်သောရသေ့ ပရိဗိုဇ်တို့သည် အာဇီဝဋ္ဌမကသီလ၌ တည်ရှိကြကုန်မှသာ ဈာန်သမာပတ်တို့ကို ရနိုင်ကြကုန်၏၊ အာဇီဝဋ္ဌမက သီလနှင့်ကင်း၍ ဈာန်သမာပတ်တို့ကို မရနိုင်ကြကုန်။

ဝိသုဒ္ဓိမဂ်၌ ဤသီလကို ဝိရတိသီလဟူ၍၎င်း, ပါတိမောက္ခသီလဟူ၍၎င်း,သိက္ခာပဒသီလဟူ၍၎င်း လာ၏၊ လူတို့၏သီလ၊ဘိက္ခု,ဘိက္ခုနီ, သာမဏေတို့၏သီလ ခွဲခြားများ၌မူကား-ဤသီလမပါပြီ။

အကြောင်းမူကား-ဤဝိရတိသီလသည် အပင်မ-ကြီးနှင့် တူ၏၊ ဂဟဋ္ဌသီလ,ဘိက္ခုသီလ-စသည်များသည် အပင်မ-ကြီးမှ ဖြာထွက်ကြသော အကိုင်းအခက်များနှင့်တူ၏၊ အကိုင်းအခက်များကိုသာ ခွဲခြမ်းခွင့်ရှိ၏၊ အပင်မ-ကြီးကို ခွဲခြမ်းခွင့်မရှိ။

ဥပမာကား။ "သရက်ပင်ကြီးတခု၌ အကိုင်းအခက်တို့ကို ဝေပုံချ၍ လူအများ စောင့်ကြရာ၏၊ သရက်သီးတို့ကို ဝေပုံချသည့်အခါ အကိုင်းအခက်တို့ကိုသာ အမှတ်ပြု၍ အစုစုအပုံပုံ ခွဲခြမ်းရာ၏၊ အပင်မ-ကြီး အတွက် အစုအပုံတွက်ဘွယ်မရှိပြီ၊ ထို့အတူမှတ်။

ဝိရတိသီလကိုတနည်းပြခြင်းပြီး၏။

---

### ဂ–လူတို့၏သီလကိုခွဲပြခြင်း

၁။ ၅-ပါးသီလသည်လည်း နိစ္စသီလမျိုးတည်း။

၂။ အာဇီဝဋ္ဌမကသီလသည်လည်း နိစ္စသီလမျိုးတည်း။

၃။ အဋ္ဌင်္ဂဥပေါသထ သီလသည်ကား-နိစ္စ, အနိစ္စလိုရာရ၏။

သီလဝန္တပုဂ္ဂိုလ်ဆိုသည်ကား–

သမ္ပတ္တဝိရတိ သီလနှင့်ဖြစ်စေ, သမာဒါနဝိရတိ သီလနှင့် ဖြစ်စေ နိစ္စသီလမျိုးနှင့် အမြဲပြည့်စုံသောသူကို ဆိုသည်၊ ရံဘန်ရံဘန်မျှ စောင့်ယိန်းသောသူကို သီလဝန္တပုဂ္ဂိုလ်မဆိုရ။

www.dhammaransi.com



သီလဝန္တပုဂ္ဂိုလ်ဆိုရသော ဂဟဋ္ဌဖြစ်သူ လူပုဂ္ဂိုလ်တို့တွင်လည်း—

၁။ အသက်အရွယ်ငယ်ကြသေးသော သူများသည်၎င်း, ကြီးပင်ကြီးကြပါသော်လည်း သားမယားမွေးမြူမှု, ပစ္စည်းဥစ္စာ ရှာကြံသိမ်းဆည်းမှုနှင့် နေကြရသော သူများသည်၎င်း အာဇီဝဋ္ဌမကနိစ္စသီလကို သမာဒါနပြု၍ မထိန်းနိုင်ကြကုန်၊ ပဉ္စသီလနိစ္စကိုသာ သမာဒါနပြု၍ ထိန်းနိုင်ကြကုန်၏။

အကြောင်းမူကား- ဝစီကံသိက္ခာပုဒ် ၄-ပါးတို့မှာ ပျက်ပြားရန်အခွင့် အလွန်များပြားလျက်ရှိနေသောကြောင့်တည်း။

၂။ အသက်အရွယ်ကြီး၍ ၅-ပါးသီလခိုင်မြဲပြီးသောသူ, ဃရာဝါသဒုက္ခမှ ကင်းလွတ်သောသူများသည်သာလျှင်အာဇီဝဋ္ဌမကနိစ္စသီလ-ကို ထိန်းနိုင်ကြကုန်၏၊ ဃရာဝါသဒုက္ခရှိနေကြသော ပကတိလူများပင်ဖြစ်ကြသော်လည်း သဒ္ဓါ ဆန္ဒကောင်းမြတ်လှသော သူများဖြစ်ကြလျှင်ခံယူစောင့်ထိန်းနိုင်ကြကုန်၏။

ထို့ကြောင့် အဋ္ဌကထာ၌—

ဤသမာဒါနဝိရတိအရာ၌ သီဟိုဠ်ကျွန်းတွင် ဥတ္တရဝဍ္ဎမာနတောင်မှာ နေသော လယ်ထွန်ယောကျ်ားနွားကျောင်းသားဝတ္ထုကိုပြဆိုပါရှိလေသတည်း။

၃။ အဋ္ဌင်္ဂဥပေါသထသီလကိုမူကား-၅-ပါးသီလနိစ္စသမားတို့မှာ၎င်း ၅-ပါးသီလပေါ်တွင် အမွှမ်းတင်ပြု၍ အာဇီဝဋ္ဌမကသီလ နိစ္စသမားတို့မှာ ၎င်းအာဇီဝဋ္ဌမက နိစ္စသီလပေါ်တွင် အမွှမ်းတင်ပြု၍ တလလျှင် ၄-သီတင်း, ၈-သီတင်း ခံယူဆောက်တည်ရသည်၊နိစ္စသီလပြု၍ ပါဋိပဒေတံ ခံယူစောင့်ထိန်းနိုင်လျှင် အလွန်ပင်ကောင်းလှတော့သည်။

သီလဝန္တမဟုတ်ကြသော သူများသည်မူကား-၅-ပါးသီလကိုမျှ နိစ္စအနေနှင့် မထိန်းနိုင်ကြကုန်။

အကြောင်းမူကား- မုသာဝါဒ ဖြစ်တည့်ကြရန် အခွင့်များပြားလျက် ရှိနေသောကြောင့်တည်း၊ရောင်းမှုဝယ်မှု ရှိနေသော သူများမှာ အဒိန္နာဒါနလည်း ဖြစ်တည့်ကြရန် များပြားလျက် ရှိနေ၏။

www.dhammaransi.com



ယခုကာလ၌—

၅-ပါးသီလကို အရိုးကျုပြု၍ ခံခွင့်တွေ့တိုင်း ခံယူကြသည်မှာလည်း နိစ္စသီလမျိုးဖြစ်သည့်အတိုင်း နိစ္စအနေနှင့် ပါဏာပေတံ ခံနိုင်ကြကုန်သည်မဟုတ်၊ခံယူဆဲအခါ၌ ကုသိုလ်ဖြစ်လျှင်ပင် နည်းသလား၊တနာရီ, တမိနစ်,တရက်,တနေ့ လုံခြုံလျှင်ပင် နည်းသလား-ဟုနှလုံးပြု၍ ခံခွင့်တွေ့တိုင်း ခံယူကြကုန်၏၊ ၅-ပါးသီလမှာပင် ပါဏာပေတံ မခံဝံ့ကြဘဲ အမှုဝတ္ထုတွေ့ကြုံခဲ့လျှင် တတ်အားသမျှ ကြဉ်ရှောင်မည်ဟူ၍ သမ္ပတ္တဝိရတိ ကိစ္စကိုသာ နှလုံးထားနိုင်ကြကုန်၏။

အာဇီဝဋ္ဌမကသီလ၌မူကား—

ဝစီကံသိက္ခာပုဒ် ၄-ပါးစုံ ပါရှိသည်ဖြစ်၍ နိစ္စသီလမျိုးဖြစ်သည့်အတိုင်း နိစ္စအနေနှင့် ပါဏာပေတံ ခံနိုင်ကြရန် အလွန်ပင် ခဲယဉ်းလျက်ရှိနေ၏၊ ခဲယဉ်းလျက် ရှိနေသည့်အတွက် ခံယူမှုကို မပြုကြကုန်သော်လည်း ဝစီဒုစရိုက်မှုကြီး ၄-ပါး, မိစ္ဆာဇီဝဒုစရိုက်မှုကြီးများကို ကြားဘူးနားဝ ရှိနေကြကုန်သောသူတို့သည် ဤအာဇီဝဋ္ဌမကသီလမှာလည်း အမှုဝတ္ထုတွေ့ကြုံခဲ့လျှင် တတ်အားသမျှ ကြဉ်ရှောင်မည်-ဟု သမ္ပတ္တဝိရတိ ကိစ္စကို အားပြုလျက် ရှိနေကြကုန်၏။

၅-ပါးသီလမှာကဲ့သို့ ခံဆဲအခါ၌ ကုသိုလ်ဖြစ်လျှင်ပင်နည်းသလား၊ တနာရီ,တခံနက်,တရက်,တနေ့လုံခြုံလျှင်ပင် နည်းသလား-ဟု နှလုံးပြု၍ ခံယူလိုလျှင် ဤအာဇီဝဋ္ဌမကသီလမှာလည်း ရနိုင်ခွင့်ရှိပါ၏၊ရနိုင်ခွင့်ရှိသော်လည်း အရိုးအစဉ် နည်းပါးသည်အတွက် ပေးတတ်သူ, ခံတတ်သူနည်းပါးလျက်ရှိနေကြ၏။

ရနိုင်ခွင့် ရှိပါ၏-ဟူသောစကား၌—

၁။ အာဇီဝဋ္ဌမကသီလကိုခံယူမည်-ဟု နှလုံးပြု၍ ပါဏာတိပါတာ ဝေရမဏိ-ဟု ဒွါရ ၃-ပါးတွင် တပါးပါးဖြင့် ခံယူခဲ့သော် ခံယူခြင်းမမြောက်ဘဲ ရှိနိုင်မည်လော။

၂။ ထို့အတူ အဒိန္နာဒါနာဝေရမဏိ။လ။ မိစ္ဆာအာဇီဝါဝေရမဏိ-ဟု-ဒွါရ ၃-ပါးတွင် တပါးပါးဖြင့် ခံယူသည်ရှိသော် ခံယူခြင်းမမြောက်ဘဲ ရှိနိုင်မည်လော။

www.dhammaransi.com



၃။ ဒုစရိုက်မှုကြီးအကုသလကမ္မပထမှုကြီး ၇-ပါးတို့မှ ကြဉ်ရှောင်မှုကြီးဖြစ်ပေ၍ ဤသီလကို လူဖြစ်သူတို့ မခံထိုက်-ဟုပြောဆိုဘွယ် ရှိဦးမည်လော။

ပါဠိစဉ်အတိုင်း အနက်သွားကိုသိ၍ စိတ်ထဲက ကျနစွာ လိုက်ပါလျှင် ဝိရတိသီလချည်းဖြစ်၏၊ ကျနစွာမလိုက်ပါလျှင် စေတနာသီလဖြစ်၏။

မြန်မာလူမျိုးတို့မှာ—

မြန်မာဘာသာနှင့် ခံယူမှ ကျနစွာ စိတ်ထားနိုင်၏၊ စိတ်ထားကျနမှုဆိုသည်ကား-ပါဏာတိပါတာ ဝိရမဏိကိုဆိုလျှင် သူ့အသက်ကိုသတ်ခြင်းမှ ငါကြဉ်ရှောင်၏-ဟု စိတ်ပဋိညာဉ် ပြုခြင်းမှုပေတည်း၊ဤအမှုကား-ကုသိုလ်ရတတ်သော သီလခံမှုပေတည်းဟု သိရုံမျှနှင့် လိုက်ကြသူတို့မှာ ဝိရတိမပါနိုင်၊ ဝိရတိမည်သည် သူ့အာရုံနှင့်သူ ရှေးရှုမိမှဖြစ်နိုင်ကြ၏။

ယခုကာလ၌—

၅-ပါးသီလ, ၈-ပါးသီလ, ၁၀-ပါးသီလခံယူကြရာမှာ စေတနာသီလသာ များပြားရာ၏၊ စေတနာသီလပင်ဖြစ်သော်လည်း ကောင်းကျိုးချမ်းသာကို ပေးနိုင်ပါ၏၊ ကျနစွာရှိပါမှ သာ၍ကောင်း၏။

အချို့သူတို့ကား—

စေတနာသီလမျိုးသည် မဂ္ဂင်ထိုက်သောတရားမျိုးမဟုတ်၍ နိဗ္ဗာန်, မဂ်, ဖိုလ်ကို မဆောင်နိုင်၊ ပုညာဘိသင်္ခါရ တရားမျိုးဖြစ်၍ သံသရာ၌သာ ချမ်းသာကောင်းကျိုးကို ပေးနိုင်၏၊ ဝိရတိသီလ သည်သာလျှင် မဂ္ဂင်ထိုက်သော တရားမျိုးဖြစ်၍ နိဗ္ဗာန်,မဂ်,ဖိုလ်ကို ဆောင်နိုင်သည်-ဟု ထင်မှတ်ပြောဆိုကြကုန်၏။

ဝိရတိသီလပင်ဖြစ်စေ,စေတနာသီလပင်ဖြစ်စေ တဏှာတရား ရှေ့သွားနောက်လိုက် ပါရှိခဲ့လျှင် ပုညာဘိသင်္ခါရ မျိုးချည်းဖြစ်၏၊ နိဗ္ဗိဒါဉာဏ်တရား ရှေ့သွားနောက်လိုက် ပါရှိခဲ့လျှင် မဂ်, ဖိုလ်, နိဗ္ဗာန်ကို ဆောင်နိုင်၏-ဟုမှတ်။

www.dhammaransi.com



အတ္ထိ သမ္မာဝါစာ သာသဝါ ပုညဘာဂိယာ ဥပဓိဝေပက္ကာ-ဟူသောပါဠိတော်ကို ထောက်လေ။

ပုညဘာဂိယာတိ ပုညကောဋ္ဌာသေ ဘဝါ ပုညာဘိသင်္ခါ-ရေကဒေသဘူတာတိအတ္ထော-

ဟူ၍ မိုက်ဘွင့်ချက် ရှိလေ၏။

လူတို့၏သီလကိုခွဲပြခြင်းပြီး၏။

## ၉- သုတ္တန်, အဘိဓမ္မာ ဝိရတိကိုပြခြင်း

ဝိရတိတရားသည် သုတ္တန်တို့မှာပင် လာရှိသော်လည်း အဘိဓမ္မာတရား-ဟုဆိုရ၍၊ ဤဝဋ္ဋနိဿိတဖြစ်သော ဝိရတိသီလမျိုးသည် စကြဝဠာ အနန္တမှာပင်ရှိကြကြောင်း ရှေ့၌ဘော်ပြခဲ့ပြီ။

### အချို့တွေးတောကြပုံ

အချို့သူတို့ကား-ယခုကာလ မိမိတို့ သုံးဆောင်စားသောက်၍ နေကြသော ပစ္စည်းဝတ္ထုများသည် ဓမ္မိယလဒ္ဓ ဖြစ်ခဲလှ၏၊ ဓမ္မိယလဒ္ဓမျိုးမဟုတ်သော ပစ္စည်းဝတ္ထုကို သုံးဆောင်၍ နေရသောသူသည် အာဇီဝဋ္ဌမကသီလကို ခံယူ၍ ရနိုင်မည်လော-ဟု တွေးတောခြင်းရှိကြ၏။ အဖြေကား-

(က) သမ္မာဝါစာသည် သုတ္တန်သမ္မာဝါစာ, အဘိဓမ္မာ သမ္မာဝါစာဟူ၍ ၂-မျိုးရှိ၏။

(ခ) သမ္မာကမ္မန္တသည်လည်း ၂-မျိုး။

(ဂ) သမ္မာအာဇီဝသည်လည်း ၂-မျိုး။

ထို ၂-မျိုးတို့တွင်-

(က) ၁။ သုတ္တန်သမ္မာဝါစာဆိုသည်ကား-ဒုစရိုက်အပြစ်မှ လွတ်ကင်း၍ ကောင်းမြတ်သောစကားကိုပြောဆိုခြင်းတည်း၊ တရားကိုယ်မှုကား-စေတနာပေတည်း။

၂။ အဘိဓမ္မာ သမ္မာဝါစာ ဆိုသည်ကား-ကောင်းသောစကားကိုဆိုသည် မဆိုသည် ပမာဏမဟုတ်၊ ဝစီဒုစရိုက်ကို ကြဉ်ရှောင်မည်-ဟု စိတ်ဖြစ်မှုပေတည်း၊ တရားကိုယ်မှုကား-သမ္မာဝါစာဝိရတိပေတည်း။

www.dhammaransi.com



(ခ)၁။ သုတ္တန် သမ္မာကမ္မန္တ ဆိုသည်ကား-ဒုစရိုက်မှလွတ်ကင်းသော ဘုရားသွားခြင်း, ကျောင်းတက်ခြင်း-အစရှိသော လုပ်မှု ဆောင်မှု ပေတည်း၊ တရားကိုယ်မူကား-စေတနာ ပေတည်း။

၂။ အဘိဓမ္မာသမ္မာကမ္မန္တဆိုသည်ကား-အလုပ်ရှိသည်, မရှိသည် ပဓာနမဟုတ်၊ ကာယဒုစရိုက်ကိုရှောင်ကြဉ်မည်-ဟု စိတ်ဖြစ်မှုပေတည်း၊တရားကိုယ်မူကား-သမ္မာကမ္မန္တ-ဝိရတီပေတည်း။

(ဂ)၁။ သုတ္တန်သမ္မာအာဇီဝ ဆိုသည်ကား- ဒုစရိုက်မှ လွတ်ကင်းသော ဆွမ်းခံခြင်း, ကုန်သွယ်ခြင်း, လယ်လုပ်ခြင်း, ကူလီလုပ်ခြင်း, ထိုအလုပ်တို့နှင့် ရသောပစ္စည်းကိုသာ သုံးဆောင်ခြင်းစသည်တည်း၊ တရားကိုယ်မူကား- သမ္မာဝါယာမတရားပေတည်း၊ အဓမ္မိယလဒ္ဓပစ္စည်းဝတ္ထုကို သုံးစွဲ၍ နေခဲ့သော် သုတ္တန်အလိုအားဖြင့် သမ္မာအာဇီဝမဖြစ်၊ မိစ္ဆာအာဇီဝမှမလွတ်။

၂။ အဘိဓမ္မာ သမ္မာအာဇီဝဆိုသည်ကား- ထိုကဲ့သို့သော အလုပ်များကို လုပ်သည်, မလုပ်သည် ပဓာနမဟုတ်၊ ယခုအခါ အသက်မွေးရန်ပြုရသော ကာယဒုစရိုက်မှု, ဝစီဒုစရိုက်မှုများကို ငါမပြု-ဟု ပြဓာန်းမှု ပေတည်း၊ တရားကိုယ်မူကား-သမ္မာအာဇီဝ ဝိရတီပေတည်း။

ဤသမ္မာအာဇီဝ ဝိရတီသည်ကား–

ဒုစရိုက်မှု စင်စစ်ကိုသာကြဉ်ရှောင်၏၊ဒုစရိုက်မှုနှင့်ရသော ပစ္စည်းဝတ္ထုသုံးစွဲမှုကို ကြဉ်ရှောင်သည် မဟုတ်၊ ၎င်းပစ္စည်း ဝတ္ထုသုံးစွဲမှုသည် ဒုစရိုက်မှု စင်စစ်ဖြစ်သည်ဟုမဆိုရ၊၎င်းပစ္စည်းဝတ္ထုကိုလှူဒါန်းပေးကမ်းမှု၌ အသုံးပြုခဲ့လျှင် ကုသိုလ်ပင်ဖြစ်သေး၏။

ဒုစရိုက်မှု စင်စစ်ဆိုရာ၌လည်း–

ကျူးလွန်ခဲ့ပြီးသော အတိတ်ဒုစရိုက်ကို ကြဉ်ရှောင်ခြင်းမဟုတ်၊ ယခုလက်ငင်း တွေ့ဆုံ၍နေသော ပစ္စုပ္ပန်ဒုစရိုက်မှု, ရှေ့သို့ တွေ့ကြုံလတ္တံ့သော အနာဂတ်ဒုစရိုက်မှုတို့ကိုသာ ကြဉ်ရှောင်ခြင်း ဖြစ်သတည်း၊

www.dhammaransi.com



ထို့ကြောင့် အဓမ္မိယလဒ္ဓပစ္စည်းဝတ္ထုကို သုံးစွဲရလျက်ရှိနေသော်လည်း ဒုစရိုက်မှုမှ ကြဉ်ရှောင်တော့မည်ဟု စိတ်ပြဓာန်းချက်နှင့် ခံယူဆောက်တည်မှုကိုပြုခဲ့သော် အဘိဓမ္မာသမ္မာအာဇီဝ ဝိရတိပူကား-ဖြစ်ပါ၏၊ သမ္မာအာဇီဝဝိရတိဖြစ်လျှင်လည်း ထိုပစ္စည်းဝတ္ထုကို သုံးစွဲရသည့်အတွက် ထိုသူမှာ သဂ္ဂန္တရာယ်, မဂ္ဂန္တရာယ်ဖြစ်ခွင့် မရှိပေပြီ။

ဘုရားလက်ထက်တော်၌—

၁။ အရှင်အင်္ဂုလိမာလမထေရ်သည် တောအရပ်၌ တကိုယ်ထည်းတည်း ဓားပြဗိုလ်ကြီးလုပ်၍နေရာ မြတ်စွာဘုရားကြွသွား၍ ချွတ်တော်မူသဖြင့် တောအရပ်၌ပင် အကျွတ်တရားရတော်မူ၏။

၂။ တမ္ဗဒါဌိက အမည်ရှိသော သူသတ် ယောက်ျားကြီးသည် သူသတ်အလုပ်နှင့် ရအပ်သောပစ္စည်းဝတ္ထုကို သုံးစွဲရလျက်နှင့်ပင် အရှင်သာရိပုတ္တရာ တရားကိုနာရ၍ ထိုနေ့၌ပင်သေ၍ တုသိတာနတ်ပြည်၌ဖြစ်၏။

၃။ ကုက္ကုဋမိတ္တမုဆိုးကြီးသည် မုဆိုးလုပ်ရာ တောအရပ်၌ပင် သား ၇-ယောက်တို့နှင့်တကွ မြတ်စွာဘုရားတရားတော်ကို ကြားနာရသဖြင့် အကျွတ်တရားရကြ၏။

[ဤဝတ္ထုများကို ထောက်ထား၍ယူလေ၊ ထိုသူတို့၏ ကိုယ်ခန္ဓာမှာ အဓမ္မိယလဒ္ဓဝတ္ထုနှင့် ကင်းရှင်းကြသည် မဟုတ်ဘဲနှင့် အကျွတ်တရား ရနိုင်ကြသည်-ဟူလို။]

သုတ္တန်,အဘိဓမ္မာဝိရတိကိုပြခြင်းပြီး၏။

---

### ၁၁-အာဇီဝဋ္ဌမကသီလနှင့် မနောကံတို့ကိုပြခြင်း

မေး။ ။(က) အာဇီဝဋ္ဌမက သီလပေးမှု, ခံမှုများသည် အဘယ့်ကြောင့် အရိုးအစဉ် မထင်ရှားရသနည်း။

(ခ) အဋ္ဌကထာ၌ မနောကံ ၃-ပါးတို့မှာ ခံယူမှုအစီရင်ကို အဘယ့်ကြောင့် မပြလေသနည်း-မေးရန်ရှိ၏။

ဖြေ။ ။(က)အပါယ် ၄-ဘုံကြီးသည် အကုသလကမ္မပထတရား ၁၀-ပါးမှဖြစ်၏၊ စကြဝဠာအနန္တ, ကမ္ဘာအနန္တ-

www.dhammaransi.com



တို့မှာ လူ့ဘုံ,နတ်ဘုံများသည်' လူတို့၏ ကုသလကမ္မ-ပထတရား ၁၀-ပါးမှဖြစ်၏၊ ထို ၁၀-ပါးတို့တွင် ရှေ့ဖြစ်သော ကာယကံ ၃-ပါး, ဝစီကံ ၄-ပါးတို့ကို အပြည့်အစုံလုံခြုံစွာ စောင့်ရှောက်လိုသော် ဝိသုဒ္ဓိ-မဂ် သီလခွဲခဏ်းတွင် ဝိရတိသီလဟူ၍ လာရှိသော အာဇီဝဋ္ဌမကသီလဖွဲ့စည်း၍ စောင့်ရှောက်ရသည်။

[ကာယသုစရိုက် ၃-ပါး, ဝစီသုစရိုက် ၄-ပါးဟူသည် ဤဝိရတိသီလ၏ အမည်ပေတည်း၊ ကာယကံ ၃-ပါး,ဝစီကံ ၄-ပါးဟူသော ကမ္မပထကြီး ၇-ပါးဟူသည် ဤဝိရတိသီလ၏ အမည်ပေတည်း။]

ထို ၇-ပါးတို့တွင် ဝစီကံ ၄-ပါးတို့သည် သမာဒါန နိစ္စသီလအနေနှင့် ပါဏာပေတံ ခံယူစောင့်ထိန်းရန် ခက်ခဲပုံ, မနောကံအရာ၌ ခံယူမှုမရှိဘဲ ဝိသုဒ္ဓိဖြစ်နိုင်ရန် နည်းများကို ပြဆိုပေအံ့။

မုသာဝါဒသိက္ခာပုဒ်၌—

၁။ ၎င်းသိက္ခာပုဒ်ကို ခံယူစောင့်ထိန်းသူတို့မှာ အင်္ဂါ ၄-ပါးပြည့်စုံအောင် ကျူးလွန်မိလျှင် သိက္ခာပုဒ်ခံယူမှု ပျက်၏၊ မိမိ၌ရှိသောဝတ္ထု-ကို တောင်းဆိုရာ ရှိလျက်နှင့် မပေးလို၍မရှိဟု ပြောဆိုရာ၌၎င်း,၅၁၀-ရှိသည်ကို ၂၀၀-ရာသာ ရှိပါသည်၊တရာသာရှိပါသည်ဟု ပြောဆိုရာ၌၎င်း၊ အင်္ဂါ ၄-ပါးပြည့်စုံ၍ သိက္ခာပုဒ်ခံယူမှု ပျက်၏၊ ထပ်မံ၍ ခံယူလျှင် ရပြန်၏၊ ကမ္မပထကား-မမြောက်၊ အပ္ပသာဝဇ္ဇဖြစ်၏၊ အပြစ်ပေါ့၏၊ ပဋိသန္ဓေကို မပေးနိုင်။

၂။ အတ္ထဘဉ္ဇနကအင်္ဂါနှင့်တကွ အင်္ဂါ ၅-ပါးစုံလင်မှ မုသာဝါဒကမ္မပထမြောက်သည်၊ အတ္ထဘဉ္ဇနကအင်္ဂါဆိုသည်ကား-ရောင်းရေးဝယ်ရေး၌ မဟုတ်မမှန်ပြောဆိုပြုလုပ်ခြင်း,မဟုတ်မမှန်မှုပေါက်ရောက်၍ မင်းပြစ်မင်းဒဏ်သင့်အောင် ပြုလုပ်ခြင်း, မုသား သက်သေခံခြင်း, ရှေ့နေ ရှေ့ရပ်လုပ်၍ မဟုတ်မတရားလဲလှယ်ခြင်း-စသည်ဖြင့် သူတပါး-၏အကျိုးကို ပျက်ပြားစေမှုပေတည်း။

[ထို ၂ မျိုးတို့တွင် ကမ္မပထမြောက်မှုထက် ခံယူဆောက်တည်ခြင်း ပျက်မှုသည် သာ၍လွယ်လှ၏၊ နောက်ဖြစ်သော ဝစီကံ သိက္ခာပုဒ်တို့၌လည်း ဤနည်းတူတည်း၊ သိက္ခာပုဒ်တို့၏အင်္ဂါတို့ကို ငါတို့စီရင်သော မဂ္ဂင်-ဒီပနီစာအုပ်မှာ ယူလေ။]

www.dhammaransi.com



ဤသို့လျှင် ဝစီကံသီလတို့၌ သမာဒါန ဝိရတိပျက်ရန်ကိစ္စ အလွန်လွယ်လှသောကြောင့် ပကတိလူတို့မှာ နိစ္စသီလအနေနှင့် ပါဏုပေတံ ခံယူထိန်းသိမ်းခြင်းငှါ မတတ်နိုင်သူ များပြားလျက် ရှိနေကြလေသတည်း၊ ထို့ကြောင့် အာဇီဝဋ္ဌမကသီလပေးနည်း,ခံနည်းများသည် အရိုးအစဉ် မထင်ရှားလေသတည်း။

(ခ) မနောကံတို့မှာမူကား- အာမဝန္တ်ပဋိညာဉ် ခံယူထိန်းသိမ်းရုံနှင့် မပြီးနိုင်၊ အကြောင်းမူကား-မနောကံမည်သည် ဖြစ်လျှင်လည်း မနောတွင်ဖြစ်၏၊ ပျက်လျှင်လည်း မနောတွင်ပျက်၏၊ အဖြစ်အပျက် အလွန်မြန်လှသောကြောင့်ဝင်း, မနောကံကို စင်ကြယ်အောင် ပြုလုပ်မှုမည်သည် အလွန်ကျယ်ဝန်းလှသောကြောင့်ဝင်းတည်း။

သမထလမ်း၌ ကမ္မဋ္ဌာန်း ၄၀-အဲလုပ်စု, ရှဲ့န်သမာပတ်အလုပ်စု, ဝိပဿနာလမ်း၌ ဒိဋ္ဌိဝိသုဒ္ဓိအစရှိသော အထက်ဝိသုဒ္ဓိ ၅-ပါး အလုပ်စုသည် မနောကံကို စင်ကြယ်အောင် ပြုလုပ်မှုချည်းသာတည်း၊ အရဟတ္တမဂ်, အရဟတ္တဖိုလ်သို့ရောက်မှ မနောကံ အလုပ်ပြီးစီးလေသတည်း။

## မေးမြန်းဘွယ်

မေး။ ။ထိုသို့ဖြစ်ခဲ့သော် ပကတိလူတို့မှာ မနောဒုစရိုက် ၃-ပါးတို့ကို ပေါက်လွှတ်လျှောက်လျား ထားကြရကုန်မည်လော-ဟူမူ။

ဖြေ။ ။ပကတိလူတို့မှာလည်း ပေါက်လွှတ်လျှောက်လျား မထားကြရကုန်၊ ကမ္ဘာ့အရိုးအစဉ်ကြီးဖြစ်သော ဗြဟ္မစိုရ်တရား ၄-ပါးတို့သည် မနောဒုစရိုက်တို့ကို သုတ်သင်မှုတို့ပေတည်း။

ဗြဟ္မစိုရ်တရား ၄-ပါးတို့တွင်—

၁။ မုဒိတာတရားကို ပွားများမှုသည် အနဘိဇ္ဈာမနောကံ ခိုင်လုံရန် အဋ္ဌင့်ကြီးပေတည်း၊ အနဘိဇ္ဈာမနောကံ ခိုင်လုံခဲ့လျှင် အဘိဇ္ဈာမနောကံကိုပယ်နိုင်၏။

www.dhammaransi.com



၂။ ကရုဏာတရားကို ပွားများမှုသည် အဗျာပါဒမနောကံ ခိုင်လုံရန်အခွင့်ကြီးပေတည်း၊ အဗျာပါဒမနောကံ ခိုင်လုံခဲ့လျှင် ဗျာပါဒမနောကံကိုပယ်နိုင်၏။

၃။ မေတ္တာတရားကို ပွားများမှုသည်မူကား- အနဘိဇ္ဈာ, အဗျာပါဒမနောကံ ၂-ပါး ခိုင်လုံရန်အခွင့်ကြီးဖြစ်ပေ၏။

၄။ ဥပေက္ခာတရား ပွားများမှုသည်လည်း ထိုအတူတည်း။

မိစ္ဆာဒိဋ္ဌိမနောကံကိုမူကား- ရှေးသီလ ၇-ပါးပြည့်စုံမှုနှင့်ပင် ပယ်ပြီးဖြစ်၏၊ ကံကိုငှင်း, ကံ၏အကျိုးကိုငှင်း ပစ်ပယ်ခြင်း မိစ္ဆာဒိဋ္ဌိမနောကံရှိသောသူသည် ထိုသီလမျိုးကို ဂရုစိုက်ပါတော့မည်လော၊ ထိုသီလကို စောင့်ထိန်းပေသဖြင့် သမ္မာဒိဋ္ဌိမနောကံ တည်ရှိပေပြီ-ဟုသိအပ်၏၊ ထို့ကြောင့် မနောကံတို့၌ ခံယူနည်းကို အဋ္ဌကထာ၌ မပြဆိုပေသတည်း။

[မပြဆိုသော်လည်း အဘိဇ္ဈာယ ဝိရမာမိ၊ ဗျာပါဒါယ ဝိရမာမိ၊ မိစ္ဆာဒိဋ္ဌိယာ ဝိရမာမိ—ဟု ခံယူခဲ့သော် ခံယူဆဲအခါ၌ ကုသိုလ်ဖြစ်ရာပါ၏၊ မနောကံဖြစ်၍ စောင့်ရှောက်မှုခဲယဉ်းလှ၏။]

အ-ဇီဝဋ္ဌမကသီလနှင့် မနောကံတို့ကို ပြခြင်းပြီး၏။

---

## ၁၁-ကုသလကမ္မပထ ၁၀-ပါးဖြစ်ပွားရာ ကာလကိုပြခြင်း

ဖြဟ္မစိုရ်တရားလျှင် အမွန်ရှိသောမနောကံ ၃-ပါး, ရှေးဖြစ်သော ဝိရတိသီလ ၇-ပါး၊ ဤ ၁၀-ပါးသော ကုသလကမ္မပထ တရားတို့၏ ဖြစ်ပွားရာကာလကို ပါဠိတော်လာရှိတိုင်း ပြဆိုပေအံ့။

သုတ်ပါထေယျ ပါဠိတော် စက္ကဝတ္တိသုတ် စာအုပ်နံပါတ် ၅၃-ယခု အသက်တရာတမ်းမှ ဆုတ်ယုတ်၍၊ ၁၀-နှစ်တမ်း၏ အဆုံး၌ သတ္တန္တရကပ်ကြီးအပြီးတွင် တဘန် တက်ကပ်ကြီးလာရန် အစ၌ရှိသော—

### ပါဠိတော်

အထ ခေါ တေသံ ဘိက္ခဝေ သတ္တာနံ ဧဝံ ဘဝိဿတိ၊ မယံ ခေါ အကုသလာနံ ဓမ္မာနံ သမာဒါန ဟေတု ဧဝရူပံ ဉာယတံ

www.dhammaransi.com



ဉာတိက္ခယံ ပတ္တာ၊ ယံ နူန မယံ ကုသလံ ကရေယျာမ၊ ကိံ ကုသလံ ကရေယျာမ၊ ယံနူန မယံ—

၁။ ပါဏာတိပါတာ ဝိရမေယျာမ၊ ဣဒံ ကုသလံ ဓမ္မံ သမာဒါယ ဝတ္တေယျာမာတိ၊ တေ ပါဏာတိပါတာ ဝိရမိံသု၊ ဣဒံ ကုသလံ ဓမ္မံ သမာဒါယ ဝတ္တိံသု၊ တေ ကုသလာနံ ဓမ္မာနံ သမာဒါနဟေတု အာယုနာပိ ဝဍ္ဎိံသု၊ ဝဏ္ဏေနပိ ဝဍ္ဎိံသု၊ တေသံ အာယုနာပိ ဝဍ္ဎမာနာနံ ဝဏ္ဏေနပိ ဝဍ္ဎမာနာနံ ဒသ ဝဿာယုကာနံ မနုဿာနံ ဝီသတိဝဿာယုကာ ပုတ္တာ ဘဝိံသု။

အထခေါ တေသံ ဘိက္ခဝေ သတ္တာနံ ဧဝံ ဘဝိံသု၊ မယံ ခေါ ကုသလာနံ ဓမ္မာနံ သမာဒါနဟေတု အာယုနာပိ ဝဍ္ဎာမ၊ ဝဏ္ဏေနပိ ဝဍ္ဎာမ၊ ယံ နူန မယံ ဘိယျောသော မတ္တာယ ကုသလံ ကရေယျာမ၊ ကိံ ကုသလံ ကရေယျာမ၊ ယံနူန မယံ—

၂။ အဒိန္နာဒါနာ ဝိရမေယျာမ၊ (၃) ကာမေသုမိစ္ဆာစာရာ ဝိရမေယျာမ၊ (၄) မုသာဝါဒါ ဝိရမေယျာမ၊ (၅) ပိသုဏာယ ဝါစာယ ဝိရမေယျာမ၊ (၆) ဖရုသာယ ဝါစာယ ဝိရမေယျာမ၊ (၇) သမ္ဖပ္ပလာပါ ဝိရမေယျာမ၊ (၈) အဘိဇ္ဈံ ပဇဟေယျာမ၊ (၉) ဗျာပါဒံ ပဇဟေယျာမ၊ (၁၀) မိစ္ဆာဒိဋ္ဌိံ ပဇဟေယျာမ။

တယော ဓမ္မေ ပဇဟေယျာမ အဓမ္မရာဂံ ဝိသမလောဘံ မိစ္ဆာဓမ္မံ၊ ယံနူန မယံ မေတ္တေယျာ အဿာမ၊ ပေတ္တေယျာ၊ သာမညာ၊ ဗြဟ္မညာ၊ ကုလေ ဇေဋ္ဌာပစာယိနော၊ ဣဒံကုသလံ ဓမ္မံ သမာဒါယ ဝတ္တေယျာမာတိ၊ တေ မေတ္တေယျာ ဘဝိံသု၊ ပေတ္တေယျာ၊ သာမညာ၊ ဗြဟ္မညာ၊ ကုလေ ဇေဋ္ဌာပစာယိနော၊ ဣဒံ ကုသလံ ဓမ္မံ သမာဒါယ ဝတ္တိံသု။

တေ ကုသလာနံ ဓမ္မာနံ သမာဒါန ဟေတု အာယုနာပိ ဝဍ္ဎိံသု၊ ဝဏ္ဏေနပိ ဝဍ္ဎိံသု၊ တေသံ အာယုနာပိ ဝဍ္ဎမာနာနံ

www.dhammaransi.com



ဝဏ္ဏေနပိ ဝမုခါနာနံ ဗိသတိဝဿာယုကာနံ မနုဿာနံ စတ္တာရီသဝဿာယုကာ ပုတ္တာ ဘဝိဿန္တိ။

စသည်ဖြင့် တက်ကပ်ကြီးသွားလေ၏။

**ပါဠိလျှောက်အဓိပ္ပါယ်ကား။** ။သတ္တန္တရကပ်ကြီးမှ ကျန်ရှိကြကုန်သောလူတို့သည် ဤသို့အကြံဖြစ်ကြကုန်၏၊ ငါတို့သည် အကုသိုလ်တရားတို့ကို စိတ်နောက်ကိုယ်ပါ လိုက်စားကြကုန်သည့် အတွက်ကြောင့် ဤကဲ့သို့ ကာလရှည်ကြာစွာ ဉာတိဆွေမျိုး ပျက်ဆုံး ကုန်ခန်းခြင်းသို့ ရောက်ကြရကုန်သည်၊ ယခုအခါ ငါတို့သည် ကောင်းရာကိုသာ ပြုလုပ်ကြကုန်ရာ၏၊ အဘယ်သို့ ကောင်းရာကို ပြုလုပ်ကြကုန်ရာသနည်း၊ ယခုအခါ ငါတို့သည် သူ့အသက်ကိုသတ်ခြင်းမှ ကြဉ်ရှောင်ကြကုန်ရာ၏-ဟု တညီတညွတ် စိတ်တူ သဘောတူ ပြဓာန်းကြကုန်ပြီးလျှင်—

၁။ ပါဏာတိပါတ ဒုစရိုက်မှ ကြဉ်ရှောင်ကြကုန်လတ္တံ့၊ ထိုအခါ ပါဏာတိပါတဒုစရိုက်မှ ကြဉ်ရှောင်ကြကုန်သည့်အတွက် အသက်ရှည်ခြင်း, အဆင်းလှခြင်းတို့သည် တိုးတက်၍ လာကြကုန်လတ္တံ့၊ ၁၀-နှစ်တမ်းသူတို့၏ သားသမီးတို့သည် အနှစ် ၂၀-အသက်ရှည်ကြကုန်လတ္တံ့၊ ထိုအခါ ပါဏာတိပါတဒုစရိုက်မှ ကြဉ်ရှောင်ကြကုန်သော လူတို့သည် ကုသိုလ်၏အကျိုးကို ကိုယ်တွေ့ဒိဋ္ဌ သိမြင်ကြရကုန်သဖြင့် ကျန်ရှိသော ဒုစရိုက်တရားတို့ကိုလည်း ကြဉ်ရှောင်ကြရန်, စွန့်ပယ်ကြရန် အကြံအစည် သဒ္ဓါဆန္ဒတိုးတက်၍ လာကြကုန်ပြီးလျှင်—

၂။ အဒိန္နာဒါန်ဒုစရိုက်မှလည်း ကြဉ်ရှောင်ကြကုန်လတ္တံ့။
၃။ ကာမေသုမိစ္ဆာစာရဒုစရိုက်မှလည်းကြဉ်ရှောင်ကြကုန်လတ္တံ့။
၄။ မုသာဝါဒ ဒုစရိုက်မှလည်း ကြဉ်ရှောင်ကြကုန်လတ္တံ့။
၅။ ပိသုဏာဝါစာ ဒုစရိုက်မှလည်း ကြဉ်ရှောင်ကြကုန်လတ္တံ့။
၆။ ဖရုသဝါစာ ဒုစရိုက်မှလည်း ကြဉ်ရှောင်ကြကုန်လတ္တံ့။
၇။ သမ္ဖပ္ပလာပ ဒုစရိုက်မှလည်း ကြဉ်ရှောင်ကြကုန်လတ္တံ့။
၈။ အဘိဇ္ဈာ ဒုစရိုက်ကိုလည်း ပယ်စွန့်ကြကုန်လတ္တံ့။
၉။ ဗျာပါဒ ဒုစရိုက်ကိုလည်း ပယ်စွန့်ကြကုန်လတ္တံ့။
၁၀။ မိစ္ဆာဒိဋ္ဌိ ဒုစရိုက်ကိုလည်း ပယ်စွန့်ကြကုန်လတ္တံ့။

www.dhammaransi.com



အဗမ္ဗရာဂ, ဝိသမလောဘ, မိစ္ဆာဓမ္မတို့ကိုလည်း ပယ်စွန့်ကြကုန်လတ္တံ့။ အမိကိုရိုသေမှု လုပ်ကျွေးမှု, အဘကို ရိုသေမှု လုပ်ကျွေးမှု, ရဟန်းပုဏ္ဏားတို့ကို ရိုသေမှု လှူဒါန်းမှု, ဘကြီးဘထွေး-မိကြီးမိထွေး အစရှိသော ဆွေကြီး မျိုးကြီးများကို ရိုသေမှုတို့ကို ပြုကြကုန်လတ္တံ့။

ထိုအခါ၌ အသက်ရှည်ခြင်း, အဆင်းလှခြင်းတို့သည် တိုးတက်ကြကုန်၍ အသက် ၂၀- တမ်းရှည်သူတို့မှ ပေါက်ဘွားသော သားသမီးတို့သည် အသက်၄၀-ရှည်ကြကုန်လတ္တံ့၊အသက်၄၀-ရှည်သူတို့မှ ပေါက်ဘွားသော သားသမီးတို့သည် အသက် ၈၀-ရှည်ကြကုန်လတ္တံ့၊ ဤသို့စသည်ဖြင့် တက်ကပ်ကြီး ဖြစ်လာပုံကိုဟောတော်မူ၏။

ဤပါဠိတော်မှာ လာရှိသည့် ကုသလကမ္မပထတရားကြီး ၁၀-ပါးတွင်လည်း မိစ္ဆာအာဇီဝါ ဝိရမိယာ သိက္ခာ-ဟု အသီးအခြားမလာသည်မှာ ပါဏာတိပါတာ ဝိရမိယာ သိက္ခာ စသည်တို့၌ ပါဝင်လေပြီးဖြစ်၍ အသီးအခြား မလာပေသည်။

ဝါစာကမ္မန္တေသု ဂဟိတေသု ဂဟိတောဝ ဟောတိ တပ္ပက္ခိကတ္တာ ဓုဝပဋိသေဝနဝသေန ပနာယံ တတော နီဟရိတွာ ဒဿိတော-

ဟူသော ထုတ်ပြခဲ့ပြီးသော မဟာအဋ္ဌကထာ ဝိနိစ္ဆယအတိုင်းသိကြလေ။

ဤပါဠိတော်ကြီးကို ထောက်မြော်၍ တက်ကပ်ကြီး တခွင်လုံး တပြင်လုံးသည် မနောသုစရိုက်ကြီး ၃- ပါးနှင့်တကွ အာဇီဝဋ္ဌမက ဝိရတိသီလ၏ နယ်ပယ်ကြီးဖြစ်ကြောင်းကို သိအပ်လေသတည်း။

ဤသို့လျှင် လောက၌ အကုသလ ကမ္မပထတရားကြီး ၁၀- ပါး, ကုသလကမ္မပထတရားကြီး ၁၀-ပါးဟူ၍ ရှိကြသည်တွင်—

ကုသလကမ္မပထတရားကြီး ၁၀- ပါးဆိုသည်ကား-ဤဝိရတိသီလကြီး ၇-ပါးနှင့် မနောကံကြီး ၃-ပါးကိုပင် ဆိုသတည်း၊ ဝိရတိသီလကြီး ၇- ပါးမှာလည်း သမ္မာအာဇီဝဝိရတိကြီး မထင်မရှားရှိနေသည့်အတွက်ကြောင့် သမာဒါနဝိရတိကြီး ၃- ပါးတို့တွင် သမ္မာအာဇီဝ

www.dhammaransi.com



သမာဒါနဝိရတိကြီးကိုလည်း အသီးအခြား ထင်ရှားစွာ ထုတ်ဘော်၍ သမာဒါန ဝိရတိသီလကို ခံယူဆောက်တည်ကြသောအခါ ထိုဝိရတိသီလကြီး ၇-ပါးသည် အာဇီဝဋ္ဌမကသီလကြီး ဖြစ်လာ၏။

[ဤအာဇီဝဋ္ဌမကသီလကြီးနှင့် မနောသုစရိုက်ကြီး ၃-ပါးကို ကုသလကမ္မပထတရားကြီး ၁၀-ပါး ခေါ်၏။]

ဈာန်,မဂ်,ဖိုလ်တရားတို့သို့မရောက်သော ကုသိုလ်ကမ္မပထတရားကြီး ၁၀- ပါးကို ဥတ္တရိမနုဿဓမ္မာဟူသော ပါဠိ၌ "မနုဿဓမ္မလူတို့၏တရား"ဟူ၍ အဋ္ဌကထာတို့၌ ဘွင့်ကြကုန်၏။

ထို့ကြောင့်—


ဤဝိနိစ္ဆယမှာ ပြဆိုရင်းဖြစ်သော ဝိရတိသီလကို သမ္မာအာဇီဝ ဝိရတိကြီး အသီးအခြားနှင့်တကွ ပြည့်စုံစွာ ခံယူစောင့်ရှောက်လိုကြကုန်သော ဂဟဋ္ဌဖြစ်သူ လူသူတော်ကောင်းအပေါင်းတို့သည် သီဟိုဠ်ကျွန်းတွင် ဥတ္တရဝဓုမာန တောင်ပေါ်ရွာနေ လယ်ထွန်ယောက်ျားနွားကျောင်းသား ဥပါသကာကဲ့သို့ သဒ္ဓါဆန္ဒထက်သန်စွာနှင့် အာဇီဝ ဋ္ဌမက နိစ္စသီလကြီးကိုပါဏုပေတံ ခံယူဆောက်တည်၍ စောင့်ထိန်းကြကုန်ရာ သတည်း။

နိစ္စသီလအနေနှင့် ပါဏုပေတံ ခံယူစောင့်ထိန်းမှုမှာလည်း ရဟန်းတော်များကဲ့သို့ပင် ပုထုဇဉ်ဂတိဖြစ်၍ ရံဘန်ရံခါ ကျူးလွန်မိခဲ့သော် ထိုနေ့အတွင်းမှာပင် ထပ်မံ၍ခံယူလျှင် ရမြဲရပြန်၏၊ မိမိတို့စောင့်ထိန်းကြသော သီလသိက္ခာပုဒ်တို့၏ အင်္ဂါတို့ကိုလည်း ကောင်းစွာ သိအောင်အားထုတ်ကြကုန်ရာ၏။

ကုသလကမ္မပထ ၁၀-ပါး ဖြစ်ပွားရာကာလကို ပြခြင်း ပြီး၏။

၁၂၇၃-ခု တပို့တွဲလဆုတ် ၁၀-ရက်နေ့
ဝိရတိသီလဝိနိစ္ဆယပြီး၏။

www.dhammaransi.com



# သီလဝိနိစ္ဆယကျမ်း

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

### ၁—၅-ပါးသီလ၏ နိစ္စ,အနိစ္စစိစ်တမ်း

**နမဿုဗုဒ္ဓဿ။** ။နိစ္စသီလ,အနိစ္စသီလ ၂-ပါးတို့၏အထူးအပြား ကို ဖြေဆိုဆုံးဖြတ်ပေအံ့။

ဂဟဋ္ဌသီလံနာမ ဥပါသက ဥပါသိကာနံ နိစ္စသီလဝသေန
ပဉ္စသိက္ခာပဒါနိ သတိ ဝါ ဥဿာဟေ ဒသ ဥပေါသထင်္ဂ—
ဝသေန အဋ္ဌ ဣဒံ ဂဟဋ္ဌသီလံနာမ။
[ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။]

[ဤပါဠ်၌ နိစ္စသီလဝသေန-ပုဒ်ကို ဒသ-၌ လိုက်စေ၊ဥပေါသထင်္ဂဝ-သေန-ပုဒ်ကား နိစ္စသီလဝသေန-ပုဒ်ကို နှစ်စေ၏၊ သိက္ခာပဒါနိပုဒ်ကို ဒသ-ပုဒ်,အဋ္ဌပုဒ်တို့၌ လိုက်စေ။]

ဂဟဋ္ဌသီလံနာမ၊ဂဟဋ္ဌသီလမည်သည်ကား။ဥပါသက ဥပါသိကာ-နံ၊ သီတင်းသည်ယောကျ်ား, သီတင်းသည်မိန်းမတို့၏။နိစ္စသီလဝသေန၊ နိစ္စသီလ၏အစွမ်းအားဖြင့်။ ပဉ္စဝါသိက္ခာပဒါနိ၊၅-ပါးသော သိက္ခာ-ပုဒ်တို့သည်လည်းကောင်း။ ဥဿာဟေ၊ စွမ်းနိုင်သည်။ သတိ၊ ရှိသော်။ နိစ္စသီလဝသေန၊ နိစ္စသီလ၏အစွမ်းအားဖြင့်။ ဒသဝါ သိက္ခာပဒါနိ၊ ၁၀-ပါးသော သိက္ခာပုဒ်တို့သည်လည်းကောင်း။ဥပေါသထင်္ဂဝသေန၊

www.dhammaransi.com



ဥပုသ်အင်္ဂါ၏ အစွမ်းအားဖြင့်။ အဋ္ဌ၊ ၈-ပါးသော သိက္ခာပုဒ်တို့သည် လည်းကောင်း။ ဣဒံ၊ ဤ ၃-မျိုးသည်။ ဂဟဋ္ဌသီလံနာမ၊ ဂဟဋ္ဌသီလ မည်၏။

[ဤသို့အပြည့်အစုံအနက်ပေး။]

နိစ္စသီလသည် ၅-ပါးတရပ်, ၁၀-ပါးတရပ်၊ ဤသို့ ၂-ရပ်ထွက် သောကြောင့် ဂဟဋ္ဌဖြစ်သူ လူပုဂ္ဂိုလ်သည်လည်း—

၁။ ၅-ပါးနိစ္စနှင့်ထိုက်တန်သော ဂဟဋ္ဌလူ တမျိုး,

၂။ ၁၀-ပါးနိစ္စနှင့် ထိုက်တန်သော ဂဟဋ္ဌလူ တမျိုး—

ဟူ၍ ဂဟဋ္ဌဖြစ်သူ လူ ၂-မျိုးကိုလည်း သိအပ်၏။

၁။ ၅-ပါးနိစ္စနှင့်ထိုက်တန်သူ လူတမျိုးဆိုသည်ကား-အဝတ်ဖြူ, အဝတ်ကြောင်-အစရှိသော ပကတိလူဝတ်ကို ဝတ်သောလူ မျိုးတည်း။

၂။ ၁၀-ပါးနိစ္စနှင့် ထိုက်တန်သူ လူတမျိုးဆိုသည်ကား-ပကတိ လူဝတ်မျိုးကို ပယ်စွန့်၍ ညောင်ခေါက်အစရှိသော ဖန်ရည်ဆိုး သော အဝတ်ကိုဝတ်သော ပဗ္ဗဇိတအသွင် တစိတ်၌ တည် သောလူမျိုးတည်း။

ဥပေါသထင်္ဂဝသေန-ပုဒ်ဖြင့် နိစ္စသီလဝသေန-ပုဒ်ကို နှစ်စေသော ကြောင့် ၈-ပါးမူကား-အနိစ္စဟုသိအပ်၏၊ ၅-ပါး, ၁၀-ပါးတို့ကား- နိစ္စ, ၈-ပါးကား-အနိစ္စ၊ ဤသို့နိစ္စ, အနိစ္စ ၂-မျိုးဖြစ်၏။

ဂဟဋ္ဌဖြစ်သူ လူ ၂-မျိုးတို့တွင်—

၁။ ပကတိလူဝတ်နှင့်နေကြသော လူသာမညတို့၌ ၅-ပါးသည် နိစ္စ ဖြစ်၏၊ ၈-ပါးသည် အနိစ္စဖြစ်၏။

၂။ ဖန်ရည်ဆိုးသော အဝတ်ကိုဝတ်သော လူဝိသေသတို့၌မူကား- ၁၀-ပါးသည် နိစ္စဖြစ်၏၊ ၈-ပါးသည် နိစ္စ ၁၀-ပါး၌ အတွင်း ဝင်လေ၏။

[၈-ပါး, ၁၀-ပါးဆိုရာတို့၌လည်း နိစ္စ၅-ပါးသည် အတွင်းဝင်လျက် ရှိလေသောကြောင့် နိစ္စ၅-ပါးမှကြွင်းကုန်သော အင်္ဂါတို့အတွက်နှင့်သာ ၈-ပါး, ၁၀-ပါးကို အသီးဆိုရလေသည်၊ ကာမေသုမိစ္ဆာစာရ အင်္ဂါနှင့်

www.dhammaransi.com



ပြည့်စုံသော အဖြူဟူစရိယမှုသည် နိစ္စ ၅-ပါး၌ အတွင်းဝင်ပြီးဖြစ်၏၊ထို့ကြောင့် ၈-ပါး,၁၀-ပါးတို့၏သဘောကို ပြဆိုရာအချက်တို့၌ ကာမေသုမိစ္ဆာစာရအင်္ဂါမှ လွတ်သော အဗြဟ္မစရိယမှုကို သိလေ။]

၅-ပါးသည် သဘာဝအားဖြင့် နိစ္စမျိုးသာဖြစ်၏၊ ပုဂ္ဂလဇ္ဈာသယအားဖြင့်မူကား-အနိစ္စလည်းဖြစ်၏။

၁။ သဘာဝအားဖြင့် အဘယ်သို့ နိစ္စမျိုးသာဖြစ်သနည်း ဟူမူကား-သူ့အသက်ကိုသတ်ခြင်း အစရှိသော ၅-ပါးသောအမှုသည် ဘယ်အခါမှာမှ ပြုထိုက်သော အမှုမျိုးမဟုတ်လေရကား-ထို၅-ပါးတို့မှ ကြဉ်ရှောင်ခြင်းအမှုသည် သဘာဝအားဖြင့် ခပ်သိမ်းသော သတ္တဝါတို့အား ခပ်သိမ်းသောအခါ၌ အစဉ်ထာဝရမြဲထိုက်သောသဘောရှိ၏။

[ဤကား-၅-ပါးသည် သဘာဝအားဖြင့် နိစ္စမျိုးဖြစ်ပုံတည်း။]

၂။ ထို၅-ပါးသည် အဘယ်သို့ ပုဂ္ဂလဇ္ဈာသယအားဖြင့် အနိစ္စဖြစ်သနည်းဟူမူကား-ထို၅-ပါးကို အမြဲမစောင့်ထိန်းနိုင်သောသူသည် ရံဘန်ရံခါ ခံယူ၍စောင့်ထိန်းလိုလျှင် စောင့်ထိန်းရ၏။

[ဤကား-ထို ၅-ပါးသည် ပုဂ္ဂလဇ္ဈာသယအားဖြင့် အနိစ္စဖြစ်ပုံတည်း။]

ထို၂-ပါးတို့တွင် ပုဂ္ဂလဇ္ဈာသယသည်ကား-ပဓာနမဟုတ်၊သဘာဝသည်သာ ပဓာနဖြစ်လေသောကြောင့် အဋ္ဌကထာတို့၌သဘာဝကိုသာ ပဓာနပြုသောအားဖြင့် ၅-ပါးသီလကို နိစ္စအတွဲ၌သာ ပြဆိုကြပေကုန်သည်။

၅-ပါးသီလ၏နိစ္စ,အနိစ္စစစ်တမ်းပြီး၏။

---

## ၂–၁၀-ပါးသီလ၏နိစ္စ,အနိစ္စစစ်တမ်း

၁၀-ပါးသည်လည်း သဘာဝအားဖြင့် နိစ္စမျိုးသာဖြစ်၏။

ပုဂ္ဂလဇ္ဈာသယအားဖြင့်မူကား- အနိစ္စလည်းဖြစ်၏၊ နိစ္စလည်းဖြစ်၏။

www.dhammaransi.com



၁၀-ပါးသည်—

၁။ သဘာဝအားဖြင့် အဘယ်သို့ နိစ္စမျိုးသာဖြစ်သနည်းဟူမူကား—

ဖန်ရည်ဆိုးသော အဝတ်ကို ဝတ်သော ဂဟဋ္ဌဖြစ်သူ လူဝိသေသတို့အား ဇာတရူပရဇတပဋိဂ္ဂဟ တိုင်အောင်သော ၁၀-ပါးသောအမှုတို့သည် ဘယ်အခါမှာမှ ပြုခြင်းငှါမထိုက်သော အမှုတို့ပေတည်း၊ ပြုခဲ့လျှင် အဝတ်အသွင်နှင့် မတန်သောကြောင့် ပညာရှိသူ နတ်လူအပေါင်းတို့ ကဲ့ရဲ့ဘွယ်သော ညှိုးနွမ်းခြင်း ညစ်နွမ်းခြင်း အဖြစ်သို့ ရောက်လေကုန်၏၊ ထို့ကြောင့် ထို၁၀-ပါးသည် ထိုသူတို့အား ထိုအဝတ်အသွင်နှင့် တည်နေသမျှကာလပတ်လုံး အစဉ်ထာဝရ မြဲထိုက်သော သဘောရှိ၏။

[ဤကား-၁၀-ပါး၏သဘာဝအားဖြင့် နိစ္စမျိုးသာဖြစ်ပုံတည်း။]

၂။ ပုဂ္ဂလဇ္ဈာသယအားဖြင့် အဘယ်သို့လျှင် နိစ္စ,အနိစ္စဖြစ်သင့်လေသနည်းဟူမူကား-ပကတိ လူသာမန်တို့အား ထို၁၀- ပါးသည် သဘာဝ နိစ္စဖြစ်ခြင်းငှါမထိုက်၊ အဘယ်ကြောင့်နည်းဟူမူ-အပြဟ္မစရိယမှု, ဝိကာလဘောဇနအစ ဇာတရူပရဇတပဋိဂ္ဂဟအဆုံးရှိသော အမှုတို့သည် ပကတိလူသာမန်တို့မှာ အဝတ်အသွင်နှင့် မထိုက်တန်သော အမှုမျိုးမဟုတ်ကုန်၊ ထိုက်တန်သော အမှုမျိုးတို့သာ ဖြစ်ကုန်၏၊လူချမ်းသာ, နတ်ချမ်းသာ, လူ့စည်းစိမ်, နတ်စည်းစိမ် အရိုးအစဉ်တို့သာ ဖြစ်ကုန်၏၊ ထိုအမှုတို့မှ မကြဉ်ရှောင်သည့်အတွက်နှင့် လူသာမန်တို့ အလယ်၌ ဂုဏ်ကြက်သရေ ညှိုးနွမ်းဘွယ်မရှိလေသောကြောင့် လူသာမန်တို့မှာ ပြုခဲ့လျှင် အပြစ်ရှိသည်ဟူသော သာဝဇ္ဇဓမ္မမျိုး မဟုတ်လေရကား-ထို ၁၀-ပါးသည် အစဉ်ထာဝရအမြဲစောင့်ထိန်းရမည် ဟူသော နိစ္စသဘောမျိုး မဟုတ်လေသတည်း။

ပုဂ္ဂလဇ္ဈာသယအားဖြင့်မူကား-ထိုလူသာမန်တို့သည် ၁၀-ပါးသီလကို နေ့ရက်အပိုင်းအခြားနှင့် အနိစ္စအနေအားဖြင့် ခံယူစောင့်ထိန်းလိုလျှင် စောင့်ထိန်းရ၏၊ "အဇ္ဇတဂ္ဂေ ပါဏုပေတံ-နိစ္စအနေ"အားဖြင့် ခံယူ၍ စောင့်ထိန်းလိုလျှင် စောင့်ထိန်းရ၏၊ကုသိုလ်တရား ပွားများ၏။

[ဤကား-၁၀-ပါးသီလသည် ပုဂ္ဂလဇ္ဈာသယအားဖြင့်နိစ္စ,အနိစ္စဖြစ်ပုံတည်း။]

www.dhammaransi.com



ထို ၂-ပါးတို့တွင် ပုဂ္ဂလဇ္ဈာသယသည် ပဓာနမဟုတ်၊ သဘာဝသည်သာ ပဓာနဖြစ်လေသောကြောင့် အဋ္ဌကထာတို့၌ သဘာဝကိုသာ ပဓာနပြုသောအားဖြင့် ၁၀-ပါးသီလကို နိစ္စအဘို့၌သာ ပြဆိုတော်မူကြပေကုန်သည်။

၁၀-ပါးသီလ၏နိစ္စ, အနိစ္စစိစစ်တမ်းပြီး၏။

---

## ၃—၈-ပါးသီလ၏နိစ္စ, အနိစ္စစိစစ်တမ်း

၈-ပါးသည် သဘာဝအားဖြင့် အနိစ္စမျိုးသာဖြစ်၏၊ ပုဂ္ဂလဇ္ဈာသယအားဖြင့်မူကား-နိစ္စ, အနိစ္စ ၂-ပါးပင်ဖြစ်သင့်၏။

[ဤ ၈-ပါးသည် လူဝိသေသတို့မှာ နိစ္စ ၁၀-ပါး၌ အတွင်းဝင်ပြီးဖြစ်လေသောကြောင့် လူဝိသေသတို့အတွက် အသီးဆိုခွင့်မရှိပြီ၊ လူသာမန်တို့မှာ သဘာဝနိစ္စမျိုးမဟုတ်ကြောင်းကို ၁၀-ပါး၌ပြဆိုခဲ့ပြီးသောအတိုင်းမှတ်လေ။ ]

ထိုသို့ ၈-ပါးသည်လည်း လူသာမန်တို့မှာ လွန်ကျူးခဲ့လျှင် အပြစ်ရှိသည်ဟူသော သာဝဇ္ဇဓမ္မမျိုး မဟုတ်လေသောကြောင့် အစဉ်ထာဝရစောင့်ထိန်းရမည်ဟူသော နိစ္စသဘောမျိုး မဟုတ်လေရကား- တတ်စွမ်းနိုင်သမျှ တလလျှင် ၄-သီတင်း, ၈-သီတင်း အစရှိသည်ဖြင့် စောင့်ထိန်းအပ်သော အနိစ္စသဘောမျိုးသာ ဖြစ်သည်ဟု သိအပ်၏၊မစောင့်မထိန်းသောနေ့ရက် နာရီအတွက်နှင့် လူသာမန်အဖြစ်မှာ ညစ်နွမ်းမှုမရှိသောကြောင့် အနိစ္စသီလမျိုးဆိုရသည်-ဟူလို။

ထိုစကားမှန်၏—

၁။ လူသာမန်တို့မှာ ဥပုသ်ရက်မဟုတ်သောနေ့၌ နေလွဲညစာစားသောက်သည့် အတွက်ကြောင့် ထိုသူကို လူညစ်ဟူ၍ မဆိုအပ်ပေ၊ ထို့အတူ မိမိပိုင်ဝတ္ထု၌ အဗြဟ္မစရိယမှုကို ပြုခြင်း, နစ္စ-ဂီတစသည်ကို သာယာခြင်း,မြင့်သောနေရာ, မြတ်သောနေရာ၌ နေခြင်း, ရွှေငွေကို သာယာခြင်းတို့ကြောင့် ထိုသူကို လူညစ်ဟူ၍ မဆိုအပ်ပေ။

www.dhammaransi.com



၂။ ဖန်ရည်ဆိုးသော အဝတ်ကိုဝတ်သော လူဝိသေသသည် ထိုဝိကာလ ဘောဇုနစသော အမှုကို ပြုခဲ့မူကား- ထိုသူကို လူသူတော်ညစ်ဟူ၍ဆိုအပ်၏။

ဤသို့သောယုတ္တိကြောင့် ထို ၈-ပါးသည် လူသာမန်တို့မှာ သဘာဝအားဖြင့် အနိစ္စမျိုးသာ ဖြစ်လေသည်ဟု သိအပ်လေသတည်း။

[ဤကား-လူသာမန်တို့မှာ ထို ၈-ပါးသည် သဘာဝအားဖြင့် အနိစ္စမျိုးသာ ဖြစ်ပုံတည်း။]

ထို ၈-ပါးသည် လူသာမန်တို့မှာ ပုဂ္ဂလဇ္ဈာသယအားဖြင့် အဘယ်သို့ နိစ္စ,အနိစ္စ ၂-ပါးဖြစ်သင့်လေသနည်း ဟူသော အမေးမှာလည်း ထိုလူသာမန်တို့မှာ ၁၀-ပါးသီလ၏ နိစ္စ,အနိစ္စ ၂-ပါး ဖြစ်သင့်ပုံ၌ ပြဆိုခဲ့ပြီးသော အတိုင်းပြဆိုလေ။

[ဤကား-၈-ပါးသည် လူသာမန်တို့မှာ ပုဂ္ဂလဇ္ဈာသယအားဖြင့် နိစ္စ,အနိစ္စ ၂-ပါးဖြစ်သင့်ပုံတည်း။]

ထို ၂-ပါးတို့တွင် ပုဂ္ဂလဇ္ဈာသယကား- ပဓာနမဟုတ်၊ သဘာဝသည်သာ ပဓာနဖြစ်လေသောကြောင့် အဋ္ဌကထာတို့၌ သဘာဝကိုသာ ပဓာနပြုသောအားဖြင့် ၈-ပါးသီလကို အနိစ္စအဘို့၌ ပြဆိုတော်မူကြပေကုန်သည်။

၈-ပါးသီလ၏ နိစ္စ,အနိစ္စစစ်တမ်း ပြီး၏။

---

### ၄-သဘာဝနိစ္စစသည်တို့၏အဆုံးအဖြတ်

သဘာဝ နိစ္စမျိုး၌ကား-သိက္ခာပုဒ်ကို ခံယူဆောက်တည်ခြင်း မရှိဘဲ နှင့်ပင် လွန်ကျူးခဲ့လျှင် ညစ်နွမ်းသော အဘို့၌တည်၏၊ သဘာဝအနိစ္စမျိုး၌ကား-သိက္ခာပုဒ်ကို မခံယူခဲ့သည်ရှိသော် ပြုကျင့်သော်လည်း ညစ်နွမ်းသည်မဆိုရ၊ သိက္ခာပုဒ်ကို ခံယူလျက်နှင့် ပြုကျင့်မှသာ ညစ်နွမ်းသည်ဆိုရ၏။

၁။ အဝတ်ဖြူသည် လူသာမန်တို့၏ အဝတ်မျိုး စင်စစ် ဖြစ်ခဲ့၍ သဘာဝနိစ္စ ၁၀-ပါးနှင့် မထိုက်တန်ကြောင်း,

www.dhammaransi.com



၂။ တမင်ခံယူ၍ စောင့်ထိန်းသော ပုဂ္ဂလဇ္ဈာသယ ၁၀-ပါးနှင့် သာ ထိုက်တန်ကြောင်း,

၃။ ဖန်ရည်ဆိုးသော အဝတ်သည်သာလျှင် မြင့်မြတ်သော အရာ မျိုးဖြစ်၍ သဘာဝနိစ္စ ၁၀-ပါးနှင့် ထိုက်တန်ကြောင်း,

၄။ ဖန်ရည်ဆိုးအဝတ်ကို ဝတ်လျက်နှင့် ၁၀-ပါးကိုလုံခြုံစွာ မထိန်း ခဲ့လျှင် အသွင်နှင့် မတန်သည့်အတွက် ကဲ့ရဲ့ဘွယ်သော သာ-ဝဇ္ဇအဖြစ်၌ တည်ကြောင်းကိုပြဆိုဦးအံ့။

အဝတ်ဖြူသည် ကာမဂုဏ်ကို ခံစားသူ လူတို့၏ အသုံးအဆောင် ဖြစ်ကြောင်းသည် ဝိနည်းတော် တလျှောက်မှာ ထင်ရှားပါ၏၊ မျက် မြင်အားဖြင့်လည်း အနောက်နိုင်ငံသား ဟိန္ဒူလူမျိုးများမှာ ထင်ရှား ၏၊ နောင်သာသနာ၌ ဖြစ်ပေါ်လာလတ္တံ့သောပါပဘိက္ခုတို့၏ အခြင်းအရာကို ဟောတော်မူရာ ဖုဿထေရ ဂါထာပါဠိတော်၌ ဤသို့ လာ၏။

၁။ အဇေဂုစ္ဆံ ဝိမုတ္တေဟိ၊ သုရတ္တံ အရဟဒ္ဓဇံ။
ဇိဂုစ္ဆိဿန္တိ ကာသာဝံ၊ ဩဒါတေသု သမုစ္ဆိတာ။

**အနက်ကား။** ။ဩဒါတေသု၊ အဝတ်ဖြူတို့၌။ သမုစ္ဆိတာ၊မက်မော ကြကုန်သော ပါပရဟန်းတို့သည်။ ဝိမုတ္တေဟိ၊ ကိလေသဝဋ်မှ ကျွတ် လွတ်ကြကုန်ပြီးသော သူတော်ကောင်းတို့သည်။ အဇေဂုစ္ဆံ၊ မစက် ဆုပ်အပ်သော။ သုရတ္တံ၊ ကောင်းစွာနီမြန်းသော။ အရဟဒ္ဓဇံ၊ ရဟန္တာတို့၏ တံခွန်ဖြစ်သော။ ကာသာဝံ၊ ဖန်ရည်ဆိုးသင်္ကန်းမျိုးကို။ ဇိဂုစ္ဆိဿန္တိ၊ စက်ဆုပ်ကြကုန်လတ္တံ့။

**အဓိပ္ပါယ်ကား။** ။နောင်အခါ အဝတ်ဖြူတို့၌မက်မောကြကုန်သော ပါပ ရဟန်းတို့သည် ကိလေသဝဋ်မှ ကျွတ်လွတ်ပြီးသော အရိယာ သူတော်ကောင်းတို့ မစက်ဆုပ်အပ်သော ကောင်းစွာ နီမြန်းသော ရဟန္တာတို့၏ တံခွန်ဖြစ်သော ဖန်ရည်ဆိုးသင်္ကန်းမျိုးကို စက်ဆုပ်ကြ ကုန်လတ္တံ့။

၂။ မိလက္ခုရဇနံ ရတ္တံ၊ ဂရဟန္တာ သကံ ဓဇံ။
တိတ္ထိယာနံ ဓဇံ ကေစိ၊ ဓာရယန္တျ ၁ဝဒါတကံ။

www.dhammaransi.com



**အနက်ကား။** ။မိလက္ခုရဇနံရတ္တံ၊ ညောင်ခေါက်ဆိုးရည်ဖြင့် တပ်အပ်သော။သကံမဇံ၊မိမိတို့အနွယ်၏ဆိုင်ရာ တံခွန်ဖြစ်သော သက်န်းကို။ ဂရဟန္တာ၊ ကွဲရှဲကြကုန်လျက်။ တိတ္ထိယာနံ၊ တိတ္ထိတို့၏။ ဓဇံ၊တံခွန်ဖြစ်သော။ အဝဒါတကံ၊ အဝတ်ဖြူကို။ ကေစိ၊ အချို့သော ပါပရဟန်းတို့သည်။ ဓာရယန္တိ၊ ဆောင်ကြကုန်လတ္တံ့။

**အဓိပ္ပါယ်ကား။** ။နောင်သောအခါ၌ အချို့သော ပါပရဟန်းတို့သည် ညောင်ကြတ်ခေါက်ဖြင့် ဆိုးအပ်သော မိမိတို့အနွယ်ဆိုင်ရာ တံခွန်ဖြစ်သော သက်န်းကို ကွဲရှဲကုန်လျက် အဝတ်ဖြူကို ဆောင်ကြကုန်လတ္တံ့။

[ဤဒေသနာဂါထာ၌ ညောင်ခေါက်ဆိုးသက်န်းသည် ရဟန္တာတို့၏တံခွန်, အဝတ်ဖြူသည် တိတ္ထိတို့၏တံခွန်–ဟုလာ၏။]

၃။ အနိက္ကသာဝေါ ကာသာဝံ၊ ယော ဝတ္ထံ ပရိဓဿတိ။
အပေတော ဒမသစ္စေန၊ န သော ကာသာဝမရဟတိ။

**အနက်ကား။** ။ယော၊ အကြင်သူသည်။ အနိက္ကသာဝေါ၊ ကိလေ-သာတည်းဟူသော ဖန်ရည်အပြည့်ရှိလျက်။ ဒမသစ္စေန၊ ဣန္ဒြေ ၆-ပါးကို ဆုံးမခြင်း- ဒမ, မှန်သောစကားကိုသာ ပြောဆိုခြင်း-သစ္စာတရားမှ။ အပေတော၊ ကင်းသည်ဖြစ်လျက်။ ကာသာဝံဝတ္ထံ၊ ညောင်ခေါက်စသည် ဖန်ရည်တပ်စွန်း လွှန်နီမြန်းသော သက်န်းကို။ ပရိဓဿတိ၊ ဝတ်ရုံငြားအံ့။ သော၊ ထိုသူသည်။ကာသာဝံ၊ သက်န်းကို။ န အရဟ-တိ၊ မထိုက်မတန်လေ။

**အဓိပ္ပါယ်ကား။** ။အကြင်သူသည် ကိုယ်တွင်း၌ ကိလေသာတည်းဟူသော ဖန်ရည်အပြည့်ရှိလျက် ဣန္ဒြေ ၆-ပါးကို ဆုံးမခြင်း,မှန်သောစကားကိုသာပြောဆိုခြင်း တည်းဟူသော ရဟန်းတရားတို့မှ ကင်းသည်ဖြစ်လျက် ညောင်ခေါက်စသည်ဖန်ရည်တပ်စွန်းလွှန်နီမြန်းသောသက်န်းကို ဝတ်ရုံငြားအံ့၊ထိုသူသည် ထိုသက်န်းကို ဝတ်ရုံခြင်းငှါမထိုက်။

[ဤဒေသနာဂါထာဖြင့် အမြဲဟူစရိယမှု, ဝိကာလဘောဇနမှု အစရှိသော ရန့်ရင်းသော ကိလေသာ ဖန်ရည်ရှိနေသောသူသည် ညောင်ခေါက်ဆိုးကို ဝတ်ရုံခြင်းငှါမထိုက်၊ ညောင်ခေါက်ဆိုးကို ဝတ်သောသူသည် ထိုအမှုကြမ်းတို့ကို ပြုခြင်းငှါမထိုက်ဟူသော အနက်ကို ပြဆိုတော်မူသည်။]

www.dhammaransi.com



၄။ ယော စ ဝန္တကသာဝဿ၊ သီလေသု သုသမာဟိတော။
ဥပေတော ဒမသစ္စေန၊ သ ဝေ ကာသာဝ´ မရဟတိ။

**အနက်ကား။** ။ယောစ၊ အကြင်သူသည်ကား။ ဝန္တကသာဝေါ၊ ထွေးအန်စွန့်ပယ်အပ်ပြီးသော ကိလေသာ တည်းဟူသော ဖန်ရည်ရှိသည်။ အဿ၊ ဖြစ်ရာ၏။ သီလေသု၊ စတုပါရိသုဒ္ဓိသီလတို့၌။ သုသမာဟိတော၊ ကောင်းစွာတည်ကြည် စောင့်ရှောက်၏။ ဒမသစ္စေန၊ ဣန္ဒြေ ၆-ပါးကို ဆုံးမခြင်း-ဒမ, မှန်သော စကားကိုသာ ပြောဆိုခြင်း-သစ္စာ တရားနှင့်။ ဥပေတော! ပြည့်စုံ၏။ သ-သော၊ ထိုသူသည်။ ကာသာဝံ၊ သင်္ကန်းကို။ ဝေ၊ စင်စစ်။ အရဟတိ၊ ထိုက်တန်၏။

**အဓိပ္ပါယ်ကား။** ။အကြင်သူသည်ကား-ကိုယ်တွင်း၌ ထွေးအန်စွန့်ပယ်အပ်ပြီးသော အဖြူ့စရိယဟူသောကိလေသာဖန်ရည်ရှိ၏၊ဣန္ဒြိယသံဝရသီလ, ဝစီသစ္စာတရားနှင့်ပြည့်စုံ၏၊ ထိုသူသည်သာ ညောင်ခေါက်ဆိုးကို ဝတ်ခြင်းငှါထိုက်၏။

[ဤဂါထာ၌သီလေသု၌ ၁၀-ပါးသီလအစရှိသော **နိစ္စသီလကြီး**တွေကို ယူလေ။]

ဖန်ရည်ခေါ်ရသော ကိလေသာမျိုးကား-မေထုနသေဝန,ဝိကာလဘောဇန-စသောရုန့်ရင်းသော ကိလေသာမျိုးတို့ကို ဖန်ရည်ဆိုသတည်း၊ ထို့ကြောင့် ၅-ပါးနိစ္စတည်ရုံမျှသည် ညောင်ခေါက်ဆိုးနှင့်မထိုက်တန်သေး၊ ၈-ပါးနိစ္စတည်ရုံမျှသည်လည်း ညောင်ခေါက်ဆိုးနှင့်မထိုက်တန်သေး၊ ယုတ်စွအဆုံး သဘာဝနိစ္စ ၁၀-ပါးတည်မှသာ ညောင်ခေါက်ဆိုးနှင့် ထိုက်တန်သည်ဟု သိအပ်၏၊ ညောင်ခေါက်ဆိုးအဝတ်နီကို ဝတ်သောသူသည် ၁၀-ပါးသောသီလကို ဘယ်အခါမှ လွန်ကျူးခြင်းငှါမထိုက်၊ ၁၀-ပါးတွင် တပါးပါးကို လွန်ကျူးခဲ့သော် ဤဒေသနာတော်အတိုင်း ကဲ့ရဲ့ဘွယ်သောအပြစ်စွန်းငြိ၍ သာဝဇ္ဇအဘို့၌ တည်၏-ဟူသောအနက်ကိုလည်း သိအပ်၏။

၅။ ဝိပန္နသီလော ဒုမ္မေဓော၊
ပါကဋော ကာမကာရိယော။
ဝိဗ္ဘန္တစိတ္တော နိဿုက္ကော၊
န သော ကာသာဝ မရဟတိ။

www.dhammaransi.com



**အနက်ကား။** ။ယော၊ အကြင်သူသည်။ ဝိပန္နသီလော၊ ပျက်စီးသော နိစ္စသီလရှိ၏။ ဒုမ္မေဓော၊ ပညာနည်းပါး၏။ ပါကဋော၊ ထင်ရှားပေါ်လွင်သော ဣန္ဒြေရှိ၏။ ကာမကာရိယော၊ စိတ်အလိုရှိတိုင်း စိတ်နောက်ကိုယ်ပါ ပြုကျင့်တတ်၏။ ဝိဗ္ဘန္တစိတ္တော၊ မရပ်မတည်လည်သော စိတ်နှလုံးရှိ၏။ နိဿံကြော၊ ဖြူစင်သောဟိရီ,ဩတ္တပ္ပတရားတို့မှ ကင်းလွတ်ဝေးကွာ၏။ သော၊ ထိုသူသည်။ ကာသာဝံ၊ သင်္ကန်းကို။ နအရဟတိ၊ မထိုက်မတန်လေ။

**အဓိပ္ပါယ်ကား။** ။အကြင်သူသည် ပျက်စီးသောနိစ္စသီလရှိ၏၊ပညာမဲ့၏၊ ပေါ်လွင်သောဣန္ဒြေရှိ၏၊ စိတ်အလိုရှိတိုင်း စိတ်နောက်ကိုယ်ပါ ပြုကျင့်တတ်၏၊မရပ်မတည်လည်သောစိတ်ရှိ၏၊ ဖြူစင်သောဟိရီဩတ္တပ္ပတရားတို့မှ ကင်းလွတ်၏၊ ထိုသူသည် ညောင်ခေါက်ဆိုးနှင့်မထိုက်။

**လိုရင်းမှာ။** ။၁၀-ပါးသီလအမြဲတည်လျှင်ပင် ထိုအပြစ်တို့မှကင်းလွတ်၍ ညောင်ခေါက်ဆိုးနှင့် ထိုက်တန်ပြီမှတ်၊ ထို့ကြောင့် ဖန်ရည်ဆိုးအဝတ်ကို ဝတ်ရုံသောသာမဏေများမှာ ၁၀-ပါးသီလကို အရင်းခံထားရလေသတည်း၊ သင်္ကန်းဝတ်မိလျှင်ပင် ၁၀-ပါးသီလခံယူမှုကိစ္စပြီးပြီ၊ သာမဏေအစစ်ကြီးမဟုတ်သေး၍ သာမဏေသီလဟု ဝိသေသမဆိုရသေး၊ သရဏဂုံ ခံယူမှုပြည့်စုံမှ သာမဏေ အစစ်ကြီး ဖြစ်၍ သာမဏေသီလဆိုရသည်၊ ထို့ကြောင့်ပင်လျှင် ဝိနည်းကျမ်းဂန်တို့၌ သာမဏေသီလသည် သရဏဂုံဖြင့် ပြီးစီးသည်ဟု ဆိုကြကုန်သည်။

၆။ ယော စ သီလေန သမ္ပန္နော၊
ဝီတရာဂေါ သမာဟိတော။
ဩဒါတမန သင်္ကပ္ပေါ၊
သ ဝေ ကာသာဝ မရဟတိ။

**အနက်ကား။** ။ယော စ၊ အကြင်သူသည်ကား။ သီလေန၊နိစ္စသီလ-နှင့်။ သမ္ပန္နော၊ ပြည့်စုံ၏။ ဝီတရာဂေါ၊ ရုန့်ရင်းကြမ်းထမ်းသော ရာဂမှကင်း၏။ သမာဟိတော၊ တည်ကြည်သော စိတ်နှလုံးရှိ၏။ဩဒါတ-မနသင်္ကပ္ပေါ၊ ဖြူစင်သော စိတ်အကြံရှိ၏။ သ-သော၊ ထိုသူသည်။ ကာသာဝံ၊ သင်္ကန်းကို။ ဝေ၊ စင်စစ်။ အရဟတိ၊ ထိုက်တန်၏။

www.dhammaransi.com



**အဓိပ္ပါယ်ကား။** ။အကြင်သူသည် နိစ္စသီလနှင့်ပြည့်စုံ၏၊ ရုန့်ရင်းသောရာဂမှကင်း၏၊ တည်ကြည်သောစိတ်ရှိ၏၊ ဖြူစင်သောစိတ်အကြံရှိ၏၊ ထိုသူသည်သာလျှင် ညောင်ခေါက်ဆိုးကိုဝတ်ခြင်းငှါ ထိုက်၏။

[ယုတ်စွအဆုံး ၁၀-ပါးသီလနိစ္စတည်လျှင် ဤဂါထာ၌လာသော ဂုဏ်နှင့်ယှဉ်ပေပြီဟုမှတ်။]

၇။ ဥဒ္ဓတော ဥန္နဠော ဗာလော၊
သီလံ ယဿ န ဝိဇ္ဇတိ။
ဩဒါတကံ အရဟတိ။
ကာသဝံ ကိံ ကရိဿတိ။

**အနက်ကား။** ။ယော၊ အကြင်သူသည်။ ဥဒ္ဓတော၊ တုန်လှုပ်ပျံ့လွင့်သော စိတ်နှလုံးရှိ၏။ ဥန္နဠော၊ အထက်သို့ မြင့်တက်သော ကျူပင်ကျူရိုးကဲ့သို့ အနှစ်သာရမရှိဘဲ အချည်းနှီး မောက်မော်ဝါကြွားသော စိတ်နှလုံးရှိ၏။ ဗာလော၊ မိုက်မဲ၏။ ယဿ၊ အကြင်သူအား။ သီလံ၊ ၁၀-ပါးသီလမျှ။ နဝိဇ္ဇတိ၊ မရှိ။သော၊ထိုသူသည်။ ဩဒါတကံ၊ အဝတ်ဖြူအဝတ်ကြောင်ကိုသာ။ အရဟတိ၊ ထိုက်တန်၏။ ကာသာဝံ၊သင်္ကန်းကို။ ကိံ ကရိဿတိ၊အဘယ်ပြုအံ့နည်း။

**အဓိပ္ပါယ်ကား။** ။အကြင်သူအား ယုတ်စွအဆုံး ၁၀- ပါးသီလမျှနိစ္စသီလဟူ၍မရှိ၊ ပျံ့လွင့်သောစိတ်ရှိ၏၊ ကျူပင်ကျူရိုးကဲ့သို့ အနှစ်သာရမရှိဘဲ အချည်းနှီးမောက်မော်သောစိတ်နှလုံးရှိ၏၊ မိုက်မဲ၏၊ထိုသူသည် အဝတ်ဖြူကိုသာ ဝတ်ခြင်းငှါထိုက်၏၊ထိုသူအား ညောင်ခေါက်ဆိုးဖြင့် အဘယ်ပြုလတ္တံ့နည်း။

[ဤဂါထာဖြင့် အပတ်ဖြူသည် အရောယုတ်နိမ့်ကြောင်း, ညောင်ခေါက်ဆိုးအဝတ်နီသည် အရာကြီးမြတ်ကြောင်းထင်ရှားလှ၏၊ ညောင်ခေါက်ဆိုးကိုသာ ထုတ်ဆော်၍ ဆိုခဲ့သည်မှာ-ဒုတိယဂါထာပါဠိတော်မှာ မိလက္ခုရဇနံရတ္တံ-ဟူ၍ တိုက်ရိုက်လာသောကြောင့်ဆိုပေသည်၊ညောင်ခေါက်ဆိုးမှတပါး ဖလ်ခေါက်ဆိုး,ဝိန္နဲဆိုး-စသည်တို့၌လည်း အတူမှတ်လေ။]

ဤဒေသနာတော်၌ကား-သာသနာထမ်း ရဟန်း,သာမဏေတို့ကို ပြဆိုပင်းပေကည်း၊ ဇာတ် နိပါတ်, ဓမ္မပဒ စသည်တို့၌လည်း ဤနည်းတူလာ၏၊ ထိုသို့လာသော အရာဌာနတို့၌မူကား-၁၀-ပါး သီလ

www.dhammaransi.com



နိစ္စတည်ရှိသော သူခပ်သိမ်းတို့နှင့်ပင် ဆက်ဆံ၏၊ ဤအရာ၌ ဆိုလိုရင်း အဓိပ္ပါယ်မှာမူကား-အဝတ်ဖြူသည် ယုတ်နိမ့်သောအရာဖြစ်၍ ပကတိ လူဂဟဋ္ဌတို့၏ အသုံးအဆောင်သာ ဖြစ်၏၊ ထိုအဝတ်ဖြူကို ဝတ်သော သူတို့သည် သဘာဝနိစ္စ ၅- ပါးမျှကိုသာ ရထိုက်ကုန်၏၊ သဘာဝနိစ္စ ၁၀-ပါးကိုမူကား-မရထိုက်၊ ပုဂ္ဂလဇ္ဈာသယ ၁၀-ပါးကိုသာ ရထိုက် ၏။

ညောင်ခေါက်ဆိုးသည် မြင့်မြတ်သောအရာဖြစ်၍ ပဗ္ဗဇိတ အဘို့၌ တည်သော ပုဂ္ဂိုလ်သူမြတ်တို့နှင့်သာ ထိုက်တန်၏၊ ထိုညောင်ခေါက် ဆိုး အဝတ်နီမျိုးကို ဝတ်သောသူတို့သည်သာလျှင် သာမဏေတို့နှင့် အလားတူ သဘာဝနိစ္စ၁၀-ပါးကို ရထိုက်ကုန်၏၊ ထိုအဝတ်မျိုးကို ဝတ်မှလျှင် ၁၀-ပါးသီလခံယူဆောက်တည်မှုကိစ္စအလိုလိုပြီးစီးလေ၏၊ တမင် ခံယူ ဆောက်တည်ဘွယ် ကိစ္စမရှိပြီ၊ သို့သော်လည်း ခံယူ ဆောက်တည်မှုသည် အလေးဂရုအထူးပြုမိခြင်းအကျိုး, သိက္ခာပုဒ် အစဉ်တို့၌ ကြေလည်ခြင်းအကျိုးရှိပါ၏၊ ယခုကာလ သာမဏေများ သီလခံကြသကဲ့သို့တည်း၊ ဤသို့သောအဓိပ္ပါယ်ကို ပြဆိုဆုံးဖြတ် လိုရင်း တည်း။

ယခုအခါ အဝတ်ဖြူ, အဝတ်ကြောင်အစရှိသော ပကတိလူတို့၏ အဝတ်မျိုးကိုပယ်စွန့်၍ ဖန်ရည်သောက်သော ညောင်ခေါက်ဆိုး အ ဝတ်စသော ပဗ္ဗဇိတအဝတ်မျိုးကို ဝတ်ကြကုန်သည်ဖြစ်၍ သမဏ ဗြာဟ္မဏအဖြစ်၌ တည်ကြကုန်သော သူတို့အား အဝတ်အသွင်ကို ယူသည်နှင့်တပြိုင်နက် ခံယူမှုကိစ္စပြီးစီးလျက် အမြဲတည်ရှိသော ၁၀- ပါးသီလကို တပါးပါးကျူးလွန်ခဲ့သည်ရှိသော် ကေန်စင်စစ် ညစ်နွမ်း မှုအပြစ် သာဝဇ္ဇသဘောသို့ ရောက်ကြောင်းကို ပြဆိုလတ္တံ့သောပါဠိ တော်ဖြင့် သိအပ်၏။

စတ္တာရောမေ ဘိက္ခဝေ စန္ဒိမသူရိယာနံ ဥပက္ကိလေသာ
ယေဟိ ဥပက္ကိလေသေဟိ ဥပက္ကိလိဋ္ဌာ စန္ဒိမသူရိယာ နပဘန္တိ
နဘာသန္တိ နဝိရောစန္တိ။

အစရှိသည်ဖြင့် ဥပမာနှင့်တကွအကျယ်လာ၏။

www.dhammaransi.com



**ဆိုလိုရင်းအဓိပ္ပါယ်မျှကို ဆိုအံ့။** ။သိုးနှင်း, မြူခိုး, ပိုးယပ်းတိမ်, ရာဟု၊ ဤ ၄- ခုတို့သည် လနေတို့ကို ညစ်နွမ်းစေတတ်ကုန်၏၊ ထို့အတူ မေထုန်မှု, သေရည်သောက်မှု, ရွှေငွေခံမှု, မိစ္ဆာဇီဝမှု၊ ဤ၄- ခုတို့သည် ဖန်ရည်ဆိုးသောအဝတ်ကို ဝတ်ကြကုန်သဖြင့် သမဏ, ဗြာဟ္မဏ အဖြစ်၌တည်သော ပုဂ္ဂိုလ်သူမြတ်တို့ကို ညစ်နွမ်းစေတတ်ကုန်၏-ဟူ၍ ဟောတော်မူသည်။

[ဤပါဠိတော်၌ သေရည်သောက်မှုဖြင့် နိဿဂ္ဂိ-ပါးကြီးကို သိမ်းကျုံး၍ သိလေ၊ မေထုန်မှု, ရွှေငွေခံမှုဖြင့် ကြွင်းသော အဗြဟ္မစရိယနှင့် တကွ ဝိကာလဘောဇနစသော အင်္ဂါစုကို သိမ်းကျုံး၍သိလေ၊ မိစ္ဆာဇီဝဖြင့် လူတို့အား ဆေးဝါး,ဓာတ်စာပေးခြင်း စသည်ကိုပြု၍ရသော လာဘ်သပ် ပကာနှင့်အသက်မွေးမှုကို ယူလေ။]

ဤပါဠိတော်ကြီးကိုထောက်၍လည်း ဖန်ရည်သောက်သောညောင် ခေါက်ဆိုးကို ဝတ်ရုံ၍ သမဏ, ဗြာဟ္မဏအဖြစ် တစိတ်၌တည်ကုန် သော လူဂဟဋ္ဌတို့အား ရွှေငွေကိုခံမှု,သာယာမှု-စသည်တို့သည် ကေန္တ ညစ်နွမ်းခြင်းကို ပြုတတ်ကုန်၏၊ သာဝဇ္ဇအဘို့သို့ ရောက်စေတတ်ကုန် ၏-ဟုသိအပ်လေသတည်း။

ထိုညောင်ခေါက်ဆိုးကို ဝတ်သည်ဖြစ်၍ သမဏ, ဗြာဟ္မဏ အဖြစ်၌ တည်သောသူကိုမြင်လျှင် ဂဟဋ္ဌဟူ၍ ဆိုရပြန်သည်မှာ ဘိက္ခု, ဘိက္ခုနီ, သိက္ခမာန်, သာမဏေရ, သာမဏေရီဟူသော သီတင်းသုံး ဘော် ၅-ဦးတို့၌ မပါသောကြောင့် ဂဟဋ္ဌ-ဟူ၍ပင် ဆိုရလျက် ရှိပြန် သည်-ဟုမှတ်။

ထိုမှတပါး သံယုတ်ပါဠိတော်၌—

ယဿ ခေါ ဂါမဏိ ဇာတရူပရဇတံ ကပ္ပတိ ပဉ္စပိတဿ ကာမဂုဏာ ကပ္ပန္တိ၊ယဿ ပဉ္စ ကာမဂုဏာ ကပ္ပန္တိ ကေန္တေန ခေါ ဂါမဏိ ဓာရေယျာသိ အသမဏဓမ္မော အသကျပုတ္တိယ ဓမ္မောတိ။

ဟူ၍ဟောတော်မူ၏။

**အနက်ကား။** ။ဂါမဏိ၊ မဏိစူဠက အမည်ရှိသော ရွာသူကြီး။ ယဿ၊ အကြင်သူအား။ ဇာတရူပရဇတံ၊ ရွှေငွေသည်။ ကပ္ပတိ၊ အပ်

www.dhammaransi.com



၏။ တဿ၊ ထိုသူအား။ ပဥ္စပိကာမဂုဏာ၊ ကာမဂုဏ်၅- ပါးတို့သည်လည်း။ ကပ္ပန္တိ၊ အပ်ကုန်၏။ ယဿ၊ အကြင်သူအား။ ပဥ္စကာမဂုဏာ၊ ကာမဂုဏ်၅- ပါးတို့သည်။ ကပ္ပန္တိ၊ အပ်ကုန်၏။ တဿ၊ ထိုသူ၏။ သော၊ထိုအပ်မှုသည်။အဿမဏာဝမ္ဗော၊ ရဟန်းပုဏ္ဏားတို့၏ အကျင့်မျိုးမဟုတ်။ အသကျပုတ္တိယဓမ္မော၊ သာကီဝင်မင်းသား ငါဘုရားတပည့်သားတို့၏ အကျင့်မဟုတ်။ ဧတိ၊ ဤသို့။ ဂါမဏိ၊ မဏိစူဠကအမည်ရှိသောရွာသူကြီး။ တွံ၊ သင်သည်။ ဧကံသေန၊ စင်စစ်အားဖြင့်သာလျှင်။ ဓာရေယျာသိ၊ မှတ်လေလော့။

ဤပါဠိတော်ကို ထောက်သဖြင့်လည်း ညောင်ခေါက်ဆိုး အဝတ်ကို ဝတ်၍ ပဗ္ဗဇိတ သမဏအဖြစ်သို့ ကပ်ကုန်သောသူတို့အား ခံယူခြင်းကို မပြုဘဲနှင့်ပင် ၁၀-ပါးသီလသည် သဘာဝနိစ္စရထိုက်ကြောင်းကို သိအပ်၏။

ဤလောက၌ ၁၀- ပါးသီလကို ပြောဟော ဆုံးဖြတ်ကြကုန်သော ဆရာတို့သည်ကား-ပြဆိုခဲ့ပြီးသော သဘာဝနိစ္စအနိစ္စတမျိုး,ပုဂ္ဂလဇ္ဈာသယနိစ္စအနိစ္စတမျိုး၊ ဤ၂-မျိုးရှိသည်ကို သတိမမူကြကုန်သောကြောင့် ထုတ်ပြခဲ့ပြီးသော ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၏ သဘောကို စင်ကြယ်ချောမောအောင် မပြောနိုင်ကြကုန်၊ မိမိတို့ဉာဏ်တွင် ထင်မိထင်ရာကိုသာ သန်သန်ပြောဆိုရေးသား ဆုံးဖြတ်ကြသဖြင့် ဝါဒဝိနိစ္ဆယချင်းချင်းဆန့်ကျင်ဘက်ဖြစ်၍ နေကြလေကုန်သည်။

### မေးမြန်းဘွယ်

**မေးရန်ရှိသည်ကား**—နိစ္စသီလ ဝသေန ပဥ္စသိက္ခာပဒါနိ သတိဝါ ဥဿာဟေ ဒသ ဥပေါသထင်္ဂဝသေန အဋ္ဌ—
ဟူသော အဋ္ဌကထာစကားသည် သဘာဝနိစ္စအနိစ္စတမျိုးကိုသာ ပြဆိုသည်မဟုတ်လော၊ ထိုစကားဖြင့် ပုဂ္ဂလဇ္ဈာသယနိစ္စအနိစ္စတမျိုးကို အဘယ်သို့သိနိုင်ပါသနည်း-မေးရန်—

**အဖြေကား**။ ။ဤအဋ္ဌကထာစကား၌ ၅-ပါးသီလကို နိစ္စသီလဟုဆို၏၊ နိစ္စမတတ်နိုင်သောသူသည် ၅-ပါးကိုရုံဘန်

ရံခါ စောင့်ယိမ်းလိုသော် မစောင့်အပ်ဆိုမည်လော၊ မုဆိုးတံငါ ပြုလုပ်၍နေသောသူသည် ရံဖန်ရံခါ ပါဏာတိပါတာ ဝေရမဏိသီလကို ယူ၍ စောင့်ယိမ်းလိုသော် မစောင့်ရ, မစောင့်အပ်ဆိုမည်လော၊စောင့်အပ်သည်သာ ကေန်ဖြစ်၏၊ ထိုသို့ဖြစ်ပါလျက် အဋ္ဌကထာ၌ ၅-ပါးကို နိစ္စဟုဆို၏၊ ထို့ကြောင့် အဋ္ဌကထာဆိုသောနိစ္စကား-သဘာဝနိစ္စတည်းဟု-သိအပ်၏။

သဘာဝနိစ္စဆိုသဖြင့် သဘာဝအနိစ္စကိုသာ ပယ်တော်မူလိုရင်းတည်း၊ပုဂ္ဂလဇ္ဈာသယအနိစ္စကိုမူကား-ခွင့်ပြုတော်မူသည်-ဟု-သိအပ်၏၊ဤနည်းအတူ၁၀-ပါးကိုနိစ္စဆိုရာ၌လည်းသဘာဝနိစ္စကိုသာ ဆိုလိုရင်းတည်း၊ သဘာဝနိစ္စကိုဆိုသဖြင့် သဘာဝအနိစ္စကိုသာ ပယ်တော်မူလိုရင်းတည်း၊ ပုဂ္ဂလဇ္ဈာသယ နိစ္စအနိစ္စကိုပယ်လိုရင်းမဟုတ်၊ ထိုပုဂ္ဂလဇ္ဈာသယ နိစ္စအနိစ္စကိုမူကား-ခွင့်ပြုတော်မူသည်ဟု-သိအပ်၏။

အဋ္ဌကထာ၌ ၈-ပါးကို အနိစ္စဟု ဆို၏၊ ၈-ပါးကို ယခုနေ့မှစ၍ ပါဏုပေတံခံယူ၍ စောင့်လိုလျှင် မစောင့်ရဆိုမည်လော၊ စောင့်ရသည်သာ ကေန်ဖြစ်၏၊ထိုသို့ဖြစ်ပါလျက် အနိစ္စဟုဆို၏၊ ထို့ကြောင့် အဋ္ဌကထာဆိုသော အနိစ္စကား-သဘာဝအနိစ္စတည်းဟု-သိအပ်၏၊ သဘာဝအနိစ္စကို ဆိုသဖြင့် သဘာဝနိစ္စကိုသာ ပယ်တော်မူလိုရင်းတည်း၊ပုဂ္ဂလဇ္ဈာသယ နိစ္စအနိစ္စကို ပယ်လိုရင်းမဟုတ်၊ ထိုပုဂ္ဂလဇ္ဈာသယ နိစ္စအနိစ္စကိုမူကား-ခွင့်ပြုတော်မူသည်ဟု-သိအပ်၏။

[၅-ပါး, ၁၀-ပါးတို့၌ သဘာဝအနိစ္စကိုမရအပ်၊ ၈-ပါး၌ သဘာဝနိစ္စကိုအသီးမရအပ်၊ ၅-ပါး၌ ပုဂ္ဂလဇ္ဈာသယနိစ္စကို အသီးမရအပ်။]

အချို့ဆရာတို့ကား—

ဤအဋ္ဌကထာ၌ ပယ်လိုရင်းအနက်,ပယ်လိုရင်းမှ အလွန်ဖြစ်၍ ခွင့်ပြုသော အနက်ကို ဝေဘန်၍ခြမ်း၍ မယူကြကုန်မူ၍ ၁၀-ပါးကို နိစ္စ

www.dhammaransi.com



ဆိုသောကြောင့် နိစ္စစောင့်နိုင်သူမှ ၁၀-ပါးကို စောင့်အပ်သည်၊ သီတင်းနေ့တွင် ကွက်၍ ၁၁-ပါးကို မစောင့်အပ်ဟု-သန်သန်ယူကြကုန်၏၊ ထိုသို့ဖြစ်ခဲ့သော် ၅-ပါးကိုလည်း နိစ္စဆိုသောကြောင့် တသက်လုံးအမြဲစောင့်နိုင်သူမှ ၅-ပါးကို စောင့်အပ်သည်၊ ရံဘန်ရံခါမျှစောင့်လိုသော် မစောင့်အပ်ဟု-ယူရလိမ့်မည်။

အချို့သောဆရာတို့သည်—

အဋ္ဌကထာ၌ ၈-ပါးကို အနိစ္စဆိုသောကြောင့် ၈-ပါးကို ဥပုသ်နေ့၌သာလျှင် စောင့်အပ်သည်၊ ဥပုသ်နေ့မဟုတ်သော နေ့ရက်တို့၌ မစောင့်အပ်ဟု-ယူကြကုန်၏၊ ထိုသို့ဖြစ်ခဲ့သော် ၅-ပါးကို နိစ္စဆိုသောကြောင့် ၅-ပါးကို နိစ္စစောင့်နိုင်သူမှ စောင့်ရလိမ့်မည်၊ တရက်, တလ, တနှစ်စသော အဘိုအားဖြင့်သာ စောင့်လိုသော် မစောင့်ရ-ဟု ယူရလိမ့်မည်၊ ထိုသို့ယူခြင်းငှါ မသင့်လေ၊ထိုသို့မသင့်လေသောကြောင့် ထိုဆရာတို့အယူသည် အဋ္ဌကထာမှထွက်သောအနက်မှန် အဓိပ္ပါယ်မှန် မဟုတ်။

အဋ္ဌကထာ၌မူကား—

ပုဂ္ဂလဇ္ဈာသယ နိစ္စအနိစ္စမှုတို့မှာ လောကအားဖြင့် ထင်ရှားလှလေပြီဖြစ်၍ ထုတ်ဘော်၍မဆိုလေဘဲ ပုဂ္ဂိုလ်တို့၏ သဘာဝနှင့်သီလတို့၏သဘာဝ ပဓာနပြုသောအားဖြင့် သဘာဝနိစ္စအနိစ္စကိုသာ ပြဆိုတော်မူသတည်း၊သတိ ဝါ ဥဿာဟေ ဒသ-ဟူသောအဋ္ဌကထာပါဠိ၌ ဥဿာဟေ-ဆိုသည်ကား-ပကတိလူဝတ်ကို စွန့်၍ ဖန်ရည်ဆိုးသော အဝတ်ကိုဝတ်၍ သမဏ,ဗြာဟ္မဏဟု-ဆိုအပ်သော ပဗ္ဗဇိတအဖြစ်သို့ ကပ်သဖြင့် သဘာဝနိစ္စ ၁၀-ပါး တည်လောက်အောင် စွမ်းနိုင်သည်ကို ဆိုလိုရင်းတည်း။

အဝတ်ဖြူကိုဝတ်ခြင်း,အဝတ်ကြောင်ကိုဝတ်ခြင်းဟူသောပကတိလူ အသွင်၌ တည်ကြကုန်သော သူတို့အားမူကား-၁၀-ပါးသီလကို ခံယူပြီးသောအခါ၌ ရွှေငွေရတနာ အနာမာသဝတ္ထုတို့ကို မိမိကိုယ်တိုင်ခံယူခြင်း, သူတပါးကို ခံယူစေခြင်း, ကိုယ်နှုတ်ဖြင့် ဆောင်ယူဘိတ်ကြားသည်ကို စိတ်ဖြင့်သာယာ သိမ်းပိုက်ခြင်းဟူသော ခံမှု ၃-မျိုးတို့မှ လွတ်

www.dhammaransi.com



ကင်းအောင် ရှောင်ကြဉ်ခြင်း၄ါ စွမ်းနိုင်သည်ကိုဥဿာဟော-ဆိုသည်-ဟုမှတ်၊ ရွှေအတွက် မိမိပိုင်ဥစ္စာအဖြစ်ဖြင့် ရှိနေသောရွှေငွေကို မိမိဥစ္စာအဖြစ်မှ လွတ်အောင်အာလယပြတ်ကင်းနိုင်သည်ကို ဥဿာဟော ဆိုလိုရင်းမဟုတ်၊သိက္ခာပုဒ်ရင်းမှာပင် ဇာတရူပရဇတ ပဋိဂ္ဂဟဏာ-ဟု ခံမှု ၃-မျိုးကိုသာ ပယ်ရင်းဖြစ်သတည်း။

ရွှေ, ငွေရတနာနှင့်စပ်၍ ဝိနည်းတော်၌ ပယ်တော်မူသော အမှု ၅-ပါးရှိ၏။

၁။ ဥဂ္ဂဟ တပါး,
၂။ ဥဂ္ဂဟာပန တပါး,
၃။ ဥပနိက္ခိတ္တ သာဒိယန တပါး,
၄။ ဒုဗ္ဗိစာရဏာ တပါး,
၅။ အာမသန တပါး—

ထို ၅-ပါးတို့တွင်—

၁။ အရှင်မရှိသောရွှေ, ငွေ ရတနာကိုတွေ့မြင်၍ ကိုယ်တိုင် ကိုင်ယူခြင်းသည်၎င်း, လက်ရောက်ကပ်လှူသည်ကို ကိုယ်တိုင်ခံယူခြင်းသည်၎င်း, ဥဂ္ဂဟမည်၏။

၂။ အရှင်မရှိသောရွှေ, ငွေရတနာကိုတွေ့မြင်၍ မိမိ့ကိုရာသူတပါးကို အယူခိုင်းခြင်းသည်၎င်း, မိမိ့ကိုရာသူတပါးကို အလှူခိုင်းခြင်းသည်၎င်း ဥဂ္ဂဟာပနမည်၏။

၃။ ဒါယကာသည် ရွှေ, ငွေရတနာကို ဆောင်ယူခဲ့၍ ရဟန်း၏ရှေ့၌ ချထားပြီးလျှင် ဤရွှေ, ငွေကို အလိုရှိရာသုံးတော်မူပါ-ဟူ၍၎င်း, သင်္ကန်းဘိုးပါ၊ ဘိနပ်ဘိုးပါ၊ ရထားခပါ၊ သင်္ဘောခပါ-ဟူ၍၎င်း ဆို၍လှူသည်ကို ကိုယ်နှုတ်ဖြင့် မပယ်ဘဲ စိတ်ဖြင့် သာယာခံယူခြင်းသည်၎င်း, ဒါယကာသည် မိမိအိမ်၌သော်၎င်း,တပါးသောနေရာဌာန၌သော်၎င်း ရှိ၍နေသော ရွှေ,ငွေကို ကိုယ်တော်အလိုရှိလျှင် ထိုရွှေ,ငွေကိုယူပါ,သုံးပါ-ဟူ၍လှူသည်ကို ကိုယ်နှုတ်ဖြင့် မပယ်ဘဲ စိတ်ဖြင့်သာယာခံယူခြင်းသည်၎င်း ဥပနိက္ခိတ္တသာဒိယနမည်၏။

www.dhammaransi.com



၄။ ကပ္ပိယနည်းလမ်းနှင့်ရှိနေသော ရွှေ, ငွေကို ဤ ရွှေ, ငွေဖြင့် ဘယ်ဟာကို ဝယ်ချေလော့၊ ဘယ်မျှလောက် ပေးလိုက်လော့၊ သေတ္တာထဲမှာ ထားလိုက်လော့၊ တုတ်လိုက်လော့၊ ယူလိုက်လော့၊ပေးလိုက်လော့-အစရှိသည်ဖြင့် စီရင်ခြင်းသည် ဒုဗ္ဗိစာရဏမည်၏။

၅။ သူတပါးဥစ္စာဖြစ်သော ရွှေ, ငွေရတနာကိုပင် သာယာသော စိတ်နှင့်တကွ ကိုယ်အင်္ဂါဖြင့် ထိပါးသုံးသပ်ခြင်းသည် အာမသနမည်၏။

ရဟန်းသာမဏေတို့မှာ—

ရွှေ, ငွေရတနာနှင့်စပ်၍ ဤ ၅-ပါးသောအမှုတို့ကို လွတ်ကင်းစေအပ်ကုန်၏၊ လူဖြစ်စဉ်အခါက ရှိနေသော ရွှေ, ငွေရတနာ၊ ကပ္ပိယနည်းလမ်းဖြင့် ရဟန်းဖြစ်မှ ရရှိ၍နေသော ရွှေ, ငွေရတနာတို့ကိုမူကား-ထို ၅-ပါးသောအချက်မှ လွတ်ကင်းစေ၍ ကပ္ပိယဒါယကာနှင့် နေရာကျပြပြီးလျှင် အသက်ထက်ဆုံး စိတ်ဖြင့်သာယာ၍ ထို ရွှေ,ငွေမှ ဖြစ်သော ကပ္ပိယဘဏ္ဍာကိုသုံးဆောင်၍ နေငြားသော်လည်း ဝိနည်းတော်နှင့် အပြစ်ဆိုခွင့်မရှိပြီ။

၁၀-ပါးသီလကို စောင့်ထိန်းသူ လူတို့မှာလည်း—

ထို ၅-ပါးသောအမှုတို့ကို လွတ်ကင်းစေလျှင် ပြီးတော့သည်၊ နဂိုကရှိ၍နေသော ရွှေ, ငွေရတနာကို စိတ်သက်သက်နှင့် အာရုံပြုကာ သာယာခြင်းရှိသော်လည်း အပြစ်မရှိ၊ သိက္ခာပုဒ်မပျက်။

အချို့သူတို့ကား—

ဤသို့သော ဝိနည်းအစီအရင် ထင်ရှားရှိနေသည်ကို နှလုံးမထားကြကုန်မူ၍—

န တွေဝါဟံ ဘိက္ခဝေ ကေနစိ ပရိယာယေန ဇာတရူပရဇတံ သာဒိတဗ္ဗံ ပရိယေသိတဗ္ဗန္တိ ဝဒါမိ—

ဟူသော သာမညပါဠိတော်နှင့်ပင် သိက္ခာပုဒ်တော်ကို အတင်းအကြပ်သုံးဖြတ်ကြကုန်၏။

www.dhammaransi.com



**အနက်ကား။** ။ဘိက္ခဝေ၊ရဟန်းတို့။ အဟံ၊ငါဘုရားသည်။ ကေနစိ-ပရိယာယေန၊တစုံတခုသောပရိယာယ်ဖြင့်။ ဇာတရူပရဇတံ၊ရွှေငွေကို။ သာဒိတဗ္ဗန္တိ၊ သာယာအပ်သေး၏-ဟူ၍။ ပရိယေသိတဗ္ဗန္တိ၊ ရှာမှီးအပ်သေး၏-ဟူ၍။ နတွေဝ ဝဒါမိ၊ငါဘုရားဟောတော်မမူ။

၁။ သာဒိတဗ္ဗ-ဆိုသည်ကား-ပြဆိုခဲ့ပြီးသော ဥဂ္ဂဟ,ဥဂ္ဂဟာပန, ဥပနိက္ခိတ္တသာဒိယနမှုတို့ကို ဆိုသတည်း။

၂။ ကေနစိပရိယာယေန-ဆိုသည်ကား-အမိဘို့ရာခံယူသည်၊အဘဘို့ရာ ခံယူသည်၊ ဆရာသမားဘို့ရာ ခံယူသည်-အစရှိသောပရိယာယ်မျိုးတို့နှင့်ပင် ဥဂ္ဂဟ, ဥဂ္ဂဟာပန, ဥပနိက္ခိတ္တသာဒိယနမှုတို့ကို မပြုအပ်-ဆိုလိုသည်၊ဘုရားတည်ရန်ဘို့, ဘုရားပြင်ရန်ဘို့, ထီးတော်တင်ရန်ဘို့, ဆွမ်းတော်ကြီး တင်ရန်ဘို့-အစရှိသော ပရိယာယ်မျိုးတို့သည်လည်း မအပ်သောပရိယာယ်မျိုးတို့ချည်းပင်တည်း။

ဥဂ္ဂဟ-စသော အချက် ၅-ပါးတို့မှ လွတ်ကင်း၍ဖြစ်သော ပရိယာယ်မျိုးတို့ကိုမူကား-အဋ္ဌကထာတို့၌ အပ်ကြောင်းကို အမျိုးမျိုးပြဆိုလျက်ရှိလေပြီ။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ,ပဋ္ဌာန်းအဋ္ဌကထာ-အစရှိသော အရှင်မဟာဗုဒ္ဓဃောသစီရင်သော အဋ္ဌကထာကျမ်းဂန်တို့၌ လူတို့၏ ၁၀-ပါးသီလသည် နိစ္စသီလအရာနှင့်ချည်း လာရှိ၏၊အရှင်မဟာ ဓမ္မပါလစီရင်သော ဣတိဝုတ် အဋ္ဌကထာ, သံယုတ်ဋီကာကျမ်းတို့၌မူကား-၅-ပါးသီလသည် နိစ္စသီလမည်၏၊၁၀-ပါးသီလသည် နိယမသီလမည်၏-ဟုလာရှိ၏။

နိစ္စသီလနှင့် နိယမသီလ ၂-ပါးတို့၏ အထူးကိုမူကား-

ယံ ဒေဟာသာဓနာပေက္ခံ၊
နိစ္စံ ကမ္မမယံ ယမော။
အာဂန္တုသာဓနံ ကမ္မံ၊
အနိစ္စံ နိယမော ဘဝေ။

ဟုအဘိဓာန်၌ဆို၏။

www.dhammaransi.com



**အနက်ကား။** ။ယံကမ္မံ၊ အကြင်ပြုဖွယ်စရိယမှုသည်။ နိစ္စံ၊ အမြဲ။ ဒေဟာသာဓနာပေက္ခံ၊ ကိုယ်ခန္ဓာ ပြီးဆုံးခန်းတိုင်အောင် ငဲ့ခြင်းရှိ၏။ အယံ၊ ဤပြုဖွယ်စရိယမှုသည်။ ယမော၊ ယမမည်၏။ ယံကမ္မံ၊ အကြင် ပြုဖွယ်စရိယမှုသည်။ အာဂန္တုသာဓနံ၊ တပက္ခ,တလစသည် အခိုက်အတန့်အားဖြင့် ပြီးစေခြင်းရှိ၏။ အနိစ္စံ၊ အမြဲမဟုတ်။ အယံ၊ ဤပြုဖွယ်စရိယမှုသည်။ နိယမော၊ အလိုရှိရာ ပက္ခ,လ,နှစ်အဘိုအားဖြင့် တတ်အား သမျှ ပိုင်းခြားသတ်မှတ်၍ ကျင့်အပ်သော နိယမမည်သည်။ဘဝေ၊ ဖြစ်၏။

[နိစ္စ,အနိစ္စ ၂-မျိုး၊ ယမ,နိယမ ၂-မျိုး၊ နိစ္စနှင့်ယမတူ၏၊အနိစ္စနှင့် နိယမတူ၏။]

၁၀-ပါးသီလကို နိယမသီလဟု ပြဆိုသော အရှင်ဓမ္မပါလ အံလိုသော်—

လူတို့ ၅-ပါးသီလသည်သာ နိစ္စသီလဖြစ်၏၊ ၁၀-ပါး သီလသည်ကား-အနိစ္စသီလမျိုးသာဖြစ်၏၊ဖန်ရည်စွန်းသော အဝတ်ကို ဝတ်သည်ဖြစ်၍ သမဏ,ဗြာဟ္မဏအမှု၌တည်ပြီးသောသူကို ပဗ္ဗဇိတအရာ၌ထား၍ အဝတ်ဖြူ အဝတ်ကြောင်ဝတ်သူ လူဂဟဋ္ဌသက်သက်တို့၏ ၁၀-ပါးကို ဆိုလိုသည့် အတွက်ကြောင့် ၁၀-ပါးသီလကို အနိစ္စမျိုး, နိယမမျိုးဟု ဘွင့်ဆိုတော်မူပေသည်။

ထိုသို့ ဘွင့်ဆိုတော်မူသော အရှင်ဓမ္မပါလကျမ်းဂန်စုကို ထောက်၍ ပုဂ္ဂလဇ္ဈာသယအားဖြင့် ၁၀-ပါးသီလသည် လူသာမန်တို့၌ နိစ္စ,အနိစ္စ ၂-ပါးရ၏-ဟု ပြဆိုခဲ့ပြီးသောစကားသည် အလွန်သင့်မြတ်လှလေသတည်း၊ ဤ၌လည်း အနိစ္စ, နိယမမှာ"အာဂန္တုသာဓနံ ကမ္မံအနိစ္စံ" ဟု ဆိုသောကြောင့် နိယမဖြစ်သော ၁၀-ပါးမှာ နိစ္စမရသင့်၊၁၀-ပါး ကို တခါတည်း ပါဏာပေတံ ခံယူ၍ မစောင့်သင့်-ဟု မယူအပ်၊ထိုသို့ယူခဲ့သော်- ယမဖြစ်သော ၅-ပါးမှာလည်း "ယံဒေဟာသာဓနာ ပေက္ခံ-နိစ္စံ"ဟု ဆိုသောကြောင့် ရက်, လပိုင်းခြား၍ စောင့်ထိန်းလိုသော် မစောင့်ထိန်းရ-ဟု ဆိုရလိမ့်မည်။

လောက၌ အာစာရကုလပုတ္တဖြစ်ကြပေကုန်သော ဂဟဋ္ဌဖြစ်သူ လူတို့၏ အရိုးအစဉ်ကို ပဓာနပြုသောအားဖြင့် ၅-ပါးသည် နိစ္စ, နိယမ၊ ၁၀-ပါးသည် အနိစ္စ, နိယမဟု-ပြဆိုပေသည်၊ ရှေး၌ပြဆိုခဲ့ပြီးသော

www.dhammaransi.com



အတိုင်းအနိစ္စဟု-ပြဆိုခဲ့ပြီးသော ဥပေါသထသီလသည် နိစ္စလည်း ပုံသေရအပ်သကဲ့သို့ အာဂန္တုသာဝနဖြစ်သော အနိစ္စနိယမသည်လည်း စွမ်းနိုင်သည်ရှိသော် နိစ္စနိယမလည်း ပုံသေဖြစ်သင့်၏ဟု-သိလေ။

၁၀ ပါးသီလကို စောင့်ထိန်းကြသူ လူဂဟဋ္ဌဝတ္ထုသက်သေ အရပ်ရပ်လာရှိသည်တွင်—

၁။ ရှင်အာနန္ဒာအလောင်း သုမနမင်းသားဝတ္ထု, သီဟိုဠ်ကျွန်း အနုဠာဒေဝီ မိဖုရားဝတ္ထုတို့မှာ ဖန်ရည်စွန်းသော အဝတ်ကို ဝတ်မှုလာရှိ၏။

၂။ ဥရုဝေဠကဿပညီနောင် အလောင်းဝတ္ထုစသည်တို့၌ ဖန်ရည်စွန်းသော အဝတ်ကို ဝတ်သည်ဟူ၍မလာ။

လာသောအရာဝိသေသကို ထောက်၍ မလာသော အရာသာမညတို့၌လည်း နေယျတ္ထအားဖြင့် ဖန်ရည်စွန်းသောအဝတ်ကိုဝတ်ကြသည်ချည်းဟု-သိရမည်။

**တနည်း**—မလာသောအရာတို့၌ ပကတိလူဝတ်နှင့်ပင် ပုဂ္ဂလဇ္ဈာသယအားဖြင့် ခံယူ၍ရသော ၁၀-ပါးကို သိလေ။

လာသောအရာတို့၌လည်း—

ဒသသီလာနိ သမာဒိယိတွာ-ဟုဆိုပြန်၏၊ဖန်ရည်စွန်းသောအဝတ်ကိုဝတ်မိလျှင်ပင် ခံယူဆောက်တည်မှု ပြီးစီးပြီဖြစ်သော်လည်း ခံယူသည့်အတွက် အကျိုးများစွာရှိလျက် ဖြစ်ပြန်သောကြောင့် ခံယူကြသည်ဟု-ယူလေ၊ အိုးထိန်းသည် ဃဋိကာရဝတ္ထု၌လည်း ဖန်ရည်ဆိုးသော အဝတ်ကိုဝတ်သည်ဟူ၍ မလာ၊ အမိအို, အဘအိုတို့ကို လုပ်ကျွေးမှု, မြတ်စွာဘုရားကို လုပ်ကျွေးမှုတို့အတွက် အိုးလုပ်၍ ပစ္စည်းဥစ္စာ ရှာဖွေမှုဟူသော ဂိဟိကမ္မနှင့် မကင်းနိုင်သောကြောင့် ဖန်ရည်ဆိုးသော သက်နီးအဝတ်မျိုးကို မဝတ်လေသည် ဖြစ်ရာ၏။

၁၀-ပါးသီလ မြဲကြောင်းကိုမူကား-ဤသို့လာ၏။

ဃဋိကာရော မဟာရာဇ ကုမ္ဘကာရော ဧကဘတ္တိကော ဗြဟ္မစာရီ သီလဝါ ကလျာဏဓမ္မော နိက္ခိတ္တမဏိသုဝဏ္ဏော အပေတဇာတရူပရဇတော။

[ဃဋိကာရသုတ်ပါဠိတော်။]

www.dhammaransi.com



**အနက်ကား။** ။မဟာရာဇ၊ ကိုကိုမင်းကြီး။ ယင်္ဂိုကာရော၊ ယင်္ဂိုကာရအမည်ရှိသော။ ကုမ္ဘကာရော၊ အိုးထိန်းသည်သည်။ ကေဘတ္တိကော၊ နံနက်အနပ် တထပ်ထမင်းသာ စားခြင်းအလေ့ရှိ၏။ ဗြဟ္မစာရီ၊ မေထုန်ဓမ္မ အဗြဟ္မစရိယမှ ကြဉ်ရှောင်လေ့ရှိ၏။ သီလဝါ၊ သီလနှင့် ပြည့်စုံ၏။ ကလျာဏဓမ္မော၊ ကောင်းသောအကျင့်ရှိ၏။ .နိက္ခိတ္တမဏိသုဝဏ္ဏော၊ ပယ်ပစ်အပ်ပြီးသော ပတ္တမြား, ရွှေ, ငွေရှိ၏။ အပေတဇာတရူပရဇတော၊ ကင်းရှင်းသော ရွှေ, ငွေရတနာရှိ၏။

ဤပါဠိတော်၌—

၁။ ကေဘတ္တိကော-ဟူသောပါဌ်ဖြင့် ဝိကာလဘောဇနာ ဝေရမဏိသိက္ခာပုဒ်အမြဲတည်ကြောင်းကို ပြတော်မူသည်။

၂။ ဗြဟ္မစာရီ-ဟူသော ပါဌ်ဖြင့် အဗြဟ္မစရိယာဝေရမဏိသိက္ခာပုဒ်အမြဲတည်ကြောင်းကို ပြတော်မူသည်။

၃။ သီလဝါ-ဟူသောပါဌ်ဖြင့် နိစ္စသီလ ၅- ပါးနှင့်တကွ ကာယသုစရိုက် ၃-ပါး, ဝစီသုစရိုက် ၄- ပါး, အာဇီဝဋ္ဌမကသီလ ၈-ပါးအမြဲတည်ကြောင်းကို ပြတော်မူသည်။

၄။ ကလျာဏဓမ္မော-ဟူသောပါဌ်ဖြင့် မနောသုစရိုက် ၃-ပါးနှင့်တကွ ဣန္ဒြိယသံဝရ ၆-ပါး, ဗြဟ္မဝိဟာရတရား ၄- ပါး စသော ဂုဏ်ကျေးဇူးနှင့် ပြည့်စုံကြောင်းကို ပြတော်မူသည်။

၅။ နိက္ခိတ္တမဏိသုဝဏ္ဏော, အပေတဇာတရူပရဇတော-ဟူသော ပါဌ်တို့ဖြင့် ဇာတရူပရဇတ သိက္ခာပုဒ်တော် အမြဲတည်ကြောင်းကို ပြတော်မူသည်။

၆။ အလုံးစုံသော ပါဌ်တို့ဖြင့် နစ္စဂီတ သိက္ခာပုဒ်, မာလာဂန္ဓ သိက္ခာပုဒ်, ဥစ္စာသယန မဟာသယန သိက္ခာပုဒ်တို့လည်း အမြဲတည်ကြောင်းကို ပြီးစီးစေတော်မူသည်။

ဤသို့ပြီးစီးစေတော်မူသဖြင့်လူတို့၏ ဂဟဋ္ဌဒသသီလဆိုသည်ကား-သာမဏေတို့၏ ဒသသီလနှင့် တထပ်တည်းပင် ဖြစ်သည်-ဟူသော အနက်သည် ပြီး၏။

www.dhammaransi.com



ထို့ကြောင့်မဟာဋီကာ၌—

ဒသာတိ သာမဏေရေဟိ ရက္ခိတဗ္ဗသီလမာဟ ယဋိကာရာ-ဒိနံဝိယ—

ဟုမိန့်ဆိုတော်မူပေသည်။

သာမဏေတို့၏ ဒသသီလ သရုပ်သည်ကား-ဝိနည်းတော်၌လည်း-တိုက်ရိုက်လာ၏၊သာမဏေပြုလုပ်ဘူးကြသူ လူအပေါင်းတို့အားလည်း သိကြရင်းဖြစ်သည်နှင့် အလွန်ထင်ရှား၏၊ ထို့ကြောင့် ဂဟဋ္ဌဒသသီလ သရုပ်ကို အကျယ်ထုတ်ဆောင်၍မပြဘဲ အကျဉ်းမျှနှင့် အကျယ်သရုပ်ကို သိလွယ်ရန် သာမဏေတို့၏ ဒသသီလနှင့်ကပ်၍ မဟာဋီကာရှင် ပြတော်မူပေသည်။

အချို့သောဆရာတို့ကား—

၎င်းမဟာဋီကာရှင် ဘွင့်ပြသော ဒသသီလကိုပယ်၍ ''သတိ ဝါ ဥဿာဟေ ဒသ''၌သုစရိုက် ၁၀-ပါးကို ဂဟဋ္ဌနိစ္စဒသသီလဆိုသည်ဟု ယူကြကုန်၏၊မိမိသို့ ဆည်းကပ်သူ တပည့်တကာတို့ကိုလည်း—

၁-၇—ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။လ။

၈။ အဘိဇ္ဈာယ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၉။ ဗျာပါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၁၀။ မိစ္ဆာဒိဋ္ဌိယာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

ဟု ခံယူဆောက်တည်စေကြကုန်၏၊ သုစရိုက်၁၀-ပါးတွင် နောက်ဖြစ်သော မနောသုစရိုက် ၃-ပါးသည် သီလကုသိုလ်မျိုးပင် မဟုတ်၊ ဝေရမဏီတရားမျိုးပင် မဟုတ်၊ ဝိရတိသီလတရားမျိုးပင် မဟုတ်။

၁။ အနဘိဇ္ဈာဆိုသည်ကား-အလောဘတရားတည်း။

၂။ အဗျာပါဒဆိုသည်ကား-အဒေါသတရားတည်း။

၃။ သမ္မာဒိဋ္ဌိဆိုသည်ကား-အမောဟတရားတည်း။

မိမိအဇ္ဈတ္တသန္တာန်၌ ပွားများစေတတ်သော မနောသံဝရ တရားမျိုးသာ ဖြစ်သည်၊ ဝေရမဏီ-ဆို၍ ဆောက်တည်ရသော ကာယသံဝရ, ဝါစာသံဝရ တရားမျိုး မဟုတ်။

www.dhammaransi.com



## မေးမြန်းဘွယ်

မေး။ ။ဆောက်တည်ခဲ့သော် အပြစ်ရှိသလော-ဆိုမူ—

ဖြေ။ ။အကုသိုလ်အပြစ်ကား-မရှိ၊ ကုသိုလ်ရသောအမှုပင်ဖြစ်၏၊ သို့သော်လည်း သာသနာ၌ အစဉ်ထာဝရ လာခဲ့သော ဂဟဋ္ဌ ဒသသီလ တိမ်မြုပ်ရန်ရှိသောအပြစ်, ဝေရမဏီ သီလမျိုးမဟုတ်သော မနောသုစရိုက် ၃-ပါးကို သီလဆို၍ ဝေရမဏီသဒ္ဒါနှင့်ခံယူကြသည့်အတွက် ဓမ္မတန္တိ,ဓမ္မပဝေဏီတို့၌ မကျွမ်းကျင်ရာလေဟု ပညာရှိပုဂ္ဂိုလ်တို့ ပြောဆိုရန် အပြစ်ရှိသတည်း။

ထို့ကြောင့် ဤ“သတိ ဝါ ဥဿာဟော ဒသ”၌ ဃဋိကာရသုတ် ပါဠိတော်အရနှင့် ဘွင့်ပြတော်မူသော မဟာဋီကာအတိုင်းသာ အမှန်ဟူ၍ မှတ်။

မေး။ ။သာမဏေတို့စောင့်ထိန်းရသော ဒသသီလကို မဟာဋီကာ ဘွင့်ဆိုတိုင်းယူခဲ့သော် ၁၀-ပါး သီလကို စောင့်ထိန်းကြသူ ဟူသမျှတို့သည် ဃဋိကာရကဲ့သို့ချည်း ကျင့်ကြမှ နေရာကျမည်ဟု မရောက်လော-ဟူမူ—

ဖြေ။ ။သဘာဝနိစ္စ, အနိစ္စ၊ ပုဂ္ဂလဇ္ဈာသယနိစ္စ, အနိစ္စ၊ ဂဟဋ္ဌသာမန်, ဂဟဋ္ဌဝိသေသတို့နှင့် ဝေဘန်၍ဖြေဆိုလေ၊ ဃဋိကာရကို ထုတ်ပြတော်မူသည်မှာ ရှေ့၌ ပြဆိုခဲ့ပြီးသောအတိုင်း ပါဠိတော်ကြီးတိုက်ရိုက်နှင့် ဂဟဋ္ဌသီလ ထင်ရှားလှ၍ ပြတော်မူပေသည်။

ဃဋိကာရဆိုသည်မှာ—

အနာဂါမ်အရိယာကြီးဖြစ်ပေ၍ ၁၀-ပါးသီလတွင်မက မိမိကိုယ်တိုင် ရောင်းခြင်း, ဝယ်ခြင်း, စပါးစိမ်းကိုခံယူခြင်း အစရှိသော ရှုန့်ရင်းသော ဃရာဝါသကိစ္စ အမှုမျိုးတို့ကို အလုံးစုံ အကုန်ပယ်သောသူ ဖြစ်သည်၊ ယင်းဃဋိကာရနှင့် အလုံးစုံတူနိုင်မှ ၁၀-ပါးသီလကို စောင့်ထိန်းရမည်ဟု ပြဆိုလိုရင်းမဟုတ်၊ ထို့ကြောင့် ယင်းမဟာဋီကာရှင်သည်ပင်လျှင် မိမိစီရင်သော ဇာတိပုတ်အဋ္ဌကထာ, သံယုတ်ဋီကာတို့၌

www.dhammaransi.com



၁၀-ပါးသီလကို အနိစ္စသီလ, နိယမသီလဟု ဘွင့်ပြတော်မူပေသတည်း။

ဒသသီလကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ နိစ္စသီလဟု ပြဆိုသည်ကား–

သီလမခံဘဲနှင့်ပင် မစောင့်ချင်သော်လည်း မနေရ၊ မစောင့်ခဲ့လျှင် အသွင်အပြင်နှင့်မတန် ကျင့်ကြံဘိသည်ဟု ကဲ့ရဲ့မှု,ညစ်နွမ်းမှုအပြစ်ဒဏ် ကေန္တခံရသော သဘာဝနိစ္စကိုရည်၍ ပြဆိုလေသည်၊ ဖန်ရည်စွန်းသောအဝတ်ကိုဝတ်သော သမဏ,ပြာဟ္မဏ ပဗ္ဗဇိတဂိုဏ်းဝင် သူတော်စင် ဂဟဋ္ဌတို့၏ဒသသီလမျိုးပေတည်း။

ဋီကာဝိုတ်အဋ္ဌကထာ, သံယုတ်ဋီကာတို့၌ အနိစ္စသီလ, နိယမသီလဟု ပြဆိုသည်မှာ–

သီလမခံဘဲအဖြဟ္မစရိယမှု,ဝိကာလဘောဇန-နစ္စဂီတစသော အမှုမျိုးတို့ကို ပြုကျင့်ခံစားသော်လည်း အသွင်အပြင်နှင့်မတန်ဟု ကဲ့ရဲ့ရန်အပြစ်မရှိသော ပကတိလူတို့၏ ပုဂ္ဂလဇ္ဈာသယ အနိစ္စကို ပြဆိုရင်း ဖြစ်သည်၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာမှာလည်း ဤပုဂ္ဂလဇ္ဈာသယ အနိစ္စကို ပယ်သည် မဟုတ်၊ ခွင့်ပြုရာပင်ကျ၏၊ ထို့ကြောင့် ကျမ်းဂန်ချင်းချင်း ဆန့်ကျင်ခြင်းမရှိကြ၊ လောက၌လည်း ဒသသီလကို စောင့်ထိန်းကြရန် အခွင့်အလမ်း အမျိုးမျိုးရှိသည်ကို သိကြရ၏၊ ထို့ကြောင့် နိစ္စဆိုသည့် အလို အစောင့်အထိန်း ခက်သည်ဟု အကြံပြုကာ မဟာဋီကာကြီးကို မပယ်သင့်ပေ။

သီလမယန္တိ နိစ္စသီလဥပေါသထနိယမာဒိဝသေန ပဉ္စအဋ္ဌဒသဝါ သီလာနိ သမာဒိယန္တဿ။

[ဋီကာဝိုတ်အဋ္ဌကထာ။]

နိစ္စဝသေန ပဉ္စဟိ နိယမဝသေန ဒသဟိ ဝိသဒ္ဒေန ပကတိယေဟိ ဥပေါသထသီလဝသေန အဋ္ဌဟိပိ ဒသေတိ။

[သဠာယတနသံယုတ်ဋီကာ။]

လူတို့၌ ၅-ပါးသည် နိစ္စ, ၁၀-ပါးသည် နိယမ ဟု ဆိုအပ်သော ကျမ်းစု၌ နိယမဟူသည် အနိစ္စတည်း။

အာဂန္တုကသာဓနံ ကမ္မံ အနိစ္စံ နိယမော ဘဝေ။

[အဘိဓာန်။]

www.dhammaransi.com



အနိစ္စဆိုသော်လည်းဥပေါသထသီလကဲ့သို့ တနေ့,တရက်မျှအနိစ္စ မျိုးမဟုတ်၊ တပက္ခ, တလ, တနှစ် စသည်ရက်ရှည် စောင့်ထိန်းသော အနိစ္စမျိုးပေတည်း၊ ဥပေါသထသီလနှင့် ကွဲစေခြင်းငှါသာ ဤသို့ဆို ခြင်းဖြစ်သည်၊၁၀-ပါးသီလကို တနေ့,တရက်မျှ စောင့်ထိန်း၍ မရဟု မဆိုသာ၊ ရွှေ,ငွေအနာမာသကို ဥဂ္ဂဟ-စသောအကပ္ပိယမှု ၅-ချက် တို့ဖြင့် ထိုနေ့ထိုရက်တွင် ဆက်ဆံခြင်းမရှိလျှင် ပြီးတော့သည်၊ ဝိသုဒ္ဓိ မဂ်ပါဠိ၌ ဒသအရမှာ သုစရိုက် ၁၀-ပါးကိုယူခဲ့လျှင် သုစရိုက် ၁၀- ပါးမည်သည် ၅-ပါးသီလနှင့် ထပ်တူသဘာဝနိစ္စမျိုး ကေန်စင်စစ် ဖြစ်လေသောကြောင့် ဒသသီလသည် အနိစ္စနိယမ ဟု ဘွင့်ကြသော ကျမ်းဂန်စုနှင့်လည်း ဆန့်ကျင်၏။

အမည်သညာမထင်ရှားသော အညတြ ဆရာစီရင်သည့်ခုဒ္ဒကပါဠိ အဋ္ဌကထာ၌ကား—

ဒသမံ သာမဏေရာနမေဝ ဝိသေသဘူတံ။

ဟုဆို၏။

**အနက်ကား။** ။ဒသမံ၊ ဇာတရူပဒသမ သိက္ခာပုဒ်သည်။ သာမ ဏေရာနမေဝ၊ သာမဏေတို့၏သာလျှင်။ ဝိသေသဘူတံ၊ ဝိသေသဖြစ်၍ ဖြစ်၏။

ဇာတရူပသိက္ခာပုဒ်သည် ဂဟဋ္ဌဖြစ်သူလူတို့နှင့်မဆိုင်၊ သာမဏေတို့ နှင့်သာ ဆိုင်၏-ဟုလိုသည်၊ လူတို့မည်သည် ယင်းသိက္ခာပုဒ်ကို စောင့် နိုင်ခဲသောကြောင့် ဆိုသည်ဟု-ထိုစကားကို ဥပါသကာလင်္ကာရကျမ်း၌ ဖြေပေ၏၊ ဝိနည်းဋီကာ ဆရာကြီးတို့ကား- ထိုစကားကိုပယ်ကြကုန်၍ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ မဟာဋီကာကြီးတို့ကို အတည်ပြုကြ လေကုန်၏။ ယဋီကာရအိုးထိန်းသည်သည် ဂဟဋ္ဌဖြစ်သူလူ၏ကျင့်စဉ်၌ "နိက္ခိတ္တ မဏိသုဝဏ္ဏော၊ အပေတဇာတရူပရဇတော" ဟု ဇာတရူပသိက္ခာပုဒ် ပါဠိတော်ကြီးမှာ တိုက်ရိုက်လာသောကြောင့် မဟာဋီကာကြီး ဘွင့် တိုင်းကိုသာ ယုံကြည်အပ်၏။

သဘာဝနိစ္စစသည်တို့၏အဆုံးအဖြတ်ပြီး၏။
လယ်တီဆရာငါသည် ရေးသားစီရင်အပ်သော
သီလဝိနိစ္ဆယကျမ်းပြီး၏။

www.dhammaransi.com

# ပဉ္စသီလဝိနိစ္ဆယ

## နမော တဿ ဘဂဝတော အရဟတော
## သမ္မာသမ္ဗုဒ္ဓဿ

### ပဋိညာဉ်

ပါဏာတိပါတ, အဒိန္နာဒါန, ကာမေသုမိစ္ဆာစာရ, မုသာဝါဒ, သုရာမေရယ၊ ဤ၅-ပါးတို့၏အင်္ဂါ, ထူးထွေသော အဓိပ္ပါယ်, လွန်ကျူးခြင်းကြောင့် ဖြစ်သော အပြစ်တို့ကို ပါဠိ, အဋ္ဌကထာ, ဋီကာ အရပ်ရပ်တို့ကို ကြည့်ရှုဆင်ခြင်၍ စီရင်ရေးသားပေအံ့။

## ၁–ပါဏာတိပါတကိုပြဆိုခြင်း

### ပါဏာတိပါတ အင်္ဂါ

တဿ ပဉ္စ သမ္ဘာရာ ဟောန္တိ ပါဏော ပါဏသညိတာ ဝဓကစိတ္တံ ဥပက္ကမော တေန မရဏန္တိ။

[အဋ္ဌသာလိနီအဋ္ဌကထာ။]

၁။ ပါဏော၊သတ္တဝါလည်း ဖြစ်စေ။
၂။ ပါဏသညိတာ၊သတ္တဝါဟုအမှတ်ရှိသည်လည်း ဖြစ်စေ။
၃။ ဝဓကစိတ္တံ၊သတ်လိုသောစိတ်ရှိသည်လည်း ဖြစ်စေ။
၄။ ဥပက္ကမော၊လုံ့လပြုသည်လည်း ဖြစ်စေ။

www.dhammaransi.com



၅။ တေန၊ ထိုလုံ့လပြုသဖြင့်။ မရဏံ၊ သတ္တဝါသေသည်လည်းဖြစ်စေ။ဣတိ၊ ဤသို့။တဿ၊ထိုပါဏာတိပါတကံ၏။ပဉ္စ၊၅-ပါးကုန်သော။သမ္ဘာရာ၊အဆောက်အဦတို့သည်။ ဟောန္တိ၊ဖြစ်ကုန်၏။

[ဤကား-ပါဏာတိပါတကံ၏ အင်္ဂါကိုပြသော စကားရပ်တည်း။]

**ပါဏာတိပါတအဓိပ္ပါယ်**

ထူးထွေသောအဓိပ္ပါယ်ကို ဆိုပေအံ့။

၁။ သတ္တဝါအများကို တပြိုင်နက်သေအောင်သတ်သော်ပါဏာတိပါတကံ တချက်လော၊အများလော- ဤသို့မေးသည်ရှိသော်—

> ယထာ အရိယမဂ္ဂက္ခဏေ စတ္တာရော သတိပဋ္ဌာနာ စတ္တာရော သမ္မပ္ပဓာနာ ကိစ္စဝသေန ဇာယန္တိ၊ ဧဝံ စေတနာယ ကေတ္တော်ပိ ကိစ္စဝသေန အနေကပါဏာတိပါတာတိ ဇာယန္တီတိ အာဟ တတ္တကာပါဏာတိပါတာတိ။

ဟု သာရတ္ထဒီပနီ ဋီကာ၌ လာသောကြောင့် ပါဏာတိပါတ အများဟုမှတ်ရမည်။

**အနက်ကား။** ။အရိယမဂ္ဂက္ခဏေ၊ အရိယာမဂ်ခဏ၌။ သတိယာစ၊ သတိ၏လည်းကောင်း။ ဝီရိယဿစ၊ ဝီရိယ၏ လည်းကောင်း။ ကေတ္တော်ပိ၊ တခုတည်းပင်ဖြစ်သော်လည်း။ ကိစ္စဝသေန၊ ကိစ္စ၏အစွမ်းအားဖြင့်။ စတ္တာရောသတိပဋ္ဌာနာတိစ၊ သတိပဋ္ဌာန် ၄- ပါးတို့ ဟူ၍လည်းကောင်း။ စတ္တာရောသမ္မပ္ပဓာနာတိစ၊ သမ္မပ္ပဓာန် ၄- ပါးတို့ဟူ၍လည်းကောင်း။ ဇာယန္တိယထာ၊ အလိုရှိကုန်သကဲ့သို့။ ဧဝံတထာ၊ ထို့အတူ။ စေတနာယ၊ပါဏာတိပါတကံစေတနာ၏။ကေတ္တော်ပိ၊ တပါးတည်းဖြစ်သော်လည်း။ကိစ္စဝသေန၊ သတ်အပ်သောကိစ္စ၏ အစွမ်းအားဖြင့်။ အနေကပါဏာတိပါတာတိ၊ ပါဏာတိပါတကံ အများတို့ဟူ၍။ ဇာယန္တိ၊ အလိုရှိကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ တတ္တကာပါဏာတိပါတာတိ၊ တတ္တကာပါဏာတိပါတာ-ဟူ၍။ အာဟ၊ အဋ္ဌကထာဆရာဆို၏။

၂။ ၂-ကောင်သော ကြက်သူငယ် အစာစားရှဲ့နေရာ လက်ဝဲဘက် ကြက်သူငယ်ကို သတ်အံ့ဟု နှလုံးသွင်းပြီးလျှင် ဒုတ်လှံဖြင့် ပုတ်

www.dhammaransi.com



ခတ်လိုက်သော် လင်္ကျာဘက်ကြက်သူငယ်ကို ပုတ်ခတ်မိ၍ ၎င်းလက်ျာဘက် ကြက်သူငယ်သေအံ့၊ ပါဏာတိပါတကံ ထိုက်မည်လော၊ မထိုက်မည်လော-ဟုမေးသည်ရှိသော်—

ယံ ဥဒ္ဒိဿ ပဟရတိ၊ တဿေဝ မရဏေန ကမ္မဗဒ္ဓေါ—

ဟု ကင်္ခါဝိတရဏီ အဋ္ဌကထာ၌လာသောကြောင့် မထိုက်ဟု မှတ်ရမည်။

**အနက်ကား။** ။ယံ၊အကြင်သတ္တဝါကို။ ဥဒ္ဒိဿ၊ ရည်၍။ ပဟရတိ၊ ပုတ်ခတ်၏။ တဿေဝ၊ ထိုရည်၍ ပုတ်ခတ်သော သတ္တဝါ၏သာလျှင်။ မရဏေန၊သေခြင်းကြောင့်။ ဝါ၊ သေမှ။ ကမ္မဗဒ္ဓေါ၊ပါဏာတိပါတကံ ဖွဲ့ရသည်။ ဟောတိ၊ဖြစ်၏။

၃။ အမိအိပ်၍နေစဉ် သိုးဟုမှတ်ထင်၍ အမိကိုသတ်အံ့၊ ၎င်းအမိသည် သေအံ့၊မာတုဃာတကကံ ထိုက်မည်လော၊မထိုက်မည်လော-ဟု မေးသည်ရှိသော်—

ဧဠကဿစ နိပန္နောကာသေ တဿ မာတာဝါ ပိတာဝါ အရဟာဝါ ပဏ္ဏုကာသာဝံ ပါရုပိတွာ နိပန္နော ဟောတိ၊ သော ရတ္တိဘာဂေ အာဂန္တွာ ဧဠကံ မာရေမီတိ မာတရံဝါ ပိတရံ ဝါ အရဟန္တံဝါ မာရေတိ၊ ဧဠကံ ဝတ္ထုံ မာရေမီတိ စေတနာယ အတ္ထိဘာဝတော ဃာတကောစ ဟောတိ၊ အာနန္တရိယ ကမ္မဉ္စ ဖုသတိ။

ဟုပါရာဇိကကဏ်အဋ္ဌကထာ၌ လာသောကြောင့် မာတုဃာတကကံ ထိုက်၏ဟု မှတ်ရမည်။

**အနက်ကား။** ။ဧဠကဿ၊ သိုး၏။ နိပန္နောကာသေ၊ အိပ်ရာအရပ်၌။ တဿ၊ ထိုပုဂ္ဂိုလ်၏။ မာတာဝါ၊ အမိသည်၎င်း။ ပိတာဝါ၊ အဘသည်၎င်း။ အရဟာဝါ၊ ရဟန္တာသည်၎င်း။ ပဏ္ဏုကာသာဝံ၊ ဖြော့တော့သော အဆင်းရှိသော အဝတ် သင်္ကန်းကို။ ပါရုပိတွာ၊ ရုံ၍။ ဝါ၊ ခြုံ၍။ နိပန္နော၊ အိပ်သည်။ ဟောတိ၊ ဖြစ်၏။ သောပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်။ ရတ္တိဘာဂေ၊ ညဉ့်အဘို့၌။ အာဂန္တွာ၊ လာ၍။ ဧဠကံ၊ သိုးကို။ မာရေမီတိ၊ သတ်အံ့ဟူ၍။ မာတရံဝါ၊ အမိကို၎င်း။ ပိတရံဝါ၊ အဘကို၎င်း။ အရဟန္တံဝါ၊ ရဟန္တာကို၎င်း။ မာရေတိ၊ သတ်မိ၏။

www.dhammaransi.com



ဇွမ်ဝတ္ထုံ၊ ဤဝတ္ထုကို။ မာရေမိတိ၊ သတ်အံ့ဟူ၍။ စေတနာယ၊သတ်လိုသောစေတနာ၏။ အတ္ထိဘာဝတော၊ ရှိသောကြောင့်။ ဃာတကောစ၊ ပါဏာတိပါတကံသည်လည်း။ ဟောတိ၊ ဖြစ်၏။ အာနန္တရိယကမ္မဥ္စ၊ အနန္တရိယကမ္မပထသို့လည်း။ ဖုသတိ၊ ရောက်၏။

၄။ တိရစ္ဆာန်ဖြစ်သော သားသည် လူဖြစ်သောအမိကို သတ်အံ့၊ မာတုဃာတကကံထိုက်မည်လော၊ မထိုက်မည်လော- ဟု မေးသည်ရှိသော်—

ယေန မနုဿိတ္ထိဘူတာ ဇနိတာ မာတာ သယမ္ပိ မနုဿဇာတိကေနေဝ သဉ္စိစ္စ ဇီဝိတာ ဝေါရောပိတာ၊အာနန္တရိယေန မာတုဃာတကကမ္မေန မာတုဃာတကော။

ဟု မဟာဝါ အဋ္ဌကထာ၌ လာသောကြောင့် မာတုဃာတကကံ မထိုက်ဟုမှတ်ရမည်။

**အနက်ကား။** ။ယေနပုဂ္ဂလေန၊ အကြင်ပုဂ္ဂိုလ်သည်။ မနုဿိတ္ထိဘူတာ၊ လူမိန်းမဖြစ်၍ဖြစ်သော။ ဇနိတာ၊ အမိရင်းဖြစ်သော။မာတာ၊ အမိကို။ သယမ္ပိ၊ မိမိကလည်း။ မနုဿဇာတိကေနေဝ၊ လူဇာတ်ရှိသဖြင့်သာလျှင်။ သဉ္စိစ္စ၊စေ့ဆော်၍။ ဇီဝိတာ၊ ဇီဝိတိန္ဒြေမှ။ ဝေါရောပိတာ၊ ချအပ်၏။ အယံ၊ဤသို့သတ်သော ပုဂ္ဂိုလ်သည်။အာနန္တရိယေန၊ အနန္တရိယဖြစ်သော။ မာတုဃာတကကမ္မေန၊ မာတုဃာတကကံဖြင့်။ မာတုဃာတကော၊အမိကိုသတ်သည်။ ဟောတိ၊ ဖြစ်၏။

၅။ အမိဇွတ္ထိလိင်မှပုလ္လိင်ပြန်၍ နေစဉ် သတ်သည်ရှိသော် အနန္တရိယကံထိုက်မည်လော၊ မထိုက်မည်လော- ဟုမေးသည်ရှိသော်—

ပရိဝတ္တေပိ လိင်္ဂေ တသ္မေဝ ကေကမ္မနိဗ္ဗတ္တဿ သန္တာနဿ ဇီဝိတာ ဝေါရောပနတော ဝေါဟာရဘေဒတော သော ဇွတ္ထိဃာတကောဝါ ပုရိသဃာတကောဝါ ဟောတု အာနန္တရိယကမ္မတော နမုစ္စတီတိ ဇွတ္တကမေဝ ဝတ္တဗ္ဗံ။

ဟုသာရတ္ထဒီပနီဋီကာ၌ လာသောကြောင့် အနန္တရိယကံထိုက်၏- ဟု မှတ်ရမည်။

**အနက်ကား။** ။လိင်္ဂေ၊ လိင်သည်။ ပရိဝတ္တေပိ၊ ပြန်သော်လည်း။ ကေကမ္မနိဗ္ဗတ္တဿ၊တခုသော ကံကြောင့်ဖြစ်သော။ တသ္မေဝ သန္တာ-

www.dhammaransi.com



နသဿ၊ ထိုခန္ဓာအစဉ်ကိုသာလျှင်။ ဇီဝိတာ၊ဇီဝိတိန္ဒြေမှ။ ဝေါရောပန-
တော၊ ချခြင်းကြောင့်။ သော၊ထိုသတ်သောသူသည်။ ဝေါဟာရဘေ-
ဒတော၊ဝေါဟာရပြားသောအားဖြင့်။ ဝါ၊ ဝေါဟာရ ပျက်သောအား
ဖြင့်။ ဂုတ္တိဃာတကော ဝါ၊ မိန်းမကိုသတ်သည်မှုလည်း။ ဟောတု၊ ဖြစ်
စေ။ ပုရိသဃာတကော ဝါ၊ ယောကျ်ားကိုသတ်သည်မှုလည်း။ဟောတု၊
ဖြစ်စေ။အာနန္တရိယကမ္မတော၊အနန္တရိယကံမှ။နမုစ္စတိ၊ မလွတ်။ဣတိ-
တွေကမေဝ၊ ဤမျှသောစကားကိုသာလျှင်။ ဝတ္တဗ္ဗံ၊ ဆိုအပ်၏။

[အပရိဝတ္တတိလိင်္ဂ-အရကို ဋီကာဆရာ မဆန့်ကျင်အောင် ကြံတော်မူ၏။]

၆။ အကြင်ပုဂ္ဂိုလ်ကို ပုထုဇဉ်အဖြစ်၌ သတ်အပ်၏၊ ထိုသတ်အပ်သော ပုဂ္ဂိုလ်သည် ရဟန္တာအဖြစ်၌သေ၏၊ သတ်တတ်သော ပုဂ္ဂိုလ်သည် အရဟန္တဃာတကကံထိုက်မည်လော၊မထိုက်မည်လော-ဟု မေးသည်ရှိသော်—

မနုဿအရဟန္တဿစ ပုထုဇ္ဇနကာလေယေဝ သတ္ထပဟာရေ ဝါ ဝိသေ ဝါ ဒိန္နေပိ ယဒိ သော အရဟတ္တံ ပတွာ တေနေဝ မရတိ အရဟန္တဃာတကောယေဝ။

ဟုသမ္မောဟဝိနောဒနီ ပါဠိ၌ လာသောကြောင့် အရဟန္တဃာတကကံထိုက်၏။

**အနက်ကား။** ။မနုဿအရဟန္တဿ၊ လူရဟန္တာအား၊ ပုထုဇ္ဇန-ကာလေယေဝ၊ ပုထုဇဉ်အခါ၌သာလျှင်။ သတ္ထပဟာရေ ဝါ၊ ဓားလှံဖြင့် ပုတ်ခတ် သတ်ဖြတ်ခြင်းကိုငင်း။ ဝိသေ ဝါ၊ အဆိပ်ကိုငင်း။ဒိန္နေပိ၊ပေးသော်လည်း။သော၊ထိုသတ်အပ်သော ပုထုဇဉ်ပုဂ္ဂိုလ်သည်။အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပတွာ၊ ရောက်၍။ တေနေဝ၊ ထိုလက်နက်ဖြင့် ပုတ်ခတ်ခြင်း,အဆိပ်ကို ပေးခြင်းကြောင့်သာလျှင်။ယဒိမရတိ၊အကယ်၍ သေငြားအံ့။ သော၊ ထိုသတ်တတ်သော ပုဂ္ဂိုလ်သည်။ အရဟန္တ-ဃာတကောယေဝ၊ ရဟန္တာကိုသတ်သည်မည်သည်သာလျှင်။ဟောတိ၊ ဖြစ်၏။

၇။ နတ်ရဟန္တာကိုသတ်သော် အရဟန္တဃာတကကံ ထိုက်မည်လော၊ မထိုက်မည်လော-ဟုမေးသည်ရှိသော်—

www.dhammaransi.com



အရဟန္တဃာတကောပိ မနုဿအရဟန္တဝသေနေဝ ဝေဒိ-
တဗ္ဗော။

ဟု မဟာဝါအဋ္ဌကထာ၌ လာသောကြောင့် အရဟန္တဃာတကကံ မထိုက်ဟု မှတ်ရမည်။

**အနက်ကား။** ။အရဟန္တဃာတကောပိ၊ ရဟန္တာကို သတ်သောသူသည်လည်း။ မနုဿ အရဟန္တဝသေနေဝ၊ လူရဟန္တာ၏ အစွမ်းအားဖြင့်သာလျှင်။ ဝေဒိတဗ္ဗော၊ သိအပ်၏။

ဂ။ တိရစ္ဆာန်သည် လူရဟန္တာကိုသတ်လျှင် အရဟန္တဃာတကကံ ထိုက်မည်လော၊ မထိုက်မည်လော- ဟုမေးသည်ရှိသော်—

တိရစ္ဆာနော မနုဿအရဟန္တံ ဃာတေတွာပိ အာနန္တရိ
ယော န ဟောတိ၊ ကမ္မံ ပန ဘာရိယံ။

ဌင်းအဋ္ဌကထာ လာသောကြောင့် အရဟန္တဃာတကကံ မထိုက်ဟုမှတ်ရမည်။

**အနက်ကား။** ။တိရစ္ဆာနော၊ တိရစ္ဆာန်သည်။ မနုဿအရဟန္တံ၊ လူရဟန္တာကို။ ဃာတေတွာပိ၊ သတ်သော်လည်း။ အာနန္တရိယော၊ အနန္တရိယကံသည်။ နဟောတိ၊မဖြစ်။ကမ္မံပန၊ ကံသည်ကား။ဘာရိယံ၊ ဝန်လေး၏။

[ဤကား-ပါဏာတိပါတကံ၏ ထူးသောစကားရပ်တည်း။]

**ပါဏာတိပါတ၏အပြစ်**

ပါဏာတိပါတကံကို လွန်ကျူးခြင်းကြောင့် ဖြစ်သော အပြစ်တို့ကို ဆိုပေအံ့။

၁။ ဆိုအပ်ပြီးသော ပါဏာတိပါတကံတို့တွင် မာတုဃာတကကံ, ပိတုဃာတကကံ, အရဟန္တဃာတကကံတို့ကြောင့် အဝီစိငရဲ၌ခံရသည်။

ထို့ကြောင့် မူလဋီကာ၌—

သဗ္ဗာအာနန္တရိကာ အဝီစိဖလတ္တာ—

ဟု မိန့်တော်မူ၏။

**အနက်ကား။** ။သဗ္ဗာအာနန္တရိကာ၊အလုံးစုံသောအနန္တရိယကံကို ပြုသောပုဂ္ဂိုလ်တို့သည်။အဝီစိဖလတ္တာ၊အဝီစိငရဲလျှင် အကျိုးရှိသည်၏ အဖြစ်ကြောင့် တည်း။

www.dhammaransi.com



၂။ ရဟန်းသူတော်သူမြတ်ကို သတ်ခြင်းကြောင့် ကာလသုတ်ငရဲ၌ ခံရသည်။

ထို့ကြောင့် ပါဠိဇာတ်၌—

ယောစ ပဗ္ဗဇိတံ ဟန္တိ၊ ကတကိစ္စံ မဟေသိနံ။
ကာလသုတ္တေ စ နိရယေ၊ စိရရတ္တာယ ပစ္စတိ။

ဟုမိန့်တော်မူ၏။

**အနက်ကား။** ။ယောစ၊ အကြင်သူသည်ကား။ ကတကိစ္စံ၊ပြုအပ်ပြီးသောကိစ္စရှိသော။မဟေသိနံ၊မြတ်သော သီလက္ခန္ဓစသည်ကို ရှာမှီးလေ့ရှိသော။ပဗ္ဗဇိတံ၊ရဟန်းသူတော်သူမြတ်ကို။ဟန္တိ၊သတ်ဖြတ်ညှဉ်းဆဲမိ၏။ သော၊ ထိုသူသည်၊ ကာလသုတ္တေနိရယေ။ ကာလသုတ်ငရဲ၌။ စိရရတ္တာယ၊ ကြာမြင့်စွာ။ ပစ္စတိ၊ ကျက်ရလေ၏။

တိရစ္ဆာန်စသည်ကို သတ်ခြင်းကြောင့် ခံရဟန်ကို နေမိဇာတ်ပါဠိတော်၌ ဟောတော်မူ၏၊ ကျယ်မည်းစိုးသောကြောင့် မရေးလိုက်သည်။

[ဤကား-ပါဏာတိပါတကံ၏ အပြစ်ကိုပြသော စကားရပ်တည်း။]

ပါဏာတိပါတကိုပြဆိုခြင်းပြီး၏။

---

## ၂-အဒိန္နာဒါနကို ပြဆိုခြင်း

### အဒိန္နာဒါနအင်္ဂါ

အဒိန္နာဒါန်၏အင်္ဂါ, ထူးထွေသော အဓိပ္ပါယ်နှင့်, လွန်ကျူးခြင်းကြောင့် ဖြစ်သော အပြစ်တို့ကို ဆိုပေအံ့။

တဿ ပဉ္စ သမ္ဘာရာ ဟောန္တိ၊ ပရပရိဂ္ဂဟိတံ ပရပရိဂ္ဂဟိတသညိတာ ထေယျစိတ္တံ ဥပက္ကမော တေန ဟရဏန္တိ။

[အဋ္ဌသာလိနီအဋ္ဌကထာ။]

၁။ ပရပရိဂ္ဂဟိတံ၊ သူတပါးသိမ်းဆည်းသော ဥစ္စာလည်း ဖြစ်စေ။
၂။ ပရပရိဂ္ဂဟိတသညိတာ၊ သူတပါးသိမ်းဆည်းသော ဥစ္စာဟု အမှတ်ရှိသည်လည်း ဖြစ်စေ။
၃။ ထေယျစိတ္တံ၊ ခိုးလိုသောစိတ်ရှိသည်လည်း ဖြစ်စေ။
၄။ ဥပက္ကမော၊ လုံ့လပြုသည်လည်း ဖြစ်စေ။
၅။ တေန၊ ထိုလုံ့လဖြင့်။ ဟရဏံ၊ ခိုးယူသည်လည်း ဖြစ်စေ။

www.dhammaransi.com



ဋ္ဌတိ၊ ဤသို့။ တဿ၊ ထိုအဒိန္နာဒါန်ကံ၏။ ပဉ္စ၊ ၅-ပါးကုန်သော။ သမ္ဘာရာ၊ အဆောက်အဦတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

[ဤကား-အဒိန္နာဒါနကံ၏ အင်္ဂါကိုပြသောစကားရပ်တည်း။]

**အဒိန္နာဒါနအဓိပ္ပါယ်**

ထူးထွေသောအဓိပ္ပါယ်ကို ဆိုဦးအံ့။

၁။ သူ့ကျွန်မဟုတ် တော်လှန်သောသူကို ခိုးယူသော် အဒိန္နာဒါန် ထိုက်မည်လော၊ မထိုက်မည်လော-ဟု မေးသည်ရှိသော်-

ဘုဇိဿံ အဝဟရန္တဿ အဝဟာရော နတ္ထိ-

ဟု ပါရာဇိကကဏ်အဋ္ဌကထာ၌ လာသောကြောင့် မထိုက်ဟု မှတ်ရမည်။

**အနက်ကား။** ။ဘုဇိဿံ၊ သူ့ကျွန်မဟုတ် တော်လှန်သော သူကို။ အဝဟရန္တဿ၊ ခိုးသောသူအား။ အဝဟာရော၊ အဒိန္နာဒါန်ကံသည်။ နတ္ထိ၊ မရှိ။

၂။ လူ၏ဥစ္စာမှတပါးနတ်တိရစ္ဆာန်တို့၏ဥစ္စာကိုခိုးသော် အဒိန္နာဒါန် ထိုက်မည်လော၊ မထိုက်မည်လော-ဟု မေးသည်ရှိသော်-

သစေပိ ဟိ သက္ကောဒေဝရာဇာ အာပဏံ ပသာရေတွာ နိသိန္နော ဟောတိ၊ ဒိဗ္ဗစက္ခုကော စ ဘိက္ခု တံ ဥ တွာ အတ္တ-နော စီဝရတ္ထာယ သတသဟဿဃ္ဃနကမ္ပိ သာဋကံတဿ မာဂ-ဏှ မာဂဏှာတိ ဝဒန္တဿာပိ ဂဟေတွာ ဂစ္ဆတိ ဝဋ္ဋတိ။

ဟူ၍၎င်း,

သစေပိ ဟိ နာဂရာဇာဝါ သုပဏ္ဏမာဏဝကောဝါ မနုဿ-ရူပေန အာပဏံ ပသာရေတိ၊တတောစဿ သန္တကံ၊ ကောစိ ဘိက္ခု ပုရိမနယေနေဝ ဂဟေတွာ ဂစ္ဆတိ ဝဋ္ဋတိ၊ ဟူ၍၎င်း။

ပါရာဇိကကဏ်အဋ္ဌကထာ၌ လာသောကြောင့် အဒိန္နာဒါန်မထိုက် ဟု မှတ်ရမည်။

**အနက်ကား။** ။ဟိသစ္စံ၊ မှန်၏။ သက္ကောဒေဝရာဇာ၊ သိကြားနတ်မင်းသည်။ အာပဏံ၊ အိမ်ဈေးကို။ ပသာရေတွာ၊ ခင်းထား၍။ နိသိန္နော၊ နေသည်။ဟောတိ၊ ဖြစ်၏။ ဒိဗ္ဗစက္ခုကော စ၊ ဒိဗ္ဗစက္ခုအဘိ ညာဉ်ရသည်လည်းဖြစ်သော။ဘိက္ခု၊ ရဟန်းသည်။တံ၊ထိုဈေးခင်းသည်

www.dhammaransi.com



ကို။ ဉ ဏ္ဍာ၊ သိ၍။ အဘ္ဘနော၊ မိမိ၏။ စိဝရတ္တာယ၊ သင်္ကန်းအလို့ငှါ။ သတသဟဿဂ္ဃနကမ္ပိ၊ အဘိုးတသိန်း ထိုက်သည်လည်း ဖြစ်သော။ သာဋကံ၊ ပုဆိုးကို။ တဿ၊ ထိုသိကြားနတ်မင်းသည်။ မာဂဏှ၊ မယူလင့်။ မာဂဏှ၊ မရှုလင့်။ ဣတိ၊ ဤသို့။ ဝဒန္တဿာပိ၊ ဆိုသော်လည်း။ ဂဟေတွာ၊ယူ၍။ သစေပိဂစ္ဆတိ၊ အကယ်၍ သွားစေဦးတော့။ ဝဋ္ဋတိ၊ အပ်၏။ ဟိသစ္စံ၊ ထိုစကားသည်မှန်၏။ နာဂရာဇာဝါ၊ နဂါးမင်းသည် ၎င်း။ သုပဏ္ဏမာဏဝကောဝါ၊ သူယောင်ဖန်ဆင်းသော ဂဠုန်မင်းသည် ၎င်း။ မနုဿရူပေန၊လူ၏အသွင်ဖြင့်။ အာပဏံ၊ အိမ်ဈေးကို။ ပသာရေတိ၊ခင်းထားအံ့။ တတော၊ ထိုအိမ်ဈေးမှသာလျှင်။ အဿ၊ ထိုနဂါးမင်း၏။ သန္တကံ၊ ဉစ္စာကို။ ကောစိ၊ တစုံတယောက်သော။ ဘိက္ခု၊ ရဟန်းသည်။ ပုရိမနယေနေဝ၊ ရှေးနည်းဖြင့်သာလျှင်။ ဂဟေတွာ၊ယူ၍။ သစေပိဂစ္ဆတိ၊ အကယ်၍မူလည်းသွားအံ့။ ဝဋ္ဋတိ၊အပ်၏။

[ဤ၌ ပရာဘဏ္ဍ လက္ခဏာ မရှိသောကြောင့် နတ်,တိရစ္ဆာန်တို့၏ဉစ္စာကိုခိုးသော်လည်း အပြစ်မရှိသကဲ့သို့လူတို့၌လည်းအပြစ်မရှိပဟု-မှတ်ရမည်။]
[ဤကား-အဒိန္နာဒါနကံ၏ ထူးသောစကားရပ်တည်း။]

## အဒိန္နာဒါန၏အပြစ်

အဒိန္နာဒါန်ကို လွန်ကျူးခြင်းကြောင့် ဖြစ်သောအပြစ်ကိုဆိုပေအံ့။ အကြင်ပုဂ္ဂိုလ်သည် အရှင်မပေးသော သူတပါးဉစ္စာကိုခိုး၏၊ ထိုပုဂ္ဂိုလ်သည် အလျှံပြောင်ပြောင် တောက်လောင်သော လှံမတို့ဖြင့် နံပါး၂-ဘက်တို့ကို ထိုးသွင်းလျက်ခံရ၏။

ထို့ကြောင့် နေမိဇာတ်တော်၌—

ယေ ဇိဝ လောကသ္မိံ အသာဓုဓမ္မိနော၊
အဒိန္နမာဒါယ ကရောန္တိ ဇီဝိတံ။
ခညံ ဓနံ ရဇတံ ဇာတရူပဥ္စ၊
အဇေဠကဥ္စာပိ ပသုံ မဟိံသံ။
တေ လုဒ္ဒကမ္မာ ပသဝေတွာ ပါပံ။
တေမေဇနာ သတ္တိဟတာ သယန္တိ။

ဟု ဟောတော်မူ၏။

www.dhammaransi.com



**အနက်ကား။** ။ဇီဝလောကသ္မိံ၊သတ္တလောက၌။ အသာဓုဓမ္မိနော၊ မကောင်းမှုကိုပြုလေ့သဘောရှိကုန်သော။ ယေ၊အကြင်ပုဂ္ဂိုလ်တို့သည်။ ဓညဥ္စ၊ စပါးကိုဎင်း။ ဓနဥ္စ၊ ဥစ္စာကိုဎင်း။ ရဇတဥ္စ၊ ငွေကိုဎင်း။ဇာတရူပဥ္စ၊ ရွှေကိုဎင်း။အပိ၊ ထိုမှတပါး။ အဇေဠကဥ္စ၊ ဆိတ်,သိုးကိုဎင်း။ ပသုံစ၊ သားကိုဎင်း။ မဟိံသဥ္စ၊ ကျွဲကိုဎင်း။ ဣတိ၊ ဤသို့။ အဒိန္နံ၊ အရှင်မပေးအပ်သောဥစ္စာကို။ အာဒါယ၊ ယူ၍။ ဇီဝိတံ၊ အသက်ကို။ ကရောန္တိ၊ မွေးမြူကုန်၏။ တေ၊ ထိုပုဂ္ဂိုလ်တို့သည်။ လုဒ္ဒကမ္မာ၊ ကြမ်းထမ်းသောအမှုကိုပြုကုန်သည်ဖြစ်၍။ပါပံ၊မကောင်းမှုကို။ပသဝေတွာ-ပသဝန္တိ၊ပွားစေကုန်၏။ ပသဝေတွာ၊ပွားစေ၍။ တေမေဇနာ၊ ထိုလူအပေါင်းတို့သည်။ဥဘောပဿေ၊နံပါး ၂-ဘက်တို့ကို။နိရယပါလေဟိ၊ငရဲထိန်းတို့သည်။ သတ္တိဟတာ၊ အလျှံပြောင်ပြောင် တောက်သောလှံမတို့ဖြင့် ထိုးအပ်ကုန်သည်ဖြစ်၍။ သယန္တိ၊ အိပ်နေရကုန်၏။ ဣတိ၊ ဤသို့။ မာတလိ၊ မာတလိနတ်သားသည်။ ဗျာကာသိ၊ ဖြေကြား၏။

[ဤကား-အဒိန္နာဒါနကံ၏အပြစ်ကို ပြသောစကားရပ်တည်း။]
အဒိန္နာဒါနကို ပြဆိုခြင်းပြီး၏။

---

## ၃-ကာမေသုမိစ္ဆာစာရကိုပြဆိုခြင်း

### ကာမေသုမိစ္ဆာစာရအင်္ဂါ

ကာမေသု မိစ္ဆာစာရ ကံ၏အင်္ဂါ, ထူးထွေသောအဓိပ္ပါယ် လွန်ကျူးခြင်းကြောင့် ဖြစ်သောအပြစ်တို့ကို ဆိုပေအံ့။

> တယ စတ္တာရော သမ္ဘာရာ ဟောန္တိ အဂမနီယဝတ္ထု၊ တသ္မိံ သေဝနစိတ္တံ သေဝနပယောဂေါ မဂ္ဂေနမဂ္ဂပ္ပဋိပတ္တိအဓိဝါသနန္တိ။

[အဋ္ဌကထာ။]

၁။ အဂမနီယဝတ္ထု၊ မသွားလာအပ်သောဝတ္ထုလည်း ဖြစ်စေ။
၂။ တသ္မိံ၊ ထိုမသွားလာအပ်သောဝတ္ထု၌။ သေဝနစိတ္တံ၊ မှီဝဲလိုသောစိတ်ရှိသည်လည်း ဖြစ်စေ။
၃။ သေဝနပယောဂေါ၊မှီဝဲခြင်းငှါ လုံ့လပြုသည်လည်း ဖြစ်စေ။

www.dhammaransi.com



၄။ မဂ္ဂေနမဂ္ဂပ္ပဋိပတ္တိ အဓိဝါသနံ၊ မဂ်တပါးဖြင့် မဂ်တပါးကို သွင်း၍ သာယာသည်လည်း ဖြစ်စေ။

ဣတိ၊ ဤသို့။ တသ၊ ထိုကာမေသုမိစ္ဆာစာရကံ၏။ စတ္တာရော၊ ၄-ပါးကုန်သော။ သမ္ဘာရာ၊ အဆောက်အဦတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

[ဤကား-ကာမေသုမိစ္ဆာစာရကံ၏အင်္ဂါကိုပြသောစကားရပ်တည်း။]

**ကာမေသုမိစ္ဆာစာရအဓိပ္ပါယ်**

ထူးထွေသောအဓိပ္ပါယ်ကို ဆိုပေအံ့။

ယောကျ်ားတို့ မသွားလာအပ်သော မိန်းမသည် ၂-ကျိပ်ဖြစ်သတည်း။

ထို့ကြောင့် အဋ္ဌသာလိနီ အဋ္ဌကထာ၌—

အဂမနီယဋ္ဌာနံနာမ ပုရိသာနံတာဝ မာတုရက္ခိတာ ပိတုရက္ခိတာ မာတာပိတုရက္ခိတာ ဘာတုရက္ခိတာ ဘဂိနိရက္ခိတာ ဉာတိရက္ခိတာ ဂေါတ္တရက္ခိတာ ဓမ္မရက္ခိတာ သာရက္ခာ သပရိဒဏ္ဍာတိ မာတုရက္ခိတာဒယော ဒသ၊ ဓနက္ကီတာ ဆန္ဒဝါသိနီ ဘောဂဝါသိနီ ပဋဝါသိနီ ဩဒပတ္တကိနီ ဩဘဋစုမ္ဗဋာ ဒါသီစဘရိယာ ကမ္မကာရီစဘရိယာ ဓဇာဟဋာ မုဟုတ္တိကာတိ ဧတာ ဓနက္ကီတာဒယော ဒသာတိ ဝီသတိ ဣတ္ထိယော။

ဟုမိန့်ဆို၏။

၁။ မာတုရက္ခိတာ၊ အမိစောင့်သော မိန်းမငယ်။

၂။ ပိတုရက္ခိတာ၊ အဘစောင့်သော မိန်းမငယ်။

၃။ မာတာပိတုရက္ခိတာ၊ အမိအဘစောင့်သော မိန်းမငယ်။

၄။ ဘာတုရက္ခိတာ၊ အစ်ကိုယ်ကြီးစောင့်သော မိန်းမငယ်။

၅။ ဘဂိနိရက္ခိတာ၊ အမကြီးစောင့်သော မိန်းမငယ်။

၆။ ဉာတိရက္ခိတာ၊ ဆွေမျိုးစောင့်သော မိန်းမငယ်။

၇။ ဂေါတ္တရက္ခိတာ၊ အနွယ်စောင့်သော မိန်းမငယ်။

၈။ ဓမ္မရက္ခိတာ၊ သီတင်းသုံးဘော်စောင့်သော မိန်းမငယ်။

၉။ သာရက္ခာ၊ အမိအဘ ၂-ပါးတို့ ချိန်းချက်စောင့်ရှောက်မှု ရှိသော မိန်းမငယ်။

www.dhammaransi.com



၁၀။ သပရိဒဏ္ဍာ၊ ဤမိန်းမကို သွားလာသည်ရှိသော် ဒဏ်မည်မျှ ဟု ထားအပ်သော ဒဏ်ရှိသော မိန်းမငှင်း။

ဣတိ၊ ဤသို့။ မာတုရက္ခိတာဒယော၊ မာတုရက္ခိတ-အစရှိကုန်သော။ ဒသ၊ တကျိပ်သော မိန်းမတို့ငှင်း။

၁။ ဓနက္ကီတာ၊ မယားပြုလုပ်ခြင်းအကျိုးငှါ ဥစ္စာဖြင့်ဝယ်သော မိန်းမငှင်း။

၂။ ဆန္ဒဝါသိနီ၊ အလိုတူ၍နေသော မိန်းမငှင်း။

၃။ ဘောဂဝါသိနီ၊ စည်းစိမ်လို၍နေသော မိန်းမငှင်း။

၄။ ပဋဝါသိနီ၊ ပုဆိုးအဝတ်ကိုလို၍နေသော မိန်းမငှင်း။

၅။ ဩဒပတ္တကိနီ၊ ရေခွက်၌လက်ကိုချ၍ မယားအဖြစ်သို့ ရောက်သော မိန်းမငှင်း။

၆။ ဩဘဋစုမ္ဗဋာ၊ ခေါင်းခုချ၍ မယားအဖြစ်သို့ ရောက်သော မိန်းမငှင်း။

၇။ ဒါသီစဘရိယာ၊ ကျွန်မလည်းဖြစ် မယားလည်းဖြစ်သော မိန်းမငှင်း။

၈။ ကမ္မကာရီစဘရိယာ၊ အမှုလုပ်လည်းဖြစ် မယားလည်းဖြစ်သော မိန်းမငှင်း။

၉။ ဓဇာဟဋာ၊ တံခွန်ဖြင့်ထောင်၍ရသော မိန်းမငှင်း။

၁၀။ မုဟုတ္တိကာ၊ တခဏမျှပေါင်းဘော်ဘူးသော မယားငှင်း။

ဣတိ၊ ဤသို့။ ဓနက္ကီတာဒယော၊ ဓနက္ကီတာအစရှိကုန်သော။ ဒသ၊ ဤတကျိပ်သောမိန်းမတို့ငှင်း။ ဣတိ၊ ဤသို့။ ဝီသတိဣတ္ထိယော၊ နှစ်ကျိပ်သော မိန်းမတို့သည်။ တာဝ၊ ရှေးဦးစွာ။ ပုရိသာနံ၊ ယောကျ်ားတို့၏။ အာဂမနီယဋ္ဌာနံနာမ၊ မသွားလာအပ်သောအရာဌာနမည်၏။

ဤ၂-ကျိပ်သော မိန်းမတို့တွင် မာတုရက္ခိတအစ ဓမ္မရက္ခိတအဆုံး တိုင်အောင်တို့ကို ယောကျ်ားတပါး သွားလာသည်ရှိသော် မိန်းတို့ကား ကာမေသုမိစ္ဆာစာရကံမထိုက်။

www.dhammaransi.com



ထို့ကြောင့် သာရတ္ထသင်္ဂဟကျမ်း၌—

ဧတေသု မာတုရက္ခိတာဒီနံ အဋ္ဌန္နံ ပုရိသန္တရဂမနေ။

စသည်ဖြင့် မိန့်တော်မူ၏။

**အနက်ကား။** ။ဧတေသု၊ ထို၂-ကျိပ်သောမိန်းမတို့တွင်။မာတုရက္ခိတာဒီနံ၊ မာတုရက္ခိတ အစရှိကုန်သော။ အဋ္ဌန္နံ၊ ၈-ယောက်ကုန်သော မိန်းမတို့အား။ ပုရိသန္တရဂမနေ၊ ယောက်ျားတပါး သွားလာသည်ရှိသော်။မိစ္ဆာစာရော၊ ကာမေသုမိစ္ဆာစာရကံသည်။ နတ္ထိ၊ မရှိ။ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ မာတာဒယော၊ အမိအစရှိသည်တို့သည်။ တာသံ၊ ထိုမိန်းမတို့၏။ သမ္ဘဿေ၊ အတွေ့တည်းဟူသော ဖောဋ္ဌဗ္ဗာရုံ၌။ နဣဿရာ၊ အစိုးမရကုန်။ ဟိ-ယသ္မာ၊ အကြင့်ကြောင့်။ မာတာဒယော၊ အမိအစရှိသည်တို့သည်။ အတ္တနော၊ မိမိ၏။ ဖဿာနိ၊ အတွေ့တည်းဟူသော ဖောဋ္ဌဗ္ဗာရုံတို့ကို။ အနုဘဝနတ္ထံ၊ခံစားခြင်းငှါ။ တာသံ၊ ထိုမိန်းမတို့ကို။ နရက္ခတိ၊ မစောင့်ရှောက်ကုန်။ ကေဝလံ၊ သက်သက်။ အနာစာရံ၊ မလွန်ကျူးအပ်သည်ကို။ နိသေဓေန္တာ၊ တားမြစ်ကုန်သည်ဖြစ်၍။ တာသံ၊ ထိုမိန်းမတို့၏။ ပုရိသန္တရဂမနံ၊ ယောက်ျားတပါး သွားလာခြင်းကို။ ဝါရေန္တိ၊ တားမြစ်ကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်တည်း။

ကြွင်းသော တကျိပ်၂-ယောက်သော မိန်းမတို့ကို ယောက်ျားတပါး သွားလာသည်ရှိသော် ကာမေသုမိစ္ဆာစာရကံထိုက်၏။

ထို့ကြောင့် ၎င်းကျမ်း၌—

သေသာနိ ဒွိန္နံ သာရက္ခ သပရိဒဏ္ဍာနံ ဒသန္နဉ္စ ဓနက္ကီတာ ဒီနံ ဣတ္ထီနံ ပုရိသန္တရဂမနေ မိစ္ဆာစာရော အတ္ထိ၊ ကသ္မာ သသာမိကဘာဝတော။

ဟုမိန့်တော်မူ၏။

**အနက်ကား။** ။သေသာနိ၊ ကြွင်းကုန်သော။ ဒွိန္နံ၊ ၂- ယောက်ကုန်သော။ သာရက္ခသပရိဒဏ္ဍာနံ၊ သာရက္ခ,သပရိဒဏ္ဍာမိန်းမတို့အား၎င်း။ ဒသန္နံ၊ တကျိပ်ကုန်သော။ ဓနက္ကီတာဒီနံ၊ ဓနက္ကီတအစရှိကုန်သော။ ဣတ္ထီနဉ္စ၊ မိန်းမတို့အား၎င်း။ ဣတိ၊ဤသို့။ ဒွါဒသန္နံ၊ တကျိပ်

www.dhammaransi.com



၂-ယောက်ကုန်သော။ ဧတ္တိနံ၊ မိန်းမတို့အား။ ပုရိသန္တရဂမနေ၊ ယောက်ျားတပါး သွားလာခြင်းကြောင့်။ မိစ္ဆာစာရော၊ ကာမေသု-မိစ္ဆာစာရကံသည်။ အတ္ထိ၊ ရှိ၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်း ဟူမူ-ကား။ သသာမိကဘာဝတော၊ လင်ရှိသည်၏အဖြစ်ကြောင့်တည်း။

[ယောက်ျားတို့ကား ၂-ကျိပ်လုံးပင် ကာမေသုမိစ္ဆာစာရကံထိုက်သည်၊ ထိုအကြောင်းကို ''အဂမနီယဋ္ဌာနံနာမ တာဝ မာတုရက္ခိတာဒယော'' အစရှိသော အောက်စကားရပ်နှင့်ပင် သိလောက်ပြီ။]

အကြင်ယောက်ျားသည် ညအခါ မိမိ မိန်းမဟု ထင်မှတ်သည်ဖြစ်၍ တပါးသော မိန်းမအား သွားလာမိ၏၊ ထိုယောက်ျားကား-ကာမေသု မိစ္ဆာစာရကံထိုက်မည်လော၊မထိုက်မည်လော-မေးသည်ရှိသော်—

ပါဏာတိပါတကံအရာ၌ ပါဏသညိတာ-ဟုပါသကဲ့သို့ ဤ၌ အဂမနီယသညိတာ-ဟုမပါသောကြောင့် ထိုက်၏-ဟုမှတ်ရမည်။

အချို့သောပုဂ္ဂိုလ်တို့က—

တသ္မိံ-ဟူသော အာခာရဖြင့် အဂမနီယဝတ္ထု၊ သညိတာကို ပြသည်ဟု-ဆိုကြ၏၊ထိုစကားသည်မသင့်၊အဘယ့်ကြောင့်နည်းဟူမူကား-ပဥ္စသမ္ဘာရာ-ဟု မလာသောကြောင့်တည်း။

၁။ မာတုရက္ခိတ-အစရှိသော ၈-ယောက်သောမိန်းမတို့ကို သွားလာသည်ရှိသော် ပိုင်သူလင်မရှိသောကြောင့် ကာမေသုမိစ္ဆာစာရကံထိုက်၏-ဟုဆိုရသည်။

၂။ သာရက္ခ-အစရှိသော တကျိပ်၂- ယောက်သော မိန်းမတို့ကို သွားလာသည်ရှိသော် ပိုင်သူလင်ရှိသောကြောင့် ကာမေသု မိစ္ဆာစာရကံလည်း ထိုက်၏၊ ပရဒါရကံလည်း ထိုက်၏-ဟု ဆိုရသည်။

[ဤကား-ကာမေသုမိစ္ဆာစာရကံ၏ ထူးသောစကားရပ်တည်း။]

### ကာမေသုမိစ္ဆာစာရ၏အပြစ်

လွန်ကျူးခြင်းကြောင့် ဖြစ်သောအပြစ်တို့ကို ဆိုပေအံ့။

အကြင်လူအပေါင်းတို့သည်ကာမေသုမိစ္ဆာစာရကံကိုလွန်ကျူးကုန်၏၊ထိုလူအပေါင်းတို့ကို ငရဲထိန်းတို့သည် အလျှံပြောင်ပြောင် တောက်သောမီးကျီးတွင်း၌ ပစ်ချကြကုန်၏။

www.dhammaransi.com



ထို့ကြောင့် နေမိဇာတ်ပါဠိတော်၌—

ယေ ဇီဝလောကသ္မိံ အသာခုဓမ္မိနော၊
ပရဿ ဒါရာနိ အတိက္ကမန္တိ။
တေ တာဒိသာ ဥတ္တမဘဏ္ဍထေနာ၊
တေမေဇနေ အဝံသိရာ နရကေ ပါတယန္တိ။

ဟုဟောတော်မူ၏။

**အနက်ကား။** ။ဇီဝလောကသ္မိံ၊ သတ္တလောက၌။ အသာခုဓမ္မိနော၊ မကောင်းမှုကိုပြုလေ့သဘောရှိကုန်သော။ ယေ၊ အကြင်ပုဂ္ဂိုလ်တို့သည်။ ပရဿ၊သူတပါး၏။ ဒါရာနိ၊ မယားတို့ကို။ အတိက္ကမန္တိ၊ လွန်ကျူးကုန်၏။ တာဒိသာ၊ ထိုသို့လွန်ကျူးခြင်းရှိကုန်သော။ တေဇနာ၊ ထိုသူအပေါင်းတို့သည်။ ဥတ္တမဘဏ္ဍထေနာ၊ မြတ်သောဥစ္စာဟုဆိုအပ်ကုန်သော ဖောဋ္ဌဗ္ဗာရုံကို ခိုးသူတို့မည်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ တေမေဇနေ၊ ထိုလူအပေါင်းတို့ကို။ နိရယပါလာ။ ငရဲထိန်းတို့သည်။ အဝံသိရာ၊ ဦးခေါင်းဦးစောက်။ နရကေ၊အလျံပြောင်ပြောင် တောက်သော မီးကျီးတို့ဖြင့် ပြည့်သော နရက်ချောက်ငရဲ၌။ ပါတယန္တိ၊ ပစ်ချကုန်၏။

ဤမျှသာမဟုတ်၊ နပုံးပဏ္ဍုက်ဖြစ်ရခြင်းတို့သည် ကာမေသုမိစ္ဆာစာရကံ-ဟု သာရတ္ထ-စသော ကျမ်းအစောင်စောင်တို့၌ ဆိုကုန်၏။ ကျယ်မည် စိုးသောကြောင့် မရေးလိုက်သည်။

[ဤကား-ကာမေသုမိစ္ဆာစာရကံ၏ အပြစ်ကိုပြသောစကားရပ်တည်း။]

ကာမေသုမိစ္ဆာစာရကို ပြဆိုခြင်းပြီး၏။

---

## ၄-မုသာဝါဒကိုပြဆိုခြင်း

### မုသာဝါဒအင်္ဂါ

မုသာဝါဒကံ၏ အင်္ဂါ, ထူးထွေသော အဓိပ္ပါယ်, လွန်ကျူးခြင်းကြောင့် ဖြစ်သောအပြစ်တို့ကို ဆိုပေအံ့။

တဿ စတ္တာရော သမ္ဘာရာ ဟောန္တိ။အတထဝတ္ထု ဝိသံဝါဒနစိတ္တံ တဇ္ဇော ဝါယာမော ပရဿ တဒတ္ထ ဝိဇာနနန္တိ။

[အဋ္ဌသာလိနီအဋ္ဌကထာ။]

www.dhammaransi.com



၁။ အတထဝတ္ထု၊ မဟုတ်မမှန်သော ဝတ္ထုလည်း ဖြစ်စေ။

၂။ ဝိသံဝါဒနစိတ္တံ၊ ချွတ်ယွင်းစေလိုသောစိတ်ရှိသည်လည်းဖြစ်စေ။

၃။ တဇ္ဇောဝါယာမော၊ ထိုချွတ်ယွင်းခြင်းအားလျော်သောလုံ့လ ပြုသည်လည်း ဖြစ်စေ။

၄။ ပရဿ၊ သူတပါး၏။ တဒတ္ထဝိဇာနနံ၊ ထိုအနက်အဓိပ္ပါယ်ကို သိသည်လည်း ဖြစ်စေ။

ဣတိ၊ ဤသို့။တဿ၊ထိုမုသာဝါဒကံ၏။စတ္တာရော၊၄-ပါးကုန ်သော။ သမ္ဘာရာ၊ အဆောက်အဦတို့သည်။ ဟောန္တိ၊ကုန်၏။

[ဤကား-မုသာဝါဒကံ၏ အင်္ဂါကိုပြသောစကားရပ်တည်း။]

**မုသာဝါဒအဓိပ္ပါယ်**

ထူးထွေသော အဓိပ္ပါယ်ကိုဆိုပေအံ့။

ဤသို့သော အင်္ဂါ ၄-ပါးနှင့် ပြည့်စုံသော်လည်း အကျိုးမပျက်စီး က ကမ္မပထမမြောက်ဟု-မှတ်ရမည်။

ထို့ကြောင့် ခုဒ္ဒကပါဌအဋ္ဌကထာ၌—

ယောပနအတ္တဘဉ္ဇကော၊သောကမ္မပထပတ္တော၊ဣတရောကမ္မမေဝ။ ဟုမိန့်ဆို၏။

**အနက်ကား။** ။ယောပနမုသာဝါဒေါ၊ အကြင်မုသာဝါဒကံသည် ကား။ အတ္တဘဉ္ဇကော၊ အကျိုးကို ဖျက်ဆီး၏။ သောမုသာဝါဒေါ၊ ထိုမုသာဝါဒကံသည်။ ကမ္မပထပတ္တော၊ ကမ္မပထမြောက်၏။ ဣတရော၊ ဤမှတပါးသော မုသာဝါဒကံသည်။ ကမ္မမေဝ၊ ကံမည်သည်သာလျှင် **တည်း။**

လှည့်စားလေ-ဟု စေရာ၌ ဆောင်သောသူ လှည့်စားသည်ဖြစ်၍ တပါးသော သူ၏ အကျိုးပျက်စီးသည် ရှိသော် စေရင်းပုဂ္ဂိုလ်မှာ မုသာဝါဒကံထိုက်မည်လော၊ မထိုက်မည်လော-မေးသည်ရှိသော်—

ဧကော ပယောဂေါ သာဟတ္ထိကောဝ။

ဟုအဋ္ဌသာလိနီ အစရှိသော အဋ္ဌကထာ အစောင်စောင်တို့၌လာ သောကြောင့် မထိုက်-ဟုမှတ်ရမည်။

www.dhammaransi.com



**အနက်ကား။** ။သာဟတ္ထိကော၀၊ ကိုယ်တိုင်လှည့်စားခြင်း-ဟုဆို အပ်သော။ ကောတခုသော။ ပယောဂေါ၀၊ ပယောဂသည်သာလျှင် တည်း။

[ဤကား-မုသာ၀ါဒကံ၏ထူးသောစကားရပ်တည်း။]

**မုသာ၀ါဒ၏အပြစ်**

လွန်ကျူးခြင်းကြောင့် ဖြစ်သော အပြစ်တို့ကို ဆိုပေအံ့။

အကြင်ရဟန်းတို့သည် ဈာန်, မဂ်,ဖိုလ်ကို မရဘဲနှင့် ရ၏-ဟု လိမ် လည်လှည့်ဖြားလျက် ပြောဆိုကုန်၏၊ ထိုရဟန်းတို့သည် သေသည်၏ အခြားမဲ့၌ အလျှံတပြောင်ပြောင် တောက်သော မီးကျီးရေ၌ သက်န်းကိုလည်၍ ရောက်လျက် ခံရကုန်၏။

ထို့ကြောင့် ဝိဘင်းပါဠိတော်၌—

ကာသာ၀ကဏ္ဌာ ဗဟဝေါ၊ ပါပဓမ္မာ အသညတာ။
ပါပေဟိ ကမ္မေဓမ္မေဟိ၊ နိရယေ တေ ဥပပဇ္ဇရေ။

ဟုဟောတော်မူ၏။

**အနက်ကား။** ။ပါပဓမ္မာ၊ ယုတ်မာသောတရားမှ။ အသညတာ၊ မစောင့်စည်းကုန်သော။ဗဟဝေါ၊ များစွာကုန်သော။တေဘိက္ခူ၊ ထို ရဟန်းတို့သည်။ပါပေဟိ၊ ယုတ်မာကုန်သော။ကမ္မေဓမ္မေဟိ၊ ကံတရားတို့ ကြောင့်။ပရံမရဏာ၊ သေသည်မှနောက်၌။ကာသာ၀ကဏ္ဌာ၊ သင်္ကန်း လည်ရောက်ကုန်လျက်။ နိရယေ၊ငရဲ၌။ ဥပပဇ္ဇရေ။ခံရကုန်၏။

[ဤကား-မုသာ၀ါဒကံ၏အပြစ်ကိုပြသောစကားရပ်တည်း။]

မုသာ၀ါဒကို ပြဆိုခြင်းပြီး၏။

---

## ၅-သုရာမေရယကိုပြဆိုခြင်း

**သုရာမေရယအင်္ဂါ**

သုရာမေရယကံ၏ အင်္ဂါ, ထူးထွေသောအဓိပ္ပါယ်, လွန်ကျူးခြင်း ကြောင့် ဖြစ်သောအပြစ်တို့ကိုဆိုပေအံ့။

သုရာဒီနဉ္စ အညတရံ ဟောတိ၊မဒနီယပါတုကမျတာစိတ္တဉ္စ
ပစ္စုပဋ္ဌိတံ ဟောတိ၊ တဇ္ဇဉ္စ ဝါယာမံ အာပဇ္ဇတိ၊ ပီတေစ
ပဝိသတီတိ ဣမာနိစတ္တာရိ။ [ခုဒ္ဒကပါဌအဋ္ဌကထာ။]

www.dhammaransi.com



၁။ သုရာဒီနဥ္စ၊ သေအစရှိသည်တို့တွင်လည်း။ အညတရံ၊ တပါးပါးသည်။ဟောတိ၊ဖြစ်၏။

၂။ မဒနီယပါတုကမျတာစိတ္တဥ္စ၊ မူးယစ်သည့်သေကိုသောက်ခြင်း၌ အလိုရှိသောသူ၏ အဖြစ်တည်းဟူသော စိတ်သည်လည်း။ ပစ္စုပဋ္ဌိတံ၊ရှေ့ရှုဖြစ်၍တည်သည်။ဟောတိ၊ဖြစ်၏။

၃။ တဇ္ဇံ၊ ထိုအားလျော်သော။ ဝါယာမဥ္စ၊လုံ့လသို့လည်း။ အာပဇ္ဇတိ၊ရောက်၏။

၄။ ပီတေ၊ သောက်သည်ရှိသော်။ ပဝိသတိစ၊ဝင်လည်းဝင်၏။

ဣတိ-ဣမာနိစတ္တာရိ၊ ဤ၄-ပါးတို့သည်။သုရာမေရယ မဇ္ဇပမာဒဋ္ဌာနဿ၊ ယစ်မူးမေ့လျော့ကြောင်းဖြစ်သောသေရည်ကိုသောက်သောကံ၏။ အင်္ဂါနိ၊ အင်္ဂါတို့တည်း။

[ဤကား-သုရာမေရယကံ၏ အင်္ဂါကိုပြသောစကားရပ်တည်း။]

**သုရာမေရယ အဓိပ္ပါယ်**

ထူးထွေသောအဓိပ္ပါယ်ကို ဆိုပေအံ့။

၁။ ဤသုရာမေရယကံသည် ကမ္မပထမြောက်သောကံလော၊ မမြောက်သောကံလော-ဟုမေးသည်ရှိသော်—

ဣဿာ,မစ္ဆရိယ,ဝိစိကိစ္ဆာတရားတို့သည်ကမ္မပထတရား ၁၀-ပါး၌ မပါသော်လည်း အပါယ်ပဋိသန္ဓေကိုပေးသည်ဖြစ်၍ ကမ္မပထမြောက်သောကြောင့် ကမ္မပထတရား ၁၀-ပါးတို့တွင်တော်ရာလျော်ရာသွင်း၍ ယူရာသကဲ့သို့ ထို့အတူ သုရာမေရယကံသည်လည်း အပါယ်ပဋိသန္ဓေကို ပေးသည်ဖြစ်၍ ကမ္မပထမြောက်သောကြောင့် တော်ရာလျော်ရာသို့ သွင်း၍ယူရမည်။

[ဤကား ယုတ္တိဒဠှီ။]

အာဂမဒဠှီအားဖြင့်ကား—

ကောသေသောတိ ပဉ္စပိ ကမ္မပထမေဝ-ဟူသောသမ္မောဟဝိနောဒနီအဋ္ဌကထာ,

ပါဏာတိ ပါတောနာမ နိရယသံဝတ္တနိကော ဟောတိ တိရစ္ဆာနယောနိသံဝတ္တနိကောပေတ္တိဝိသယသံဝတ္တနိကော၊တ-ထာအဒိန္နာဒါနာဒီနိ။ ဟူသောမဇ္ဈိမပဏ္ဏာသအဋ္ဌကထာ,

www.dhammaransi.com



ၚင်းအဋ္ဌကထာစကား ၂-ရပ်ကိုထောက်လျှင် မုချဆတ်ဆတ် ကမ္မပထမြောက်၏-ဟုမှတ်ရမည်။

၂။ ဘိန်းစားခြင်း,သေသောက်ခြင်း, ရှူခြင်းတို့သည် သုရာမေရယကံထိုက်မည်လော၊ မထိုက်မည်လော-ဟု မေးသည်ရှိသော်—

ယံ ဝါပန အညမ္ပိ ကိဉ္စိ အတ္ထိ မဒနီယံ၊ယေန ပီတေန ပမတ္တော ဟောတိ၊ ဣဒံ ဝုစ္စတိ မဇ္ဇံ။

ဟုခုဒ္ဒကပါဌအဋ္ဌကထာ၌လာသောကြောင့် ထိုက်၏-ဟုမှတ်ရမည်။

**အနက်ကား။** ။ဝါပန၊ ထိုမှတပါး။အညမ္ပိ၊ တပါးလည်းဖြစ်သော။ ကိဉ္စိ၊အမှတ်မရှိသော။ယံမဒနီယံ၊အကြင်မူးယစ်ကြောင်းဖြစ်သောဝတ္ထုသည်။အတ္ထိ၊ ရှိ၏။ ပီတေန၊သောက်အပ်သော။ ယေနဝတ္ထုနာ၊အကြင်ဝတ္ထုဖြင့်။ ပမတ္တော၊ မေ့လျော့သည်။ ဟောတိ၊ ဖြစ်၏။ ဣဒံသဗ္ဗံ၊ဤအလုံးစုံမေ့လျော့ကြောင်းဖြစ်သောဝတ္ထုကို။မဇ္ဇံ၊ မဇ္ဇ-ဟူ၍။ ဝါ၊သေ-ဟူ၍။ဝုစ္စတိ၊ဆိုအပ်၏။

၃။ သေအရက်ကိုဆေးဟင်းလျာတို့၌ထည့်စေခြင်း၄ါၚင်း,ကောင်းစေခြင်း၄ါၚင်း သေအရက်တို့၏ အနံ့အရသာကို မထင်စေဘဲ အနည်းငယ်ထည့်စေလျက် ၚင်းဆေးဟင်းလျာတို့ကို သုံးဆောင်သော သူသည် သုရာမေရယကံထိုက်မည်လော၊မထိုက်မည်လော-ဟုမေးသည်ရှိသော်-

အနုဇာနာမိ ဘိက္ခဝေ ယသ္မိံ တေလပါကေ မဇ္ဇဿ န ဝဏ္ဏော ဂန္ဓော ရသော ပညာယတိ၊ ဧဝရူပံ မဇ္ဇပက္ခိတ္တံ တေလံ ပါတုံ။

ဟုမဟာဝါပါဠိတော်၌လာသောကြောင့် မထိုက်ဟု-မှတ်ရမည်။

**အနက်ကား။** ။ဘိက္ခဝေ၊ ရဟန်းတို့။ယသ္မိံ တေလပါကေ၊ အကြင်ဆီကျက်၌။ မဇ္ဇဿ၊ သေ၏။ ဝဏ္ဏော၊ အဆင်းသည်။ နပညာယတိ၊ မထင်။ ဂန္ဓော၊ အနံ့သည်။ နပညာယတိ၊ မထင်။ ရသော၊ အရသာသည်။ နပညာယတိ၊ မထင်။ဧဝရူပံ၊ ဤသို့သဘောရှိသော။ မဇ္ဇပက္ခိတ္တံ၊ သေအရက်ထည့်အပ်သော။ တေလံ၊ ဆီကို။ ပါတုံ၊ သောက်ခြင်းငှါ။ အနုဇာနာမိ၊ ငါဘုရား ခွင့်ပြုတော်မူ၏။

[ဤကား-သုရာမေရယကံ၏ ထူးသောစကားရပ်တည်း။]

www.dhammaransi.com



## သုရာမေရယ၏အပြစ်

သုရာမေရယ၏လွန်ကျူးခြင်းကြောင့်ဖြစ်သောအပြစ်တို့ကိုဆိုပေအံ့။ အကြင်ပုဂ္ဂိုလ်သည် သုရာမေရယကံကိုလွန်ကျူး၏၊ ထိုပုဂ္ဂိုလ်သည် ငရဲ၌ ကြိမ်ဘန်များစွာ ခံရ၏၊ လူဖြစ်သော်လည်း ရူးခြင်း, အ-ခြင်းဖြစ်သေးသည်။

ထို့ကြောင့် အင်္ဂုတ္တိုရ်အဋ္ဌကထာ၌--

ဥမ္မတ္တကသံဝတ္တနိကောဟောတီတိ ဥမ္မတ္တကဘာဝံ သံဝတ္တေတိ၊တေန ဟိ မနုဿော ဥမ္မာဒေါဝါ ခိတ္တစိတ္တောဝါ ဧဠမူဂေါဝါ ဟောတိ၊ အယံ သုရာပါနဿ နိဿန္ဒော။

ဟုမိန့်တော်မူ၏။

**အနက်ကား။** ။ဥမ္မတ္တကသံဝတ္တနိကော ဟောတီတိ၊ ဥမ္မတ္တကသံဝတ္တနိကောဟောတိ-ဟူသည်ကား။ဥမ္မတ္တကဘာဝံ၊ ရူးသည်၏အဖြစ်ကို။ သံဝတ္တေတိ၊ ဖြစ်စေ၏။ ဟိသစ္စံ၊ မှန်၏။ တေန၊ ထို့ကြောင့်။မနုဿော၊ လူသည်။ ဥမ္မာဒေါဝါ၊ ရူးခြင်းသည်ရင်း။ ခိတ္တစိတ္တောဝါ၊ စိတ်ပြန့်လွင့်ခြင်းသည်ရင်း။ ဧဠမူဂေါဝါ၊ အ-ခြင်းသည်ရင်း။ ဟောတိ၊ ဖြစ်၏။ အယံ၊ ဤဆိုအပ်ခဲ့ပြီးသော အကျိုးတရားဟူသမျှသည်။ သုရာပါနဿ၊ သေကိုသောက်ခြင်းတည်းဟူသော သုရာပါနကံ၏။ နိဿန္ဒော၊ အကျိုးဆက်တည်း။

[ဤကား-သုရာမေရယကံ၏အပြစ်ကိုပြသောစကားရပ်တည်း။]

သုရာမေရယကိုပြဆိုခြင်းပြီး၏။

လူတို့သည် အပတ်တကုတ် မပြတ်မလပ်ကျင့်ဆောက်တည်အပ်သော ၅- ပါးသောကံ၏ အင်္ဂါ,ထူးထွေသောအဓိပ္ပါယ်,လွန်ကျူးခြင်းကြောင့်ဖြစ်သော အပြစ်တို့ကို ပါဠိ, အဋ္ဌကထာ, ဋီကာအရပ်ရပ်တို့ကို ကြည့်ရှုဆုံးဖြတ်သောစကားရပ်ကား ပြီး၏။

ငါတ်ိုကျေးဇူးရှင် စံကျောင်းဆရာတော် ဆုံးဖြတ်သော
ပဥ္စသီလဝိနိစ္ဆယပြီး၏။

www.dhammaransi.com

# အာဇီဝဋ္ဌမကသီလအဆုံးအဖြတ်

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

### ၁-သီလ ၃-မျိုး ခြားနားပုံကိုပြဆိုခြင်း

၁။ အာဇီဝဋ္ဌမကသီလသည် ယခုကာလ စောင့်ထိန်းကြသည့် ၈-ပါးသီလ, ၁၀-ပါးသီလများနှင့် အဘယ်သို့ထူးခြားကြောင်း,

၂။ ၎င်းအာဇီဝဋ္ဌမကသီလကို ခံယူဆောက်တည်ပုံ,

၃။ ၎င်းအာဇီဝဋ္ဌမကသီလ၏ အင်္ဂါအပြား, ပယောဂအပြားများကို သိလိုပါကြောင်းနှင့် ပုသိမ်မြို့ ရုံးအင်စပိတ်တော်မောင်ကျော်ဇံ တောင်းပန်လျှောက်ထားချက်မှာ—

၁။ အာဇီဝဋ္ဌမကသီလသည် ယခုကာလ စောင့်ထိန်းကြသည့် ၈-ပါးသီလ, ၁၀-ပါးသီလများနှင့် အဘယ်သို့ ထူးခြားကြောင်း-ဟူသော ပဌမပုစ္ဆာ၌အဖြေကား—

### ၈-ပါးသီလ

၈-ပါးသီလမည်သည် ဃရာဝါသသမ္ဗာဓ၌ တည်နေကြကုန်သော ပကတိ လူတို့၏ သီလတည်း၊ ထိုပကတိ လူတို့သည် အဗြဟ္မစရိယ, ဝိကာလဘောဇန-စသော အမှုများကို နိစ္စထာဝရ ကြဉ်ရှောင်ခြင်းငှါ မတတ်နိုင်ကြကုန်ရကား-တလလျှင် ၄-သီတင်း, ၈-သီတင်း အမှတ်

www.dhammaransi.com



ပြု၍ စောင့်ထိန်းကြသော အနိစ္စသီလမျိုးပေတည်း၊ နိစ္စပြု၍ စောင့်နိုင်လျှင်လည်း အလွန်ကောင်းမြတ်၏။

[ဤကား-၈-ပါးသီလအကျဉ်းမှတ်ပုံတည်း။]

### ၁၀-ပါးသီလ

၁၀-ပါးသီလသည်မှုကား-နိစ္စ, အနိစ္စ ၂မျိုးရ၏၊ ဃရာဝါသကိစ္စကို စွန့်လွှတ်၍ အဝတ်ကြောင်အဝတ်ဖြူဟူသော ပကတိလူတို့ အဝတ်ကို ပယ်၍ အရဟတ္တဓဇအဝင်အပါဖြစ်သော ညှောင်ခေါက်စသည် ဖန်ရည်ဆိုးအပ်သောအဝတ်ကို ဝတ်သော လူသူတော်များတို့အား ထို ၁၀-ပါးသော သီလသည် နိစ္စသီလမျိုးဖြစ်၏၊ ထိုအဝတ်ကို ဝတ်မိသည်နှင့်တပြိုင်နက် ထိုသူတို့အား ထိုသီလသည် တည်လေ၏။

တည်၏ဆိုသည်ကား—

ထိုအဝတ်ကို ဝတ်မိသည်နှင့် တပြိုင်နက် ထိုသူတို့သည် အဖြဟ္မစရိယ, ဝိကာလဘောဇန- စသောအမှုများကို ပြုခြင်းငှါ မထိုက်ကုန်ပြီ၊ ပြုခဲ့လျှင် အရဟတ္တဓဇ အဝတ်အသွင်နှင့် မထိုက်တန်သောအမှုဖြစ်၍ အလဇ္ဇီ သဘောသို့ ရောက်ကုန်၏၊ ဤကဲ့သို့ပြုခြင်းငှါ မထိုက်တန်သော သဘောသို့ ရောက်သည်ကို ထိုသီလတည်သည်ဟု ဆိုသတည်း၊နိစ္စသီလမျိုးဟူသမျှသည် ဤနည်းချည်း မှတ်လေ။

ပကတိလူတို့အားထိုကဲ့သို့သောနိစ္စသီလအနေနှင့်တည်မှုကိုမရအပ်၊ ၈-ပါးသီလကဲ့သို့ပင် ဆောက်တည်မှုရသော အနိစ္စတမျိုးသာ ဖြစ်၏၊ နိစ္စပြု၍ စောင့်ထိန်းလိုလျှင် နိစ္စအနေနှင့် ခံယူမှုရ၏၊ ဤကား-အကျဉ်းတည်း။

အကျယ်ဖြစ်သော ဝိနိစ္ဆယကိုမူကား- ငါတို့စီရင်သည့် အာဟာရဒီပနီစာအုပ်တွင် ပါရှိသော သီလဝိနိစ္ဆယမှာ ကြည့်၍သိလေ။

[ဤကား-၁၀-ပါးသီလအကျဉ်းမှတ်ပုံတည်း။]

### အာဇီဝဋ္ဌမကသီလ

အာဇီဝဋ္ဌမကသီလဆိုသည်ကား- သုစရိုက် ၁၀-ပါးတွင် မနောသုစရိုက် ၃-ပါးကို ချန်လှပ်သော် ကာယသုစရိုက် ၃-ပါး, ဝစီသုစရိုက် ၄-ပါးဟူ၍ ၇-ပါးရ၏၊ ၎င်း၇-ပါးမှာ သမ္မာအာဇီဝဝိရတိကို

www.dhammaransi.com



ထည့်၍ အာဇီဝဋ္ဌမကသီလခေါ်၏၊ ကာယသုစရိုက် ၃-ပါးကား- သမ္မာကမ္မန္တဝိရတိတည်း၊ ဝစီသုစရိုက် ၄-ပါးကား-သမ္မာဝါစာ ဝိရတိတည်း၊ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝဟူ၍ ဝိရတိ ၃-ပါး ဖြစ်၏၊ ထို ၃-ပါးတို့တွင်—

၁။ သမ္မာဝါစာဝိရတိသည်—

၁။ မုသာဝါဒါ ဝေရမဏီ,
၂။ ပိသုဏာဝါစာ ဝေရမဏီ,
၃။ ဖရုသဝါစာ ဝေရမဏီ,
၄။ သမ္ဖပ္ပလာပါ ဝေရမဏီ—

ဟူ၍ ၄-ပါးအပြားရှိ၏။

၂။ သမ္မာကမ္မန္တ ဝိရတိသည်လည်း—

၁။ ပါဏာတိပါတာ ဝေရမဏီ,
၂။ အဒိန္နာဒါနာ ဝေရမဏီ,
၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏီ—

ဟူ၍ ၃-ပါးအပြားရှိ၏။

၃။ သမ္မာအာဇီဝဝိရတိမူကား- အသက်မွေးမှု၏ အစွမ်းအားဖြင့် ပြုရသော ပါဏာတိပါတ အစရှိသော ထိုဒုစရိုက် ၇-ပါးကို မိစ္ဆာဇီဝ ဒုစရိုက်မျိုးခေါ်ရပြန်၏၊ ထိုမိစ္ဆာဇီဝခေါ်ရသော ဒုစရိုက် ၇-ပါးတို့မှ ရှောင်ကြဉ်မှုဖြစ်သောကြောင့် ၇-ပါးဖြစ်၏။

[သမ္မာဝါစာဝိရတိ-၄, သမ္မာကမ္မန္တဝိရတိ-၃, သမ္မာအာဇီဝဝိရတိ- ၇၊ ပေါင်းဝိရတိ ၁၄-ပါးဖြစ်၏။]

ရင်း ၁၄-ပါးသည်—

၁။ သမာဒါန ဝိရတိ- ၁၄,
၂။ သမ္ပတ္တ ဝိရတိ- ၁၄,
၃။ သမုစ္ဆေဒဝိရတိ- ၁၄,

ဟူ၍ ၄၂-ပါးဖြစ်၏။

၁။ သမာဒါန ဝိရတိဆိုသည်ကား- ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ-အစရှိသော ပါဠိ၏အနက်အဓိပ္ပါယ်ကို သိ၍

www.dhammaransi.com



သိတိုင်းအာရုံပြု၍ ခံယူသောသူတို့အား "မိ" အက္ခရာကို ရွတ်ဆိုသည်နှင့်တပြိုင်နက် ထိုထိုဝိရတိသည်ဖြစ်၏။

[ဤလည်း သမာဒါနဝိရတိ ၁၄-တမျိုး။]

သူ့အသက်,သူ့ဝိညာဏ်စသော ဝတ္ထုကိုတွေ့ကြုံသောအခါ ငါ့မှာခံယူ၍ထားသော သီလရှိပေသည်၊ ငါလွန်ကျူး၍ မသင့်ပေ-ဟု ရှောင်ကြဉ်၏၊ ရှောင်ကြဉ်သော စိတ်ဖြစ်သည်နှင့်တပြိုင်နက် ဝတ္ထုအားလျော်စွာ ထိုထိုဝိရတိသည်ဖြစ်၏။

[ဤလည်း သမာဒါနဝိရတိ ၁၄-တမျိုး။]

ထို ၂-မျိုးကို ပေါင်းသည်ရှိသော် သမာဒါနဝိရတိ ၂၈-ဖြစ်ပြန်၏။

၂။ သမ္ပတ္တဝိရတိဆိုသည်ကား-ခံယူဆောက်တည်၍ ထားမှုကားမရှိ၊ ဝတ္ထုကို တွေ့ကြုံသောအခါ၌မူကား-လွတ်အောင် ရှောင်ကြဉ်ပေ၏၊ ဤသို့ရှောင်ကြဉ်သောသူတို့အား ရှောင်ကြဉ်သော စိတ်ဖြစ်သည်နှင့်တပြိုင်နက် ထိုထိုဝတ္ထုအားလျော်စွာ ထိုထို ဝိရတိသည်ဖြစ်၏၊

[ဤကား-သမ္ပတ္တဝိရတိမျိုးတည်း။]

၃။ သမုစ္ဆေဒဝိရတိဆိုသည်ကား-သောတာပတ္တိမဂ်ခဏ၌သက္ကာယ ဒိဋ္ဌိချုပ်ငြိမ်းသည်နှင့် တပြိုင်နက် အပါယ်သို့ ချနိုင်သော ဒုစရိုက် ၁၀-ပါးတို့သည် အပြီးတိုင်ချုပ်ငြိမ်းကုန်၏၊ ထိုသို့ချုပ်ငြိမ်းရာ၌သမ္မာဝါစာမဂ္ဂင်သည် ဝစီဒုစရိုက် ၄-ပါးကိုအပြီးတိုင်ချုပ်ငြိမ်းစေ၏၊သမ္မာကမ္မန္တမဂ္ဂင်သည် ကာယဒုစရိုက် ၃-ပါးကို အပြီးတိုင်ချုပ်ငြိမ်းစေ၏၊ သမ္မာအာဇီဝမဂ္ဂင်သည် အသက်မွေးမှု၏ အစွမ်းအားဖြင့်ဖြစ်သော ထို ၇-ပါးသော ဒုစရိုက်တို့ကို အပြီးတိုင် ချုပ်ငြိမ်းစေ၏။

[ဤမဂ္ဂင် ၃-ပါးကို သမုစ္ဆေဒဝိရတိဆိုသည်။]

ပယ်အပ်ပြီးသော ဒုစရိုက်အပြား ၁၄-ပါးကိုထောက်၍သမုစ္ဆေဒဝိရတိ ၁၄-ပါးဆိုသည်၊ မဂ်စိတ္တက္ခဏမည်သည် တချက်မျှသာကျသည်ဖြစ်၍ မဂ်ဝိရတိမှာမူကား-လောကီဝိရတိမှာကဲ့သို့ အာရုံအမျိုးမျိုး,ခဏအမျိုးမျိုးသို့လိုက်၍ ၁၄-ပါးဖြစ်ပွားသည်မဟုတ်။

www.dhammaransi.com



သမာဒါနဝိရတိ- ၂၀။
သမ္ပတ္တဝိရတိ- ၁၄။
သမုစ္ဆေဒဝိရတိ- ၁၄။
ဝိရတိပေါင်း ၅၆-ဖြစ်၏။

၎င်းကို ကာလ ၃-ပါးနှင့်မြှောက်ပွားသည်ရှိသော် ၁၆၈-ဖြစ်၏။ ၎င်းကို သန္တာန် ၂-ပါးနှင့်မြှောက်ပွားသည်ရှိသော် ၃၃၆-ဖြစ်၏၊ ၎င်းကိုအရပ်မျက်နှာ၁၀-ပါးနှင့်မြှောက်ပွားသည်ရှိသော် ၃၃၆၀-ဖြစ်၏၊ ၎င်းကို ပုဂ္ဂိုလ်သန္တာန် အသီးအသီးနှင့်မြှောက်ပွားသည်ရှိသော် ဝိရတိပေါင်း အသင်္ချေယျအနန္တဖြစ်၏။

[ဤကား-အာဇီဝဋ္ဌမကသီလအပြားကို ပြဆိုချက်တည်း။]

### ကမ္ဘာစောင့်တရား ၂-ပါးနှင့်အကျိုးသွား

ခပ်သိမ်းသော စကြဝဠာအနန္တ,ကမ္ဘာအနန္တတို့၌ ပကတိသော သပ္ပုရိသ အင်္ဂါလက္ခဏာနှင့် ပြည့်စုံကြကုန်သော လူအမျိုးကောင်း, လူသူတော်ကောင်းတို့၏ အမြဲအစွဲ အရိုးအစဉ် ဖြစ်သော ကမ္ဘာစောင့်တရားကား—

၁။ အာဇီဝဋ္ဌမကသီလ တပါး,
၂။ ဗြဟ္မစိုရ်တရား တပါး—

[ဤ ၂-ပါးတည်း။]

ကမ္ဘာစောင့်တရား ဆိုသည်ကား—

၂-ပါးသော တရားတို့နှင့် အများညီညာပြည့်စုံကြသော အခါတို့၌ ဤလူ့ပြည်သည် နတ်ပြည်, ဗြဟ္မာ့ပြည်ကဲ့သို့ ကြည်လင်ခြင်း ခပ်သိမ်းနှင့် ပြည့်စုံ၏၊ အသက်ရှည်မှု, အလိမ်မာမှုတို့၌ နတ်ပြည်ခြောက်ထပ် နတ်တို့သည်ပင် မတုနိုင် မပြိုင်နိုင်ရှိကုန်၏၊ ထိုတရား ၂-ပါးတို့ အစဉ်အတိုင်း ဆုတ်ယုတ်၍ သွားသောအခါ လူ့ပြည်၌ ဆုတ်ကပ်ဟူ၍ဖြစ်ရ၏၊ လူ့ပြည်၌ ထိုတရား ၂-ပါးတို့လုံးလုံး ကွယ်ပျောက်သောအခါ ၁၀-နှစ်တန်း၌ ကပ်ကြီး ၃-ပါး အကြီးအကျယ်ဖြစ်၏၊ ထိုတရားတို့ တိုးတက်ပြန်သောအခါ လူ့ပြည်မှာတက်ကပ်ဖြစ်ပြန်၏၊ ဤသို့သော အကြောင်းကြောင့် ကမ္ဘာစောင့် တရား ၂-ပါးဆိုသတည်း။

www.dhammaransi.com



ထိုတရား ၂-ပါးနှင့် ကောင်းစွာ ပြည့်စုံကြကုန်သော လူအမျိုးကောင်းတို့အား သုစရိုက် ၁၀-ပါးတို့သည် အမြဲတည်ကုန်၏၊ဒုစရိုက် ၁၀-ပါးတို့မှ အစဉ်ကင်းလွတ်ကြကုန်၏။

## မေးမြန်းဘွယ်

မေး။ ။အဘယ်သို့လျှင် သုစရိုက် ၁၀-ပါးတို့သည် အမြဲတည်ကုန်သနည်း၊ ဒုစရိုက် ၁၀-ပါးတို့မှ အစဉ်ကင်းလွတ်ကြကုန်သနည်း-ဟူမူကား—

ဖြေ။ ။(က) လောကီဖြစ်သော အာဇီဝဋ္ဌမကသီလ ခိုင်လုံသည့်အတွက် ကာယသုစရိုက် ၃-ပါး, ဝစီသုစရိုက် ၄-ပါးတို့ အမြဲတည်ကုန်၏၊ ကာယဒုစရိုက် ၃-ပါး, ဝစီဒုစရိုက် ၄-ပါး အစဉ်ကင်းလွတ်ကြကုန်၏။

(ခ) ဗြဟ္မစိုရ်တရား ၄-ပါး ခိုင်လုံသည့်အတွက် မနောသုစရိုက် ၃-ပါး အမြဲတည်ကုန်၏၊ မနောဒုစရိုက် ၃-ပါးမှ အစဉ်ကင်းလွတ်ကြကုန်၏။

(ဂ) မုဒိတာ, ဥပေက္ခာဗြဟ္မစိုရ်တရား ၂-ပါး ခိုင်လုံသည့်အတွက် အနဘိဇ္ဈာ မနောသုစရိုက်အမြဲတည်၏၊အဘိဇ္ဈာမနောဒုစရိုက်မှ အစဉ်ကင်းလွတ်၏။

(ဃ) မေတ္တာ, ကရုဏာ ဗြဟ္မာစိုရ်တရား ၂-ပါး ခိုင်လုံသည့်အတွက် အဗျာပါဒ မနောသုစရိုက်အမြဲတည်၏၊ ဗျာပါဒမနောဒုစရိုက်မှ အစဉ်ကင်းလွတ်၏။

(င) ထိုတရား ၂-ပါးတို့၏တည်မှုသည် ဒိဋ္ဌုဇုကမ္မတရားလျှင် အရင်းရှိလေရကား-သမ္မာဒိဋ္ဌိမနောသုစရိုက်အမြဲတည်၏၊ မိစ္ဆာဒိဋ္ဌိမနောဒုစရိုက်မှ အစဉ်ကင်းလွတ်၏၊ ဤအာဇီဝဋ္ဌမကသီလ, ဗြဟ္မစိုရ်တရားတို့သည်ကား-အထူးဆောက်တည်မှုမှာ အများအားထုတ်မှု မရှိ၊ ပကတိ ပင်ကိုယ်ဖြစ်သော နိစ္စသီလ ပကတိသဘာဝတို့တည်း။

[ဤကား-ကမ္မာစောင့်တရား ၂-ပါးနှင့် အကျိုးသွားကို ပြဆိုချက်တည်း။]

www.dhammaransi.com



## ကမ္မာစောင့်တရား ၂-ပါးထွန်းကားပုံနှင့်ဆုတ်ယုတ်ပုံ

ယခုအခါ ဤတရားတို့သည် ဥတ္တရကုရုအမည်ရှိသော မြောက်ကျွန်း၌သာ တည်ရှိကုန်တော့သည်၊ထိုကမ္ဘာဦးအခါတို့၌ ထိုတရား ၂-ပါးတို့နှင့် ပြည့်စုံကြကုန်သော သူအပေါင်းတို့တွင် အချို့သောသူတို့သည် ဘုန်းတန်ခိုးကြီးမြတ်သော လူ့စည်းစိမ်,နတ်စည်းစိမ်တို့ကိုနောင်ဘဝအဆက်ဆက် ခံစားစံစားကြရန်တလ တလလျှင် ၄-ကြိမ်ရှင်း, ၈-ကြိမ်ရှင်း အထိမ်းအမှတ်ပြု၍ အဋ္ဌင်္ဂဥပေါသထသီလကို ကျင့်သုံးဆောက်တည်ကြကုန်၏၊ အချို့သောသူတို့သည် ကမ္ဘာများစွာ အသက်ခန္ဓာ ဘုန်းတန်ခိုးကြီးကျယ်စွာနှင့် စံစားခါနေရသော ဗြဟ္မာပြည်သို့ ရောက်ခြင်းငှါ ဃရာဝါသအမှုကို စွန့်ပစ်၍ တောထွက်၍ ဖန်ရည်ဆိုးသောအဝတ်ကိုဝတ်ရုံ၍ ရသေ့ရဟန်းပြုလုပ်၍ ၁၀-ပါးသော သီလ၌ နိစ္စတည်၍ ပကတိပင်ကိုယ် ဗြဟ္မစိုရ်တရား ၄-ပါးတို့ကို ပရိကံ, ဥပစာ, အပ္ပနာအစဉ်အားဖြင့် ပွားများအားထုတ်၍ ဈာန်သမာပတ်ချမ်းသာနှင့် နေကြကုန်၏။

ငါတို့မြတ်စွာဘုရားပွင့်တော်မူသောအခါ၌မူကား-ထိုကမ္ဘာစောင့်တရား ၂-ပါး, ဥပေါသထသီလ, ဒသင်္ဂသီလ တရား ၂-ပါးတို့သည် လောက၌ အလွန်နည်းပါးကုန်၏၊ မိစ္ဆာဒိဋ္ဌိတရား ဒုစရိုက်တရားတို့သည် လောက၌ အလွန်ထွန်းကားကုန်၏၊ ထို့ကြောင့် မြတ်စွာဘုရားသည် လောက၌ ထိုကမ္ဘာစောင့်တရား ၂-ပါး,အဋ္ဌင်္ဂဥပေါသထသီလ တရားများကိုပင် အားထုတ်ဘော်ပြ ထူထောင်တော်မူရ၏၊ သုစရိုက် ၁၀-ပါး, ဒုစရိုက် ၁၀-ပါး,ဗြဟ္မစိုရ်တရား ၄-ပါးတို့ကို လူသတ္တဝါတို့အား အလွန်များစွာဟောရ၏။

[သုစရိုက် ၁၀-ပါး တို့တွင် ရှေ့ ၇-ပါးသည် အာဇီဝဋ္ဌမကသီလပင်တည်း၊ ၁၀-ပါးသီလကိုမူကား-ဃရာဝါသ၌တည်ကုန်သော ပကတိလူတို့အား ဘုရားဟောဘူးသော ဝတ္ထုဟူ၍ ပါဠိတော်တို့၌မလာ၊စောင့်ထိန်းကြသော ဝတ္ထုတို့ကား- အဋ္ဌကထာတို့၌ များစွာလာကုန်၏၊ အနာဂါမ်ဖြစ်သောသူတို့သည်ကား-၁၀-ပါးသီလ၌ တည်ကြကုန်၏။]

[ဤကား- ကမ္ဘာစောင့်တရား ၂-ပါးထွန်းကားပုံနှင့် ဆုတ်ယုတ်ပုံတည်း။]

www.dhammaransi.com



## အာဇီဝဋ္ဌမကသီလ၏ အဓိသီလသာသနာမည်ပုံ

မြတ်စွာဘုရား သာသနာတော်မြတ်သည် အဓိသီလသာသနာ, အဓိစိတ္တသာသနာ, အဓိပညာသာသနာဟူ၍ ၃-ပါးအပြားရှိ၏၊ ထို ၃-ပါးတို့တွင် အာဇီဝဋ္ဌမကသီလသည် အဓိသီလ သာသနာမည်၏၊

ထိုအာဇီဝဋ္ဌမကသီလသည်—

၁။ ရဟန်းသာမဏေတို့၏ အာဇီဝဋ္ဌမကသီလ,

၂။ ပကတိလူတို့၏ အာဇီဝဋ္ဌမကသီလ,

၃။ ဖန်ရည်ဆိုးအပ်သောအဝတ်ကိုဝတ်ရုံ၍ ပဗ္ဗဇိတအသွင်၌ တည်ကုန်သော ရသေ့သူတော်လူသူတော်တို့၏အာဇီဝဋ္ဌမကသီလ—

ဟူ၍ ၃-ပါးအပြားရှိ၏။

၁။ အာဇီဝကိုအကြောင်းပြု၍ ပညတ်တော်မူအပ်သော ၆-ပါးသော သိက္ခာပုဒ်တို့နှင့်တကွ အလုံးစုံသော ရဟန်းတို့၏ဝိနယသီလ, အလုံးစုံသော သာမဏေတို့၏ဝိနယသီလသည် ရဟန်းသာမဏေတို့၏ အာဇီဝဋ္ဌမကသီလမည်၏။

ထိုစကားမှန်၏၊ အလုံးစုံသောဝိနည်း သိက္ခာပုဒ်တော်ဟူသမျှသည် ကာယဒွါရ, ဝစီဒွါရ ၂-ပါး၌ ပညတ်တော်မူသည်ဖြစ်၍ ကာယကံ, ဝစီကံ ၂-ပါး၌ အကုန်သက်ဝင်၏၊ ကာယသုစရိုက်,ဝစီသုစရိုက် ၂-ပါး၌ အကုန်သက်ဝင်၏၊ ထို့ကြောင့် ထိုထိုဝိနည်း သိက္ခာပုဒ် အဆုံးတို့၌ "ကာယကမ္မံ,ဝစီကမ္မံ,ကာယဝစီကမ္မံ" ဟူ၍ ဝိနည်းအဋ္ဌကထာတို့၌ ဆိုရိုးရှိကြကုန်၏။

၂။ ဝိနည်းပညတ်တော်မှတပါး သုတ္တန် ဒေသနာတော်မှ လာသော အသက်မွေးခြင်းလျှင် အကြောင်းရှိ,မရှိအားဖြင့် ၂-မျိုးပြားသော သုစရိုက် ၇-ပါးသည် ပကတိလူတို့၏အာဇီဝဋ္ဌမကသီလမည်၏။

၃။ ထိုပကတိလူတို့၏ နိစ္စသီလမှာ အဗြဟ္မစရိယ, ဝိကာလဘောဇန-စသော ၆-ပါးသော သိက္ခာပုဒ်တို့ကို ထည့်၍ ရသေ့သူတော်, လူသူတော်တို့၏ အာဇီဝဋ္ဌမကသီလဖြစ်၏။

www.dhammaransi.com



အဋ္ဌသာလိနီဒွါရကထာ၌ စက္ခုသံဝရစသော ၇- ပါးသောသံဝရ တရား,စက္ခုအသံဝရစသော၇-ပါးသောအသံဝရတရားတို့ကို သုစရိုက်, ဒုစရိုက်တို့၌ အကုန်ထည့်သွင်းနည်း၊ကာယကံ, ဝစီကံ, မနောကံတို့၌ အကုန်ထည့်သွင်းနည်းကို အကျယ်ပြဆိုချက်ရှိလေ၏၊ ဝိနည်း အဋ္ဌက ထာများနှင့်တကွ ထိုအဋ္ဌသာလိနီ အဋ္ဌကထာများကို ထောက်မြော် ၍ ရဟန်း သာမဏေတို့ ကျင့်အပ်သော ဝိနည်းသိက္ခာပုဒ်,သုတ္တန်သိက္ခာ ပုဒ်ဟူသမျှ၊ လူတို့ကျင့်အပ်သော သုတ္တန်သိက္ခာပုဒ်ဟူသမျှတို့သည် တစုံ တခုမျှမကျန် ကာယကံ, ဝစီကံတို့၌ အကုန်သက်ဝင်ကြောင်း,

ကာယကံ ဝစီကံတို့၌ အကုန်သက်ဝင်သဖြင့်လည်း—

ပုဗ္ဗေဝခေါ ပနဿ ကာယကမ္မံ ဝစီကမ္မံ ပရိသုဒ္ဓံ ဟောတိ အာဇီဝေါ စ ပရိသုဒ္ဓေါ—

ဟူ၍ဟောတော်မူသော အာဇီဝဋ္ဌမကသီလအစီအရင်တွင် အကုန် သက်ဝင်ကြောင်း သိအပ်၏။

နိစ္စသီလမျိုးတည်ရှိမှ သမာဓိဖြစ်ထွန်းနိုင်သည်၊ သီလ, သမာဓိ ၂-ပါးရှိမှ ဝိပဿနာပညာ, မဂ်ပညာ, ဖိုလ်ပညာဖြစ်ထွန်းနိုင်သည်၊ ထို့ကြောင့် ယခုဘဝ၌ပင်လျှင် ထိုသမာဓိပညာတို့ကို ရခြင်းငှါအခြေခံ အနေခံကိစ္စနှင့် ကျင့်သုံးအပ်သော သီလသည် လူတို့သီလပင်ဖြစ်သော် လည်း အဓိသီလသာသနာမည်ပါ၏။

သာဝတ္ထိပြည်၌ ဂဟဋ္ဌဖြစ်သော လူပေါင်း အရေအတွက် ခုနစ် ကုဋေ ငါးသိန်းရှိ၏၊ ထိုတွင် တိတ္ထိတို့၏ တပည့်တို့သည် တကုဋေမျှရှိ ကုန်၏၊ မြတ်စွာဘုရား၏ တပည့်သားဖြစ်သူ လူတို့သည် ခြောက်ကုဋေ ငါးသိန်းမျှရှိကုန်၏၊ ထိုတွင် ပုထုဇဉ်တို့သည် တကုဋေမျှပါရှိကုန်၏။ ကျန်ရှိသော ငါးကုဋေ,ငါးသိန်းမျှသော ဂဟဋ္ဌဖြစ်သူ လူတို့သည် အရိ ယာချည်း ဖြစ်ကြကုန်၏ဟု အဋ္ဌကထာတို့၌လာ၏။

ထိုသူတို့သည် ရှေးအတို့၌ရင်း, ကျွတ်လွတ်သောအခါ၌ရင်း စိတ် သန္တာန်၌ တည်ရှိသော အခြေခံအနေခံဖြစ်သော အာဇီဝဋ္ဌမကဝိရတိ- သီလနှင့်ကင်း၍ မဂ်ကိုရသူရောက်သူဟူ၍ တစုံတယောက်မျှမရှိ၊အာဇီ- ဝဋ္ဌမကသီလ၏ အခွင့်သည် သောတာပတ္တိမဂ်သို့ရောက်၍ သက္ကာယ-

ဒိဋ္ဌိချုပ်ငြိမ်းသောအခါ သမုစ္ဆေဒဝိရတိအဖြစ်သို့ရောက်မှကိစ္စပြီးစီး၏၊ နိယတအဖြစ်သို့ ရောက်၏၊ ထိုအရိယာဖြစ်သူ လူတို့သည် ဘဝများစွာ ကမ္ဘာအဆက်ဆက် လူ့ချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာ့ချမ်းသာ ကို အစဉ်ခံစားစံစား၍ သွားကြကုန်သော်လည်း အိပ်မက်တွင်မျှ အာဇီဝ-ဋ္ဌမကသီလပျက်မှု မရှိကြကုန်ပြီ။

ထိုသူတို့တွင် အနာဂါမ်အဖြစ်သို့ ရောက်ကြကုန်သော စိတ္တသူကြွယ် အစရှိကုန်သော အသိန်းမကသောသူတို့အား ကဿပဘုရား လက်ထက်တော်မှာဃဋိကာရအမည်ရှိသောအိုးထိန်းသည် ယောကျ်ား ကဲ့သို့အနာဂါမိမဂ်၏အစွမ်းအားဖြင့်ပြီးသော ၁၀-ပါးသီလသည်အမြဲ တည်လေ၏၊ ဆောက်တည်ဘွယ်ကိစ္စမရှိပြီ၊ ၁၀- ပါးသီလအမြဲတည် သောသူတို့မှာ အဋ္ဌင်္ဂုပေါသထသီလသည် အတွင်းဝင်ဖြစ်၍ ပါလေ၏၊ ဆောက်တည်ဘွယ်ကိစ္စမရှိပြီ။

သောတာပန်, သကဒါဂါမ် ဖြစ်ကြကုန်သော ကုဋေများစွာသော ဝိသာခါ, အနာထပိဏ်စသော သူတို့သည်မူကား-တလတလလျှင် ၄-ကြိမ်ဝင်း, ၈-ကြိမ်ဝင်း အမှတ်ပြု၍ အဋ္ဌင်္ဂုပေါသထကို ဆောက်တည် ခံယူ၍ ကျင့်သုံးကြကုန်၏၊ ပုထုဇဉ်ဖြစ်ကြကုန်သော တကုဋေမျှလောက် ကုန်သော သာဝတ္ထိပြည်သူတို့သည်ကား-အာဇီဝဋ္ဌမက သီလမှလည်း တတ်အားသမျှသောသိက္ခာပုဒ်ကိုအမြဲနိစ္စထိန်းသိမ်းကြကုန်၏၊အဋ္ဌင်္ဂု-ပေါသထ သီလကိုလည်း တတ်အားသမျှ ခံယူဆောက်တည်၍ ကျင့်သုံး ကြကုန်၏၊ ရာဇဂြိုဟ်ပြည်, ဝေသာလီပြည် အစရှိသော မဇ္ဈိမဒေသ တိုင်းကြီး သောဠသတို့၌လည်း ထိုနည်းကိုမှီ၍ အရိယာဖြစ်သူ လူတို့၏ ကျင့်နည်းကျင့်လမ်း, ပုထုဇဉ်ဖြစ်သူလူတို့၏ ကျင့်နည်းကျင့်လမ်းကို သိ ကြလေ၊ သီဟိုဠ်ကျွန်းမှာသာသနာတော်တည်ထွန်း၍ အရိယာပုဂ္ဂိုလ် ထင်ရှားရှိသေးသောအခါတိုင်အောင် ထိုနည်းတူသိလေ။

[ဤကား-အာဇီဝဋ္ဌမကသီလ၏ အမိသီလသာသနာမည်ပုံတည်း။]

### ကျင့်ရိုးအစဉ်ထင်ရှားတည်ထွန်းလာကြပုံ

အရိယာပုဂ္ဂိုလ်တို့ ထင်ရှားမရှိကြသောအခါမှစ၍ သီဟိုဠ်သာသ နာ, သထုံသာသနာ, သရေခေတ္တရာသာသနာ, ပေါက္ကံသာသနာ,

www.dhammaransi.com



မြင်စိုင်းသာသနာ, စစ်ကိုင်းသာသနာ, ရတနာပူရအဝသာသနာ,အမရပူရ သာသနာ, မန္တလေးသာသနာ အစဉ်တို့၌မူကား-သာဝတ္ထိ ပြည်စသော မဇ္ဈိမသာသနာမှ အစဉ်အဆက် လာခဲ့သော ပုထုဇဉ် သာဝကတို့၏ နည်းလမ်းအတိုင်း ကျင့်ရိုး, သုံးရိုး အစဉ် ထင်ရှားတည် ထွန်းကာလာကြကုန်၏။

ကျင့်ရိုး,သုံးရိုး အစဉ် ၂-မျိုးတွင် ကျင့်ရိုးအစဉ် ထင်ရှားတည်ထွန်း ကာလာကြပုံကား—

ထိုသာသနာတော် တည်ထွန်းရာဖြစ်သော ပတိရူပဒေသ အရပ်တို့၌ အမျိုးကောင်း သူတော်ကောင်းဖြစ်သော လူတို့သည် မိမိမိမိတို့၏ သား, သမီး, မြေး, မြစ်ဖြစ်သောသူတို့ကို ငယ်ရွယ်စဉ်အခါမှစ၍ အာဒိဗြဟ္မစရိယကသီလ၌ ဆုံးမသွန်သင်ရိုး ရှိကြကုန်၏၊ရဟန်းသံဃာဆရာ သမားတို့သည်လည်း ယပ်ထောင်တရား, ယပ်လှဲတရား, အနုသာသနီ တရားတို့၌ ဒုစရိုက်၏အပြစ်, သုစရိုက်၏အကျိုးများကို ဟောပြော၍ တပည့်တကာအပေါင်းတို့အား အာဒိဗြဟ္မစရိယကသီလ၌ ဆုံးမသွန်သင်ရိုး ရှိကြကုန်၏။

ဆုံးမသွန်သင်ကြပုံကား—

၁။ ရှေးဦးစွာ သြကာသပဏာမပြုနည်း,

၂။ ထိုနောက်သရဏဂုံ၃-ပါးနှင့်တကွ၅-ပါးသီလတောင်းနည်း,

၃။ ထိုနောက် သရဏဂုံ၃-ပါးဆောက်တည်နည်း,

၄။ ထိုနောက် ပါဏာတိပါတာ ဝေရမဏီ အစရှိသော သီလ ခံယူနည်း—

ဤနည်းလမ်းများကို သားငယ်, သမီးငယ်, တပည့်ငယ်,တပန်းငယ် တို့အား စကားပီသည်မှစ၍ အရိုးအစဉ် ကြီးကျဉ်သွားလေအောင် သွန်သင်ကြရကုန်၏၊သရဏဂုံ,သီလ ခံယူစေကြရကုန်၏၊ဤ၅-ပါးသော အင်္ဂါနှင့်ပြည့်စုံသောပဉ္စင်္ဂသီလသည် အာဒိဗြဟ္မစရိယကသီလတွင် ပဓာန အင်္ဂါစုပင်တည်း။

www.dhammaransi.com



ထိုနောက် အသက်အရွယ် ၁၀-နှစ်, ၁၅-နှစ် စသည်ရှိသောအခါမှ ဒုစရိုက် ၁၀-ပါး,သုစရိုက်၁၀-ပါး, သဗ္ဗေသတ္တာ သဗ္ဗေပါဏာ-ဟူသော ဖြဟ္မစိုရ်တရား, ဆံပင်, မွေးညှင်း, ခြေသည်း, လက်သည်း-အစရှိသော အသုဘပဋိကူလတရားတို့ကို သင်ကြားကြရကုန်၏။

ထိုတရားတို့တွင် သုစရိုက်၁၀-ပါးတို့၌ ကာယသုစရိုက်၃-ပါးကား-၅-ပါးသီလ၌ ပါဝင်ပြီးဖြစ်၏၊ ဝစီသုစရိုက်၄- ပါးတို့တွင် မုသာဝါဒါ ဝေရမဏီ တပါးသည်သာ ၅- ပါးသီလမှာ ပါဝင်၏၊ ပိသုဏာဝါစာ ဝေရမဏီ, ဖရုသဝါစာ ဝေရမဏီ,သမ္ဖပ္ပလာပါဝေရမဏီတို့ကိုမူကား-နောက်နောက်မှ ဖြည့်စွက်ကြရကုန်၏၊ ထိုအခါမှ အင်္ဂါ၀- ပါး လုံးလုံးပြည့်စုံ၏၊ဒုစရိုက်၇-ပါး ကင်းလွတ်၏၊သုစရိုက်၇-ပါးတည်ရှိ၏။

ဖြဟ္မစိုရ်တရား, အသုဘပဋိကူလတရားတို့ကို နှလုံးသွင်းနိုင်ကြသော အခါ မနောဒုစရိုက်တို့မှ ကင်းလွတ်ကုန်၏၊ မနောသုစရိုက်တို့ တည်ကုန်၏၊ သာသနာ့ပအခါကား-ဖြဟ္မစိုရ်တရားတမျိုးတည်းသာ ထင်ရှားရှိ၏။

အချို့သောသူတို့ကား—

ဆံမုတ်ဆိတ်ကိုပယ်၍ ညောင်ခေါက်ဆိုး အစရှိသော အရဟတ္တဓဇအဝတ်မျိုးကို ဝတ်ရုံ၍ ရသေ့သူတော်အဖြစ်၌တည်၍ ၁၀-ပါးသီလကို နိစ္စကျင့်သုံးကြကုန်၏၊ ဤနိစ္စကား- အရဟတ္တဓဇ အဝတ်အသွင်ကို ယူသည်နှင့်တပြိုင်နက် အမြဲတည်သော ဇာတိနိစ္စမျိုးတည်း၊ ခံယူဆောက်တည်မှုရသော နိစ္စမျိုး မဟုတ်၊ သို့သော်လည်း ခံယူဆောက်တည်မှုသည် သိက္ခာပုဒ်အစဉ်၌ နှုတ်တက်ရွရွကျင်လည်ရခြင်းအကျိုး, ခိုင်မြဲစေရခြင်း အကျိုးရှိသည်သာ ဖြစ်၏၊ သာမဏေများကဲ့သို့တည်း။

[ဤတွင် နိစ္စဖြစ်သော ၈-ပါး, ၁၀-ပါးတို့၌မူကား ကျင့်မှု, သုံးမှု ၂-ပါးနှင့်ဆက်ဆံ၏၊ဤ၌အဝတ်ဖြူသည်မဇ္ဈိမတိုင်းသားတို့၌သာ ပကတိလူ ဝတ်ဆိုထိုက်သည်၊ အဝတ်ကြောင်ကို ဝတ်ရိုးရှိသော ငါတို့မြန်မာလူမျိုး တို့၌ကား-အရဟတ္တဓဇအဝတ်မျိုးတို့၌ပင် သက်ဝင်သင့်ပါသည်ဟု ဆိုရန် ရှိ၏၊ ကျမ်းဂန်များနှင့် ထောက်ထားဆင်ခြင်ကြလေ။]

အာဇီဝဋ္ဌမက နိစ္စသီလ တည်ရှိသောသူတို့၌ ဥပေါသထသီလ, ဒသသီလဆိုသော်လည်း အဖြဟ္မစရိယနှင့် ဝိကာလဘောဇနသိက္ခာပုဒ်တို့

www.dhammaransi.com



ကို ထိုနိစ္စသီလအပေါ်တွင် အမွန်းတင် သက်သက်ဖြစ်၏၊ ပါဏာတိပါတ-စသည်တို့မှာ ထိုနိစ္စသီလတွင် ပါဝင်ပြီးဖြစ်ကုန်၏၊ ထို့ကြောင့် ထိုသူတို့၌ နိစ္စသီလမှအဌင်္ဂပေါသထသီလ, ဒသင်္ဂသီလတို့ကို အထူးထုတ်ဘော်၍ဆိုရာ၌ အမွန်းတင်ဖြစ်သော သိက္ခာပုဒ်တို့အတွက်သာဆိုသည်-ဟုမှတ်။

ဤသို့လျှင် ကမ္ဘာဦးမှစ၍၎င်း, မြတ်စွာဘုရား လက်ထက်တော်မှစ၍၎င်း ယခုဤနေ့တိုင် အာဇီဝဋ္ဌမကသီလမည်၏၊ ဇာတိအာစာရကုလပုတ္တမှန်သူ လူအမျိုးကောင်းတို့အားရရှိသော မိမိတို့၏ဘဝ အဖြူထည်ချော အဖြူထည်ကောင်း ဖြစ်စေခြင်းငှါ မွေးဘွားသည်မှစ၍ ပါဏုပေတကာလပတ်လုံး အစဉ်ထာဝရစွဲမြဲကြရသော ကမ္ဘာ့ဓမ္မတာသီလပေတည်း။

မိမိ အလိုအလျောက် အသုဘပဋိကူလမနသိကာရ တရားကားသာသနာတွင်းမှာကဲ့သို့ပြည့်စုံစွာမရှိ၊ယယ်လှသေးသောအခါတို့၌ကားစိတ်စေတနာနုနယ်သေးသည်ဖြစ်၍ နောက်ဝစီဒုစရိုက်မှု ၄-ခု, မနောဒုစရိုက်မှု ၃-ခုတို့၌ အကျူးကြီး အလွန်ကြီး မဖြစ်နိုင်ကြကုန်သေး၍ တဖြည်းဖြည်းမှ ဖြည့်စွမ်းရိုးပြုကြကုန်သည်၊ မနောဒုစရိုက် ၃-ပါးတို့တွင် မိစ္ဆာဒိဋ္ဌိကိုမူကား-မွေးဘွားစကာလမှစ၍ အမျိုးအရိုးအလေ့နှင့်ပင် ကင်းရှင်းစေနိုင်၏။

[ဤကား-ကျင့်ရိုးအစဉ်ထင်ရှားတည်ထွန်းကာ လာကြပုံတည်း။]

### သုံးရိုးအစဉ်ထင်ရှားတည်ထွန်းလာကြပုံ

ယခုအခါ သုံးရိုးအစဉ်ထင်ရှားတည်ထွန်းကာ လာကြပုံကိုပြဆိုအံ့။

၁။ ထိုအာဇီဝဋ္ဌမကသီလနှင့်၎င်း, သုစရိုက် ၁၀-ပါး ကိုယ်ကျင့်တရားနှင့်၎င်း ပြည့်စုံကြပေကုန်သော ဇာတိကုလပုတ္တ, အာစာရကုလပုတ္တ အမျိုးကောင်းသား, အမျိုးကောင်းသမီး ဖြစ်သောသူတို့သည်၎င်း,

၂။ မနောသုစရိုက်ကိုကား- မစွဲမြဲနိုင်၊ အာဇီဝဋ္ဌမကသီလမျှကိုသာ စွဲမြဲနိုင်ကြကုန်သော သူတို့သည်၎င်း,

www.dhammaransi.com



၃။ အာဇီဝဋ္ဌမကသီလမျှကို ပြည့်စုံစွာ မစွဲမြဲနိုင်၊ ထိုအာဇီ-ဝဋ္ဌမကသီလအထဲမှာ ၅-ပါးသီလမျှကို စွဲမြဲနိုင်ကြကုန်သော သူတို့သည်၎င်း,

၄။ ၅-ပါးသီလမျှကို ပြည့်စုံစွာ မစွဲမြဲနိုင်၊ အချို့အချို့မျှကိုသာ စွဲမြဲနိုင်ကြကုန်သော သူတို့သည်၎င်း,

၅။ အချို့အချို့မျှကို အမြဲအစွဲမတတ်နိုင်၊ တခါ, ၂-ခါမျှသာ တတ်နိုင်ကြကုန်သော သူတို့သည်၎င်း—

နောက်နောက် ဘဝတို့၌ ကြီးမြတ်သော လောကီချမ်းသာ, လောကုတ္တရာချမ်းသာများကို ခံစားစံစားရခြင်း၄ါ ဝါတွင်း,ဝါပတို့၌ တတ်အားသမျှ အဋ္ဌင်္ဂဥပေါသထသီလ သီတင်းသုံးမှုကို ပြုကြကုန်၏၊ အချို့သောသူတို့သည်ကား- အဝတ်ကြောင်ကိုစွန့်၍ ဆံမုတ်ဆိတ်ကို ပယ်၍အဝတ်ဖြူ စင်ကြယ်ကိုဝတ်၍ သီလရှင်အဖြစ်, သီလရှင်မအဖြစ်၌ တည်၍ ၈-ပါးသီလ, ၁၀-ပါးသီလတို့ကို နိစ္စအဖြစ်ဖြင့် ကျင့်သုံးကြကုန်၏။

ဤ၌ အဝတ်ဖြူမည်သည် အရဟန္တဓဇမျိုးမဟုတ်၊လူသတ္တဝါမျိုးသာ ဖြစ်ခဲ့၍ ဇာတိနိစ္စအနေနှင့်မရအပ်၊ ခံယူဆောက်တည်မှ ရသောနိစ္စ သော်၎င်း, ဆရာသမားသူတော်သူမြတ်အထံ၌၎င်း ပါဠိပေတံ ခံယူဆောက်တည်စွဲမြဲလျှင်လည်း ကောင်း၏၊ တကြိမ်တခါ ခံယူပြီးနောက် မပျက်သမျှကာလပတ်လုံး ခံယူဘွယ်ကိစ္စမရှိ၊ အခါခါ ခံယူသော်လည်း အခါခါကုသိုလ်ပွားများ၏၊ ခံယူခြင်းကို တရံတခါမျှ မပြုမူ၍ မိမိစိတ်၌ သာသိ၍ ဤ ၈-ပါးသောသီလကို အသက်ထက်ဆုံးကျင့်မည်၊ ဤသီလ ပျက်ကွယ်ရန်အမှုကို အသက်ထက်ဆုံး ငါရှောင်ကြဉ်မည်-ဟု စိတ်မှာ ဆောက်တည်၍ ကျင့်လျှင်လည်း ကောင်း၏၊ သမ္ပတ္တဝိရတိအနေနှင့် တွေ့တိုင်း တွေ့တိုင်း ရှောင်ကြဉ်၍နေပေလျှင်လည်း ကောင်း၏။

အာဇီဝဋ္ဌမကသီလ၌ ကောင်းစွာတည်သောသူသည် လူသီလဝန္တ စင်စစ်ဖြစ်၏၊ ဤလူသီလဝန္တအဖြစ်၌ တည်၍ပြုအပ်သောဒါနမှု, ဥပေါသထမှုတို့သည် အလွန်ကြီးကျယ်သော အကျိုးတို့ကို ပေးနိုင်၏၊ ရှေး၌ ပြဆိုခဲ့ပြီးသော ငါးကုဋေ, ငါးသိန်းမျှလောက်သော သာဝတ္ထိပြည်သူ

www.dhammaransi.com



လူ အရိယာတို့မှစ၍ မဇ္ဈိမဒေသ သာသနာ၊ သီဟိုဠ်သာသနာတို့၌ အရိယာအဖြစ်သို့ ရောက်ကြကုန်သော လူအရိယာအနန္တတို့သည် ဤအာဇီဝဋ္ဌမကသီလ၌တည်၍ ရောက်ကြလေကုန်၏၊ အာဇီဝဋ္ဌမကသီလ၌မတည်သောသူတို့သည် ဒါနမှု၊ ဥပေါသထမှုတို့ကို ပြုကြကုန်သော်လည်း တည်သောသူတို့ကို အကျိုးအားဖြင့် မမှီနိုင်ကုန်၊ မတုနိုင်ကုန်၊ ယခုဘဝ၌ ဝိပဿနာဉာဏ်, မဂ်ဉာဏ်,ဖိုလ်ဉာဏ်များကို ပွားများခြင်းငှါထိုက်သော အခြေအနေမျိုးမဟုတ်ကုန်။

အာဇီဝဋ္ဌမကသီလသည် ကျောင်းအိမ် ဆောက်လုပ်ကြရာ၌ အမြုထည်ချော အမြုထည်ကောင်းနှင့်တူ၏၊ ဥပေါသထသီလသည် ထိုကျောင်းအိမ်တို့၌ အမွန်းတင် တန်ဆာဆင်သော အပြောက်ကောင်းနှင့်တူ၏၊ ကျောင်းအိမ်တို့၌ အပြောက်မတင်ရသော်လည်း အမြုထည်ခိုင်ခံ့ချောမောလျှင် သုံးဆောင်မှုခပ်သိမ်း ပြီးစီးတော့သည်။

**တနည်း**-အာဇီဝဋ္ဌမကသီလသည် ပကတိသောအသက်သခင် အစာထမင်းနှင့်တူ၏၊ ဥပေါသထသီလသည် ဝက်သား, ကြက်သား, ငါး, အမဲ-စသောဟင်းလျာကောင်းနှင့်တူ၏၊ အာဇီဝဋ္ဌမကသီလ၌ ကောင်းစွာတာရှည်တည်ပြီးသော သူတို့အား မနောသုစရိုက် ၃-ပါးတို့တွင် သမ္မာဒိဋ္ဌိသုစရိုက်သည် ထိုသီလနှင့်အတူတည်ပြီးဖြစ်၏၊ပြဟ္မစိုရ်တရား, ကျန်ရှိသော မနောသုစရိုက် တရားတို့သည် အလိုလို တည်လာကုန်လတ္တံ့။

[ဤကား-သုံးရိုးအစဉ် ထင်ရှားတည်ထွန်းကာ လာကြပုံတည်း။]

ဤတွင်ရွေ့ကား-အာဇီဝဋ္ဌမကသီလသည် ဥပေါသထသီလ, ဒသင်္ဂသီလတို့နှင့် အဘယ်သို့ထူးခြားကြကြောင်းကို သိလိုပါသည်ဟူသော ပဌမပုစ္ဆာအဖြေပြီး၏။

---

### ၂-အာဇီဝဋ္ဌမကသီလဆောက်တည်ပုံကိုပြဆိုခြင်း

၂။ "အာဇီဝဋ္ဌမကသီလ ခံယူဆောက်တည်ပုံကို သိလိုပါသည်" ဟူသော ဒုတိယပုစ္ဆာ၌အဖြေကား-

ခံယူဆောက်တည်၍ ကျင့်သောသူတို့အား သမာဒါနဝိရတိကိုရ၏၊ ခံယူဆောက်တည်မှု မရှိမူ၍ အတွေ့ကိုလွတ်ကင်းအောင် ကြဉ်ရှောင်ထိန်းသိမ်း၍ သွားသောသူတို့အား သမ္ပတ္တဝိရတိသီလကိုရ၏၊ ထို ၂-

www.dhammaransi.com



ပါးစုံသည် ခိုင်လုံသည်သာဓကတည်း၊ သမာဒါန ဝိရတိသီလသည်လည်း စင်ကြယ်ခိုင်လုံလို့ရှိခဲ့လျှင် ယခုဘဝ၌ပင် သမုစ္ဆေဒဝိရတိသို့ ပေါက်ရောက်နိုင်ခြင်း၄ါ အခြေခံအနေခံကိစ္စနှင့် ပြည့်စုံလေ၏၊ သမ္ပတ္တ ဝိရတိသီလသည်လည်း စင်ကြယ် ခိုင်လုံလို့ရှိခဲ့လျှင် ယခုဘဝ၌ပင် သမုစ္ဆေဒဝိရတိသို့ ပေါက်ရောက်နိုင်ခြင်း၄ါ အခြေခံ အနေခံကိစ္စနှင့် ပြည့်စုံပေ၏၊ ဤမှကြွင်းသော ဣန္ဒြိယသံဝရသီလ, ပစ္စယသန္နိဿိတသီလ, စုတင်္ဂသီလတို့သည်ကား-ဤအာဇီဝဋ္ဌမကသီလ၏ အမွှန်းတင်, အပြောက်တင် တန်ဆာဆင်သီလတို့သာတည်း။

ဤအာဇီဝဋ္ဌမကသီလသည် မြတ်စွာဘုရား သာသနာ၌ အခြေခံ အနေခံ အထည်ခံ အမာခံ ရောတည်တရား ဖြစ်ပေ၍ အာဒိဗြဟ္မစရိယကသီလမည်၏၊နေထွက်လိုသည်ရှိသော် ရှေးဦးစွာ ဖြစ်ပေါ်၍လာသော နေအရုဏ်နှင့်တူသည်ဟု မြတ်စွာဘုရားဟောတော်မူ၏၊ နေဝန်းသည် သောတာပတ္တိမဂ်၌ ပါရှိသော သမုစ္ဆေဒအာဇီဝဋ္ဌမက ဝိရတိသီလ၏ ဥပမာတည်း၊နေအရုဏ်သည် ဤသမာဒါန,သမ္ပတ္တအာဇီဝဋ္ဌမကသီလ ၂-ပါး၏ ဥပမာတည်း။

ဤအာဇီဝဋ္ဌမကသီလနှင့် ပြည့်စုံသောသူသည် သမ္မပ္ပဓာန်တရား ၄-ပါးကို ပြည့်စုံစွာ အားထုတ်သည်ဖြစ်အံ့၊ ယခုဘဝ၌ပင် သမုစ္ဆေဒအာဇီဝဋ္ဌမကသီလသို့ ရောက်နိုင်၏၊ သမ္မပ္ပဓာန်တရား ပြည့်စုံစွာ အားထုတ်ခြင်းမရှိသည့်အတွက် ယခုဘဝမဂ်ဖိုလ်ကို မရဘဲရှိနေခဲ့လျှင် သီလအတွက်မဟုတ်ပေ၊ ထိုသူ ညံ့ဖျင်းသည့်အတွက် သက်သက်သာတည်း။

### ခံယူဆောက်တည်ပုံ

၁။ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၂။ အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၄။ မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၅။ ပိသုဏာယဝါစာယ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

www.dhammaransi.com



၆။ ဖရုသာဝါစာယ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၇။ သမ္ဖပ္ပလာပါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
၈။ မိစ္ဆာဇီဝါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
[ဤကား-ခုဒ္ဒကပါဌပါဠိတော်နည်းတည်း။]

အဋ္ဌကထာနည်းကား-
၁။ ပါဏာတိပါတာ ဝိရမာမိ။
၂။ အဒိန္နာဒါနာ ဝိရမာမိ။
၃။ ကာမေသုမိစ္ဆာစာရာ ဝိရမာမိ။
၄။ မုသာဝါဒါ ဝိရမာမိ။
၅။ ပိသုဏာယဝါစာယ ဝိရမာမိ။
၆။ ဖရုသာယဝါစာယ ဝိရမာမိ။
၇။ သမ္ဖပ္ပလာပါ ဝိရမာမိ။
၈။ မိစ္ဆာဇီဝါ ဝိရမာမိ။ ။ဟုဆိုလေ။
[ပါဏာတိပါတာ၊ သူ့အသက်ကိုသတ်ခြင်းမှ၊ ဝိရမာမိ။ ကြဉ်ရှောင်ပါ၏။ စသည်အနက်ဆိုလေ။]

အဋ္ဌကထာနည်းသည်အနက်သွားအလွန်သန့်ရှင်း၏၊ဘုရားရုပ်ပွား ရှေ့မှာခံယူလျှင် သီလတောင်းဘွယ်ကိုစွမရှိ၊"အဟံ ဘန္တေ အဋ္ဌင်္ဂေ ပါဏာပေတံ ပါဏာတိပါတာ ဝိရမာမိ" စသည်ဆိုလေ၊ အာမဘန္တေ-စသည် ဆိုဘွယ်ကိုစွမရှိ၊ မိမိနေရာမှာ မိမိအလို အလျောက်လည်း ဆောက်တည်ရပါ၏၊ ထိုသို့ နှုတ်မြွက်၍ မဆောက်တည်ဘဲလည်း စိတ်ထဲ၌သာ ဤ ၈-ပါးကို အသက်ထက်ဆုံး လုံခြုံစွာ ငါစောင့်ထိန်းမည်-ဟု အဓိဋ္ဌာန်ပြု၍ စောင့်ထိန်းရပါ၏၊ လုံခြုံစွာစောင့်ထိန်းနိုင်သည်သာ ပဓာနတည်း။

ဤတွင်ဧ့ရွှကား-အာဇီဝဋ္ဌမကသီလခံယူဆောက်တည်ပုံကိုပြဆိုခြင်းပြီး၏။

---

## ၃-အာဇီဝဋ္ဌမကသီလ၏ အင်္ဂါပယောဂကိုပြဆိုခြင်း

၃။ "ဝှင်းအာဇီဝဋ္ဌမကသီလ၏ အင်္ဂါပယောဂ အပြားများကို သိလိုပါသည်" ဟူသော တတိယ လျှောက်ထားချက်မှာ-

www.dhammaransi.com



ဘုန်းကြီးလည်း တောမှာနေခိုက်ဖြစ်၍ အကျယ်ခွင့်မသာ ရှိသည်တကြောင်း၊ အာဇီဝဋ္ဌမကသီလ၏ ပျက်ရာသော အင်္ဂါပယောဂအပြားဟူသည် အခြားတပါးမဟုတ်၊ ပါဏာတိပါတစသော ဒုစရိုက်တို့၏ အင်္ဂါ ပယောဂ အပြားစုပင်ဖြစ်သည်၊ထိုအင်္ဂါပယောဂအပြားစုသည်လည်းထိုထိုဒုစ္စရိတဝိနိစ္ဆယစာအုပ်များမှာပ'ါရှိပြီးဖြစ်သည်တကြောင်း၊ ထိုအကြောင်းများကြောင့်အင်္ဂါအပြားပယောဂအပြားများကို မပြဆိုလိုက်ပြီ။

မိစ္ဆာအာဇီဝ ဆိုသည်မှာလည်း—

အသက်မွေးမှုအတွက်နှင့် ပြုကြသော ပါဏာတိပါတစသည်ကိုပင်ဆိုသတည်း၊ ထိုပါဏာတိပါတစသော ဒုစရိုက်မှုတို့နှင့် အသက်မွေးမှုကို ငါမပြုပါပြီ-ဆိုလိုသည်၊ ရှေးရှေးအခါ၌ ဒုစရိုက်မှုမျိုးနှင့် ရရှိနေသော ပစ္စည်းဝတ္ထုများကို အသုံးအဆောင်မပြုဘဲနေလျှင် သာ၍ကောင်းမြတ်၏၊ ထိုကဲ့သို့မတတ်သာရှိခဲ့လျှင် ဆောက်တည်သောနေ့မှစ၍ အသက်မွေးမှုအတွက်နှင့် ဒုစရိုက်အဖြစ်မခံ လွတ်ကင်းအောင်ကြဉ်ရှောင်ပေလျှင်လည်း ထိုသီလမတည်-ဟုမဆိုသာပေ။

ဤအာဇီဝဋ္ဌမကသီလဟူသောဝေါဟာရသည် အခေါ်အပြော အစဉ်အဆက်နည်းပါးကြ၏၊ထို့ကြောင့် သီလအမည်ထူး,အမျိုးထူးကဲ့သို့ထင်မှတ်ကြ၏၊ ၈-ပါးသီလ,၁၀-ပါးသီလတို့နှင့် ဘယ်လိုထူးကြသည်၊ ဘယ်သီလကအကျိုးကြီးသည်- အစရှိသည်ဖြင့် မေးကြလျှောက်ကြ၏။

အချို့ဆရာတို့သည်—

တနေ့တရက်တွင်ရွေ့ စောင့်ထိန်းမှုကိုမြော်မိ၍ ဥပေါသထသီလကမြတ်သည်၊အာဇီဝဋ္ဌမကသီလက ယုတ်နိမ့်သည်ဟု ဆုံးဖြတ်ကြကုန်၏၊ အမှုသွားမှာမူကား-လောက၌ သူတော်ကောင်း သူမြတ်လောင်းဝိကြပေကုန်သော အမျိုးကောင်း အနွယ်ကောင်းဖြစ်ကြသူ လူ့ခပ်သိမ်းတို့အား ကမ္ဘာဦးမှစ၍ဂုဏ်း, ဘုရားပွင့်တော်မူသည်မှစ၍ဂုဏ်း။

၁။ သူ့အသက်ကို မသတ်အပ်။

၂။ သူ့ဥစ္စာကို မယူအပ်။

၃။ သူ့အိမ်ရာကို မပြစ်မှားအပ်။

www.dhammaransi.com



၄။ မုသား မဆိုအပ်။
၅။ ချောပစ်ကုန်းတိုက် အမှုကိုမပြုအပ်။
၆။ ဇာတ်စသည်ကို ထိပါး၍ မဆဲရေးအပ်။
၇။ ပစ္စုပ္ပန်အကျိုးစီးပွား၌ လိမ်မာရာသောအချက်လည်းမဟုတ်။ အကျိုးမရှိ သက်သက်သာဖြစ်သော ရာမ,အီနောင်,ငွေတောင်, ဘာရတအစရှိသော နိရတ္ထက ဒဏ္ဍာရီဇာတ် ဝတ္ထုများကို လွှေကျက်ပြောဟောမှုများကို မပြုအပ်။
၈။ မတရားသော အသက်မွေးမှုကို မပြုအပ်—

ဟု မိရိုးဘလာ ဆရာစဉ် သမားစဉ် ပြောရိုး ဟောရိုး ထင်ရှားရှိလျက်ပင်ဖြစ်၏။

ယခုကာလ၌မူကား—

ထိုအာဇီဝဋ္ဌမကသီလ၏ အစိတ်အင်္ဂါပဓာနမျိုးဖြစ်သော ၅-ပါးသီလကိုပင် ပြည့်စုံလုံခြုံစွာ စောင့်ထိန်းသူ ပါးရှားလျက် ရှိကြသည်နှင့် အာဇီဝဋ္ဌမကသီလကို စောင့်ကြလော၊ ထိန်းကြလော-ဟု တိုက်တွန်းမှုအသစ် ဖြစ်နေကြရ၏၊ အာဇီဝဋ္ဌမကသီလသည် နိစ္စသီလအမျိုးအရိုးဖြစ်၏၊ အဋ္ဌင်္ဂုပေါသထသီလသည် ပကတိလူတို့၌ အနိစ္စသီလမျိုးဖြစ်၏၊ တနေ့ တရက်တွင်ရွေ့ စောင့်ထိန်းကြမှုကို မြော်၍ သီလ ၂-ပါး၏ အယုတ်အမြတ်ကို ဆုံးဖြတ်ခြင်းငှါ မသင့်၊ သူ့အခွင့် သူ့သဘောနှင့် သူ့လမ်း သူ့စခန်းကို အကုန်အစင် မြော်မြင် ထောက်ထား၍သာ ပြောဆိုရာ၏။

ပကတိအသက်သခင်ဖြစ်သော သလေးထမင်းနှင့် ဝက်သား, ကြက်သား, ငါး, အမဲဟင်းလျာများကို ဘယ်ဟာက ကောင်းမြတ်သလဲ-ဟု ဆိုခဲ့လျှင်—

၁။ အတိုကိုသာ မြော်မိသော သူငယ်တို့ကား-ဟင်းလျာများက ကောင်းမြတ်သည်ဟု-ပြောကြပေလတ္တံ့။

၂။ အရှည်ကို မြော်နိုင်သော လူကြီးတို့သည်ကား-သလေးထမင်းက အသက်သခင် ကျေးဇူးရှင်ဖြစ်ပေ၍ကောင်းမြတ်သည်ဟု-ပြောကြကုန်လတ္တံ့။

www.dhammaransi.com



ဤဥပမာကဲ့သို့ ဖြစ်လေရာ၏၊ ထို့ကြောင့် အာဇီဝဋ္ဌမကသီလ၏ နေရာ၌ အာဇီဝဋ္ဌမကသီလသည် ကောင်းမြတ်၏၊ ဥပေါသထသီလ၏ နေရာ၌ ဥပေါသထသီလသည် ကောင်းမြတ်၏၊ ၂-ပါးစုံကိုပင် ပြည့်စုံအောင် အားထုတ်ကြကုန်ရာသတည်း။

ဤတွင်ရွေကား-အာဇီဝဋ္ဌမကသီလ၏ အင်္ဂါပဒေယျာဂကို ပြဆိုခြင်းပြီး၏။

အာဇီဝဋ္ဌမကသီလအဆုံးအဖြတ် ပြီး၏၊

www.dhammaransi.com

# ဝိကာလဘောဇနသိက္ခာပုဒ်
# အဆုံးအဖြတ်

### နမော တဿ ဘဂဝတော အရဟတော
### သမ္မာသမ္ဗုဒ္ဓဿ

### ၁–ဝိကာလဘောဇနသိက္ခာပုဒ်ပျက်–မပျက်

အဋ္ဌင်္ဂဥပုသ်ကို ဆောက်တည်ပြီးသောသူသည် နေလွဲသော အခါ အနာရောဂါဟူသော ဂေလညအကြောင်း မရှိပါဘဲ လျက် ကွမ်းစားမှု ဆေးသောက်မှုများကို ပြုခဲ့သည်ရှိသော် ဆောက်တည်၍ထားသော ဝိကာလဘောဇနသိက္ခာပုဒ်သည်-

၁။ ပျက်မည်, မပျက်မည်,

၂။ ညှိုးမည်, မညှိုးမည်–

များကို ခြားနားစွာ သိလိုပါကြောင်းနှင့် ၁၂၆၀-ပြည့် တော်သလင်းလဆန်း ၈-ရက်နေ့တွင် ဥပုသ်သည်တို့ကလျှောက် ထားကြသည်ကို ဖြေဆိုချက်။

၁။ ပျက်မည်, မပျက်မည်-ဟူသောစကား၌–

ရဟန်းတို့သည် ကျင့်အပ်သော ၂၂၀-သော ဝိနည်းသိက္ခာပုဒ်တို့ မှာ အင်္ဂါအသီးအသီးရှိကြပေသည်၊ထို့ကြောင့် ၂၂၀-သောသိက္ခာပုဒ် စုတွင် တခုခုကို လွန်ကျူးရိပ်ရှိခဲ့၍ ပျက်သည်, မပျက်သည်ကို ဆုံးဖြတ်

www.dhammaransi.com



လိုလျှင် သူ့သိက္ခာပုဒ်တွင် အဋ္ဌကထာအရှင်တို့ ပြဆို၍ထားသောအင်္ဂါကို ပမာနပြု၍ ဆုံးဖြတ်ကြရသည်၊ အင်္ဂါ ၅-ပါး ထုံးမိတ်၍ထားသော သိက္ခာပုဒ်ဖြစ်ခဲ့လျှင် အင်္ဂါ ၅-ပါးညီညွတ်မှ အပျက်ဆိုရသည်၊ အင်္ဂါ ၅-ပါးတွင် တပါးပါးချို့ခဲ့လျှင် ပျက်သည်ဟူ၍မဆိုရ၊ ဤနှင့်ထပ်တူ လူတို့သည် ကျင့်အပ်သော၅-ပါး,၈-ပါး, ၁၀- ပါးသော သုတ္တန်သိက္ခာပုဒ်စုမှာလည်း အင်္ဂါအသီးအသီးရှိကြပေသည်။

ထို့ကြောင့် ထိုသုတ္တန် သိက္ခာပုဒ်စုတွင် တခုခုကို လွန်ကျူးခြင်း မြောက်သည်, မမြောက်သည်၊ သိက္ခာပုဒ်ပျက်သည်, မပျက်သည်ကို ဆုံးဖြတ်လိုလျှင် ထိုထိုသိက္ခာပုဒ်တွင် အဋ္ဌကထာအရှင်တို့ ပြဆို၍ထားသောအင်္ဂါကို ပမာနပြု၍ ဆုံးဖြတ်ရပေမည်။

လူတို့နှင့်စပ်ဆိုင်သော ၁၀- ပါးသော သိက္ခာပုဒ်တို့၏ အင်္ဂါကို ပရမတ္ထဇောတိကာမည်သောခုဒ္ဒကပါဌအဋ္ဌကထာတွင် အစဉ်အတိုင်း ပြဆိုပေသည်ကား–

၁။ ပါဏာတိပါတမှာ အင်္ဂါ ၅-ပါး။

၂။ အဒိန္နာဒါန်မှာ အင်္ဂါ၅-ပါး။

၃။ အဗြဟ္မစရိယမှာ အင်္ဂါ၄-ပါး။

၄။ မုသာဝါဒမှာ အင်္ဂါ၄-ပါး။

၅။ သုရာပါနမှာ အင်္ဂါ၄-ပါး။

၆-၁၀။ ဝိကာလဘောဇနအစရှိသော နောက်သိက္ခာပုဒ် ၅-ပါးတို့မှာလည်း အင်္ဂါ ၄-ပါး၄-ပါးစီ–

ပြဆို၍ထားပေသည်။

ထိုသို့ ရဟန်းတို့၏ဆိုင်ရာ ၂၂၀-သော ဝိနည်းသိက္ခာပုဒ်, လူတို့၏ဆိုင်ရာ ၅-ပါး, ၈-ပါး, ၁၀-ပါးသော သုတ္တန်သိက္ခာပုဒ်တို့၌ အင်္ဂါကို အသီးအသီး ထားရသည်မှာလည်း တခြားတပါးသော အခွင့်နှင့်ထားရသည်မဟုတ်၊ ပျက်သည်, မပျက်သည်ကို အတပ်အမှန်ဆိုရန်သို့ အခွင့်ထားရသည်၊ ထို့ကြောင့် ပျက်,မပျက်အရာ၌ အဋ္ဌကထာအရှင်တို့ အစဉ်အဆက် အချက်မှုသောဥပဒေမှ အတည်ပြု၍လာခဲ့သော အင်္ဂါအချုပ်ကို လက်လွှတ်၍ ဟုတ်စလိလိ ယုတ္တိပြင်ပ အဆသဘောများနှင့်ပြောဆို ဆုံးဖြတ်ခြင်း၄ါ အရာမဟုတ်ပေ။

www.dhammaransi.com



ထိုသို့ပျက်,မပျက်ကိုဆုံးဖြတ်ရန်အချုပ်အချာအင်္ဂါအသီးအသီးနှင့် လာရှိသော သိက္ခာပုဒ်အပေါင်းတို့တွင် ယခုသိလိုကြသော ဝိကာလဘောဇနသိက္ခာပုဒ်၏ အချုပ်အင်္ဂါကို ၎င်းအဋ္ဌကထာ၌—

ဝိကာလဘောဇနသ္မ စတ္တာရိ အင်္ဂါနိ ဝိကာလော ယာဝကာလိကံ အဇ္ဈောဟရဏံ အနုမ္မတ္တကတာတိ။

ဟူ၍လာပေသည်။

၁။ ဝိကာလော၊နေလွဲသည်လည်း ဖြစ်စေ။

၂။ ယာဝကာလိကံ၊ ခဲဘွယ်ဘောဇဉ် အဝင်အပါ ယာဝကာလိက ဝတ္ထုမျိုးလည်း ဖြစ်စေ။

၃။ အဇ္ဈောဟရဏံ၊လည်ချောင်းတွင်းသို့ မျိုမိသည်လည်းဖြစ်စေ။

၄။ အနုမ္မတ္တကတာ၊ အရူးအသွပ်မဟုတ်သည်လည်း ဖြစ်စေ။

ဣတိ၊ ဤသည်တို့ကား။ ဝိကာလဘောဇနဿ၊ ဝိကာလဘောဇနသိက္ခာပုဒ်၏။ စတ္တာရိ အင်္ဂါနိ၊ အင်္ဂါ၄-ပါးတို့တည်း။

ဤအဋ္ဌကထာ အင်္ဂါအချုပ်၌ ယာဝကာလိက-ဟူသော ပါဠ်ဖြင့် ခဲဘွယ်ဘောဇဉ် အဝင်အပါ ယာဝကာလိက ဝတ္ထုမျိုးကို နေလွဲသော အခါမျိုမှသာလျှင် ဝိကာလဘောဇန သိက္ခာပုဒ် ပျက်ထိုက်ကြောင်း၊ အဖျော်၈-ပါးစသော ယာမကာလိက အရည်မျိုး, ထောပတ် ဆီဦး သကြား သကာစသော သတ္တာဟကာလိကဝတ္ထုမျိုး,ဆီးဖြူ သျှိသျှား ဖန်ခါး ဆေး ကွမ်းစသော ယာဝဇီဝိကဝတ္ထုမျိုးကို မျိုသော်လည်း ဝိကာလဘောဇန သိက္ခာပုဒ်မပျက်ထိုက်ကြောင်းကို ခြားနား၍ပြတော်မူပေသည်။

ထိုမှတပါးလည်း ကင်္ခါဝိတရဏီအဋ္ဌကထာ၌—

ဝိကာလတာ ယာဝကာလိကတာ အဇ္ဈောဟရဏန္တိ ဣမာနေတ္ထ တီဏိ အင်္ဂါနိ။

ဟူ၍လာသည်။

၁။ ဝိကာလတာ၊ နေလွဲသည်လည်းဖြစ်စေ။

၂။ ယာဝကာလိကတာ၊ ခဲဘွယ်ဘောဇဉ် အဝင်အပါ ယာဝကာလိကဝတ္ထုမျိုးလည်းဖြစ်စေ။

www.dhammaransi.com



၃။ အဇ္ဈောဟရဏံ၊မျိုသည်လည်းဖြစ်စေ။

ဣတိ-ဣမာနိ၊ဤသည်တို့ကား။စတ္တ။ ဤဝိကာလဘောဇနသိက္ခာပုဒ်၌။ တီဏိအင်္ဂါနိ၊ အင်္ဂါ၃-ပါးတို့တည်း။

ဤအဋ္ဌကထာပါဠိ၌လည်း ယာဝကာလိကတာ- ဟူသောပါဠိဖြင့် ယာဝကာလိက ဝတ္ထုမျိုးသည်သာ သိက္ခာပုဒ်ပျက်ရာ အင်္ဂါဖြစ်ထိုက်ကြောင်း၊ ယာမ, သတ္တာဟ,ယာဝဇီဝိကဝတ္ထုမျိုးတို့သည်ကား-သိက္ခာပုဒ်ပျက်ရာ အင်္ဂါမဟုတ်ကြောင်းကို ပြတော်မူပေသည်။

ထိုမှတပါးလည်း မနောရထပူရဏီအမည်ရှိသော တိကအင်္ဂုတ္တိုရ်အဋ္ဌကထာ၌–

အတိက္ကန္တေ မဇ္ဈန္ဟိကေ ယာဝကာလိကဿ အဇ္ဈောဟရဏံ ဝိကာလဘောဇနံနာမ။

ဟူ၍လာပေသည်။

**အနက်ကား။** ။မဇ္ဈန္ဟိကေ၊မွန်းတည့်သောအခါသည်။အတိက္ကန္တေ၊ လွန်ပြီးသည်ရှိသော်။ ယာဝကာလိကဿ၊ ယာဝကာလိကဝတ္ထုမျိုးကို။ အဇ္ဈောဟရဏံ၊ မျိုခြင်းသည်။ ဝိကာလဘောဇနံနာမ၊ ဝိကာလဘောဇနမည်၏။

ဤအဋ္ဌကထာ၌လည်း- ယာဝကာလိကဿ- ဟူသော ပါဠိဖြင့် သိက္ခာပုဒ်ပျက်ထိုက်သော အင်္ဂါ၌ ယာဝကာလိက ဝတ္ထုမျိုးသည်သာ အပါအဝင်ဖြစ်ကြောင်း၊ ယာမ,သတ္တာဟ, ယာဝဇီဝိက ဝတ္ထုမျိုးတို့ အပါအဝင်အင်္ဂါ မထိုက်ကြောင်းကို ပြတော်မူပေသည်။

ထိုမှတပါးလည်း ၎င်းအဋ္ဌကထာ၌ပင်လျှင်–

ဘုဉ္ဇိတဗ္ဗဋ္ဌေန သဗ္ဗံ ယာဝကာလိကံ ဘောဇနန္တိ ဝုစ္စတိ။

ဟူ၍လာပေသည်။

**အနက်ကား။** ။ဘုဉ္ဇိတဗ္ဗဋ္ဌေန၊ မျိုအပ်သော အနက်ကြောင့်။ သဗ္ဗံ၊ အလုံးစုံသော။ ယာဝကာလိကံ၊ ယာဝကာလိကဝတ္ထုမျိုးကို။ ဘောဇနန္တိ၊ ဘောဇဉ်ဟူ၍။ ဝုစ္စတိ။ ဆိုအပ်၏။

www.dhammaransi.com



ဤအဋ္ဌကထာပါဌ်ဖြင့်လည်း ယာဝကာလိက ဝတ္ထုမျိုးသည်သာ သိက္ခာပုဒ်ပျက်ရာအင်္ဂါဖြစ်ထိုက်ကြောင်း, ကြွင်းသောကာလိက ၃-မျိုး သည် သိက္ခာပုဒ်ပျက်ရာအင်္ဂါမဖြစ်ထိုက်ကြောင်းကို ခြားနား၍ပြတော်မူပေသည်။

ထိုမှတပါးလည်း ၎င်းအဋ္ဌကထာ၌ပင်လျှင်—

ဝိကာလေ ယာဝကာလိကဿ ဘောဇနံ အဇ္ဈောဟရဏံ ဝိကာလဘောဇနံ။

ဟူ၍လာသည်။

**အနက်ကား။** ။ဝိကာလေ၊နေလွဲသောအခါ၌။ ယာဝကာလိကဿ၊ ယာဝကာလိကဝတ္ထုမျိုးကို။ ဘောဇနံအဇ္ဈောဟရဏံ၊ မျိုခြင်းသည်။ ဝိကာလဘောဇနံ၊ ဝိကာလဘောဇနမည်၏။

ဤအဋ္ဌကထာပါဌ်ဖြင့်လည်း- ဝိကာလဘောဇန သိက္ခာပုဒ်ပျက်ရာ၌ နောက်ကာလိက ၃-မျိုးသည် အဝင်အပါ အင်္ဂါမဟုတ်ကြောင်းကို ပြတော်မူပေသည်၊ အင်္ဂုတ္တိုရ်ဋီကာကြီး၌ အထူးဘွင့်ဆိုချက် မရှိပေ။

ထိုမှတပါးလည်း သာရတ္ထဒီပနီဋီကာ မဟာဝါအဘွင့်၌—

ဘုဉ္ဇိတဗ္ဗဋ္ဌေန ဘောဇနံ၊ ယာဂုဘတ္တာဒိကံ သဗ္ဗံ ယာဝ-ကာလိကဝတ္ထု၊ ဝိကာလေ ဘောဇနံ ဝိကာလဘောဇနံ။

ဟူ၍ဆိုပေသည်။

**အနက်ကား။** ။ဘုဉ္ဇိတဗ္ဗဋ္ဌေန၊ မျိုအပ်သောအနက်ကြောင့်။ ဘောဇနံ၊ ဘောဇဉ်မည်၏။ ယာဂုဘတ္တာဒိကံ၊ ယာဂုထမင်းစသော။ သဗ္ဗံ၊ အလုံးစုံသော။ ယာဝကာလိကဝတ္ထု၊ ယာဝကာလိကဝတ္ထု မျိုးပေတည်း။ ဝိကာလေ၊ နေလွဲသောအခါ၌။ဘောဇနံ၊ယာဂု,ထမင်းစသော အလုံးစုံသော ယာဝကာလိကဝတ္ထုမျိုးကို မျိုခြင်းသည်။ ဝိကာလဘောဇနံ၊ ဝိကာလဘောဇနမည်၏။

ဤဋီကာပါဌ်ဖြင့်လည်း-ယာဝကာလိကဝတ္ထုသည်သာ သိက္ခာပုဒ်-ပျက်ရာအင်္ဂါဖြစ်ကြောင်း,ကြွင်းသောကာလိက ၃-မျိုးသည်သိက္ခာပုဒ်-ပျက်ရာအင်္ဂါအချုပ်တွင် အဝင်အပါမဟုတ်ကြောင်းကို ဋီကာအရှင်ပြတော်မူပေသည်။

www.dhammaransi.com



ထိုမှတပါးလည်း ၎င်းဋီကာ၌ပင်—

ဝိကာလေ ယာဝကာလိကဝတ္ထုဿ အဇ္ဈောဟရဏာတိ-အတ္ထော။

ဟူ၍ဘွင့်ပြတော်မူပေသည်။

**အနက်ကား။** ။ဝိကာလေ၊ နေလွဲသောအခါ၌။ ယာဝကာလိက-ဝတ္ထုဿ၊ ယာဝကာလိကဝတ္ထုမျိုးကို။ အဇ္ဈောဟရဏာ၊ မျိုသည်မှ။ ဣတိ၊ ဤသည်လျှင်။ အတ္ထော၊ အနက်တည်း။

ဤဋီကာပါဌ်ဖြင့်လည်း-ယာဝကာလိကဝတ္ထုမျိုးသည်သာဝိကာလ-ဘောဇနသိက္ခာပုဒ်အရာဖြစ်ကြောင်း, ကြွင်းသော ကာလိက ၃-မျိုးသည် ဝိကာလဘောဇန သိက္ခာပုဒ်အရာမဟုတ်ကြောင်းကို ပြတော်မူပေသည်။

ထိုမှတပါးလည်း ၎င်းဋီကာ၌ပင်လျှင်—

ဝိကာလေ ဘောဇနံ အဇ္ဈောဟရဏံ ဝိကာလ ဘောဇနံ၊ ကဿ ပန အဇ္ဈောဟရဏန္တိ၊ ယာမကာလိကာဒီနံ အနုညာတတ္တာ ဝိကာလဘောဇနဿ သဒ္ဒဿ ယာဝကာလိက-အဇ္ဈောဟရဏေ နိရူဠှတ္တာ ယာဝကာလိကဿာတိ ဝိညာ-ယတိ။

ဟူ၍ဘွင့်ပြတော်မူလေသည်။

**အနက်ကား။** ။ဝိကာလေ၊ နေလွဲသောအခါ၌။ ဘောဇနံ၊ ဘောဇဉ်ကို။ အဇ္ဈောဟရဏံ၊ မျိုခြင်းသည်။ ဝိကာလဘောဇနံ၊ ဝိကာလဘောဇနမည်၏။ ကဿပန၊ အဘယ်ကာလိကဝတ္ထုကို။ အဇ္ဈောဟရဏံ၊ မျိုခြင်းပေနည်း။ ဣတိ၊ ဤကား-အမေးပုစ္ဆာတည်း။ ယာမကာလိကာဒီနံ၊ ယာမကာလိက အစရှိသော နောက်ကာလိက ၃-မျိုးတို့ကို။ အနုညာတတ္တာ၊ နေလွဲသောအခါ စားသောက်ခြင်းငှါ ခွင့်ပြုတော်မူပေသောကြောင့်။ ဝိကာလဘောဇနဿ သဒ္ဒဿ၊ ဝိကာလဘောဇန-သဒ္ဒါ၏။ ယာဝကာလိက အဇ္ဈောဟရဏေ၊ ယာဝကာလိကဝတ္ထုကို မျိုခြင်းအနက်၌။ နိရူဠှတ္တာ၊ ထင်သည်၏ အဖြစ်ကြောင့်။ ယာဝကာ-လိကဿ၊ ယာဝကာလိကဝတ္ထုကို။ အဇ္ဈောဟရဏံ၊ မျိုခြင်းပေတည်း။ ဣတိ၊ ဤသို့။ ဝိညာယတိ၊ သိအပ်၏။

www.dhammaransi.com



အမေးအဖြေ အကြောင်းယုတ္တိနှင့်တကွ အသေအချာ လာသော ဤဋီကာပါဌ်ဖြင့်လည်း - ဝိကာလဘောဇနသိက္ခာပုဒ်ပျက်ရာ ယာမကာလိကစသော နောက်ကာလိက ၃-သုံးမျိုးတို့ မဆိုင်ကြောင်းကို သိသာလှပေသည်။

ထိုမှတပါးလည်း ၎င်းဋီကာ၌ပင်လျှင်—

အတ္တတော ပန ကာယဋ္ဌါရပဝတ္တာ ဝိကာလေ ယာဝကာလိကအဇ္ဈောဟရဏစေတနာ ဝိကာလဘောဇနန္တိ ဝေဒိတဗ္ဗာ။

ဟူ၍လာသည်။

**အနက်ကား။** ။အတ္တတောပန၊လိုရင်းအနက်အားဖြင့်ကား။ကာယဋ္ဌါရပဝတ္တာ၊ ကာယဋ္ဌါရ၌ဖြစ်သော။ဝိကာလေ၊ နေလွဲသောအခါ၌။ ယာဝကာလိက အဇ္ဈောဟရဏစေတနာ၊ ယာဝကာလိက ဝတ္ထုမျိုးကို မျိုသော စေတနာသည်။ဝိကာလဘောဇနံ၊ ဝိကာလဘောဇနမည်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗာ၊ သိအပ်၏။

ဤဋီကာပါဌ်ဖြင့်လည်း ယာဝကာလိက ဝတ္ထုမျိုးသည်သာ သိက္ခာပုဒ်ပျက်ရာအင်္ဂါအစစ် ဖြစ်ကြောင်းကို သိအပ်လှပေသည်။

ထိုမှတပါးလည်း ဝိမတိဝိနောဒနီ အမည်ရှိသောဋီကာ မဟာဝါ ခန္ဓကအဘွင့်၌—

ဘုဉ္ဇိတဗ္ဗဋ္ဌေန ဘောဇနန္တိ ဣဒံ သဗ္ဗံ ယာဝကာလိကံ ဝုစ္စတိ၊ ဝိကာလေ ဘောဇနဇ္ဈောဟရဏံ ဝိကာလဘောဇနံ။

ဟူ၍ဆိုပေသည်။

**အနက်ကား။** ။ဘောဇနန္တိဣဒံ၊ ဘောဇနံ-ဟူသော ဤစကားကို။ ဘုဉ္ဇိတဗ္ဗဋ္ဌေန၊ မျိုအပ်သောအနက်ကြောင့်။ သဗ္ဗံ၊ အလုံးစုံသော။ ယာဝကာလိကံ၊ ယာဝကာလိကဝတ္ထုမျိုးကို။ ဝုစ္စတိ၊ဆိုအပ်၏။ဝိကာလေ၊နေလွဲသောအခါ၌။ဘောဇနဇ္ဈောဟရဏံ၊ယာဝကာလိကဝတ္ထု၊ဟုဆိုအပ်သော ဘောဇဉ်ကို မျိုခြင်းသည်။ ဝိကာလဘောဇနံ။ ဝိကာလဘောဇနမည်၏။

www.dhammaransi.com



ဤဋီကာပါဌ်ဖြင့်လည်း-ယာဝကာလိကသည်သာ သိက္ခာပုဒ်ပျက်ရာ အင်္ဂါဖြစ်ကြောင်း ထင်လင်းပေသည်။

. ထိုမှတပါးလည်း ၎င်းဋီကာ၌ပင်လျှင်-

ဝိကာလေ ဝါ ယာဝကာလိကဿ ဘောဇနံ အဇ္ဈောဟရဏံ ဝိကာလဘောဇနံ။

ဟူ၍ဆိုပေသည်။

**အနက်ကား။** ။ဝါ၊ တနည်းကား။ ဝိကာလေ၊ နေလွဲသောအခါ၌။ ယာဝကာလိကဿ၊ ယာဝကာလိကဝတ္ထုမျိုးကို။ ဘောဇနံ အဇ္ဈောဟရဏံ၊ မျိုခြင်းသည်။ ဝိကာလဘောဇနံ၊ ဝိကာလဘောဇနမည်၏။

၂-နည်းစီ, ၂-နည်းစီဘွင့်ကြပေသည်မှာ ဘောဇနသဒ္ဒါကို ဘောဇနဝတ္ထုဟောတချက်ယူကြသည်၊ မျိုခြင်းကြိယာဟော တချက်ယူကြသည်၊ လူတို့မည်သည် ကျမ်းဂန်စကားမျိုးကို မကျွမ်းကျင်ကြကုန်၊ ထို့ကြောင့် တကျမ်းတည်း၌ပင် ယာဝကာလိကသဒ္ဒါနှင့် လာလာသမျှပါဌ်တို့ကိုအတိုအတို လိုရင်းလိုရင်းတွင် ကွက်၍ အနက်အဓိပ္ပါယ်ဘော်လိုက်သည်၊ ထုတ်ပြခဲ့ပြီးသောအဋ္ဌကထာ, ဋီကာကြီးတို့မှတပါး ကခြားသော အဋ္ဌကထာကြီး, ဋီကာကြီးတို့၌မူကား-ဝိကာလဘောဇနသိက္ခာပုဒ်၏အနက်ကို သာမညသာ ဘွင့်ကြကုန်၏။

[ဤမျှသောစကားရပ်တို့ဖြင့် အဋ္ဌဂ်ဥပုသ်သည်သည် ရောဂါဟူသောဝေလညအကြောင်းမရှိပါဘဲလျက် နေလွဲပြီးနောက် ဆေးသောက်, ကွမ်းစားမှုကိုပြုခဲ့သည်ရှိသော် ဝိကာလဘောဇနသိက္ခာပုဒ် ပျက်မည်, မပျက်မည်ဟူသော အမေးပုစ္ဆာ၌ ဆေး,ကွမ်းဟူသော ယာဝဇီဝိက ဝတ္ထုသည် သိက္ခာပုဒ် ပျက်ရန်အင်္ဂါတွင် အပါအဝင် မဟုတ်ကြောင်းကို ခဖြေဆိုလိုက်သည်။]

အချို့သောဝိနိစ္ဆယစာဟောင်းများ၌ကား—

အကြောင်းမရှိပါဘဲလျက် နေလွဲသောအခါ နောက်ကာလိက၃-ပါးကို စားသောက်ခဲ့သည်ရှိသော် ဝိကာလဘောဇနသိက္ခာပုဒ် ပျက်ကြောင်းကို အဆိုပါရှိကြသည်၊ ဝိနိစ္ဆယစာဟောင်းတို့၌ ပါရှိသည့်အတိုင်း ယခုကာလ၌ အချို့သောဆရာတို့အယူရှိကြ၏။

www.dhammaransi.com



**ယူကြပုံကား။** ။ဤဝိကာလဘောဇန သိက္ခာပုဒ်အရာ၌ ရဟန်းနှင့် လူ အဆုံးအဖြတ်ထူးခြားကွဲလွဲခြင်းမရှိသင့်၊ ရဟန်းမှာ အာပတ်သင့် လျှင် လူမှာသိက္ခာပုဒ်အပျက်ဆိုရမည်၊ဝိကာလဘောဇန သိက္ခာပုဒ်၏ ဝိဘင်းပါဠိတော်အန္တရာပတ္တိဝါရ၌—

ယာမကာလိကံ သတ္တာဟကာလိကံ ယာဝဇီဝိကံ အာဟာ-ရတ္ထာယ ပဋိဂ္ဂဏှာတိ အာပတ္တိ ဒုက္ကဋဿ၊ အဇ္ဈောဟာရေ အဇ္ဈောဟာရေ အာပတ္တိဒုက္ကဋဿ။

ဟူ၍ဟောတော်မူသည်။

ဝင်းပါဠိတော်အနာပတ္တိဝါရမှာလည်း—

[အနာပတ္တိ ယာမကာလိကံ သတ္တာဟကာလိကံ ယာဝဇီဝိကံ-သတိပစ္စယေ ပရိဘုဉ္ဇတိ။

ဟူ၍ဟောတော်မူပေသည်။

**ရှေ့ပါဠိတော်၏ အဓိပ္ပါယ်ကား။** ။ရဟန်းတို့အား နေလွဲသော အခါ နောက်ကာလိက ၃-ပါးကို အာဟာရအကျိုးငှါ အကပ်ခံခဲ့ လျှင် ဒုက္ကဋ်အာပတ်သင့်၏၊ မျိုခဲ့လျှင် မျိုတိုင်းမျိုတိုင်း ဒုက္ကဋ်အာပတ် သင့်၏-ဟုဆိုလိုသည်။

**နောက်ပါဠိတော်၏ အဓိပ္ပါယ်ကား။** ။အဖျော်ရည်မျိုး ဟူသော ယာမကာလိကကိုမွတ်သိပ်ခြင်းအကြောင်းနှင့်သောက်ခဲ့သော် အာပတ် မသင့်၊ ထောပတ်, တင်လဲစသော သတ္တာဟကာလိကကိုဝင်း, ဆီးဖြူ သျှိသျှားအစရှိသော ယာဝဇီဝိကကိုဝင်း,အနာရောဂါဟူသော ဂေလည အကြောင်းနှင့်သုံးဆောင်ခဲ့သော် အာပတ်မသင့်-ဟုဆိုလိုသည်။

ထိုကာလိက၃-မျိုးကို အကြောင်းမရှိပါဘဲလျက်နေလွဲသောအခါ သုံးဆောင်ခဲ့လျှင်သင့်သော ထိုဒုက္ကဋ်အာပတ်သည်အခြားကလာ၍သင့် သော အာပတ်မဟုတ်၊ဝိကာလဘောဇနသိက္ခာပုဒ်၏ဝိဘင်းက ထွက် သော အာပတ်ပင်ဖြစ်ပေသောကြောင့် ဝိကာလဘောဇန အာပတ်ပင် ဖြစ်သတည်း၊ ထို့ကြောင့် အဋ္ဌကထာတို့၌ သန္နိဓိစသောသိက္ခာပုဒ်များ သို့ ရောက်သောအခါ ထိုအာပတ်ကို ဝိကာလဘောဇနသိက္ခာပုဒ်ဖြင့် သင့်သည်-ဟုအဆိုပါသတည်း။

www.dhammaransi.com



ထိုဒုက္ကဋ်အာပတ်သည် ရဟန်းတို့အား ဝိကာလဘောဇန သိက္ခာ-ပုဒ်နှင့် သင့်သောအာပတ်ဖြစ်ခဲ့လျှင်လည်း ထိုအာပတ်အရာ လူတို့မှာလည်း ဝိကာလဘောဇန သိက္ခာပုဒ် အပျက်မဟုတ်လော။

### အနာထပိဏ်သူဌေးကြီး၏ လုပ်သားဥပုသ်သည်ဝတ္ထု

ရဟန်းတို့၏ ဝိကာလဘောဇနသိက္ခာပုဒ်အပျက်အင်္ဂါတွင် နောက်ကာလိက ၃-ပါး ပါသင့်သကဲ့သို့ လူတို့၏ဝိကာလဘောဇနသိက္ခာ-ပုဒ်အပျက်အင်္ဂါတွင်နောက်ကာလိက ၃-ပါး ပါသင့်ကြောင်းကိုလည်း အနာထပိဏ်သူဌေးကြီး၏ လုပ်သားဥပုသ်သည်ဝတ္ထုသည် သက်သေပင်တည်း။

> ထိုဥပုသ်သည်အား ညဉ့်အခါ လေရောဂါ အပြင်းအထန် ဖြစ်လေ၏၊ သူဌေးကြီးသိ၍ စတုမဓုကို သောက်ပါဟု ပေးလေသော် အရှင်တို့ သောက်ကြပါကုန်၏လော-ဟုမေးပေ၏၊ ငါတို့မှာ အနာရောဂါမရှိ၍ မသောက်ကြသည်-ဟု ဆိုလတ်သော် တနေ့လုံးလုံး ဥပုသ်ရသောအရှင်တို့မှာ မသောက်ကြသည်ကို နေ့ထက်ဝက်မျှဥပုသ်ရသောအကျွန်ုပ် မသောက်ပါပြီ-ဟုပယ်လေ၏၊ ထိုညဉ့်၌ပင် ထိုရောဂါဖြင့် သေဆုံး၍ ရုက္ခစိုးနတ် ဖြစ်လေ၏။
>
> [ဤကား-အနာထပိဏ်သူဌေးကြီး၏လုပ်သားဥပုသ်သည်ဝတ္ထုတည်း။]

ဤဝတ္ထု၌ ငါတို့မှာ အနာရောဂါမရှိ၍ မသောက်ကြသည်-ဟူသော သူဌေးကြီးစကားကိုထောက်၍ လူတို့၏ဝိကာလဘောဇန သိက္ခာပုဒ် အပျက်အင်္ဂါတွင် နောက်ကာလိက ၃-ပါး ပါသင့်ကြောင်းကိုသိသာလှသည် မဟုတ်လော။

အထက်က ထုတ်ပြခဲ့သော အဋ္ဌကထာ,ဋီကာတို့၌ ယာဝကာလိက ကိုသာ ဆိုကြသည်မှာလည်း ယာဝကာလိကဝတ္ထုကို နေလွဲသောအခါ မျိုခဲ့လျှင် အကြောင်းရှိ, မရှိ မရွေးရ၊ ကေန္တသိက္ခာပုဒ်ပျက်တော့သည်၊ နောက်ကာလိက ၃-ပါးကို မျိုရာ၌ကား-အကြောင်းမရှိဘဲမျိုမှ ပျက်ပေသည်၊အကြောင်းရှိ၍ မျိုပေလျှင် မပျက်ပေ၊ဤသို့ကေန္နပျက်မဟုတ်၊ အနေကန်ပျက်ဖြစ်ပေ၍ အပျက်အင်္ဂါတွင် နောက်ကာလိက ၃- ပါး

www.dhammaransi.com



ကို မျိုရာ၌မဆိုကြပေသည်-ဟု ယူပေမှ ထိုအဋ္ဌကထာ,ဋီကာနှင့် အနာ ထပိဏ်ဝတ္ထုညီညွတ်ကြမည်မဟုတ်လော။

ထို့ကြောင့် အကြောင်းမရှိဘဲ နေလွဲပြီးနောက် ဆေးသောက်, ကွမ်းစားမှုသည် ဝိကာလဘောဇနသိက္ခာပုဒ် အပျက်အင်္ဂါ အပါအဝင် စင်စစ်ကေန်ဖြစ်သတည်း။

[ဤကား-ဥပုသ်သည်တို့အား ဂေလည အကြောင်းမရှိဘဲ နေလွဲပြီး နောက် ဆေးသောက်, ကွမ်းစားမှုကို သိက္ခာပုဒ် အပျက်အင်္ဂါ ပြ၍ပြော ဟောကြကုန်သော ဆရာတို့၏ အလိုပေတည်း။]

**အဖြေကိုဆိုပေအံ့။** ဝိကာလ ဘောဇနသိက္ခာပုဒ်သည် အလွန်ပေါ့ သော ပဏ္ဏတ္တိဝဇ္ဇသိက္ခာပုဒ်ဖြစ်သည်၊သုရာပါနသိက္ခာပုဒ်သည် အလွန် လေးသော လောကဝဇ္ဇ သိက္ခာပုဒ်ကြီး ဖြစ်သည်၊ ထိုသုရာပါန လော-ကဝဇ္ဇသိက္ခာပုဒ်ကြီးများ၌ပင် ရဟန်းတို့မှာ အာပတ်သင့်တိုင်း လူတို့ မှာ သိက္ခာပုဒ်ပျက်သည်မဟုတ်။

ထို့ကြောင့် ပဗ္ဗဇ္ဇာခန္ဓကအဋ္ဌကထာ၌—

မဇ္ဇပါနေ ပန ဘိက္ခုနော အဇာနိတွာပိ ဗီဇတော ပဋ္ဌာယ မဇ္ဇံ ပိဝန္တဿ ပါစိတ္တိယံ၊ သာမဏေရော ဇာနိတွာဝ ပိဝန္တော သီလဘေဒံ အာပဇ္ဇတိ၊ နအဇာနိတွာ၊ သာမဏေရာနံ မဇ္ဇ-ပါနံ သစိတ္တကံ ပါရာဇိကဝတ္ထု၊ အယံဝိသေသော။

ဟူ၍မိန့်သည်။

**အနက်ကား။** ။မဇ္ဇပါနေပန၊ သေရည်သေရက် သောက်မှု၌ကား။ ဘိက္ခုနော၊ရဟန်းအား။အဇာနိတွာပိ၊သေရည်မှန်း,သေရက်မှန်းမသိ မူ၍လည်း။ ဗီဇတော၊ သေမျိုးစေ့မှ။ ပဋ္ဌာယ၊ စ၍။ မဇ္ဇံ၊ သေရည်သေ ရက်ကို။ ပိဝန္တဿ၊ သောက်မိသည်ရှိသော်။ ပါစိတ္တိယံ၊ ပါစိတ်အပတ် သင့်၏။ သာမဏေရော၊ သာမဏေသည်။ ဇာနိတွာဝ၊ သေရည်မှန်း, သေရက်မှန်းသိ၍သာလျှင်။ ပိဝန္တော၊ သောက်သည်ရှိသော်။ သီလ-ဘေဒံ၊ သီလပျက်ခြင်းသို့။ ဝါ၊ သိက္ခာပုဒ်ပျက်ခြင်းသို့။ အာပဇ္ဇတိ၊ ရောက်၏။ အဇာနိတွာ၊ သေရည်မှန်း,သေရက်မှန်းမသိမူ၍။ပိဝန္တော၊ သောက်မိသည်ရှိသော်။ သီလဘေဒံ၊သီလပျက်ခြင်းသို့။ ဝါ၊ သိက္ခာပုဒ်

www.dhammaransi.com



ပျက်ခြင်းသို့။ နအာပဇ္ဇတိ၊ မရောက်။ သာမဏေရာနံ၊ သာမဏေတို့၏။ မဇ္ဈေပါနံ၊ သေရည်သေရက်သောက်မှုသည်။ သစိတ္တကံ၊ သစိတ္တကဖြစ်-သော။ ပါရာဇိကဝတ္ထု၊ ပါရာဇိကမှုပေတည်း။ အယံ၊ ဤသည်ကား။ ဝိသေသော၊ ရဟန်း,သာမဏေအထူးပေတည်း။

ဤအဋ္ဌကထာ၌ သာမဏေကိုဆိုသဖြင့် လူတို့မှာလည်း သေရည်မှန်း, သေရက်မှန်းသိ၍ သောက်မှသာ ဆောက်တည်သော သိက္ခာပုဒ်ပျက်သည် ဟူသောအနက်သည် အလွန်ထင်ရှားလေသတည်း။

ထပေတွာ တုလိကံ သဗ္ဗာနေဝ ဂေါနကာဒီနိ ရတန-ပရိသိဗ္ဗိတာနိပိ ဝဋ္ဋန္တိ။

[သီလက္ခန်အဋ္ဌကထာ။]

**အနက်ကား။** ။တုလိကံ၊ လဲသွတ်သောအခင်းကို။ ထပေတွာ၊ ချန်-ထား၍။ သဗ္ဗာနေဝ၊ အလုံးစုံသာလျှင် ဖြစ်ကုန်သော။ ဂေါနကာဒီနိ၊ ဂေါနက အစရှိကုန်သော မဟာသယန အခင်းတို့သည်။ ရတနပရိ-သိဗ္ဗိတာနိပိ၊ ရတနာတို့နှင့် ချုပ်အပ်ကုန်သော်လည်း။ ဝဋ္ဋန္တိ၊အပ်ကုန်၏။

သုတ္တန္တိကဒေသနာယ ပန ဂဟဋ္ဌာနမ္ပိ ဝသေန ဝုတ္တတ္တာ တေသံ သင်္ဂဟဏတ္ထံ ထပေတွာ တူလိကံ။ လ။ဝဋ္ဋန္တီတိ ဝုတ္တန္တိ အပရေ။

[သီလက္ခန်ဋီကာသစ်, သာရတ္ထဒီပနီ။]

**အနက်ကား။** ။သုတ္တန္တိကဒေသနာယပန၊ သုတ္တန်ဒေသနာတော်ကိုကား။ ဂဟဋ္ဌာနမ္ပိ၊ လူဥပုသ်သည်တို့၏လည်း။ ဝသေန၊ အစွမ်းအားဖြင့်။ ဝုတ္တတ္တာ၊ ဟောတော်မူလေသောကြောင့်။ တေသံ၊ ထိုဥပုသ်သည်တို့ကို။ သင်္ဂဟဏတ္ထံ၊ ဥစ္စာသယန မဟာသယနသိက္ခာပုဒ်၌ သင်္ဂြိုဟ်ရေတွက်ခြင်းငှါ။ထပေတွာတူလိကံ ။လ။ဝဋ္ဋန္တီတိ၊ ထပေတွာ တူလိကံ။လ။ ဝဋ္ဋန္တိ-ဟူ၍။ ဝုတ္တံ၊ အဋ္ဌကထာဆရာမိန့်၏။ ဣတိ၊ ဤသို့။ အပရေ၊ အချို့သောဆရာတို့သည်။ ဝဒန္တိ၊ ဆိုကြကုန်၏။

ဝိနည်းအဋ္ဌကထာ၌ ရတနာဖြင့် ချုပ်အပ်ကုန်သော ဂေါနက-စသော အခင်းတို့သည် ရဟန်းတို့အား မအပ်ကုန်-ဟုဆို၏၊ထို့ကြောင့်

www.dhammaransi.com



သုတ္တန်အဋ္ဌကထာ၌ ရတနာဖြင့်ချုပ်အပ်ကုန်သော်လည်း အပ်ပါကုန်၏-ဟုဆိုသည်မှာ လူဥပုသ်သည်တို့ကို ရည်၍ ဆိုသည်-ဟုလိုသည်၊ ဤဋီကာတို့ကိုထောက်သော် ဥစ္စာသယန သိက္ခာပုဒ်မှာလည်း ရဟန်းတို့ အာပတ်သင့်တိုင်း လူတို့မှာသိက္ခာပုဒ်မပျက်ဟု-သိအပ်သည်။

ဤသို့သောအဋ္ဌကထာ, ဋီကာများကိုထောက်၍ လူ,ရဟန်း ၂-ဦး ဆိုင်ကြသော သိက္ခာပုဒ်စု၌ရဟန်းတို့မှာ အာပတ်သင့်သော အမှုတိုင်း လူတို့မှာသိက္ခာပုဒ် အပျက်မယူသာ၊ ရဟန်းတို့အာပတ်မှာ ဝိနည်းတော်အရာဖြစ်သည်၊ လူတို့သိက္ခာပုဒ်အပျက်မှာ သုတ္တန်အရာဖြစ်သည်၊ သုတ္တန်အဋ္ဌကထာတို့၌ ပြဆိုသောအင်္ဂါညီညွတ်မှ အပျက်ဆိုရမည်-ဟု သိသာလှပေသည်။

[ဤမျှသောစကားတို့ဖြင့် ဝိကာလဘောဇနသိက္ခာပုဒ်အရာမှာ ရဟန်းနှင့်လူ အဆုံးအဖြတ်ထူးခြားကွဲလွဲခြင်း မရှိသင့်၊ ရဟန်းတို့မှာ အာပတ်သင့်လျှင် လူတို့မှာ သိက္ခာပုဒ်အပျက် ဆိုရမည်-ဟူသောဆရာတို့အယူကို ဖြေလိုက်သည်။]

ဝိကာလဘောဇန သိက္ခာပုဒ်ရင်း၌နေလွှဲသောအခါ ယာဝကာလိကဝတ္ထုကိုမျိုခဲ့လျှင် ပါစိတ်အာပတ်သင့်သည်၊အကြောင်းမရှိဘဲနောက်ကာလိက ၃-ပါးကိုမျိုခဲ့လျှင် ၎င်းသိက္ခာပုဒ်၏ အန္တရာပတ္တိဝါရ၌ ဒုက္ကဋ်သင့်ကြောင်းလာရှိသည်၊ အန္တရာပတ္တိဝါရမည်သည် သိက္ခာပုဒ်အသီးအခြားအလားရှိသည်၊ အန္တရာပတ္တိဝါရ၌လာသော ဒုက္ကဋ်အာပတ်သင့်လျှင်ပင် ဝိကာလဘောဇန မူလသိက္ခာပုဒ်ရင်း ပျက်ပြီ-ဟူ၍ ရဟန်းတို့မှာပင် မဆိုသာ။

အန္တရာပတ္တိဝါရမည်သည် ပါရာဇိက သိက္ခာပုဒ်ကြီး ၄-ပါးတို့မှာလည်း လာသည်ပင်ဖြစ်သည်၊ ပဌမ ပါရာဇိက သိက္ခာပုဒ်ကြီး၏ အန္တရာပတ္တိဝါရ၌လာသော ဒုက္ကဋ်အာပတ်ငယ် သင့်ရုံမျှနှင့် ပဌမ ပါရာဇိကသိက္ခာပုဒ်ကြီးပျက်ပြီ၊ ပါရာဇိကကျပြီ-မဆိုသာပေ၊ ထို့အတူ ဒုတိယ, တတိယ, စတုတ္ထပါရာဇိက သိက္ခာပုဒ်ကြီးတို့၌လာသော ဒုက္ကဋ်, ထုလ္လစ္စည်း-အာပတ်ငယ် သင့်ရုံမျှနှင့် ပါရာဇိကသိက္ခာပုဒ်ကြီး ပျက်ပြီ၊ ပါရာဇိကကျပြီ၊ လူဖြစ်ပြီမဆိုသာပေ။

www.dhammaransi.com

## ၁၆၂ ဝိကာလဘောဇနသိက္ခာပုဒ်အဆုံးအဖြတ်

သံဃာဒိသိသ်သိက္ခာပုဒ်ကြီး ၁၃-ပါးတို့၌လည်း အန္တရာပတ္တိအာပတ်ငယ်အသီးအသီး လာသည်ပင်ဖြစ်သည်၊ ထိုအန္တရာပတ္တိအာပတ်ငယ်သင့်ရုံမျှနှင့် မူလသိက္ခာပုဒ်ကြီး ပျက်ပြီ၊ သီလဝိပတ္တိဆိုက်ပြီ၊ ဝုဋ္ဌာနကံထိုက်ပြီ၊ ပရိဝါသ်မာနတ် ထိုက်ပြီ-မဆိုသာပေ၊ ထို့အတူ အကြောင်းမရှိဘဲ နေလွှဲသောအခါ နောက်ကာလိက ၃-ပါးကိုမျိုမိ၍ ရဟန်းတို့မှာ အန္တရာပတ္တိဒုက္ကဋ်အာပတ်သင့်ရုံမျှနှင့် ဝိကာလဘောဇန မူလသိက္ခာပုဒ်ကြီးပျက်ပြီ-ဟူ၍ မဆိုသာပေ။

မူလသိက္ခာပုဒ်ကြီး၏အပျက်အင်္ဂါတွင် ယာဝကာလိကဝတ္ထုကိုသာပြဆိုကြသော အဋ္ဌကထာ, ဋီကာတို့နှင့်အညီ နေလွှဲသောအခါ ယာဝကာလိကဝတ္ထုကိုမျိုမှသာ ဝိကာလဘောဇန သိက္ခာပုဒ်ပျက်သည် ဟုဆိုထိုက်ပေသည်၊ သုတ္တန်လာ ဝိကာလဘောဇန သိက္ခာပုဒ်ကို ဆောက်တည်သောလူတို့မှာမူကား-ထို အန္တရာပတ္တိဝါရ၌လာသော နောက်ကာလိက ၃-ပါးအတွက် အပျက်အင်္ဂါ မဆိုင်ပေ။

> [ဤကား-ရဟန်းတို့မှာ အကြောင်းမရှိဘဲ နေလွှဲသောအခါ နောက်ကာလိက ၃-ပါးကိုမျိုမိ၍ အန္တရာပတ္တိဝါရမှာလာသော ဒုက္ကဋ်အာပတ်သင့်ခဲ့လျှင် လူတို့မှာလည်း ထိုကာလိက ၃-ပါးကို ထိုနည်းအတူ မျိုခဲ့လျှင် ဝိကာလဘောဇန သိက္ခာပုဒ် ပျက်ရမည်-ဆိုသော အယူကိုဖြေဆိုချက်တည်း။]

### အနာထပိဏ်သူဌေးကြီး၏ လုပ်သားဥပုသ်သည် ဝတ္ထုကိုဖြေဆိုချက်ကား

အနာထပိဏ်သူဌေးဝတ္ထု၌ စတုမဓုမည်သည် နောက်ကာလိက ၃-ပါးတွင် သတ္တာဟကာလိက ဝတ္ထုပေတည်း။

၁။ ထိုဝတ္ထုကို သူဌေးမင်းကြီးတို့ သုံးဆောင်ကြပါ၏လော-ဟု မေးလေရာ ငါတို့မှာအနာရောဂါမရှိ၍ မသုံးဆောင်ကြသည် ဟု ဆိုသောသူဌေးကြီးစကားတချက်။

၂။ တရက်လုံးလုံး ဥပုသ်ရသော သူဌေးကြီးတို့မှ မသုံးဆောင်ကြလျှင် နေ့ထက်ဝက်မျှ ဥပုသ်ရသောအကျွန်ုပ်လည်း မသုံးဆောင်ပါပြီ-ဟု လုလင်ကဆိုသော စကားတချက်။

www.dhammaransi.com



ထို ၂-ချက်တွင် သူဌေးကြီးစကားကို ထောက်၍ နောက်ကာလိက ၃-ပါးကို အကြောင်းမရှိဘဲ နေလွဲသောအခါ သုံးဆောင်လျှင် ဝိကာလဘောဇနသိက္ခာပုဒ် ပျက်သည်-ဟုယူခဲ့ချေသော်- လုလင်စကားကို ထောက်ထား၍ ထိုလုလင်သည် ဂေလညအကြောင်း ထင်ရှားရှိလျက် စတုမဓုကို မသုံးဆောင်ဘဲ အသက်ကို အသေခံလေရကား-အကြောင်းရှိသော်လည်း မသုံးဆောင်ရ၊သုံးဆောင်ခဲ့လျှင် သိက္ခာပုဒ်ပျက်သည်-ဟု ယူပါတော့လော-ဆိုရန်။

ဂေလည အကြောင်းရှိလျက်နှင့် မသုံးဆောင်ဘဲ အသေခံသော ထိုလုလင်အမှုမှာ သိက္ခာပုဒ်ပျက်မှုကြောင့် မသုံးဆောင်သည်မဟုတ်၊ သိက္ခာပုဒ် လျော့ပါးမှုကြောင့် မသုံးဆောင်လေသည်၊ သိက္ခာပုဒ်ကို အသက်မျှမက ရှိသေလှသော သဒ္ဓါတရားအတွက် သက်သက်သာ ဖြစ်ပေသည်-ဟုဖြေလိမ့်မည်။

ထိုအခါ ဟုတ်လှပြီ၊သိက္ခာပုဒ်ပင် မပျက်သော်လည်း လျော့ပါးရန် အချက်ထင်၍ ထိုလုလင်သည် မသုံးဆောင်သကဲ့သို့ သူဌေးကြီးများလည်း လျော့ပါးရန်အတွက်ကြောင့်ပင် မသုံးဆောင်ကြပေသည်၊ ပျက်ရန်အတွက် မသုံးဆောင်ကြသည်မဟုတ်ဟု-ဆိုခဲ့သည်ရှိသော်- အပျက်အင်္ဂါတွင် ယာဝကာလိက ဝတ္ထုကိုသာ ပြဆိုကြသော အဋ္ဌကထာ, ဋီကာများနှင့်လည်း တပြေးတည်း ညီညွတ်ကြသည်မဟုတ်လော၊ ပျက်ရန်အတွက်ကြောင့် မသုံးဆောင်ကြသည်-ဟုယူခဲ့သော် ယာဝကာလိက ဝတ္ထုကိုသာ အင်္ဂါအချုပ်လုပ်၍ ထားကြသောအဋ္ဌကထာ,ဋီကာ, တို့နှင့် ဆန့်ကျင်ရာသည် မဟုတ်လော။

ထို့ကြောင့် ဝတ္ထုသက်သေဆိုသည်မှာ သဒ္ဓါတရားသို့လိုက်၍ ဖြစ်ကြသည်၊ သိက္ခာပုဒ်၏အချုပ်အင်္ဂါသည်သာ ပမာဏဖြစ်ပေသည်။

[ဤကား-အနာထပိဏ်သူဌေးကြီး၏ လုပ်သား ဥပုသ်သည် ဝတ္ထုကို ဖြေဆိုချက်တည်း။]

ယာဝကာလိက ဝတ္ထုမှာ နေလွဲသောအခါ ဂေလည အကြောင်းရှိသည်ဖြစ်စေ, မရှိသည်ဖြစ်စေ မျိုမိလျှင် အာပတ်ကေန်သင့်တော့သည် ဖြစ်၍ အပျက်အင်္ဂါတွင် ပါပေသည်၊ နောက်ကာလိက ၃- မျိုးမှာမူ

www.dhammaransi.com



ကား-ဂေလညပိပါသအကြောင်းမရှိဘဲ မျိုမှအာပတ်သင့်သည်၊ အကြောင်းရှိ၍မျိုလျှင် အာပတ်မသင့်၊ ဤသို့အာပတ်သင့်မှုကေနမဟုတ်၊ အနေကန်ဖြစ်သောကြောင့် အပျက်အင်္ဂါတွင် မပါပေသည်- ဟူသောစကားမှာလည်း သိက္ခာပုဒ်တို့၏အချုပ်အင်္ဂါမည်သည် ပျက်ရန်ရှိသမျှကို ချန်ရသည်မဟုတ်၊ယာဝကာလိက ဝတ္ထုနှင့် တပေါင်းတည်း မချုပ်သာလျှင် ဝတ္ထုအားလျော်စွာ ခွဲ၍သော်လည်းချုပ်ရသည်။

၁။ ယာဝကာလိက ဝတ္ထုလည်းမှန်စေ။
၂။ နေလည်းလွဲစေ။
၃။ အကြောင်းလည်းကင်းစေ။
၄။ မျိုစေ၊၄-ပါးတရပ်။
၁။ ကြွင်းသောကာလိက၃-ပါးတွင် တပါးပါးလည်း ဖြစ်စေ။
၂။ နေလည်းလွဲစေ။
၃။ အကြောင်းလည်းကင်းစေ။
၄။ မျိုစေ၊ ၄-ပါးတရပ်။

ဤသို့ ခွဲ၍သော်လည်း ချုပ်ရသည်၊ ပျက်ရန်ရှိသမျှကို ချန်ရသည်မဟုတ်၊ ထိုသို့လည်း အချုပ်မရှိခဲ့၊ ထို့ကြောင့် အာပတ်သင့်မှု, သိက္ခာပုဒ်ပျက်မှု အနေကန်ဖြစ်သောကြောင့် မပါသည်မဟုတ်၊ သိက္ခာပုဒ်ပျက်မှုပင် မဟုတ်သောကြောင့် မပါလေသတည်း။

ဤတွင်ရှေ့ကား-ဥပုသ်သည်တို့၏ အကြောင်းမရှိဘဲ နေလွဲ ကွမ်းစား, ဆေး ဝါး,ဆေးသောက်မှုများသည် ဝိကာလဘောဇနသိက္ခာပုဒ်ပျက်မပျက်ကို ပြဆိုခြင်းပြီး၏။

---

## ၂-သိက္ခာပုဒ်အညှိုးအင်္ဂါတွင် ပါ-မပါကိုပြဆိုခြင်း

၂။ အညှိုးအင်္ဂါတွင် ပါမည်,မပါမည်မေးရာ၌—

ယခုကာလ ရှိရှိသမျှသော ပုထုဇဉ်လူရှင်ရဟန်းတို့၏ သီလစုသည် အညှိုးအင်္ဂါမှ လွတ်ခဲလေစွ၊ အညှိုးအင်္ဂါစုကို ဝိသုဒ္ဓိမဂ်မှာလာသည့် အတိုင်းဆိုလိုက်အံ့။

www.dhammaransi.com



မေထုန်၇-ပါးမှ မလွတ်ကင်းသောသီလသည်ညှိုးသောသီလမည်၏၊ မေထုန်၇-ပါးဆိုသည်ကား—

၁။ မာတုဂါမ၏ အနင်းအနှိပ် အဆုပ်အနယ်ကို သာယာခြင်းတပါး,

၂။ မာတုဂါမနှင့်တကွ ရယ်ဘွယ်ရှင်ဘွယ် ကျီဘွယ်ကျီစားပြောဆိုသာယာခြင်းတပါး,

၃။ မာတုဂါမနှင့်အချင်းချင်းစိန်းစိန်းစိုက်စိုက်ကြည့်ရှုသာယာခြင်းတပါး,

၄။ မာတုဂါမ၏ အသံကို အနီးအဝေးကကြားရ၍ သာယာခြင်းတပါး,

၅။ ရှေးရှေးသောအခါကမာတုဂါမနှင့်ပျော်ပါးဘူးသည်ကိုအမှတ်ရ၍ တအောက်မေ့မေ့ သာယာခြင်းတပါး,

၆။ တပါးသောသူတို့ မာတုဂါမနှင့် ပျော်ပါး၍နေသည်ကို မြင်၍ကြား၍ သာယာခြင်းတပါး,

၇။ ယခုစောင့်ထိန်းသောဥပုသ်သီလ၏အကျိုးကိုနောင်နတ်သမီး, နတ်သားဖြစ်၍ ခံစားစံစားလိုသော စိတ်ညွတ်ခြင်းတပါး,

ဤ၇-ပါးသည် မေထုန်ငယ်၇-ပါးမည်၏။

ထို၇-ပါးတွင် တပါးပါးနှင့်စွန်းငြိသောသီလသည် သီလညှိုး,သီလကျိုး, သီလပျက်မည်၏။

ဗြာဟ္မဏ၊ပုဏ္ဏား။ဣဒမ္ပိ၊ဤ၇- ပါးတွင်တပါးပါးနှင့်ယှဉ်သောအမှုသည်။ ဗြဟ္မစရိယဿ၊ ဥပုသ်သီလဟုဆိုအပ်သော မြတ်သောအကျင့်၏။ခဏ္ဍမ္ပိ၊ ကျိုးသည်လည်းမည်၏။ ဆိဒ္ဒမ္ပိ၊ ပေါက်သည်လည်းမည်၏။ သဗလမ္ပိ၊ ကြောင်သည်ကျားသည်လည်းမည်၏။ ကမ္မာသမ္ပိ၊ ပြောက်သည်ကျားသည်လည်းမည်၏။

[သတ္တကနိပါတ်အင်္ဂုတ္တိုရ်ပါဠိတော်။]

ဤသို့လာသော ပါဠိတော်မြတ်ကို နှလုံးထား၍ တနေ့တရက်မျှစောင့်ထိန်းရသောသီလကို ထို၇-ပါးသောညှိုးနွမ်းခြင်းမှ ကင်းလွတ်စင်ကြယ်စေခြင်းငှါ ဥပုသ်နေ့၌ တထပ်စာထမင်းကို စောစောစား၍ ဥပုသ်

www.dhammaransi.com



ခံယူပြီးနောက် တနေ့ပတ်လုံး မာတုဂါမတို့နှင့် မတွေ့မမြင်ရ, အသံ စကားကိုမျှမကြားရသောနေရာ၌နေခြင်းငှါ သင့်မြတ်လှလေသတည်း။

ထိုမှတပါးလည်း—

အပရာယ စ ကောဓော ဥပနာဟော။လ။မဒေါ ပမာဒေါ
တိအာဒီနံ ပါပဓမ္မာနံ အနုပ္ပတ္တိယာ။

ဟူသော ဝိသုဒ္ဓိမဂ်နှင့်အညီ-ကောဓ, ဥပနာဟ-အစရှိသော ပါပ ဓမ္မတို့နှင့်လွတ်ကင်းမှ အကျိုးအပေါက် အပြောက်အကျား လွတ်ကင်း သည်ဟု-ဆိုပြန်သောကြောင့်—

၁။ ကောဓ၊ အမျက်ထွက်၍ ဥပုသ်ကျိုးခြင်းတပါး,

၂။ ဥပနာဟ၊ ရန်ငြိုးဖွဲ့၍ ဥပုသ်ကျိုးခြင်းတပါး,

၃။ မက္ခ၊ သူ့ကျေးဇူးကိုချေ၍ ဥပုသ်ကျိုးခြင်းတပါး,

၄။ ပဠာသ၊ သူတပါးကို အညံ့အဖျင်းဖြစ်အောင်ပြု၍ ဥပုသ်ကျိုး ခြင်းတပါး,

၅။ ဣဿာ၊ သူတပါးကို ငြူစူ၍ ဥပုသ်ကျိုးခြင်းတပါး,

၆။ မစ္ဆရိယ၊ ဝန်တို၍ ဥပုသ်ကျိုးခြင်းတပါး,

၇။ မာယာ၊ မိမိ၌ရှိသောအပြစ်ကို ဖုံးလွှမ်းမှုကြောင့် ဥပုသ်ကျိုး ခြင်းတပါး,

၈။ သာဌေယျ၊ မိမိ၌မရှိသောဂုဏ်ကို အရှိပြု၍ ပြခြင်းကြောင့် ဥပုသ်ကျိုးခြင်းတပါး,

၉။ ထမ္ဘ၊ ကိုင်းညွတ်ထိုက်သောသူကို မကိုင်းညွတ်ပြုခြင်းကြောင့် ဥပုသ်ကျိုးခြင်းတပါး,

၁၀။ မာန၊ နှလုံးနေမြင့်ခြင်းကြောင့် ဥပုသ်ကျိုးခြင်းတပါး,

၁၁။ အတိမာန၊ နှလုံးနေ အလွန်မြင့်ခြင်းကြောင့် ဥပုသ်ကျိုးခြင်း တပါး,

၁၂။ မဒ၊ မာန်ယစ်ခြင်းကြောင့် ဥပုသ်ကျိုးခြင်းတပါး,

၁၃။ ပမာဒ၊ မေ့လျော့ကြောင်းဖြစ်သော အဖျင်းအချော် အသော့ အသွမ်းတို့ကို ပြုခြင်းကြောင့် ဥပုသ်ကျိုးခြင်းတပါး,

www.dhammaransi.com



၁၄။ အတ္တုက္ကံသန၊ မိမိဘက်ကိုအမြတ်အသာပြုခြင်းကြောင့် ဥပုသ်ကျိုးခြင်းတပါး,

၁၅။ ပရဝမ္ဘန၊ သူတပါးဘက်ကိုအယုတ်အညံ့ပြုခြင်းကြောင့် ဥပုသ်ကျိုးခြင်းတပါး,

၁၆။ နိန္ဒာ၊ သူတပါးကိုမျက်မှောက်၌ ကဲ့ရဲ့ခြင်းကြောင့် ဥပုသ်ကျိုးခြင်းတပါး,

၁၇။ ဂရဟာ၊ သူတပါးကို မျက်ကွယ်၌ ကဲ့ရဲ့ခြင်းကြောင့် ဥပုသ်ကျိုးခြင်းတပါး,

ဤသို့ အစရှိသည်ဖြင့် ဥပုသ်ကျိုးရန်, ညှိုးနွမ်းရန် ပါပဓမ္မတို့သည် အလွန်များပြားကုန်သည်၊ ထို့ကြောင့် ယခုကာလ မြင်မြင်သမျှသော လူလူရှင်ရှင် ပုထုဇဉ်တို့၏ သီလသည်အညှိုးအင်္ဂါမှ လွတ်ခဲလှစွဟု-ဆိုပေသည်။

ဥပုသ်ကျိုးခြင်းသည်၂-ပါးရှိ၏။

၁။ ခံယူဆောက်တည်မှုပျက်အောင် ကျိုးခြင်းတပါး,

၂။ အကျိုးအာနိသင်သိမ်ဖျင်းရုံမျှ ကျိုးခြင်းတပါး,

ထို၂-ပါးတို့တွင်—

၁။ ထိုထိုသိက္ခာပုဒ်တို့၌ ပြအပ်သော အပျက်အင်္ဂါ ပြည့်စုံအောင် လွန်ကျူးမှုသည် ခံယူဆောက်တည်မှုပျက်အောင် ကျိုးခြင်းမည်၏။

၂။ ပြဆိုခဲ့ပြီးသော မေထုန်၇- ပါးတွင် တပါးပါးနှင့် ငြိစွန်းမှု, ပြဆိုခဲ့ပြီးသော ပါပဓမ္မတို့တွင် တပါးပါးနှင့် ငြိစွန်းမှုသည် အကျိုးအာနိသင်သိမ်ဖျင်းရုံမျှသော ကျိုးခြင်းမည်၏။

ဂေလည အကြောင်းမရှိဘဲ နေလွဲကွမ်းစား, ဆေးဝါး,ဆေးသောက်မှုသည် ထိုအမှုကိုသာယာသော ကိလေသာမှုပင်ဖြစ်ချေသည်၊ ထို့ကြောင့် အညှိုးမှုစုတွင် ပါဝင်ရာသော အခွင့်ရှိသည်ဖြစ်၍ အနာရောဂါဟူသော ဂေလညအကြောင်းမရှိဘဲ နေလွဲကွမ်းစား ဆေးသောက်မှုကိုပြုခဲ့သည်ရှိသော် ဝိကာလဘောဇန သီလဥပုသ်ညှိုးသည် အကျိုးအာနိသင် ညံ့သည်-ဟူ၍ဆိုရပေမည်။

www.dhammaransi.com



ထိုမှတပါးလည်း—

အပ္ပိစ္ဆတာ သန္တုဋ္ဌိတာ သလ္လေခတာဒီနံ စ ဂုဏာနံ ဥပ္ပတ္တိယာ သင်္ဟိတော။

ဟူသော ဝိသုဒ္ဓိမဂ်နှင့်အညီ-အလိုနည်းခြင်း, ရောင့်ရဲခြင်း, ခေါင်းပါးခြင်း-စသောဂုဏ်တို့နှင့် ယှဉ်သော သီလမှ အကျိုးအပေါက်လွတ်သည်၊ ထိုဂုဏ်တို့နှင့် မယှဉ်မူ၍ မပိစ္ဆတာ, အသန္တုဋ္ဌိတာ,အသလ္လေခတာ-အစရှိသော အပြစ်တို့နှင့် ယှဉ်ခဲ့ပြန်မူ အကျိုးအပေါက် မလွတ်သည်သာဖြစ်၏။

၁။ မပိစ္ဆတာ၊ မိမိအကျင့်ကို သူတပါးတို့ သိကြားစေလိုထင်ရှားစေလိုသောကြောင့် ဥပုသ်ကျိုးခြင်း,

၂။ အသန္တုဋ္ဌိတာ၊ ယုတ်ညံ့သောအဝတ်, ယုတ်ညံ့သောအစား, ယုတ်ညံ့သော မြက်အခင်း,သစ်ရွက်အခင်းစသည်တို့၌ ရောင့်ရဲခြင်းကိုမပြုမူ၍ အဝတ်ကောင်း,အစားကောင်း ညောင်စောင်းမွေ့ရာ ကမ္ဗလာ ကော်ဇောစသော အိပ်ရာနေရာကောင်းတို့ကို သာယာ၍ ဥပုသ်ကျိုးခြင်း,

၃။ အသလ္လေခတာ၊ သိက္ခာပုဒ် အပျက်အင်္ဂါလွတ်ရုံမျှ အားရ၍ ထို့ထက်အလွန်မြိုးခြံမှုမရှိ၍ ဥပုသ်ကျိုးခြင်း,

၄။ သင်္ဂဏိကာရာမတာ၊ အပေါင်းအဘော် မွေ့လျော်သည့်အတွက် ဥပုသ်ကျိုးခြင်း,

၅။ ဘဿာရာမတာ၊ သူတော်ကောင်းတရားမှ အလွတ်ဖြစ်သော စကား၌မွေ့လျော်သည့် အတွက် ဥပုသ်ကျိုးခြင်း,

ဤသို့အစရှိသည်ဖြင့် သီလညှိုးမှု, ဥပုသ်ညှိုးမှုသည် အလွန်ပင်ပေါများလှလေသတည်း။

ဤစကားရပ်တို့ဖြင့်—

၁။ ဥပုသ် ခံယူပြီးသော နောက်၌ သစ်ခေါက်ဆိုး, သစ်ရွက်ဆိုး, ဖန်ရည်စွန်းသော အဝတ်မျိုးမှတပါး ပိတ်ဖြူ, ပိုး, ဖဲစသော အဝတ်ကောင်း,အထည်ကောင်းမျိုး,

၂။ သားငြွမ်းထမင်း,သားငြွမ်းဟင်း-စသော အစားကောင်းမျိုး,

www.dhammaransi.com



၃။ သင်ဖြူး,ကော်ဇောစသော အိပ်ရာနေရာကောင်းမျိုး,
၄။ နေမလွဲမီပင် ဆေးကောင်း,ကွမ်းကောင်း လဘက်ကောင်းမျိုး,
၅။ နေလွဲသောအခါ ဆေးကွမ်းမျိုး အလုံးစုံတို့၌ သန္နိဓိ,သလွေခ ကင်းကွာ၍ သာယာစွာ သုံးဆောင်သမျှသည် ဥပုသ်ကျိုးမှု ချည်း ဖြစ်သတည်း။

[အဋ္ဌကထာ၌ ခဏ္ဍသဒ္ဒါနှင့်လာသောကြောင့် အကျိုးဟူ၍ဆိုပေသည်၊အကျိုးဆိုသော်လည်း အပျက်ကျိုးမဟုတ်၊အညှိုးကျိုးစုသာတည်း။]

ပြဆိုခဲ့ပြီးသော အညှိုးစုသည် လူတို့၏ ဥပုသ်သီလ၌သာ မဟုတ်၊ ရဟန်းတို့၏ သီလမှာလည်း နည်းတူပင်တည်း၊ ရဟန်းတို့၏ သီလ၌ ဝိနည်းနှင့် တိုင်းတာ၍ အာပတ်လွတ်ရုံမျှစောင့်ထိန်းလျှင် အပျက်လွတ်၏၊ အညှိုးအကျိုးမလွတ်၊ ဆိုခဲ့ပြီးသော ပါပဓမ္မတို့မှ လွတ်ကင်းစင်ကြယ်သော သီလသည်သာ လူသီလဖြစ်စေ, ရဟန်းသီလဖြစ်စေ၊ အနွမ်း အညှိုး အကျိုးအပေါက် အပြောက်အကျား ကင်းရှင်းလေသတည်း။

ခပ်သိမ်းသောပုထုဇဉ်သတ္တဝါတို့သည် နှလုံးစဉ်အခါ၌ ဤကဲ့သို့သော အကျိုးအပေါက် အပြောက်အကျားကိုပင် အဖြူအစင် အကောင်းအမြတ်ပြုလုပ်၍ ဘဝထက်ဘဝ ရင့်သန်ကြအောင် ကျင့်ဆောင်အားထုတ်ကြရကုန်သည်၊ ရင့်မာသော ဘဝသို့ ရောက်ကြမှ အထွတ်အထိပ်ဖြစ်သော သီလသို့ ရောက်နိုင်ကြကုန်သည်။

ဤတွင်ရွေကား- ဥပုသ်သည်တို့၏အကြောင်း မရှိဘဲ နေလွဲကွမ်းစား, ဆေးဝါး,ဆေးသောက်မှုများသည် သိက္ခာပုဒ်အညှိုးအင်္ဂါတွင် ပါ,မပါကို ပြဆိုခြင်းပြီး၏။

---

## နိဂုံး

အယံ၊ ဤဥပုသ်သည်တို့၏ နေလွဲကွမ်းစား,ဆေးဝါး,ဆေးသောက် အဆုံးအဖြတ်သည်။ ဒွိသတေကသဟဿာဓိကေ သဋ္ဌိမေ ဝဿေ၊ ၁၂၆၀-ပြည့်နှစ်၌။ ဘဒ္ဒပဒေါတော်သလင်းလ၌။ နိဋ္ဌိတော၊ အပြီးသို့ ရောက်၏။

ဝိကာလဘောဇနသိက္ခာပုဒ်အဆုံးအဖြတ်ပြီး၏။

www.dhammaransi.com

# သိက္ခာဂဟဏဝိနိစ္ဆယ

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

### သီလခံယူပုံ ၄-နည်း

ယခုအခါ သိက္ခာဂဟဏ သီလခံကြသောအရာ၌—

၁။ အချို့သောအရှင်တို့က ပါဏာတိပါတာဝေရမဏိ၊ အဒိန္နာ-ဒါနာဝေရမဏိ-စသည်ဖြင့်ဆို၍ အဆုံးမှ သိက္ခာပဒံ သမာဒိ-ယာမိ-ကို ထည့်သွင်းရွတ်ဆို၍ ခံယူစေကြကုန်သည်။

၂။ အချို့သောအရှင်တို့က ပါဏာတိပါတာ ဝေရမဏိံ၊အဒိန္နာ-ဒါနာ ဝေရမဏိံ-စသည်ဖြင့်ဆို၍ အဆုံးမှ သိက္ခာပဒံ သမာ-ဒိယာမိ-ကိုထည့်သွင်းရွတ်ဆို၍ ခံယူစေကြကုန်သည်။

၃။ အချို့သောအရှင်တို့က ပါဏာတိပါတာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ၊ အဒိန္နာဒါနာ ဝေရမဏိ သိက္ခာပဒံ သမာဒိ-ယာမိ-စသည်ဖြင့်ဆို၍ အပြည့်အစုံ ခံယူစေကြကုန်သည်။

၄။ အချို့သောအရှင်တို့က ပါဏာတိပါတာ ဝေရမဏိံ သိက္ခာ-ပဒံ သမာဒိယာမိ၊အဒိန္နာဒါနာ ဝေရမဏိံ သိက္ခာပဒံ သမာ-ဒိယာမိ-စသည်ဖြင့် ဆို၍ခံယူစေကြကုန်သည်။

www.dhammaransi.com



### ၁–ပဌမနည်းကိုစိစစ်ပြခြင်း

ယင်းသို့ ၄-ထွေ ၄-ပါး ကွဲပြားရှိနေကြသည်တွင် ဝေရမဏီ-ဟု ရကာရန္တနှင့်ပေးသော အရှင်တို့ကား–

ပဉ္စသိက္ခာပဒါနိ

၁။ ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ။

၂။ အဒိန္နာဒါနာ ဝေရမဏိသိက္ခာပဒံ။

၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏိသိက္ခာပဒံ။

၄။ မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ။

၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ။

[အဘိဓမ္မသိက္ခာပဒဝိဘင်းပါဠိတော်။]

ယော စ ခေါ မြာဟ္မဏာ ပသန္နစိတ္တော ပဉ္စ သိက္ခာပဒါနိ သမာဒိယတိ။

၁။ ပါဏာတိပါတာ ဝေရမဏိံ။

၂။ အဒိန္နာဒါနာ ဝေရမဏိံ။

၃။ ကာမေသု မိစ္ဆာစာရာ ဝေရမဏိံ။

၄။ မုသာဝါဒါ ဝေရမဏိံ။

၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိံ။

[သုတ်သီလက္ခန်ပါဠိတော်။]

အနုဇာနာမိ ဘိက္ခဝေ သာမဏေရာနံ ဒသသိက္ခာပဒါနိ၊ တေသု စ သာမဏေရေဟိ သိက္ခိတုံ။

၁။ ပါဏာတိပါတာ ဝေရမဏီ။

၂။ အဒိန္နာဒါနာ ဝေရမဏီ။

၃။ အမြဟ္မစရိယာ ဝေရမဏီ။

၄။ မုသာဝါဒါ ဝေရမဏီ။

၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ။

၆။ ဝိကာလဘောဇနာ ဝေရမဏီ။

၇။ နစ္စ ဂီတ ဝါဒိတ ဝိသူကဒဿနာ ဝေရမဏီ။

၈။ မာလာဂန္ဓဝိလေပနဓာရဏမဏ္ဍန ဝိဘူသနဋ္ဌာနာဝေရမဏီ။

www.dhammaransi.com



၉။ ဥစ္စာသယန မဟာသယနာ ဝေရမဏီ။
၁၀။ ဇာတရူပ ရဇတပဋိဂ္ဂဟဏာ ဝေရမဏီ။
[ဝိနည်းပါဠိတော်။]

ယော စ ပသန္နစိတ္တော သိက္ခာပဒါနိ သမာဒိယေယျ။
၁။ ပါဏာတိပါတာ ဝေရမဏီ။
၂။ အဒိန္နာဒါနာ ဝေရမဏီ။
၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏီ။
၄။ မုသာဝါဒါ ဝေရမဏီ။
၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ။
[သုတ္တသင်္ဂဟ။]

ဤသို့ ထုတ်ပြခဲ့ပြီးသော အဘိဓမ္မပါဠိတော်, သုတ်ပါဠိတော်, ဝိနည်းပါဠိတော်, သုတ္တသင်္ဂဟကျမ်းတို့၌ အတွေးမလျော် အမြော်မသင့် အချင့်မရောက် အထောက်မမည် ဆိုသကဲ့သို့ရှိချေသည်။

အဘယ့်ကြောင့်နည်းဟူမူ-ထိုပါဠိပဒများသည် သိက္ခာပုဒ်ဆောက်တည်ပုံ အခြင်းအရာ သမာဒါနာကာရကိုပြသော ပါဠိပဒမဟုတ်၊ ပဉ္စသိက္ခာဒါနိ-ဟူသောပုဒ်၏အရ သိက္ခာပဒသရုပ်ထုတ်ပြကာမျှသာ ဖြစ်သောကြောင့်တည်း။

ထို့ကြောင့် ထိုပါဠိပဒတို့၌ ဤသို့သော အနက်ကို ဆိုအပ်၏။

ပဉ္စ၊ ၅-ပါးကုန်သော။ သိက္ခာပဒါနိ၊သိက္ခာပုဒ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ကတမာနိပဉ္စ၊ အဘယ် ၅-ပါးတို့နည်းဟူမူ။

၁။ ပါဏာတိပါတာ၊ သူ့အသက်ကို သတ်ခြင်းမှ။ ဝေရမဏီ၊ ကြဉ်ရှောင်ကြောင်းဖြစ်သော သိက္ခာပုဒ်လည်းတပါး။

၂။ အဒိန္နာဒါနာ၊ သူ့ဥစ္စာကိုခိုးခြင်းမှ။ ဝေရမဏီ၊ ကြဉ်ရှောင်ကြောင်းဖြစ်သော သိက္ခာပုဒ်လည်းတပါး။

၃။ ကာမေသုမိစ္ဆာစာရာ၊သူ့သားအိမ်ရာကို ပြစ်မှားခြင်းမှ။ဝေ-ရမဏီ၊ကြဉ်ရှောင်ကြောင်းဖြစ်သော သိက္ခာပုဒ်လည်းတပါး။

www.dhammaransi.com



၄။ မုသာဝါဒါ၊ မဟုတ်မမှန်သောစကားကို ပြောဆိုခြင်းမှ။ ဝေရမဏီ၊ ကြဉ်ရှောင်ကြောင်းဖြစ်သော သိက္ခာပုဒ်လည်း တပါး။

၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ၊ မူးယစ် မေ့လျော့ခြင်း၏ အကြောင်းဖြစ်သောသေရည် သေရက်ကို သောက်စားခြင်းမှ။ ဝေရမဏီ၊ ကြဉ်ရှောင်ကြောင်းဖြစ်သော သိက္ခာပုဒ်လည်း တပါး။

ဣမာနိပဉ္စ၊ ဤ ၅-ပါးတို့တည်း။

[နောက်ပါဠိများ၌လည်း ဤနည်းကိုမှီ၍ အနက်ဆိုပါ။]

### မေးမြန်းဘွယ်

**မေး။** ။ထိုပါဠိများ၌ ဆိုခဲ့ပြီးသော အနက်ကိုသာ ယူသင့်ငြားသော်လည်း သဒ္ဒါဟူက ဆိုလိုရာ ဖြစ်စကောင်းသောကြောင့် ပါဏာတိပါတာ ဝေရမဏီ-စသည်ဖြင့်ပေးသော သိက္ခာပုဒ်များ၌ ဝေရမဏီဟူသောပုဒ်ကို ဝိရမာမီတိ ဝေရမဏီ။ အဟံ၊ ငါသည်။ ပါဏာတိပါတာ၊ သူ့အသက်ကိုသတ်ခြင်းမှ။ ဝေရမဏီ၊ ကြဉ်ရှောင်ပါ၏။ ဤသို့ အနက်ကိုဆို၍ ဆောက်တည်သောအရာကိုပင် ဝေရမဏီ-အရယူလျှင် မသင့်ပြီလောဟူမူ—

**ဖြေ။** ။သိဒ္ဓိလက္ခု ၁နုသာရေန၊ ဝိဝစ္စာ ၁ပျန္နုဂမျတေ။

ဟူ၍ ဆရာတို့ မိန့်ချက်နှင့်အညီ သဒ္ဒါဟူက ဆိုလိုရာဖြစ်စကောင်း၏ဟူသော်လည်း အလေးဂရု ပြုစလောက်သောကျမ်းဂန်အထောက်အထားနှင့်ကင်း၍ ဆိုခြင်းငှာမသင့်သောကြောင့်၎င်း, ဆောက်တည်သောသူကို ဝေရမဏီ-အရ ယူဘူးသော ကျမ်းဂန်အထောက်အထား မရှိသောကြောင့်၎င်း မသင့်ဟူ၍ ပယ်အပ်၏။

ထိုစကားမှန်၏၊ ကျမ်းဂန်တို့၌—

တတ္ထ ဝိရတိ နိပ္ပရိယာယသိက္ခာပဒံ၊သာ ဟိ ပါဏာတိပါတာ ဝေရမဏီတိ ပါဠိယံ အာဂတာ။

[သမ္မောဟ ဝိနောဒနီ အဋ္ဌကထာ။]

www.dhammaransi.com



ပါဏာတိပါတာ ဝေရမဏီတိ အာဒိသိက္ခာပဒါနိ ဘာဝဝ-
တာ ဧဝံ ဝုတ္တာနိ။

[ခုဒ္ဒကပါဌအဋ္ဌကထာ။]

ဤသို့ဝေရမဏီအရကို ဝိရတိဓမ္မဟုဆိုအပ်သော သိက္ခာပုဒ်ကိုသာ အဋ္ဌကထာဆရာတို့ ယူကြကုန်သည်၊ ဆောက်တည်သူကို မယူကြကုန်၊ ဝေရံမဏာတိ ဇဟာတီတိ ဝေရမဏီ-ဟု ကတ္တုသာဓနကြံကြသော သာရတ္ထဒီပနီ စသည်များ၌လည်း ဝိရတိဓမ္မကိုသာ ယူပါ။

## မေးမြန်းဘွယ်

**မေး။** ။ဝေရမဏီအရကို ဝိရတိဓမ္မကိုပင်ယူ၍-ပါဏာတိ ပါတာ၊ သူ့အသက်ကိုသတ်ခြင်းမှ။ ဝေရမဏီ၊ကြဉ်ရှောင်ကြောင်း ဖြစ်သော သိက္ခာပုဒ်လည်းကောင်း ။ပ။ သုရာမေရယမဇ္ဇ ပမာဒဋ္ဌာနာ၊မူးယစ်မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေရည်သေရက်ကို သောက်စားခြင်းမှ။ဝေရမဏီ၊ ကြဉ်ရှောင်ကြောင်းဖြစ်သော သိက္ခာပုဒ်လည်းကောင်း။ ဣတိ၊ ဤသို့။ သိက္ခာပဒံ၊သိက္ခာပုဒ် ၅-ပါးအပေါင်းကို၊သမာဒိယာမိ။ ကောင်းစွာခံယူ ဆောက်တည်ပါ၏။ ဤသို့သော အနက်ကို ဆိုသော် မသင့်ပြီလော၊ ဤသို့သော အနက်ကို ရည်၍အဆုံး၌သိက္ခာပဒံ သမာဒိယာမိ-ကို ထည့်ပြန်သည် မဟုတ်လောဟူမူ—

**ဖြေ။** ။ဤသို့သော အနက်ကိုရည်၍ ဆိုသည်မှန်လျှင် သန္နိဋ္ဌာပက ဖြစ်သော သမာဒါန စေတနာတခုသာ ဖြစ်သင့်ရကား- သိက္ခာပုဒ် ၅-ပါးအပေါင်းကို တပေါင်းတည်း ဆောက်တည်ခံယူသည်မည်ရသောကြောင့် မသင့်လွန်း-ဟူ၍ ပယ်အပ်၏။

[တပေါင်းတည်း ဆောက်တည်ခြင်း၏ မသင့်ကြောင်းကို နောက်မှဆိုမည်။]

**မေး။** ။ယေန ယဿ ဟိ သမ္ဗန္ဓော၊ ဒူရဋ္ဌမ္ပိ စ တဿ တံ။
အတ္ထတော ဟျသမာနာနံ၊ အာသန္နတ္တ မကာရဏံ။

www.dhammaransi.com



ဟူသောညသ်ဆရာ အရှင်မဟာဝဇိရဗုဒ္ဓိမိန့်ချက်နှင့်အညီ နောက်ဆုံး၌ ဆိုအပ်သော သိက္ခာပဒံ သမာဒိယာမိ-ကို ရှေးရှေးပုဒ်တို့၌လည်း ယှဉ်စပ်တွဲဘက်၍ အနက်ယူရလျှင်မသင့်ပြီလော-ဟူမူ။

ဖြေ။ ။ရှေးရှေး သိက္ခာပုဒ်တို့သည် သိက္ခာပဒံ သမာဒိယာမိကို တိုက်ရိုက်ထုတ်ဆော်၍ နှုတ်ဖြင့်မရွတ်ဆိုက သမာဒါနစေတနာ မဖြစ်ရာသောကြောင့်၎င်း, သဒ္ဒယုတ္တိ မရှိသောကြောင့်၎င်း မသင့်သည်သာဟူ၍ ပယ်အပ်၏။

သဒ္ဒယုတ္တိမရှိကြောင်းကား—

နောက်ဆုံးထည့်သော သိက္ခာပဒံဟူသော ပုဒ်သည်ရှေးရှေးဝေရမဏီ-ပုဒ်တို့ကို ငဲ့ခြင်းရှိပါလျှင် နောက်ဆုံး၌ ဝေရမဏီပုဒ်နှင့် သမာသ်မဖြစ်သင့်၊ ဤပါဠိတော်၌လည်း ဆောက်တည်ပုံမလာ၊ အဋ္ဌကထာများနှင့်လည်းမလျော်လှ၊ သဒ္ဒယုတ္တိ, အတ္ထယုတ္တိတို့လည်း မသင့်မြတ်ဖြစ်လေရကား-ဤပါဏာတိပါတာ ဝေရမဏီ၊ အဒိန္နာဒါနာ ဝေရမဏီ ဟု ဋီကာရန္တသက်သက်နှင့်ပေးခြင်းကို အလျှင်းပင် ပယ်သင့်သည်။

ဆရာတို့ကား—

သဒ္ဒယုတ္တိပင် မသင့်သော်လည်း ပါဏာတိပါတာ ဝေရမဏီ-ဟု နှုတ်ကဆိုစဉ် သူ့အသက်ကိုသတ်ခြင်းမှ ကြဉ်ရှောင်ပါ၏-ဟု စိတ်ဖြစ်က သမာဒါနကိစ္စ မြောက်ကောင်းပါ၏၊သဒ္ဒယုတ္တိရှိခြင်းသည် ပမာဏ မဟုတ်၊ စေတနာသည်သာ ပမာဏဖြစ်သတည်း-ဟု ကြံကြကုန်၏၊ ဆင်ခြင်ကြပါ။

ဤကား-ပဌမနည်းကိုစိစစ်ပြခြင်းပြီး၏။

---

## ၂-ဒုတိယနည်းကိုစိစစ်ပြခြင်း

ပါဏာတိပါတာ ဝေရမဏိံ၊ အဒိန္နာဒါနာ ဝေရမဏိံ-ဟု နိဂ္ဂဟီတန္တနှင့် ပေးသောအရာမှာ—

အချို့သောဝိနည်းမဟာဝါ-စသည်၌ဒုတိယန္တနှင့်ရှိသည်ဖြစ်၍၎င်း, အဆုံး၌တည်သော သိက္ခာပဒံ သမာဒိယာမိ-ဟူသောပုဒ်ချင်း ဝိသေ-

www.dhammaransi.com



သနဝိသေသျှသာလျှင် သဒ္ဒယုတ္တိလည်း သင့်မြတ်လှပေသည်ဖြစ်၍ဂုင်း, သဒ္ဒါနေအားဖြင့် အပြစ်ဆိုဘွယ်မရှိပေ။

သို့သော်လည်း-သမာဒိယာမိ-ဟူသော ပဓာနကြိယာပုဒ်တခုသာ ပါသည်ဖြစ်၍ သမာဒါနစေတနာ တချက်သာ ဖြစ်သင့်ရကား-တပေါင်းတည်း ဆောက်တည်သည် မည်ပြန် သောကြောင့်ဂုင်း, တပေါင်းတည်း ဆောက်တည်ခဲ့သော်—

ကေသိံ ဘိန္နေ သဗ္ဗာနိ ဘိန္နာနေ၀ ဟောန္တိ။

ဟူသော သမ္မောဟဝိနောဒနီအဋ္ဌကထာစသည်များနှင့်အညီ တခုသော သိက္ခာပုဒ်ပျက်လျှင် အကုန်အစင် ပျက်ရလေသောကြောင့်ဂုင်း, ထိုသို့သောပေးခြင်းကိုလည်း အလွန်မနှစ်သက်အပ်။

ထိုစကားမှန်၏၊ လူတို့မည်သည် သိက္ခာသီလကို စောင့်ရှောက်ခွင့် အလွန်ရခဲကြကုန်သည်၊ အလွန်ရခဲ၍ စောင့်ရှောက်ပြန်ပါလျှင်လည်း ရယ်မြူးလို၍ ပြက်ရယ်သမ္မုဆိုကာမျှနှင့် ပျက်စီးတတ်သော မုသာဝါဒ သိက္ခာပုဒ်များကို မတိမ်းမပါးရအောင် အလွန်စောင့်ရှောက်နိုင်ခဲသည်၊ ပြက်ရယ်သမ္မုဆိုမိ၍ မုသာဝါဒသိက္ခာပုဒ်တခု တိမ်းပါးပျက်စီးခဲ့လျှင် ၅-ပါး, ၈-ပါး, ၁၀-ပါးသော သိက္ခာပုဒ်တို့သည် တပြိုင်နက် ပျက်စီး၍ ထိုခဏ၌ပင် သီလဥပုသ်သည်အဖြစ်မှ ရွေ့လျော့ကျ၍ ပါရာဇိကကျသော ရဟန်းသာမဏေနှင့် တစိတ်တဒေသ အလားတူဖြစ်လေရာသည်၊ ဤသို့သောအကြောင်းများကြောင့် ထိုသို့ပေးခြင်းကို အလွန်မနှစ်သက်အပ်။

ဤကား-ဒုတိယနည်းကိုစိစစ်ပြခြင်းပြီး၏။

---

## ၃-၄-တတိယ, စတုတ္ထနည်းတို့ကို စိစစ်ပြခြင်း

ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ-ဟူ၍ ပေးကြသောနည်း၊ပါဏာတိပါတာ ဝေရမဏိံ သိက္ခာပဒံ သမာဒိယာမိ-ဟူ၍ ပေးကြသောနည်းများမှာမူကား—

သမာသ်နှင့် ဝါကျသာ ထူးကြသည်ဖြစ်၍ အချင်းချင်းလည်း မဆန့်ကျင်ကြ၊ ပါဠိ,အဋ္ဌကထာ,ဋီကာကျမ်းဂန်များနှင့် သင့်မြတ်လျော်ကန်လှပေသည်။

www.dhammaransi.com



ထိုစကားသည်မှန်၏၊ သိက္ခာသီလဆောက်တည်ခံယူပုံအခြင်းအရာကို တိုက်ရိုက်ပြသော ခုဒ္ဒကပါဌပါဠိတော်၌—

ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

စသည်ဖြင့်လာသည်။

သဒ္ဓမ္မပဇ္ဇောတိကာ အမည်ရှိသော ၎င်းခုဒ္ဒကပါဌအဋ္ဌကထာ၌လည်း—

တာနေတာနိ သမာဒါယ သိက္ခတိ သိက္ခာ ပဒေသုတိ သုတ္တာနုသာရေန သရဏဂမနေသု စ ဒဿိတပါဌာနုသာရေန ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမီတိ ဧဝံ ဝစနာမဂ္ဂံ အာရောပိတာနီတိ ဝေဒိတဗ္ဗာနိ။

ဟူ၍လာသည်။

ဥပါသကာလင်္ကာရကျမ်း, မင်္ဂလတ္ထဒီပနီကျမ်း, သုတ္တသင်္ဂဟကျမ်းများ၌လည်း—

ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမီတိအာဒိနာ ပါဠိယေက္ကံဝါ သမာဒိယန္တေန သမာဒိန္နာနိ ဟောန္တိ။

ဟူ၍လာသည်။

မဏိသာရမဉ္ဇူသာကျမ်း၌လည်း—

ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမီတိ အာဒိနာ။

စသည်ဖြင့်လာသည်။

ဤသို့ ပါဠိတော်နှင့်တကွ အစောင်စောင်သော ကျမ်းဂန်တို့၌ သမာဒါနဝိရတိဖြစ်အောင် ခံယူဆောက်တည်ပုံ အခြင်းအရာများ၌ ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ-ဟု တသမာသ်တည်း ဘက်တွဲယှဉ်စပ်၍သာလာသောကြောင့်၎င်း,ပဉ္စသိက္ခာပဒါနိ ပါဏာတိပါတာ ဝေရမဏိ-စသော ပါဠိတော်များကို ထောက်မြော်သော် ထိုသမာသ်ပုဒ်၏ အနိစ္စသမာသ်သာဖြစ်လိုသောကြောင့်၎င်း, တလုံးတလုံးသော အက္ခရာကို ၇-ကြိမ် ၇-ကြိမ်သော ကုသိုလ်ဇောစိတ္တုပ္ပါဒ်တို့ဖြင့် ရွတ်ဆိုရလေရကား-အက္ခရာများလျှင် ကုသိုလ်ဇောဝါရလည်း အလွန်များစွာဖြစ်ရသောကြောင့်၎င်း,

www.dhammaransi.com



၁။ ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ-ဟု ပေးသောနည်း,

၂။ ပါဏာတိပါတာ ဝေရမဏိံ သိက္ခာပဒံ သမာဒိယာမိ- ဟု ပေးသောနည်း။

ဤသို့ပေးသော ၂-ပါးသောနည်းကိုသာအထူးသဖြင့်ချီးမွမ်းအပ်၏။ တတိယ, စတုတ္ထနည်းတို့ကို စိစစ်ပြခြင်းပြီး၏။

## အကျဉ်းမှတ်ဘွယ်

၁။ ပါဏာတိပါတာ ဝိရမာမိ ခိပ္ပံ၊လောကေအဒိန္နံ ပရိဝဇ္ဇယာမိ။ စသည်လာသော ဝိမာနဝတ္ထုပါဠိတော်,

၂။ အဋ္ဌတဂ္ဂေ ဇီဝိတဟေတုပိ ပါဏံနဟနာမိတိဝါ ပါဏာတိပါ-တာ ဝိရမာမိတိဝါ ဝေရမဏိံ သမာဒိယာမိတိဝါ ဧဝံ သိက္ခာ-ပဒါနိ- စသည်ဖြင့်လာသော သုမင်္ဂလဝိလာသိနီအမည်ရှိသော သီလက္ခန်အဋ္ဌကထာများကိုထောက်၍—

၁။ ပါဏံ နဟနာမိ။

၂။ အဒိန္နံ နအာဒိယာမိ-စသည်ဖြင့်လည်း ခံယူဆောက်တည်သင့်ပါ၏။

**တနည်း။** "ပါဏာတိပါတာ ဝိရမာမိ- စသည်ဖြင့် ခံယူဆောက်တည်သင့်ပါသေး၏။

**တနည်း။** "ပါဏာတိပါတာ ဝေရမဏိံ သမာဒိယာမိ-စသည်ဖြင့်လည်း ဆောက်တည်သင့်ပါသေး၏။

**တနည်း။** "ပါဏာတိပါတံ ပရိဝဇ္ဇေမိ၊ အဒိန္နာဒါနံ ပရိဝဇ္ဇေမိ-စသည်ဖြင့်လည်းဆောက်တည်သင့်ပါသေး၏။

**တနည်း။** "ပါဏာတိပါတံ န ကရောမိ၊ အဒိန္နာဒါနံ န ကရောမိ-စသည်ဖြင့်လည်း ဆောက်တည်သင့်ပါသေး၏။

[ဤအလုံးစုံသော နည်းသည် သမာဒါနဝိရတိသီလကို ဖြစ်စေတတ်ကြသည် ချည်းပင်ဖြစ်သည်။]

အကျဉ်းမှတ်ဘွယ်ပြီး၏။

သိက္ခာဂဟဏဝိနိစ္ဆယပြီး၏။

www.dhammaransi.com



## သီလအမျိုးမျိုးခွဲဝေခက်း

### ၂-ပါးစုသီလ

(က) သီလံ၊သီလသည်။ ဂဟဋ္ဌပဗ္ဗဇိတတော–

၁။ လူတို့သီလ,

၂။ ရဟန်းတို့သီလဟူ၍ငှင်း။

(ခ) ဂဟဋ္ဌေ၊ လူတို့၏သီလ၌။ နိစ္စာနိစ္စတော–

၁။ အမြဲထိန်းရသော ၅-ပါးသီလ, အာဇီဝဋ္ဌမကသီလ, ၁၀-ပါးသီလဟူသော နိစ္စသီလ,

၂။ အမြဲတတ်နိုင်လျှင် အမြဲ၊ရံခါတတ်နိုင်လျှင် ရံခါ ထိန်းရသော အဋ္ဌင်္ဂဥပုသ်ဟူသော အနိစ္စသီလဟူ၍ငှင်း။

(ဂ) စာရိတ္တဝါရိတ္တတော–

၁။ ထိန်းနိုင်လျှင်အကျိုးရှိ၍ မထိန်းနိုင်လျှင် အပြစ်မရှိသော ဝိကာလဘောဇနေသိက္ခာပုဒ် စသော စာရိတ္တသီလ,

၂။ ထိန်းနိုင်လျှင် အကျိုးကြီးလှ၍ မထိန်းနိုင်လျှင် အပြစ်ကြီးလှသော ပါဏာတိပါတသိက္ခာပုဒ်စသော ဝါရိတ္တသီလဟူ၍ငှင်း။

(ဃ) နိဿိတာနိဿိတတော–

၁။ တဏှာဒိဋ္ဌိနှင့် ယှဉ်သော နိဿိတသီလ,

၂။ တဏှာဒိဋ္ဌိနှင့် မယှဉ်သော အနိဿိတသီလဟူ၍ငှင်း။

(င) လောကိယလောကုတ္တရတော–

၁။ လောကီသီလ,

၂။ လောကုတ္တရာသီလဟူ၍ငှင်း။

ဒုဝိဓံ၊ ၂-ပါး ၂-ပါးစီအပြားရှိ၏။

[ဤကား- ၂-ပါးစုသီလတည်း။]

www.dhammaransi.com



## ၃-ပါးစုသီလ

သီလံ၊ သီလသည်။ ဟီနမဇ္ဈိမ ပဏီတတော—
၁။ ယုတ်ညံ့သော ဟီနသီလ,
၂။ အလယ်အလတ်ဖြစ်သော မဇ္ဈိမသီလ,
၃။ အမြတ်ဖြစ်သော ပဏီတသီလဟူ၍ရှင်း။

အတ္တလောက ဓမ္မာဓိပတေယျတော—
၁။ ဒါန်ကဲ့သို့ မိမိကိုယ်ကိုအလေးပြု၍ ဖြစ်သောအတ္တာဓိပတေယျသီလ,
၂။ လောကကို အလေးပြု၍ ဖြစ်သော လောကာဓိပတေယျသီလ,
၃။ သူတော်ကောင်းတရားကို အလေးပြု၍ဖြစ်သော ဓမ္မာဓိပတေယျ သီလဟူ၍ရှင်း။

ပရာမဋ္ဌာဒိတော—
၁။ တဏှာဒိဋ္ဌိဖြင့်-သုံးသပ်အပ်သော ပရာမဋ္ဌသီလ,
၂။ တဏှာဒိဋ္ဌိဖြင့် မသုံးသပ်အပ်သော အပရာမဋ္ဌသီလ,
၃။ ကိလေသာ ငြိမ်းပြီးသော ပဋိပဿဒ္ဓိသီလ ဟူ၍ရှင်း။
တိဝိဓံ၊ ၃-ပါး ၃-ပါးစီအပြားရှိ၏။
[ဤကား-၃-ပါးစုသီလတည်း။]

## ၄-ပါးစုသီလ

သီလံ၊ သီလသည်။ ဟာနဘာဂိယာဒိတော—
၁။ ဆုတ်ယုတ်ခြင်းအဘို့ရှိသော ဟာနဘာဂိယသီလ,
၂။ တည်တံ့ခြင်းအဘို့ရှိသော ဋ္ဌိတိဘာဂိယသီလ,
၃။ တိုးတက်ခြင်း အဘို့ရှိသော ဝိသေသဘာဂိယသီလ,
၄။ ထိုးထွင်း၍သိခြင်းအဘို့ရှိသော နိဗ္ဗေဓဘာဂိယ သီလဟူ၍ရှင်း။
ပကတိယာဒိတော—
၁။ ပကတိသီလ,
၂။ အာစာရသီလ,

www.dhammaransi.com



၃။ ဓမ္မတာသီလ,
၄။ ပုဗ္ဗဟေတုကသီလဟူ၍၎င်း။
စတုဗ္ဗိဓံ၊ ၄-ပါး ၄-ပါးစီအပြားရှိ၏။
[ဤကား- ၄-ပါးစုသီလတည်း။]

## ၅-ပါးစုသီလ

(က) သီလံ၊ သီလသည်။ ပဟာနဝေရမဏိယာဒိတော—
၁။ ပဟာနသီလ,
၂။ ဝိရတိသီလ,
၃။ စေတနာသီလ,
၄။ သံဝရသီလ,
၅။ အဝီတိက္ကမသီလဟူ၍၎င်း။
(ခ) ပဉ္စင်္ဂတော—
၁။ သတ်မှုမှ ကြဉ်ရှောင်ခြင်း,
၂။ ခိုးမှုမှကြဉ်ရှောင်ခြင်း,
၃။ မလွန်ကျူးအပ်သော ၂-ကျိပ်သော မိန်းမမှ ကြဉ်ရှောင်ခြင်း,
၄။ မုသားဆိုမှုမှကြဉ်ရှောင်ခြင်း,
၅။ ယစ်မျိုးမှကြဉ်ရှောင်ခြင်း ဟူသောအင်္ဂါအားဖြင့်၎င်း။
ပဉ္စဝိဓံ၊ ၅-ပါး ၅-ပါးစီအပြားရှိ၏။
[ဤကား- ၅-ပါးစုသီလတည်း။]

## ၈-ပါးစုသီလ

(က) သီလံ၊သီလသည်။
၁။ ပါဏာတိပါတာ၊ အသက်သတ်မှုမှ။ ဝေရမဏီ၊ ကြဉ်ရှောင်ခြင်းလည်းတပါး,
၂။ အဒိန္နာဒါနာ၊ အရှင်မပေးသော ဥစ္စာကို ခိုးယူမှုမှ။ ဝေရမဏီ၊ ကြဉ်ရှောင်ခြင်းလည်းတပါး,
၃။ ကာမေသု မိစ္ဆာစာရာ၊ ဖောဋ္ဌဗ္ဗအာရုံ ကာမဂုဏ်တို့၌ မှားယွင်းသော အကျင့်မှ။ဝေရမဏီ၊ ကြဉ်ရှောင်ခြင်းလည်းတပါး,

www.dhammaransi.com



၄။ မုသာဝါဒါ၊ မဟုတ်စကားပြောဆိုမှုမှ။ ဝေရမဏီ၊ ကြဉ်ရှောင်ခြင်းလည်းတပါး,

၅။ ပိသုဏာဝါစာ၊ ကုန်းတိုက်စကားပြောဆိုမှုမှ။ ဝေရမဏီ၊ ကြဉ်ရှောင်ခြင်းလည်းတပါး,

၆။ ဖရုသဝါစာ၊ အကြမ်းအတန်းပြောဆိုမှုမှ။ ဝေရမဏီ၊ ကြဉ်ရှောင်ခြင်းလည်းတပါး,

၇။ သမ္ဖပ္ပလာပါ၊ပစ္စုပ္ပန်အကျိုး, သံသရာအကျိုးမရှိသော ရာမ, အိနောင်, ငွေတောင်, ဘာရတ-စသော ဒဏ္ဍာရီစကားမျိုးကိုပြောဆိုမှုမှ။ဝေရမဏီ၊ကြဉ်ရှောင်ခြင်းလည်းတပါး,

၈။ မိစ္ဆာဇီဝါ၊ ယုတ်မာသော အသက်မွေးမှုမှ။ဝေရမဏီ၊ ကြဉ်ရှောင်ခြင်းလည်းတပါး,

ဣတိ၊ ဤသို့။ အာဇီဝဋ္ဌမကဝသေန၊ အာဇီဝလျှင် ၈-ခု-မြောက်ရှိသော နိစ္စသီလ၏ အစွမ်းအားဖြင့်လည်း ကောင်း။

(ခ) ဥပေါသထဝသေန၊ အင်္ဂါ ၈-ပါးရှိသော ဥပေါသထ သီလ၏ အစွမ်းအားဖြင့် လည်းကောင်း။

(ဂ) ပုန၊ တဘန်။ဥပေါသထော၊ အဋ္ဌင်္ဂဥပုသ်၌။

၁။ ပါကတိကံ၊ပကတိဥပုသ်နေ့၌စောင့်ထိန်းသောအဋ္ဌင်္ဂ-ဥပုသ်ဟူ၍ရင်း။

၂။ ပါဋိဟာရိယံ၊ ၄-လတန်သည်, ၃-လတန်သည်, ၂-လတန်သည်, ၁-လတန်သည်, တပက္ခတန်သည် အမြဲ စောင့်ထိန်းသော ပါဋိဟာရိယဥပုသ် ဟူ၍ရင်း။

၃။ ပဋိဇာဂရံ၊အကြိုရက် အပိုရက်တို့၌ စောင့်ထိန်းသော ပဋိဇာဂရဥပုသ် ဟူ၍ရင်း။

(ဃ) ပုန၊ တဘန်။

၁။ ဂေါပါလကံ၊ နွားငှါးကျောင်းသောသူ၏ အမူနှင့် အလားတူသော ဂေါပါလကဥပုသ် ဟူ၍ရင်း။

www.dhammaransi.com



၂။ နိဂဏ္ဌကံ၊ နိဂဏ္ဌတက္ကတွန်းတို့၏ ဥပုသ်နှင့်တူသော နိဂဏ္ဌဥပုသ် ဟူ၍၎င်း။

၃။ အရိယကံ၊ အရိယာတို့၏ ဥပုသ်နှင့်တူသော အရိယာ ဥပုသ် ဟူ၍၎င်း။

အဋ္ဌဝိဓံ၊ ၈-ပါး ၈-ပါးစီ အပြားရှိ၏။

[ဤကား-၈-ပါးစုသီလတည်း။]

## ၉- ပါးစုသီလ

သီလံ၊ သီလသည်။ နဝင်္ဂုပေါသထဝသေန၊ မေတ္တာ ဘာဝနာနှင့် တကွ အင်္ဂါ၉-ပါးရှိသော နဝင်္ဂဥပုသ်၏ အစွမ်းအားဖြင့် ။နဝဝိဓံ၊ ၉-ပါးအပြားရှိ၏။

[ဤကား-၉-ပါးစုသီလတည်း။]

## ၄၀- စုသီလ

သီလံ၊ သီလသည်။ ဒသန္နံ၊ ၁၀- ပါးကုန်သော။ ဒုစ္စရိတာနံ၊ ဒုစရိုက်တို့ကို။ ပဟာနဝသေန၊ ပယ်စွန့်သည်၏ အစွမ်းအားဖြင့်။ စတ္တာလီသဝိဓံ၊ ၄၀-အပြားရှိ၏။

တံ၊ ထိုသီလအပြားကို။ ဒေသေန္တံ၊ ဟောတော်မူသော မြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ နမာမိ၊ ရှိခိုးပါ၏။

[ဒုစရိုက်တို့၌ မနောကံ ၃-ပါးကို သီလအပြား၌ သွင်းလိုက်သည်ကား-သီလအစစ်ဖြစ်၍ သွင်းသည်မဟုတ်၊ မနောကံသီလဟူ၍မရှိ၊ ဒုစရိုက်တို့ကို အစုံအလင်ထုတ်ပြလို၍ သွင်းလိုက်သည်။]

ဒုစရိုက်၄၀-ဆိုသည်ကား—

၁။ ဒုစရိုက်၁၀-ပါးတွင် တပါးပါး၌ကိုယ်တိုင်ပြုခြင်း,

၂။ သူတပါးကိုစေခိုင်းခြင်း,

၃။ ထိုဒုစရိုက်မှုကို ချီးမွမ်းခြင်း,

၄။ ထိုဒုစရိုက်မှုကို နှစ်သက်ခြင်း—

ဟူ၍ ၄-ပါး၄-ပါးစီပွား၍ ဒုစရိုက် ၄၀-ဖြစ်သတည်း။

[ဤကား ၄၀-စုသီလတည်း။]

သီလအမျိုးမျိုးခွဲဝေခန်းပြီး၏။

www.dhammaransi.com

# သစ္စဩဒီပနီကျမ်း

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

## ပဏာမနှင့်ပဋိညာဉ်

နမော ရတနတ္တယဿ။ ။စတုသစ္စဝိနိမုတ္တာ ဒေသနာ နာမနတ္ထိ-ဟူသည်နှင့်အညီ ဘုရားမြတ်စွာ၏ ဒေသနာဟူသမျှသည် သစ္စာ ၄-ပါးမှ လွတ်သောမည်သည်မရှိ၊ သစ္စာ၄-ပါးသို့သာ ကိုင်းကြရှိုင်းကြရကား-သာသနာတော်မြတ်၌ သစ္စာ ၄-ပါးတရားသည် အထွတ်အမြတ် အချက်အချာဖြစ်ခဲ့၍ အလွန်စွဲမြဲခြင်းငှါ ထိုက်လှသော သစ္စာအနက် ၁၆-ချက်ကို အနက်အဓိပ္ပါယ်နှင့်တကွ သိသာရုံမျှ ပြဆိုအံ့။

### ၁-သစ္စာအနက် ၁၆-ချက်ပါဠိအနက်

(က) ဒုက္ခဿပီဠနဋ္ဌော၊ သင်္ခတဋ္ဌော၊ သန္တာပဋ္ဌော၊ ဝိပရိ-ဏာမဋ္ဌော။

(ခ) သမုဒယဿ အာယူဟနဋ္ဌော၊ နိဒါနဋ္ဌော၊သံယောဂ-ဋ္ဌော၊ ပလိဗောဓဋ္ဌော။

(ဂ) နိရောဓဿ နိဿရဏဋ္ဌော၊ ပဝိဝေကဋ္ဌော၊ အမတ-ဋ္ဌော၊ အသင်္ခတဋ္ဌော။

(ဃ) မဂ္ဂဿ နိယျာနဋ္ဌော၊ ဟေတုဋ္ဌော၊ဒဿနဋ္ဌော၊အဓိပ-တေယျဋ္ဌော။

www.dhammaransi.com



(က) ဒုက္ခဿ၊ ဒုက္ခသစ္စာ၏။

၁။ ပီဠနဋ္ဌော၊ နှိပ်စက်အပ်သော သဘော, နှိပ်စက်တတ်သော သဘော, နှိပ်စက်ခြင်းသဘောလည်းတပါး။

၂။ သင်္ခတဋ္ဌော၊ အဘန်ဘန် ပြုစုပျိုးထောင်အပ်သောသဘောလည်းတပါး။

၃။ သန္တာပဋ္ဌော၊ အဘန်ဘန်ပူပန်စေတတ်သော သဘော, ပူပန်စေအပ်သောသဘော,ပူပန်ခြင်းသဘောလည်းတပါး။

၄။ ဝိပရိဏာမဋ္ဌော၊ ဖရိုဖရဲဘောက်လွဲဘောက်ပြန် ဖြစ်တတ်သောသဘောလည်းတပါး။

[ဒုက္ခအနက် ၄-ချက်။]

(ခ) သမုဒယဿ၊ သမုဒယသစ္စာ၏။

၁။ အာယူဟနဋ္ဌော၊ ဒုက္ခဝဋ္ဋ,ဒုက္ခမှုတို့ကို စုဆောင်းဆည်းပူးတတ်သော သဘောလည်းတပါး။

၂။ နိဒါနဋ္ဌော၊ ဒုက္ခဝဋ္ဋ,ဒုက္ခမှုတို့ကို တရံမစဲအမြဲပေးအပ်ဆောင်နှင်းတတ်သော သဘောလည်းတပါး။

၃။ သံယောဂဋ္ဌော၊ ဒုက္ခဝဋ္ဋ, ဒုက္ခမှုတို့နှင့်သာ လွန်စွာယှဉ်တွဲတတ်သော သဘောလည်းတပါး။

၄။ ပလိဗောဓဋ္ဌော၊ ဒုက္ခလက်မှ မထွက်ရအောင် နှောင့်ရှက်တားမြစ်တတ်သော သဘောလည်းတပါး။

[သမုဒယအနက် ၄-ချက်။]

(ဂ) နိရောဓဿ၊ နိဗ္ဗာန်၏။

၁။ နိဿရဏဋ္ဌော၊ ဒုက္ခဝဋ်မှ ကျွတ်လွတ် ထွက်မြောက်သောသဘောလည်းတပါး။

၂။ ပဝိဝေကဋ္ဌော၊ ဒုက္ခအနှောင့်အရှက်မှ ဆိတ်ငြိမ်သောသဘောလည်းတပါး။

၃။ အမတဋ္ဌော၊ အိုခြင်း, နာခြင်း, သေခြင်းမှ ကင်းလွတ်သောသဘောလည်းတပါး။

www.dhammaransi.com



၄။ အသဒ်တဋ္ဌော၊ပြုစုပျိုးထောင်မှုမှ ကင်းလွတ်သော သဘောလည်းတပါး။

[နိရောဓအနက် ၄-ချက်။]

(ဃ) မဂ္ဂဿ၊ မဂ္ဂင်ရှစ်ပါး၏။

၁။ နိယျာနဋ္ဌော၊ဝဋ်မှဆန်တက် နိဗ္ဗာန်ဘက်သို့ ထွက်ကြောင်း ရောက်ကြောင်း လမ်းကောင်းအစစ် အမှန်ဖြစ်သော သဘောလည်းတပါး။

၂။ ဟေတုဋ္ဌော၊ လောကုတ္တရာ မြတ်စွာအထူး ဂုဏ်ကျေးဇူး အပေါင်းတို့၏ ကောင်းစွာခိုင်ကြည် တည်ခြင်းကိစ္စကို ပြီးစေနိုင်သော သဘောလည်းတပါး။

၃။ ဒဿနဋ္ဌော၊အနမတဂ် ဘဝစက်ဝယ် အိပ်မက်တွင်မျှ မမြင်စဘူး အထူးအချွန်အလွန်မြတ်လှ နိဗ္ဗာနကို လဝန်း,နေဝန်း ပေါ်တက်ထွန်းသို့ ရှန်းရှန်း မြိုင်မြိုင် မြင်စွမ်းနိုင်သော သဘောလည်းတပါး။

၄။ အဓိပတေယျဋ္ဌော၊ အဓိသီလ, စိတ္တ, ပညာ သိက္ခာ ၃-ခု ရဟန်းမှုတွင် သူ့ပြင်မရှိ ကြီးဘိတုလွတ် အထွတ်အထိပ်ဖြစ်သောသဘောလည်းတပါး။

[မဂ္ဂအနက် ၄-ချက်။]

သစ္စာအနက်၁၆-ချက်ပါဠိအနက်ပြီး၏။

---

## ၂-သစ္စာအနက်၁၆-ချက်အဓိပ္ပါယ်

### သစ္စာ၄-ပါးအကျဉ်းခွဲနည်း

၁။ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, မန၊ အဇ္ဈတ္တိကာယတန၆-ပါး။

၂။ ရူပ, သဒ္ဒ, ဂန္ဓ,ရသ, ဖောဋ္ဌဗ္ဗ, ဓမ္မ၊ ဗာဟိရာယတန၆-ပါး။

[ဓမ္မမှာ စေတသိက်ဒွေပညာသ,သုခုမရုပ်,သောဠသ,နိဗ္ဗာန်ကိုယူ။]

(က) စေတသိက် ဒွေပညာသတွင် လောဘသည် သမုဒယသစ္စာမည်၏။

www.dhammaransi.com



(ခ) လောကုတ္တရာမဂ်စိတ်၄-ခုမှာရှိသောပညာ, ဝိတက်,သမ္မာဝါစာ,သမ္မာကမ္မန္တ, သမ္မာအာဇီဝ,သမ္မာဝါယာမ,သမ္မာသတိ,သမ္မာသမာဓိ-ဤစေတသိက် ၈-ခုသည် မဂ္ဂသစ္စာမည်၏။

(ဂ) နိဗ္ဗာန်သည် နိရောဓသစ္စာမည်၏။

(ဃ) ကြွင်းသော လောကီဓမ္မစုနှင့်တကွ အာယတန၁၂-ပါးသည် ဒုက္ခသစ္စာမည်၏။

[ဤကား-အာယတနကိုမှတည်၍ သစ္စာ၄-ပါးအကျဉ်းခွဲနည်းတည်း။]

ဤ၌ကား-လူအများတို့သိနိုင်ရန် စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, မနနှင့် ဒါန,သီလ,ဘာဝနာ၃-ပါးကို ဒုက္ခသစ္စာအခန်းတွင် ဘော်ဆိုမည်။

အရိယ သစ္စာဆိုသည်ကား- တရံတခါမှာမှ ဘောက်ပြန်ခြင်းမရှိသော အမှန်ချည်းဆိုလိုသည်။

## ဆောင်ပုဒ်လင်္ကာ

**ဒုက္ခ၄-နက်။** ။နှိပ်စက်,ပြုပြင်၊ ပူပင်,ဘောက်လွဲ၊ ဒုက္ခမြဲ။
ဤသဘော၄-ချက်ရှိသောတရားဖြစ်ခဲ့လျှင်ဒုက္ခသာအမှန်,သုခဆိုလျှင်အမှား။

**သမုဒယ၄-နက်။** ။ဆည်းပူး, နှင်းဆောင်၊ ဘွဲ့နှောင်, နှောင့်ရှက်၊ အချက်လေးပါး၊ဒုက္ခပွား။
ဤသဘော ၄-ချက်ရှိသော တရားသည် ဒုက္ခကိုသာ ပွားစေတတ်သည်အမှန်, သုခကို ပွားစေတတ်သည်ဆိုလျှင် အမှား။

**နိရောဓ၄-နက်။** ။ကျွတ်လွတ်, ဆိတ်ငြိမ်၊ မသေ,မပြု၊ ဤလေးခု၊သုခအမှန်ထား။
ဤသဘော၄-ချက်ရှိသော တရားသည်သာ ဒုက္ခငြိမ်းမှု သုခအမှန်၊သည်မှတပါး ဒုက္ခငြိမ်းမှု ဟူ၍မရှိ၊သုခအမှန်ဟူ၍မရှိ။

www.dhammaransi.com



မ၇၄-နက်။ ။ထွက်မြောက်,တည်ခိုင်၊ မြင်နိုင်,ကြီးကဲ၊ ဤလေးနဲ၊ ဆင်းရဲငြိမ်းလမ်းထား။
ဤသဘော၄-ချက်ရှိသောတရားသည်သာဒုက္ခငြိမ်းလမ်း,သုခဆိုက်လမ်းအမှန်၊သည်မှတပါး ဒုက္ခငြိမ်းလမ်းဟူ၍မရှိ။

[ဤကဲ့သို့သော အရာ၌ စက္ခုဆိုလျှင် ပသာဒစက္ခုနှင့်တကွ သသမ္ဘာရစက္ခုကိုသိလေ။]

## (က) ဒုက္ခအနက်၄-ချက်

### ၁-ပီဠနဋ္ဌ

မေး။ ။စက္ခုသည် အဘယ်သဘောရှိသနည်း။

ဖြေ။ ။''နှိပ်စက်, ပြုပြင်၊ပူပင်,ဘောက်လွဲ၊ ဒုက္ခမြဲ'' ဤသဘောရှိ၏၊ ဤသဘောရှိခဲ့လျှင် စက္ခုကို ဒုက္ခဟုမြင်မှအမှန်၊သုခဟုမြင်လျှင်အမှား၊ စက္ခုကို ကြောက်ဘွယ်လန့်ဘွယ်ဟုမြင်မှအမှန်၊ ခင်ဘွယ်မက်ဘွယ်မြင်လျှင်အမှား။

မေး။ ။''နှိပ်စက်,ပြုပြင်၊ပူပင်,ဘောက်လွဲ၊ဒုက္ခမြဲ''ဟူသော ဒုက္ခသဘော၄-ချက်တွင်စက္ခုမှာ''နှိပ်စက်မှု''ဟူသည်အဘယ်နည်း။

ဖြေ။ ။ဆင်းရဲမတယောက်မှာ ကိုယ်တွင်းရောဂါ ကြီးလှစွာသော သားသူငယ်၂-ယောက်ပိုင်ဘွား၏၊ရောဂါကသားငယ်တို့ကို နှိပ်စက်၏၊ သားငယ်တို့က အမိဆင်းရဲမကို နှိပ်စက်၏၊ ရောဂါသည် ထိုဆင်းရဲမ၏ဝမ်း၌ ပဋိသန္ဓေ ကပ်ခြင်းသည် ဆင်းရဲမကို နှိပ်စက်ခြင်းပင်ဖြစ်၏၊ ဤအတူ ဇာတိဘေးက စက္ခုကိုနှိပ်စက်၏၊ စက္ခုက မိမိမှီရာပုဂ္ဂိုလ်ကို နှိပ်စက်၏၊ ဇာတိဒုက္ခရှိသော စက္ခု၏ပုဂ္ဂိုလ်သန္တာန်၌ ဖြစ်ပေါ်လာခြင်းသည် ပုဂ္ဂိုလ်ကိုနှိပ်စက်ခြင်းပင်ဖြစ်၏။

၁။ ဆင်းရဲမမှာ အမြွှာမွေး သားငယ်၂-ယောက်ကို သုတ်သင်မှု, ပြုစုမှု,ကျွေးမွေးမှု,စောင့်ရှောက်မှုနှင့် နေ့စဉ်အတိုင်း ပူပန် ပင်ပန်းရသည်ကို''နှိပ်စက်မှု''ဆိုလိုသည်။

www.dhammaransi.com



၂။ စက္ခုမှာလည်း သုတ်သင်မှု ပြုစုမှု ကျွေးမွေးမှု စောင့်ရှောက်မှုနှင့် ပူပန်ပင်ပန်းရသည်ကို ''နှိပ်စက်မှု''ဆိုလိုသည်။

စက္ခုမှာဇာတိဘေးဆိုသည်ကား—

မျက်လုံးမှာရှိသော သလိပ်,သည်းခြေ,သွေး, လေ ပျက်မှုကြောင့် မျက်လုံးမှာ ရောဂါအမျိုးမျိုး ဖြစ်ပေါ်မှုသည်လည်းကောင်း, ဗဟိဒ္ဓမှ နာလောက် ကျင်လောက် ဘောက်ပြန်ပျက်စီးလောက်သော ဥပဒ်ဒဏ် ချက်ထိပါး၍ မျက်လုံးမှာ အနာဥပဒ် ဖြစ်ပေါ်မှုသည်လည်းကောင်း စက္ခုမှာ ဇာတိဘေးမည်၏။

အဇ္ဈတ္တမှဂုဏ်း, ဗဟိဒ္ဓမှဂုဏ်း လှုံ့ဆော်သော ဝိရောဓိအကြောင်း ဆိုက်တိုက်လာခဲ့သည်ရှိသော် စက္ခုမှာ ထိုဇာတိဘေး မဖြစ်နိုင်သော နာရီဟူ၍မရှိ၊ ခဏဟူ၍မရှိ၊ ဘယ်နာရီမှာမဆို ဘယ်ခဏမှာမဆို ထိုဇာတိဘေး ဖြစ်နိုင်သည်သာဖြစ်၏၊ ဖြစ်ခွင့် ဖြစ်လမ်းစုကို ရှောင်ကြဉ်မှု,စောင့်ရှောက်မှုတို့ဖြင့် စက္ခုအတွက် များစွာကျဉ်းမြောင်းကျပ်တည်းကြ၏၊ စက္ခုကို ကိုယ်အင်္ဂါတခုပြု၍ နေကြသမျှကာလပတ်လုံး ဆိုခဲ့ပြီးသော စက္ခု၏ဇာတိဘေးကိုလည်း ကိုယ်အင်္ဂါပြု၍ နေကြသည်သာဖြစ်၏။

[ဤကား-ဇာတိဘေးအတွက်နှင့်စက္ခု၏နှိပ်စက်မှုမြပုံတည်း၊ဇရာဘေး အတွက်, မရဏဘေးအတွက်, သောကဘေးအတွက်, ပရိဒေဝဘေး အတွက်, ဒုက္ခဘေးအတွက်, ဒေါမနဿဘေးအတွက်, ဥပါယာသဘေးအတွက်နှင့် စက္ခု၏ နှိပ်စက်မှုတို့ကိုလည်း နေရာကျဆိုလေ။]

ကြည်လင်ရှင်လန်း အေးချမ်းစွာနေသော စက္ခုမှာ ပြဆိုခဲ့ပြီးသော ဝိရောဓိအကြောင်း ဆိုက်တိုက်လာလျှင် ဘယ်အခါမဆို ကြည်လင်မှု, ရှင်လန်းမှု, အေးချမ်းမှု, ဆုတ်ယုတ်မှု,ကွယ်ပျောက်နိုင်သည်ကား-ဇရာဘေး, မရဏဘေးသင့်ချက်ပေတည်း၊ စက္ခုအတွက်နှင့် စိတ်ပူခွင့်ဆိုက်၍ စိတ်ပူမှု, ငိုခွင့်ဆိုက်၍ ငိုရမှု, ကျင်နာခွင့်ဆိုက်၍ ကျင်နာရမှု, နှလုံးမသာခွင့်ဆိုက်၍ နှလုံးမသာရမှု, အရှိက်တငင် ပင်ပန်းခွင့်ဆိုက်၍ ပင်ပန်းရမှုသည် စက္ခုမှဖြစ်သော ဘေးစသည်သာတည်း။

[ဤကား-ဗီဋ္ဌနဋ္ဌအမြွက်တည်း။]

www.dhammaransi.com



## ၂-သမုဒယ

မေး။ ။သဘော ၄-ချက်တွင် စက္ခုမှာ “ပြုပြင်မှု” ဟူသည် အဘယ်နည်း။

ဖြေ။ ။စက္ခုသည် အနိစ္စမျိုးဖြစ်ခဲ့၍၊ ဘဝများစွာ ကမ္ဘာအဆက်ဆက် ဆည်းပူးသော်လည်း အပျက်အဆုံးမရှိသော နိစ္စစက္ခုဟူ၍ပေါ်လာရိုးမရှိ၊ ဖြဟ္မာ့စက္ခုကို ရလို၍ ဈာန်သမာပတ်ကိစ္စနှင့် တဘဝအပင်ပန်းခံနိုင်ပါလျှင် ဖြဟ္မာ့စက္ခုကိုတဘဝသာရ၏၊ ထိုဖြဟ္မာ့ဘဝဆုံးလျှင် ထိုစက္ခုလည်း ပျက်ဆုံးလေ၏၊ ရှေးဘဝ၌ တောထွက်၍ ဈာန်ကိုရအောင် အပင်ပန်းခံမှု, ရပြီးသောဈာန်ကို ပွားများမှု, မပျောက်ပျက်အောင် စောင့်ရှောက်မှုတို့နှင့် တဘဝလုံးအပင်ပန်းခံခဲ့သော သင်္ခါရဒုက္ခမှုတို့သည် ထိုဘဝ ဖြဟ္မာ့စက္ခုပျက်ဆုံးရာတွင် တလုံးတည်းပါလေကုန်၏။

နေ့တွက်နှင့်လုပ်သော ကူလီမှုနှင့်တူ၏၊ တနေ့လုံး အပင်ပန်းခံနိုင်လျှင် ပိုက်ဆံ တမတ်သုံးမူးရ၏၊ တနေ့လုံးအပင်အပန်းခံရသောဗျာပါရမှုတို့သည် ထိုပိုက်ဆံကိုသုံးစွဲ၍ ကုန်ဆုံးရာတွင် တလုံးတည်းဆုံးလေ၏၊ ပိုက်ဆံကိုလိုချင်ပြန်လျှင် တဘန်လုပ်ပြန်မှ ရတော့သည်၊တော့ဘူမကသုခအကျိုးငှါ အားထုတ်သော အမှုတို့မည်သည် ဤကူလီမှုတို့ကဲ့သို့ တနပ်စားမှုတို့သာတည်း။

ထို့ကြောင့် အနမတဂ္ဂသံသရာတွင် ဈာန်သမာပတ်ကို ရသောဘဝလည်းအနန္တ,ဖြဟ္မာဖြစ်ခဲ့သောဘဝလည်းအနန္တ၊ ထိုဈာန်,ထိုဘဝတို့ကို ယခုအိပ်မက် မက်ဘို့မျှ စမ်းတားရှာဘွေမရ ရှိကြလေသည်။

ထိုဖြဟ္မာ့စက္ခုသည် ရှေးဘဝ၌တင်ကူး၍ ဈာန်သမာပတ်ကို အထမြောက်အောင် လုပ်ဆောင်မှုသာ နောက်ဘဝ၌ ဖြစ်ပေါ်လာမြဲဖြစ်၍ သမုဒယမည်၏၊ ပြုပြင်မှုဒုက္ခမြဲ၏၊ ဈာန်သမာပတ်ကို အထမြောက်အောင် လုပ်ဆောင်အားစိုက်ရခြင်း ဟူသောသင်္ခါရဒုက္ခဘေးနှင့် ထိုပုဂ္ဂိုလ်ကိုအမြဲနှိပ်စက်၏၊ ထိုစက္ခုကိုအလိုရှိလျှင် ထိုသင်္ခါရဒုက္ခဘေးကို ရှေးတဘဝလုံး မချိမဆန့်ခံရ၏။

www.dhammaransi.com



ဈာန်ကုသိုလ်လည်း အနိယတဓမ္မ၊ ထိုစက္ခုသည် အနိယတဓမ္မဖြစ်ခဲ့ကြ၍ ဈာန်ကိုအားထုတ်မှုတဘဝ,ထိုစက္ခုကို ရမှုတဘဝ၊ ဤသို့အနမတဂ္ဂပင် ဘဝများသော်လည်း နိစ္စစက္ခုဟူ၍ ပေါ်လာရိုးမရှိ၊ ဤကဲ့သို့ နိစ္စမရှိသော တရားတို့အတွက်နှင့် ထိုတရားတို့၏အကျိုးငှါ ပြုပြုသမျှသော ကာယကံမှု,ဝစီကံမှု မနောကံမှုတို့သည် သင်္ခါရဒုက္ခမှုသက်သက်တို့သာတည်း၊ ထိုစက္ခု၏ အကြောင်းဖြစ်သော ကုသိုလ် ဈာန်သည်လည်း ရရှိသော လူ့စည်းစိမ် လူ့သုခ ဉာတိမိတ္တတို့ကို စွန့်မှုဒုက္ခ, တောတောင်အရပ်တွင် ငြိုငြင်စွာငြီးခြီး၍ နေမှုဒုက္ခ, နေ့နေ့ ညဉ့်ညဉ့် မနေမနား အားထုတ်မှုဒုက္ခ၊ ဤဒုက္ခတို့ကိုခံနိုင်မှ ဈာန်တရားကိုရသည်။

ရပြန်လျှင်လည်း ဈာန်တရားမည်သည် အနည်းငယ်မျှ အခွင့်နှင့်ပင်လွှင့်ပါး ပျောက်ကွယ်တတ်သော အနိစ္စဓမ္မဖြစ်ခဲ့၍ မရမီကာလကထက်ပင် အသက်ထက်ဆုံး ကောင်းစွာ စောင့်ရှောက်ရသော ပရိဟာရဏဒုက္ခ၊ ဤကဲ့သို့ ဒုက္ခများစွာကို ခံနိုင်မှ ချောမောသော တရားဖြစ်သည်၊ ချောမောပါမှ ဗြဟ္မာ့စက္ခုကို ပေးနိုင်သည်၊ ပေးပြီးနောက် ထိုစက္ခုပျက်ဆုံးရာတွင် ထိုဈာန်၏ အာနိသင်လည်း ကုန်ဆုံးလေ၏၊ ထိုပုဂ္ဂိုလ်သည် အပါယ်နခမ်းမှာ တည်မြဲတည်ပြန်၏၊ ထိုဈာန်ကို အသစ်တဘန် အားထုတ်ခွင့်ဆိုက်ပြန်၏၊ အားမထုတ်ခဲ့လျှင် အပါယ်သို့ မြုပ်မြဲမြုပ်ပြန်၏။

ဤသို့လျှင် ထိုဈာန်ကုသိုလ်သည် တဒင်္ဂ တနပ်စာမျှသော ချမ်းသာကိုပေး၍ ပျောက်ဆုံးခြင်း အလားရှိသောကြောင့် ထိုဈာန်တရားသည်လည်း နိစ္စမျိုးမဟုတ်၊ အနိစ္စမျိုးသာ အမှန်ဖြစ်၏၊ အားထုတ်၍ရသော်လည်း အကျိုးမဲ့ပျောက်ပျက်ခြင်းလျှင် အဆုံးရှိ၏၊ ရလိုရောက်လိုလျှင် တဘန်အားထုတ်ရပြန်၏၊ ရပြန်ရောက်ပြန်သော်လည်း အကျိုးမဲ့ပျက်ပြုန်းဆုံးပါးလတ္တံ့သာအမှန်ဖြစ်၏၊ ထိုတရားကို အားကိုး၍ ထိုတရားအကျိုးငှါ အားထုတ်သမျှကြောင့်ကြစိုက်သမျှသော ကာယကံမှု,ဝစီကံမှု,မနောကံမှု,ကုသိုလ်မှု,အကုသိုလ်မှုတို့ကို အချည်းနှီး ပူပန်ပင်ပန်းရသောသင်္ခါရဒုက္ခဘေးဆိုသည်။

www.dhammaransi.com



ကူလီဥပမာ

၁။ တနေ့ပင်ပန်းစွာ လုပ်ဆောင်လျှင် ကုဋေတရာတန် ရသော အလုပ်တခုလည်းရှိ၏။

၂။ တနေ့စာ တမတ်ငွေမျှကို ရသောအလုပ်တခုလည်းရှိ၏။

တနပ်စာတမတ်ငွေကို သာယာအားရ၍ ထိုအလုပ်နှင့်သာ နေခဲ့လျှင် တသက်လုံး နေ့ရှိသမျှ ထိုအလုပ်ခွင်က ထွက်ရပြီမ်းရရန်စခန်းမရှိ၊ ကုဋေတရာတန် ရသောအလုပ်ကို လုပ်ခဲ့လျှင် တနေ့အပင်ပန်းခံသည့်အတွက် တသက်လုံး ချမ်းသာ၏၊ ထိုအခါ နေ့ရက်စုသည် လိမ်မာသောသူမှာ ငွေကုဋေတရာတရာစီ တန်၏၊ မလိမ်မာသောသူမှာ တမတ်ငွေသာတန်၏၊ တမတ်ငွေကိုသာယာ၍ ကုဋေတရာ တရာတန်သောနေ့တွေကို အကုန်ဖြုန်း၏၊ တမတ်ငွေ နေ့စဉ်ရသည် အတွက် ကုဋေတရာငွေ နေ့စဉ်ဆုံးရှုံး၏၊အကြင်သူသည် တမတ်ငွေကိုသာယာ၏။ ထိုသူကို တမတ်ငွေသည် ကူလီလုပ်မှု သံသရာဒုက္ခနှင့် တဘဝလုံး နှိပ်စက်၏၊ ကုဋေတရာငွေကို နေ့စဉ်အတိုင်းဆုံးရှုံးစေ၏။

ဥပမာန-ဥပမေယျ- စပ်ဟပ်ပြချက်

၁။ အနိစ္စမျိုးဖြစ်သော စက္ခုသည် တမတ်ငွေနှင့်တူ၏။

၂။ ထိုစက္ခုကို သာယာ၍ အားထုတ်ကြသော ကာယကံမှု, ဝစီကံမှု, မနောကံမှု, ကုသိုလ်မှု,အကုသိုလ်မှုစုသည် ထိုကူလီအလုပ်ယော်မှုနှင့်တူ၏။

၃။ နိဗ္ဗာန်သည် ကုဋေတရာငွေ ချမ်းသာသော သူဌေးစည်းစိမ်နှင့်တူ၏။

၄။ ထိုနိဗ္ဗာန်ကို ရောက်စေနိုင်သော ကာယကံမှု, ဝစီကံမှု, မနောကံမှု, ကုသိုလ်ဘာဝနာမှုသည် ထိုကူလီအလုပ်ကြီးနှင့်တူ၏။

၅။ သံသရာ၌ ဘဝအဆက်ဆက်တွေသည် ထိုနေ့ရက်တွေနှင့်တူ၏။

၆။ စက္ခုစသော အဇ္ဈတ္တာယတန ၆-ပါး၏ အကျိုး၄ါ အားထုတ်ကြီးပမ်းမှုနှင့် ကုန်ခဲ့သော ဘဝအဆက်ဆက်တို့သည် မလိမ်

www.dhammaransi.com



မာသူ ကူလိယောက်ျား ဖြုန်း၍ပစ်သော နေ့ရက်တွေနှင့် တူကုန်၏။

၇။ ကြီးပမ်းမှုအနမတဂ္ဂရှိပြီး ဖြစ်ပါလျက် တနပ်စာမျှတွေ့သာ ဖြစ်ခဲ့၍ ယခုလည်း နှလုံးအိမ်တွင်းမှာ ဒိဋ္ဌိ,ဝိစိကိစ္ဆာဟူသော အပါယ်မျိုးကြီး ပွားစီးစည်ပင်လျက် အပါယ်ဘေး တန်းလန်း, အဝီစိဘေး တန်းလန်းရှိနေကြသော အမှုသည် တမတ်တန်အလုပ်နှင့်သာ လာခဲ့၍ အနှစ်တရာရှိသော်လည်း ကူလီအလုပ်မှ မကျွတ်ရသည်နှင့်တူ၏။

ထိုကူလိမှာ နေ့စဉ်ပင်ပန်း၍ အနှစ်တရာရှိသော်လည်း တမူးတမတ်မျှ အဖတ်ရှာ၍မရသကဲ့သို့ အနမတဂ္ဂ ဘဝအစဉ် ကြိုးပမ်းခဲ့ပါလျက် ယခုသာသနာတွင် ကျွတ်ပွဲဝင်ရန် တစွန်းတစမျှ စမ်းတားရှာဘွေမရရှိကြလေသည်၊ အနှစ်တရာတိုင်၍မှ ကူလီအလုပ်က ကျွတ်ခွင့်မရသော ထိုကူလီယောက်ျား၏ တသက်လုံး အားထုတ်လုပ်ဆောင်မှုတွေသည် အကျိုးမကြီး အချည်းနှီးသော သံသရာဒုက္ခမှုစုသာတည်း။

ထို့အတူ စက္ခုစသောအနိစ္စဓမ္မတို့၏အကျိုးငှါ ပင်ပန်းကြရသော အမှုအစုံသည် အနမတဂ္ဂ ဘဝသံသရာ ကြာကြီး ကြာသော်လည်း အပါယဒုက္ခမှ မလွတ်ရ၊ ခွေးဖြစ်မှုမှ မလွတ်ရ၊ ဝက်ဖြစ်မှုမှ မလွတ်ရ၊ အဝီစိကျမှုမှ မလွတ်ရ၊ နူမှုမှ မလွတ်ရ၊ ရွဲမှုမှ မလွတ်ရ၊မိုက်မှု ရူးမှုမှ မလွတ်ရသည်ဖြစ်၍ အကျိုးမကြီး အချည်းနှီးသော သံသရာဒုက္ခမှုစုသာတည်း။

### နတ်သံသရာနှင့်လူသံသရာ

၁။ အထက်နတ်ပြဟ္မာတို့၏ စက္ခုမှာ ရှေးရှေးဘဝ၌ ကံကိုအားထုတ်ရသော သံသရာဒုက္ခမှုသည် ကြီးကျယ်၏၊ စက္ခုကိုရသော နောက်ဘဝ၌ ဆောင်ရွက်မွေးမြူရသောသံသရာဒုက္ခမကြီးလှ။

၂။ လူတို့၏စက္ခု၌ကား-ရှေးဘဝ၌ ကံကိုအားထုတ်ရသော သံသရာဒုက္ခထက် စက္ခုကိုရသော နောက်ဘဝ၌ ထိုစက္ခုကိုဆောင်ရွက်မွေးမြူရသော သံသရာဒုက္ခသည် အလွန်ကြီးကျယ်၏။

www.dhammaransi.com



**မီးဥပမာ။** ။မီးကို လုပ်ကျွေးသောပုဏ္ဏားမ၏အမှုနှင့်တူ၏၊မိမိတွား မြင်စဉ်အခါ မိဘယူ၍မသေရအောင် မွေးမြူ၍ထားသောမီးကို ၁၆- နှစ်အရွယ်ရောက်သောအခါ ထိုမီးကိုယူ၍ အသက်ထက်ဆုံး မသေရ အောင် လုပ်ကျွေးနိုင်ပါလျှင် ဗြဟ္မာ့ပြည်သို့ လားရသည်ဟု မိစ္ဆာအ ယူရှိ၏၊ မိစ္ဆာအယူမျှသာတည်း၊ ထိုအယူကို အမြဲယူ၍ မီးကိုလုပ်ကျွေး ၍ သေလွန်လျှင် အပါယ်သို့ကျ၏၊မီးသည် မီးစာရှိမှ မိုးလေစသော အန္တရာယ်လည်းလွတ်ကင်းမှ တည်နေသည်။

**ညောင်ပင်ဥပမာ။** ။ညောင်ပင်တို့မှာ မျိုးစေ့၏အပူကား–အညွန့် အညှောက် ပေါက်ရုံမျှသာပြဋ္ဌာန်းသည်၊ အညွန့်အညှောက်ဖြစ်ပြီး နောက် ထိုညောင်ပင်၏ ကြီးပွားမှု, စည်ကားမှု, နှစ်လ အရှည်တည် မှုမှာ မြေဥတု,ရေဥတုတို့၏အတွက် တာဝန်ပေတည်း။

၁။ ဂဗ္ဘသေယျက သတ္တဝါ၌ ညောင်ပင်နှင့် လူ့ခန္ဓာတူ၏။
၂။ မျိုးစေ့နှင့်ကံတူ၏။
၃။ မြေဓာတ်နှင့် အဇ္ဈတ္တဥတုတူ၏။
၄။ မိုးရေနှင့် နေ့စဉ်မျိုအပ်သော အာဟာရတူ၏။

**မီးတောက်ဥပမာ။** ။ဆီ ရေနံ အသစ် အသစ် အလျဉ်ဆက်လက် အောင် လောင်း၍ပေးမှ မီးတောက်အသစ်အသစ် အလျဉ်ဆက်ပွား၍ နေသည်ကို တည်နေသည်ဟုဆိုရသည်၊ ဆီရေနံ အသစ် အလျဉ်ပြတ်၍ မီးတောက်သစ်ပွားမှု ပြတ်စဲသည်ကို မီးတောက်သေသည်ဟု ဆိုသည်၊ မျက်တောင်တခတ်မျှကာလအတွင်းမှာပင် အသစ်အဟောင်းကူးပြောင်း ဆက်လက်မှု အထောင်မကများ၏၊ ထိုအသစ်အဟောင်း ကူးပြောင်း လဲလှယ်ရာ အချက်အချက်စုသည် မီးတောက်၏သေဆုံးရန် အချက်စု ချည်းသာတည်း။

ဆီရေနံ အသစ်မရှိလျှင် ဘယ်အချက်မှာမဆို သေ၏၊ အသစ်ဖြစ်မှု ပြတ်စဲသည်ကို သေသည်ဟု သမုတ်ရသည်၊ အသစ်အဟောင်း အလျဉ် မပြတ် ဆက်လက်၍နေသည်ကို မသေဟု သမုတ်ရသည်၊ခဏိကအား ဖြင့် အဟောင်းအဟောင်း ချုပ်ကွယ်ပျက်ဆုံးမှုမှာ ပြတ်စဲတော့ သည်မဟုတ်၊ မိုးကြောင့်သေလျှင်လည်း ထိုအချက်စုမှာ သေရသည်၊

www.dhammaransi.com



ရေကြောင့်, လေကြောင့်, တပါးသော အန္တရာယ်ကြောင့် သေလျှင်လည်း ထိုအချက်စုမှာ သေရသည်၊ သေခွင့်ကြုံကိုက်လာလျှင် ဘယ်အခါမှာမဆို သေဘို့သေကိန်းသေချက် အမြဲပါ၍နေ၏။

၁။ လူတို့၌ စက္ခု,ဇီဝိတစသောဓာတ်နှုအကြည်သည် မီးတောက်အလျဉ်နှင့်တူ၏။

၂။ အဇ္ဈတ္တဥတုဇရုပ်သည် အဝတ်ကျစ် မီးစာနှင့်တူ၏။

၃။ တနေ့တနေ့လျှင် အခါများစွာမျိုအပ်သော အာဟာရဓာတ်ဆီ အလျဉ်သည် ဆီရေနံနှင့်တူ၏။

လောင်သမျှသော ဆီရေနံစုသည် ဆီမီးစာကိုမှီ၍ တောက်သော မီးတောက်နှင့်တကွ ခဏစဉ်အတိုင်း ကုန်ခန်း၏သို့, မျိုမျိုသမျှသော အာဟာရ,ဓာတ်ဆီစုသည် မိမိနှင့်စပ်သော တကိုယ်လုံးရှိ ဇီဝိတစုနှင့်တကွ ခဏစဉ်အတိုင်း ကုန်ဆုံး၏၊ကျန်ရှိသော ဆီရေနံ,အသစ်လောင်းသော ဆီရေနံ၌ အသစ်အသစ်အဆင့်ဆင့် ဖြစ်ပွားသော မီးလျှံအလျဉ်သည် တနာရီမှ တနာရီသို့ ရောက်သကဲ့သို့ ကျန်ရှိသော အာဟာရ အသစ်အသစ်မျိုသော အာဟာရတို့မှ တကိုယ်လုံး၌ အသစ်အသစ် အဆင့်ဆင့်ဖြစ်ပွားသော ဇီဝိတအလျဉ်သည် တနေ့မှတနေ့သို့ ရောက်လေ၏။

အာဟာရကို နေ့စဉ်မျိုမှုကား- အသက်ဆက်မှု အသက်မွေးမှုပေတည်း၊ အသက်ဟောင်း ချုပ်ဆုံးသော နေရာစုမှာ အသက်သစ်စိုက်ပျိုးမှုပေတည်း၊ မျက်တောင်တခတ်ခန့် ကာလအတွင်းမှာ အသစ်အဟောင်း ပြောင်းလဲဆက်ကူးမှုဟု ဆိုအပ်သော အဆက်ပေါင်းအထောင်မကများ၏၊ အစာအလျဉ်ပြတ်ခဲ့သော်ငြား, သေလောက်သောအဇ္ဈတ္တဘေး,ဗဟိဒ္ဓဘေးထိပါးခဲ့သော်ငြား အသစ်ပေါ်မှုပြတ်စဲ၏၊ ရောက်ရာအသက်တွင် သေရ၏၊ ဤသို့လျှင် အလွန်တိုနှောင်းလှစွာသော အသက်ကလာပ်မှုန့်စုကိုပုတီးစီသကဲ့သို့ နေ့စဉ်နာရီစဉ် အလျဉ်ဆက်ကူး၍ ယူရသောအမှုသည် အလွန်ကျပ်တည်း၏၊ ကျပ်တည်းကြောင်းကို လောက၌ ရေသတ္တဝါ,ကုန်းသတ္တဝါတို့၏ အသက်မွေးမှုကျပ်တည်းပုံ, အသက်ကိုစောင့်ရှောက်မှု ကျပ်တည်းပုံကို မြင်၍သိအပ်၏။

www.dhammaransi.com



အလွန်လှိုင်းလေထူထပ်လှစွာသော ကမ်းမမြင်သော ပင်လယ်ကြီး၌ ရေမြှုပ်ခဲကိုဘောင်စီး၍လိုက်ရသော ယောကျ်ား၏သို့ ကြောင့်ကြစိုးရိမ်ဘွယ်ကင်းရသော ခဏဟူ၍ မရှိသည်ကို မြင်၍သိအပ်၏။

[ဤကား-လူတို့စက္ခုမှာ ရှေးဘဝ၌ ကံကိုပြုရသော သင်္ခါရဒုက္ခမှုထက် စက္ခုကိုရသောနောက်ဘဝ၌ ထိုစက္ခုကိုဆောင်ရွက်မွေးမြူရသော သင်္ခါရဒုက္ခမှုကြီးကျယ်ပုံတည်း။]

ဤသို့ကြီးကျယ်ကျပ်တည်းလှစွာသောဆောင်ရွက်မှုမွေးမြူမှုတို့ဖြင့် မွေးမြူပါသော်လည်း အသက်တရာတမ်းဖြစ်ခဲ့အံ့၊ အနှစ်တရာပြည့်ရုံမျှသာပါနိုင်သည်၊ အနှစ်တရာပြည့်လျှင် ထိုစက္ခုသည် ဆွေးမြည့်၍ ပျက်ဆုံးမြဲ ဓမ္မတာပေတည်း၊စက္ခုပျက်ဆုံးလျှင်လည်းထိုစက္ခုအကျိုးငှါ ရှေးဘဝ၌ အားစိုက်ခဲ့သောကမ္မသင်္ခါရမှု, ယခုတဘဝလုံး အားထုတ်သမျှသော ဆောင်ရွက်မွေးမြူမှုစုသည် ထိုစက္ခုပျက်ဆုံးရာတွင် အကုန်ပျက်ဆုံး၍ ပါလေ၏၊ အနမတဂ္ဂသံသရာမှာ ကံပေါင်းအနမတဂ္ဂ, စက္ခုပေါင်းအနမတဂ္ဂ, သင်္ခါရမှုပေါင်း အနမတဂ္ဂကုန်ခဲ့လှပြီ၊ နောက်ကိုလည်း ဤနည်းအတိုင်းကုန်လတ္တံ့။

ထို့ကြောင့် ဤစက္ခုသည် မိမိကိုမလွှတ်သော သူကို ၂-ပါးသော သင်္ခါရဒုက္ခမှုတို့ဖြင့် နှိပ်စက်ခြင်းအမှု မြဲလေသောကြောင့် ဒုက္ခသစ္စာသာ အမှန်ဖြစ်လေသတည်း၊ ထိုစက္ခုအကျိုးငှါ ပြုအပ်သော ဒါနကုသိုလ်, သီလကုသိုလ်, ဘာဝနာကုသိုလ်များသည်လည်း ထို့အတူ နှိပ်စက်ခြင်းမြဲသော ဒုက္ခသစ္စာအမှန်သာတည်း၊ ပြုစု၍ထမြောက်ပြီးသည့်နောက် ပျက်ဆုံးပြန်၍ မပြုမိကအတိုင်း ကျပြန်သမျှသည် သင်္ခါရဒုက္ခမှုချည်းမှတ်။

မဂ်ကုသိုလ်သည် ပါရမီသမ္ဘာရမှုနှင့် ၄-သင်္ချေ, ၈-သင်္ချေ, ၁၆-သင်္ချေနှင့် ကမ္ဘာတသိန်း ပင်ပန်းရ၏၊ နောက်ဆုံးဘဝ၌လည်း ပဋိပဒါမှုနှင့်များစွာပင်ပန်းရ၏၊ ထိုသို့ ပင်ပန်းရသော်လည်း မဂ်ကိုတခါရပြီးနောက် ထိုမဂ်၏အာနိသင်ကုန်ဆုံးပြန်၍ ထိုမဂ်ကိုပင် တဘန်အားထုတ်ရပြန်သည်ဟူ၍မရှိ၊ ထိုအခါ အထမြောက်လျှင် အနမတဂ္ဂဝဋ္ဋ ဒုက္ခကြီး အပြီးငြိမ်းပေသည်ဖြစ်၍ ၄-သင်္ချေ, ၈-သင်္ချေ, ၁၆-သင်္ချေမျှ

www.dhammaransi.com



အပင်ပန်းခံရသော သခ်ါရမှုသည် မင်္ဂဖိုလ်နိဗ်စက်မှု မဆိုလောက်၊ ဂရက်အပင်ပန်းခံ၍ ငွေကုဋေတရာကြွယ်ဝလျက် တသက်လုံးချမ်းသာသောသူမှာ အပင်ပန်းခံရသောတရက်မျှသည် ဒုက္ခမှုမဆိုလောက်၊ သုခမှုသာဆိုထိုက်သကဲ့သို့တည်း။

[ဤကား-သင်္ခတဋ္ဌအမြွက်တည်း။]

၃—သန္တာပဋ္ဌ

မေး။ ။"နှိပ်စက်, ပြုပြင်၊ ပူပင်, ဘောက်လွဲ၊ ဒုက္ခမြဲ" ဟူသောသဘော ၄-ချက်တွင် စက္ခုမှာ"ပူပင်မှု"ဟူသည်အဘယ်နည်း။

ဖြေ။ ။စက္ခုအာဒိတ္တံ၊ ကေနအာဒိတ္တံ၊ ရာဂဂ္ဂိနာအာဒိတ္တံ-အစရှိသော အာဒိတ္တသုတ်နှင့်အညီ-ရာဂမီး, ဒေါသမီး, မောဟမီး, ဇာတိမီး, ဇရာမီး, မရဏမီး, သောကမီး,ပရိဒေဝမီး, ဒုက္ခမီး, ဒေါမနဿမီး, ဥပါယာသမီး-ဟူ၍ မီး ၁၁-ပါးရှိ၏၊ ပကတိသောမီးသည် အမှိုက်ကိုလောင်သကဲ့သို့ ထို ၁၁-ပါးသောမီးသည် စက္ခုကိုလောင်၏၊ စက္ခုသည် မီးစာဖြစ်၏၊စက္ခုသည်ရာဂမီး၏ပွားစီးရာဌာနဖြစ်၏၊ဒေါသမီး၏ပွားစီးရာ၊ မောဟမီး၏ ပွားစီးရာ၊ ဇာတိမီးစသည်တို့၏ ပွားစီးရာဌာနဖြစ်၏။

၁။ စက္ခုကိုငါဟူ၍၎င်း, ငါ၏ဥစ္စာဟူ၍၎င်း,ငါ၏ကိုယ်ဟူ၍၎င်း စွဲလမ်းသောရာဂသည် စက္ခု၌ပွားစီးသော ရာဂမီးမည်၏။

၂။ ငါ၏စက္ခုကို ထိပါးဘိသည်ဟု အမျက်ထွက်သော ဒေါသသည် စက္ခု၌ပွားစီးသော ဒေါသမီးမည်၏။

၃။ စက္ခုကို နိစ္စဓုဝစသောအနေနှင့် တွေဝေသော မောဟသည် စက္ခု၌ပွားစီးသော မောဟမီးမည်၏။

[၄-၁၁၊ ဇာတိစသည်တို့မှာအောက်၌ဆိုခဲ့ပြီ။]

ဤသို့မီး ၁၁-ပါး အမြဲပွားရာဖြစ်သော စက္ခုသည် အမြဲလျှင်ပူပန်စေတတ်သော သဘောရှိ၏၊ ထို ၁၁-ပါး တောက်လောင်၍နေသော ထိုစက္ခုကို ကိုယ်အင်္ဂါတခုပြု၍ သံသရာ၌ကျင်လည်သောသူကို ထိုစက္ခုသည် အမျိုးမျိုးသော ဒုက္ခတို့ဖြင့် ပူပန်စေ၏။

www.dhammaransi.com



စက္ခုရှိနေသည့်အတွက်ကြောင့် အဆင်းသဏ္ဍာန်လျှင် အာရုံရှိသော လောဘမှု, ဒေါသမှု, မောဟမှုတို့သည် နေ့စဉ်အတိုင်းဖြစ်ပွားကုန်၏၊ ထိုလောဘမှု, ဒေါသမှု, မောဟမှုတို့ကြောင့် ယခုဘဝ၌ရင်း, နောက်ဘဝ အဆက်ဆက်တို့၌ရင်း ဖြစ်လတ္တံ့သော ဇာတိမှု, ဇရာမှု, မရဏမှုစသည်တို့လည်း နေ့စဉ်အတိုင်းပွားကုန်၏၊ ဤသို့ ပွားမှုသည်လည်း စက္ခုရှိသောပုဂ္ဂိုလ်ကို စက္ခု၏ပူပန်စေမှုပင်တည်း၊ပုဂ္ဂိုလ်က ပူမှန်းမသိသော်လည်း ပူမှုရောက်ပြီးပင်ဖြစ်သတည်း။

[ဤကား-သန္တာပဋ္ဌအဓိပ္ပါယ်တည်း။]

၄—ဝိပရိဏာမဋ္ဌ

**မေး။** ။"နိပ်စက်, ပြုပြင်၊ ပူပင်, ဖောက်လွဲ၊ ဒုက္ခမြဲ" ဟူသော သဘော ၄-ချက်တွင် စက္ခုမှာ "ဖောက်လွဲမှု" ဟူသည် အဘယ်နည်း။

**ဖြေ။** ။ကျင်နာကိုက်ခဲခြင်း, ကျိန်းစပ်ပူလောင်ခြင်း,သလိပ် သည်း ခြေ သွေး လေ လွှမ်းမိုး၍ စက္ခုကိစ္စကို မဆောင်နိုင်ခြင်း, ဆုတ်ယုတ်ခြင်း, ပျက်ဆုံးခြင်း၊ဤအလုံးစုံသည် "ဖောက်လွဲမှု" ပေတည်း။

ထိုဖောက်လွဲမှုသည် အဇ္ဈတ္တသန္တာန်မှ ဓာတ် ၄-ပါး ချောက်ချားမှု, ဗဟိဒ္ဓသန္တာန်မှ အန္တရာယ်အမျိုးမျိုးထိပါးမှုတို့နှင့် ကြုံကြိုက်ခဲ့သည်ရှိသော် မျက်တောင်တခတ် လျှပ်တပြက်ခန့် ကာလအတွင်း၌ပင် ခဏခြင်း ဖောက်ပြန်ပြောင်းလဲခြင်း သဘောရှိ၏၊ ဖောက်ပြန်ခွင့်ဆိုက်သော်လည်း ဤရွေ့ဤမျှသော ခဏကာလ အတွင်းကား-ဖောက်ပြန်ခြင်းမရှိဟု စိတ်ချရသော ခဏကာလဟူ၍ မျက်တောင်တခတ်မျှမရှိ၊ မကျင်မနာနိုင်သော ခဏဟူ၍ မျက်တောင်တခတ်မျှမရှိ၊ မဆုတ်မယုတ်နိုင်သော ခဏဟူ၍ မျက်တောင်တခတ်မျှမရှိ၊မပျောက်မဆုံးနိုင်သော ခဏဟူ၍ မျက်တောင်တခတ်မျှမရှိ။

လှိုင်းကြမ်း, လေကြမ်း, ရေသားအမြဲထူထပ်သော ကမ်းမမြင် ပင်လယ်ပြင်မှာ ရေမြှုပ်ကြီးကို ဘောင်စီး၍ နေရသော ယောကျ်ားအား မိမိမှီတွယ်သော ရေမြှုပ်ခဲ၏ ခိုင်မြဲခြင်းမရှိသော အတွက်

www.dhammaransi.com



ကြောင့် လှိုင်း,လေအစရှိသော အလုံးစုံသည် ကြောက်ဘွယ် လန့်ဘွယ် ထိတ်ဘွယ် ရွံ့ဘွယ်စိုးရိမ်ဘွယ်ကြောင့်ကြဘွယ်ချည်းဖြစ်ကုန်၏၊ သိကြားမင်း ဘန်ဆင်းသော မဟာပစ္စရိတ်ဘောင်ကြီး သင်္ဘောကြီးမှာ စီးရသောသူတို့အား လှိုင်း,လေအစရှိသော အလုံးစုံတို့သည် ကြည့်ဘွယ် ရှုဘွယ် စိတ်နှလုံးကြည်ဘွယ် ပျော်ရွှင်ဘွယ်ချည်းဖြစ်ကုန်၏။

[ဤဥပမာဖြင့် လှိုင်းလေအစရှိသည်သည် ကြောက်မက်ဘွယ် အစစ်မဟုတ်၊ မိမိ၏မှီရာရေမြှုပ်ခဲ၏ ဘောက်ပြန်လွယ်မှုသည်သာ ကြောက်မက်ဘွယ်အစစ်ဖြစ်ကြောင်းကိုသိစေသည်။]

သတ္တဝါတို့၌ ကိုယ်အင်္ဂါပြု၍ ဆောင်ရွက်ရသော ရုပ်တရား,နာမ်တရားစုသည် အလွန်ဘောက်ပြန်မှု လွယ်လှ၏၊ အနည်းငယ်သော အပူထိပါးလျှင်ပင် ခဏခြင်းအနေပျက်၍ ထိုနေရာမှာ ရှိရင်းရုပ်ဟောင်း, နာမ်ဟောင်း ခဏခြင်း ကွယ်ဆုံး၏၊ အနိဋ္ဌရုပ်သစ်, နာမ်သစ်ခဏခြင်း ပြောင်းလဲ၏၊ အနည်းငယ် တောင်လေ, မြောက်လေထိပါးရုံမျှနှင့်ပင် ထိုနေရာမှာ ရှိရင်းရုပ်နာမ်စု ခဏခြင်း ပျက်ဆုံး ပျောက်ကွယ်လေ၏၊ အနိဋ္ဌ ရုပ်သစ်,နာမ်သစ် ခဏခြင်းပြောင်းလဲ၏၊ သန်းငယ်, ကြမ်းပိုးငယ် ထိပါးကိုက်ခဲသော အတွက်နှင့်ပင် ပြုပျက်ပြောင်းလဲ၏။

ဤသို့လျှင် ရေမြှုပ်ခဲကဲ့သို့ ဘောက်လွဲဘောက်ပြန် အလွန်မြန်လှသောအတွက်ကြောင့် ပျက်မှုဆုံးမှုအလွန်မြန်လှသော ရုပ်ခဲနာမ်ခဲတို့ကို ကိုယ်အင်္ဂါပြု၍ ဆောင်ရွက်ရသောအတွက်ကြောင့် အဇ္ဈတ္တသန္တာန်မှ ဖြစ်သော ရောဂါဆိုး,အနာဆိုးအစရှိသော ကြောက်ဘွယ်လန့်ဘွယ် စိုးရိမ်ကြောင့်ကြဘွယ်ပေါင်းအနန္တ၊ အယုတ်အားဖြင့် ကိုယ်အင်္ဂါဖြစ်သော ရုပ်အစိတ်, နာမ်အစိတ်ကို ဖျက်ဆီးနိုင်သော သန်းငယ်, ကြမ်းပိုးငယ်, ခြင်ငယ်, ခြင်ငယ်, ခြ,ပရွက်ငယ်တို့မှစ၍ ဗဟိဒ္ဓသန္တာန်၌ ဖြစ်သော ကြောက်ဘွယ် လန့်ဘွယ် စိုးရိမ်ဘွယ် ပေါင်း အနန္တများ ပြားလျက်ရှိနေကြရသည်။

ထိုဘေးအန္တရာယ်တို့ ထိပါးလာခဲ့လျှင် မဘောက်မပြန်နိုင်သော အခါဟူ၍ မျက်တောင်တခတ်မျှမရှိ၊ မသေနိုင်သောအခါဟူ၍ မျက်တောင်တခတ်မျှမရှိ၊ ပဋိသန္ဓေနောင် ဘဝင်၁၆-ချက်မှ နောက်၌

www.dhammaransi.com



အသက်ထက်ဆုံး သေကွက်ချင်း သေချက်ချင်းစပ်၍သွားတော့သည်၊ ဘောက်ပြန်လိမ့်မည်ကို မစိုးရိမ်ရသောခဏဟူ၍မရှိ၊ သေလိမ့်မည်ကို မစိုးရိမ်ရသော အခါဟူ၍မရှိ၊ ဘောက်ပြန်ရန်အကြောင်းဆိုက်တိုက်ဲ့ သည်ရှိသော်---

၁။ အပြင်းအထန် ပူခြင်း, အေးခြင်း, ကျင်နာခြင်းဒုက္ခကို ခံရကုန်၏။

၂။ အနာအမျိုးမျိုး ရောဂါအမျိုးမျိုး နှိပ်စက်သည်ကို ခံရကုန်၏။

၃။ မျက်စိအင်္ဂါပျက်ခြင်း,နားအင်္ဂါပျက်ခြင်း စသော အရှပ်ပျက် အဆင်းပျက်ဒုက္ခကိုခံရကုန်၏။

၄။ လက်ပြတ်ခြင်း,ခြေပြတ်ခြင်းစသောဒုက္ခကို ခံရကုန်၏။

ဖြစ်ဆဲသောဒုက္ခကို ပျောက်ငြိမ်းရန် ကြောင့်ကြစိုက်မှု, ဖြစ်လတ္တံ့ သော အလားကိုမြော်၍ မဖြစ်စေခြင်းငှါ ကြောင့်ကြစိုက်မှု တို့သည် လည်း အကျဉ်းအားဖြင့် လောက၌—

၁။ ကြောက်ရခြင်းဟူသမျှ,

၂။ လန့်ရခြင်းဟူသမျှ,

၃။ ထိတ်ရခြင်းဟူသမျှ,

၄။ ရှုံ့ရခြင်းဟူသမျှ,

၅။ ကြဉ်ရှောင်ရခြင်း,

၆။ တိမ်းဖယ်ရခြင်း,

၇။ ပုန်းအောင်းရခြင်း,

၈။ ကိုးကွယ်ရာပြုရခြင်း,

၉။ အဘော်အပေါင်းနှင့် သွားလာနေထိုင်ရခြင်း,

၁၀။ မြို့တည်ထောင်၍နေရခြင်း,

၁၁။ ရွာတည်ထောင်၍နေရခြင်း,

၁၂။ အမိုးအကာ အိမ်ရာ ဝင်းခြံနှင့် နေရခြင်း,

၁၃။ တုတ် ဓား လက်နက်စွဲရခြင်း,

www.dhammaransi.com



၁၄။ ဆေးဝါး အစောင့်အရှောက်မကင်းရခြင်း,
၁၅။ အစာရေစာအတွက် ကြောင့်ကြစိုက်ရခြင်း,

အစရှိသော အလုံးစုံသော ဒုက္ခမှုတို့သည် ဝိပရိဏာမသဘော ရှိသော ရုပ်တရား,နာမ်တရားတို့ကို ကိုယ်အင်္ဂါ ပြုမှုကြောင့်ဖြစ်ရသော ဒုက္ခမှုတို့သာတည်း။

[ဤကား-ဝိပရိဏာမဋ္ဌအမြွက်တည်း၊ သောတ,ဃာန,ဇိဝှါ,ကာယ, မနတို့ကိုလည်း စက္ခုနှင့်ထပ်တူသိလေ။]

ဒုက္ခအနက် ၄-ချက်ပြီး၏။

---

## (ခ) သမုဒယအနက်၄-ချက်

### ၁- အာယူဟနဋ္ဌ

မေး။ ။"ဆည်းပူး, နှင်းဆောင်၊ဘွဲ့နှောင်, နှောင့်ရှက်၊ အနက် ၄-ပါး၊ ဒုက္ခပွား" ဟူသော သမုဒယသစ္စာ၏ အနက် ၄- ချက်တွင်တဏှာမှာ"ဆည်းပူးခြင်း"ဟူသည်အဘယ် နည်း။

ဖြေ။ ။အဆောက်အဦနှင့် တကွသော မျက်စိအင်္ဂါ, နားအင်္ဂါ အစရှိသော ဒုက္ခသစ္စာတရားတို့ကို အနမတဂ္ဂ သံသရာ တွင် အစဉ်ဖြစ်ပွားစေခြင်းအမှုသည် "ဆည်းပူးခြင်း" မည်၏၊ဖြစ်ပွားခြင်းကို အလိုရှိသော တဏှာကြောင့် ဖြစ် ပွားရသည်ဖြစ်၍ တဏှာသည် ထိုတရားတို့ကို ဆည်းပူး သည်မည်၏။

[ဤကား-အာယူဟနဋ္ဌ အမြွက်တည်း။]

### ၂-နိဒါနဋ္ဌ

မေး။ ။တဏှာမှာ"ဆောင်နှင်းခြင်း"ဟူသည် အဘယ်နည်း။

ဖြေ။ ။တခုတခုသော ဘဝဆုံးပြန်လျှင် စုတိ၏အခြားမဲ့ မျက် တောင်တခတ်စာမျှ ခဏအလပ်မရှိရအောင် ဘဝတခုကို အမြဲဆက်လက် ထူထောင်ဆောင်နှင်းခြင်းတည်း၊ ဘဝကို

www.dhammaransi.com



သာယာသော တဏှာနှသယတန်းလန်းနှင့် စုတိကျလျှင် ဘဝသစ်အမြဲပေါ်သည်ကို''ဆောင်နှင်းခြင်း''ဆိုသည်။

[ဤကား-နိဒါနဋ္ဌအမြွတ်တည်း။]

## ၃- သံယောဂဋ္ဌ

**မေး။** "တဏှာမှာဘွဲ့နှောင်ခြင်းဟူသည် အဘယ်နည်း။

**ဖြေ။** "သတ္တဝါတို့၏ ဘဝခန္ဓာတို့၌ အကျပ်အတည်း အမြဲ့ဘွဲ့နှောင်ခြင်းတည်း၊ နွားကို ချည်တိုင်၌ခိုင်လှစွာကြိုးဖြင့်ချည်နှောင်၍ထားသကဲ့သို့တည်း။

၁။ နွားနှင့်သတ္တဝါ၏စိတ်။

၂။ ချည်တိုင်နှင့်ဘဝခန္ဓာ။

၃။ ခိုင်လှစွာသော ကြိုးနှင့်တဏှာ။

[ဤကား-သံယောဂဋ္ဌအမြွက်တည်း။]

## ၄-ပလိဗောဓဋ္ဌ

**မေး။** "တဏှာမှာ''နှောင့်ရှက်ခြင်း''ဟူသည် အဘယ်နည်း။

**ဖြေ။** "ရံခါရံဘန် သူတော်ကောင်းတို့၏ တရားကို ကြားနာရ၍ ဘဝသံသရာမှ ထွက်မြောက်ရန် အကြံဖြစ်ပေါ်၍ လာခဲ့သည်ရှိသော် ထိုအကြံအစည်ကို ပျက်အောင် နှောင့်ရှက်ခြင်းတည်း။

ထောင်၌နေရသော အကျဉ်းသားသည် ထောင်မှ ထွက်သွားမည် ကြံစည်လှုပ်ရှားရာ ထောင်မှူးထောင်ကြပ်သိ၍ မလှုပ်ရှားနိုင်အောင် ရိုက်လှဲထောင်းထုခြင်းကို ပြုသကဲ့သို့တည်း။

[ဤကား-ပလိဗောဓဋ္ဌအမြွက်တည်း။]

## အကျဉ်းမှတ်ဘွယ်

၁။ တခုတခုသော ဘဝ၌လည်း ဘွားမြင်သည်မှစ၍ အစဉ်အတိုင်း တနှစ်ထက်တနှစ် လောဘအာရုံ ဒုက္ခအသိုက်အအုံပွားများမှုကား-အာယူဟနဋ္ဌတည်း။

www.dhammaransi.com



၂။ စိတ်နှလုံး အားလပ်ခွင့်မရအောင် တခုပြီးလျှင်တခု ဒုက္ခဝဋ္ဋ, ဒုက္ခမှုတို့ကိုအမြဲဆက်လက်တည်ထောင်မှုကား-နိဒါနဋ္ဌတည်း။

၃။ စိတ်ကိုဒုက္ခဝဋ္ဋ, ဒုက္ခမှုတို့၌ အကျပ်အတည်း ဘွဲ့စည်း၍ထားသည်ကား-သံယောဂဋ္ဌတည်း။

၄။ ဒုက္ခဝဋ္ဋ,ဒုက္ခမှုတို့မှ ထွက်မြောက်ရန်ဖြစ်သော အကြံအစည်တို့ကို ထမြောက်ခွင့်မရဘဲ ခဏခြင်းပျက်အောင် နှောင့်ရှက်သည်ကား- ပလိဗောဓဋ္ဌတည်း။

သမုဒယအနက် ၄-ချက်ပြီး၏။

---

## ဂ-နိရောဓအနက် ၄-ချက်

### ၁-နိဿရဏဋ္ဌ

မေး။ ။"ကျွတ်လွတ်, ဆိတ်ငြိမ်၊ မသေ, မပြို၊ ဤလေးခု၊ သုခအမှန်ထား" ဟူသော နိရောဓသဘော ၄-ချက်တွင် နိဗ္ဗာန်မှာ "ကျွတ်လွတ်မှု" ဟူသည်အဘယ်နည်း။

ဖြေ။ ။သမုဒယသစ္စာတဏှာ၏ ချုပ်ငြိမ်းမှုပင်တည်း၊ တဏှာချုပ်ငြိမ်း၍ ဒုက္ခသစ္စာ၌ပြဆိုခဲ့သော ဒုက္ခစုမှ ကျွတ်လွတ်သည်ကို "ကျွတ်လွတ်"ဆိုသည်။

[ဤကား-နိဿရဏဋ္ဌအမြွက်တည်း။]

### ၂-ပဝိဝေကဋ္ဌ

မေး။ ။နိဗ္ဗာန်မှာ "ဆိတ်ငြိမ်မှု" ဟူသည် အဘယ်နည်း။

ဖြေ။ ။တဏှာနှင့်တကွ ထိုဒုက္ခပလိဗောဓအရှုပ်အထွေး အချင်းခပ်သိမ်း ကင်းရှင်းကွင်းငြိမ်သည်ကို"ဆိတ်ငြိမ်"ဆိုသည်။

[ဤကား-ပဝိဝေကဋ္ဌအမြွက်တည်း။]

### ၃-အမတဋ္ဌ

မေး။ ။နိဗ္ဗာန်မှာ "မသေမှု" ဟူသည် အဘယ်နည်း။

ဖြေ။ ။စင်္ခတသော သင်္ခတတရားတို့မှာသာ သေခြင်းဟူသော မရဏဘေး ထက်ကြပ်ရှိနေသည်၊ ထိုသင်္ခတတရားတို့ကို

www.dhammaransi.com



မိမိကိုယ်ပြု၍ ကျင်လည်သော သူတို့မှာ မရဏာဘေးကို မစိုးရိမ်ရသောအခါဟူ၍ မျက်တောင်တခတ်မျှမရှိ၊ အသင်္ခတဖြစ်သော နိဗ္ဗာန်မှာမူကား-မရဏာဘေးဟူ၍မရှိ၊ ထိုသို့မရှိသည်ကို ''မသေ''ဆိုသည်။

[ဤကား-အမတဋ္ဌအမြွက်တည်း။]

၄-အသင်္ခတဋ္ဌ

မေး။ ။နိဗ္ဗာန်မှာ ''မပြုမှု'' ဟူသည် အဘယ်နည်း။

ဖြေ။ ။စက္ခုစသော သင်္ခတတရားတို့၌သာ အထက်ကပြဆိုခဲ့ပြီးသော သင်္ခါရဒုက္ခမှုရှိနေသည်၊ နိဗ္ဗာန်မှာ သင်္ခါရဒုက္ခမှုမရှိ၊ ကံဖြစ်ပေါ်ခြင်း မရှိသောကြောင့် ဖြစ်ပေါ်အောင်လုပ်ဆောင်ရခြင်းလည်းမရှိ၊ နိစ္စတရား ဖြစ်သောကြောင့် တည်နေရန် ပြုပြင်ဘွယ်လည်းမရှိ၊ ဘောက်ပြန်ခြင်းမရှိသောကြောင့် စိုးရိမ်မှုနှင့် ကြောင့်ကြစိုက်ဘွယ်လည်းမရှိ၊ ထို့ကြောင့် ''မပြု'' ကိုအသင်္ခတဋ္ဌ-ဟူ၍ဆိုသည်။

[ဤကား-အသင်္ခတဋ္ဌ အမြွက်တည်း။]

နိရောဓအနက် ၄-ချက်ပြီး၏။

---

## (ဃ) မဂ္ဂအနက် ၄-ချက်

### ၁-နိယျာနဋ္ဌ

မေး။ ။''ထွက်မြောက်, တည်နိုင်၊ မြင်နိုင်, ကြီးကဲ၊ ဤလေးနဲ၊ ဆင်းရဲငြိမ်းလမ်းထား'' ဟူသော မဂ္ဂသစ္စာ၏ အနက် ၄-ချက်တွင် ''ထွက်မြောက်'' ဟူသည် အဘယ်နည်း။

ဖြေ။ ။သမုဒယသစ္စာတဏှာကို ချုပ်ငြိမ်းအောင် လုပ်ဆောင်အားထုတ်သောပယောဂမှုပေတည်း။

တဏှာသည် ရုပ်နာမ်ခန္ဓာတရားကို သုခထင်မှတ်၍ တွယ်တာ၏၊ ဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ်ဖြင့် ခန္ဓာနာမ်ရုပ်၏ ဒုက္ခအစစ်ဖြစ်ကြောင်းထင်ရှားပေါ်သောအခါ တဏှာချုပ်ငြိမ်း၏၊ ဝဋ္ဋဒုက္ခကျွတ်လွတ်၏၊ ချမ်းသာသုခ အစစ်အမှန်ကား-တဏှာချုပ်ငြိမ်းမှုတခုသာရှိ၏၊တဏှာ

www.dhammaransi.com



ချုပ်ငြိမ်းမှုမှတပါး အမြဲတည်သော ချမ်းသာသုခဟူ၍ တခုမျှမရှိ၊ ထို့ကြောင့် ဝိပဿနာ သမ္မာဒိဋ္ဌိအလုပ်သည် ဒုက္ခမှထွက်မြောက်ရန် လမ်းမှန်အစစ်ဖြစ်သတည်း။

[ဤကား-နိယျာနဋ္ဌအမြွက်တည်း။]

## ၂-ဟေတုဋ္ဌ

မေး။ "မဂ္ဂင် ၈-ပါးမှာ "တည်နိုင်" ဟူသည်အဘယ်နည်း။

ဖြေ။ "ညောင်ပင်၏ရေသောက်မြစ်တို့သည် ညောင်ပင်ကိုကြီးပွား စည်ကားခိုင်မြဲအောင် ကောင်းစွာ တည်ရာ၏ အဖြစ်ကို ပြီးစေနိုင်သကဲ့သို့ မဂ္ဂင် ၈-ပါးတို့သည် အလုံးစုံသော အရိယသီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်တို့ကို ကြီးပွား စည်ကားခိုင်မြဲအောင် ကောင်းစွာ တည်ရာ၏အဖြစ်ကို ပြီးစေနိုင်သည်၊ ဤသို့ အရိယဂုဏ်ကျေးဇူးတို့၏ ကောင်း စွာတည်ရာ၏အဖြစ်ကို ပြီးစေနိုင်သည်ကို "တည်နိုင်" ဆို သတည်း။

[ဤကား-ဟေတုဋ္ဌအမြွက်တည်း။]

## ၃-ဒဿနဋ္ဌ

မေး။ "မဂ္ဂင် ၈-ပါးမှာ "မြင်နိုင်" ဟူသည် အဘယ်နည်း။

ဖြေ။ "ဒိဗ္ဗစက္ခုဉာဏ်ကိုရသည်ရှိသော် ရှေး၌တကြိမ်တခါမျှမမြင် ဘူးရသော နတ်ဘုံနတ်နန်းတို့ကို မျက်မှောက်ထင်ထင် အလင်းမြင်ရသကဲ့သို့ နိဗ္ဗာန်ကို အလင်းမြင်ရသည်ကို "မြင်နိုင်"ဆိုသည်။

[ဤကား-ဒဿနဋ္ဌအမြွက်တည်း။]

## ၄-အဓိပတေယျဋ္ဌ

မေး။ "မဂ္ဂင် ၈-ပါးမှာ "ကြီးကဲ" ဟူသည် အဘယ်နည်း။

ဖြေ။ "လောကီဖြစ်သော သီလ, သမာဓိ, ပညာတို့သည် တဏှာ ၏အုပ်စိုးချက်ကို ခံရကုန်၏၊ တဏှာလျှင် အကြီးအကဲရှိကြ ကုန်၏၊ မဂ္ဂင် ၈-ပါးဟု ဆိုအပ်သော လောကုတ္တရာ

www.dhammaransi.com



သီလ, သမာဓိ, ပညာတို့သည်ကား-တဏှာကို အကြွင်းမဲ့ သတ်နိုင်ကြကုန်သည်ဖြစ်၍ တဏှာ၏နယ်မှ ကျွတ်လွတ်ကြကုန်သည်ဖြစ်၍ မိမိလျှင် အကြီးအကဲ ရှိကြကုန်၏၊ မိမိကိုယ်ကို မိမိတို့ အစိုးရကြကုန်၏၊ ဤသို့မိမိကိုယ်ကို မိမိတို့အစိုးရသည်ကို ''ကြီးကဲ'' ဆိုသည်။

[ဤကား-အဓိပတေယျဋ္ဌအမြွက်တည်း။]

မဂ္ဂအနက် ၄-ချက်ပြီး၏။
သစ္စာအနက် ၁၆-ချက်အဓိပ္ပါယ်ပြီး၏။
သစ္စုဒ္ဒေသဒီပနီကျမ်းပြီး၏။

www.dhammaransi.com

# ပဋိစ္စသမုပ္ပါဒ်အကောက်

## ရတနတ္တယံ အဟံ ဝန္ဒာမိ

### ၁–အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ပုံ

"အဝိဇ္ဇာပစ္စယာ သင်္ခါရာ" ဟူသောပါဠိ၌–

၁။ ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂-ပါးတွင် အကုသိုလ်ဒွါဒသ၌ ရှိသော မောဟသည် အဝိဇ္ဇာမည်၏။

(က) ထိုအဝိဇ္ဇာသည်လည်း သုတ္တန်နည်းအားဖြင့် သစ္စာ ၄-ပါး၌ ဖုံးလွှမ်းသော အဝိဇ္ဇာဟူ၍ ၄-ပါးအပြားရှိ၏။

(ခ) အဘိဓမ္မာဒေသနာ နည်းအားဖြင့်–

၁-၄။ သစ္စာ ၄-ပါး၌ ဖုံးလွှမ်းသောအဝိဇ္ဇာ,

၅။ အတိတ်ဖြစ်သော ခန္ဓာ,အာယတန, ဓာတ်အစုဟုဆိုအပ်သော ပုဗ္ဗန္တ၌ ဖုံးလွှမ်းသော အဝိဇ္ဇာ,

၆။ အနာဂတ်ဖြစ်သော ခန္ဓာ, အာယတန, ဓာတ်အစုဟုဆိုအပ်သော အပရန္တ၌ ဖုံးလွှမ်းသော အဝိဇ္ဇာ,

၇။ အတိတ်အနာဂတ်ဖြစ်သောခန္ဓာ, အာယတန,ဓာတ်အစုဟုဆိုအပ်သော ပုဗ္ဗန္တာပရန္တ၌ ဖုံးလွှမ်းသောအဝိဇ္ဇာ,

၈။ အဝိဇ္ဇာအစရှိသော အကြောင်းတရားဟု ဆိုအပ်သော ပဋိစ္စသမုပ္ပါဒ်တရား, သင်္ခါရအစရှိသော အကျိုးတရားဟုဆိုအပ်သော ပဋိစ္စသမုပ္ပါဒ်တရားတို့၌ ဖုံးလွှမ်းသော အဝိဇ္ဇာ—

ဟူ၍ ၈-ပါးအပြားရှိ၏။

www.dhammaransi.com



၂။ ပြုပြင်အားထုတ်ခြင်းအမှုသည်။ဝါ၊ အကုသိုလ်ဒွါဒသ, လောကီကုသိုလ်သတ္တရသဒွှိရှိသော စေတနာသည် သင်္ခါရမည်၏၊ ထိုသင်္ခါရသည်လည်း—

၁။ အပုညာဘိသင်္ခါရ,

၂။ ပုညာဘိသင်္ခါရ,

၃။ အာနေဉ္ဇာဘိသင်္ခါရ—

အားဖြင့် ၃-ပါးအပြားရှိ၏၊ ထို ၃-ပါးတို့တွင်—

၁။ အကုသိုလ် ဒွါဒသဒွှ ရှိသော စေတနာ ၁၂-ခုသည် အပုညာဘိသင်္ခါရမည်၏။

၂။ ကာမကုသိုလ်စိတ် ၈-ခု, ရူပကုသိုလ်စိတ် ၅-ခုဒွှိရှိသော စေတနာ ၁၃-ခုသည် ပုညာဘိသင်္ခါရမည်၏။

၃။ အရူပကုသိုလ်စိတ် ၄-ခုဒွှိရှိသော စေတနာ ၄-ခုသည် အာနေဉ္ဇာဘိသင်္ခါရမည်၏။

ထို ၃-ပါးတို့တွင် အပုညာဘိသင်္ခါရသည်လည်း—

၁။ ကာယသင်္ခါရ,

၂။ ဝစီသင်္ခါရ,

၃။ စိတ္တသင်္ခါရ—

အားဖြင့် ၃-ပါးအပြားရှိ၏၊ထို ၃-ပါးတို့တွင်—

၁။ ပါဏာတိပါတ, အဒိန္နာဒါန, ကာမေသုမိစ္ဆာစာရ-ဟုဆိုအပ်သော ကာယဒုစရိုက်ကံ ၃-ပါးသည် ကာယသင်္ခါရမည်၏။

၂။ မုသာဝါဒ, ပိသုဏဝါစာ, ဖရုသဝါစာ, သမ္ဖပ္ပလာပ-ဟုဆိုအပ်သော ဝစီဒုစရိုက်ကံ ၄-ပါးသည် ဝစီသင်္ခါရမည်၏။

၃။ အဘိဇ္ဈာ, ဗျာပါဒ, မိစ္ဆာဒိဋ္ဌိဟုဆိုအပ်သော မနောဒုစရိုက်ကံ ၃-ပါးသည် စိတ္တသင်္ခါရမည်၏။

www.dhammaransi.com



ပုညာဘိ သင်္ခါရသည်လည်း—
၁။ ကာမပုညာဘိသင်္ခါရ,
၂။ ရူပပုညာဘိသင်္ခါရ,
ဟူ၍ ၂-ပါးအပြားရှိ၏၊ ထို ၂-ပါးတို့တွင်—
ကာမပုညာဘိသင်္ခါရသည်လည်း—
၁။ ကာယသင်္ခါရ,
၂။ ဝစီသင်္ခါရ,
၃။ စိတ္တသင်္ခါရ—
ဟူ၍ ၃-ပါးအပြားရှိ၏၊ ထို ၃-ပါးတို့တွင်—
၁။ ကာယဒုစရိုက် ၃-ပါးတို့မှ ကြဉ်ရှောင်ခြင်းဟု ဆိုအပ်သောကာယသုစရိုက်ကံ ၃-ပါးသည် ကာယသင်္ခါရမည်၏။
၂။ ဝစီဒုစရိုက် ၄-ပါးတို့မှ ကြဉ်ရှောင်ခြင်းဟု ဆိုအပ်သော ဝစီသုစရိုက်ကံ ၄-ပါးသည် ဝစီသင်္ခါရမည်၏။
၃။ အနဘိဇ္ဈာ, အဗျာပါဒ,သမ္မာဒိဋ္ဌိဟု ဆိုအပ်သောမနောသုစရိုက်ကံ ၃-ပါးသည် စိတ္တသင်္ခါရမည်၏။

ရူပပုညာဘိသင်္ခါရသည်လည်းကောင်း, အာနဉ္ဇာဘိသင်္ခါရသည် လည်းကောင်း မနောကံစိတ္တသင်္ခါရသာတည်း။

### ကိစ္စအားဖြင့် ကံ ၄-ပါး

အလုံးစုံသော သင်္ခါရသည်ပင်လျှင်ကံမည်၏၊ ထိုကံသည်—
၁။ ဇနကကံ,
၂။ ဥပတ္ထမ္ဘကကံ,
၃။ ဥပပီဠကကံ,
၄။ ဥပဃာတကကံ—
ဟူ၍ ကိစ္စအားဖြင့် ၄-ပါးအပြားရှိ၏၊ထို ၄-ပါးတို့တွင်—

၁။ ပဋိသန္ဓေအခါ၌ငှင်း, ပဝတ္တိအခါ၌ငှင်း ဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ်တို့ကို ဖြစ်စေတတ်သော ကမ္မပထမြောက်သော ဒုစရိုက် ၁၀-ပါး, သုစရိုက် ၁၀-ပါးသည်ငှင်း၊ ပဝတ္တိအခါ၌သာ ဝိပါက်

www.dhammaransi.com



နာမက္ခန္ဓာ ကဋတ္တာရုပ်တို့ကို ဖြစ်စေတတ်သော ဒုစရိုက် ၁၀-ပါး, သုစရိုက် ၁၀-ပါး သည်ငှင်း ဝိပါက်နာမက္ခန္ဓာကဋတ္တာ ရုပ်တို့ကို ဖြစ်စေခိုက်ဇနကကံမည်၏။

၂။ ထိုဒုစရိုက်, သုစရိုက်တို့သည်ပင်လျှင် ဇနကကံသည် ဖြစ်စေအပ်သော ဝိပါက်နာမက္ခန္ဓာကဋတ္တာ ရုပ်တို့ကို အရှည်ခိုင်ခံ့အောင် ထောက်ပံ့ခိုက် ဥပတ္ထမ္ဘကကံမည်၏။

၃။ ထိုဒုစရိုက်, သုစရိုက်တို့သည်ပင်လျှင် ဇနကကံသည် ဖြစ်စေအပ်သော ဝိပါက်နာမက္ခန္ဓာကဋတ္တာရုပ်တို့ကို နွမ်းနယ်ညှိုးနွမ်းအောင် ညှဉ်းပန်း နှိပ်စက်ခိုက် ဥပပီဠကကံမည်၏။

၄။ ထိုထိုဒုစရိုက်, သုစရိုက်တို့သည်ပင်လျှင် ဇနကကံသည်ဖြစ်စေအပ်သော ဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ်တို့ကို အကြွင်းမဲ့ ဖြတ်ခိုက် ဥပဃာတကကံမည်၏။

### အကျိုးပေးခြင်းအလှည့်အကြိမ်အားဖြင့် ကံ ၄-ပါး

တနည်းကား—

၁။ ဂရုကကံ,

၂။ အာစိဏ္ဏကံ,

၃။ အာသန္နကံ,

၄။ ကဋတ္တာကံ—

ဟူ၍အကျိုးပေးခြင်းအလှည့်အကြိမ်အားဖြင့် ၄-ပါးအပြားရှိ၏။

ထို ၄-ပါးတို့တွင်—

၁။ အကုသိုလ်အဘို့၌ မာတုဃာတကကံ, ပိတုဃာတကကံ, အရဟန္တဃာတကကံ, လောဟိတုပ္ပါဒကကံ, သံဃဘေဒကကံ, နိယတမိစ္ဆာဒိဋ္ဌိကံ စုသည်ငှင်း၊ ကုသိုလ်အဘို့၌သမာပတ်၈-ပါးဟု ဆိုအပ်သောကံစုသည်ငှင်း ဂရုကံမည်၏။

၂။ အမြဲနိစ္စဇဝနိ်အားထုတ်အပ်သော ကုသိုလ်ကံ, အကုသိုလ်ကံစုသည်ငှင်း၊ တကြိမ်တခါမျှပြုပြီး၍ အမြဲနိစ္စဇဝနိ် မေ့အပ်သော ကုသိုလ်ကံ, အကုသိုလ်ကံစုသည်ငှင်း အာစိဏ္ဏကံမည်၏။

www.dhammaransi.com



၃။ သောဒါနီးအခါ၌ ဖြစ်အပ်သော ကုသိုလ်ကံ, အကုသိုလ်ကံ စု သည့်ရင်း၊ ရှေးအခါ၌ ပြုပြီး၍ သောဒါနီးအခါ၌ အောက်မေ့အပ်သော ကုသိုလ်ကံ,အကုသိုလ်ကံစုသည့်ရင်း အာသန္နကံမည်၏။

၄။ ထို၃-ပါးမှ အလွတ်ဖြစ်သော ရှေးရှေးသောဘဝတို့၌ ပြုအပ် သော ကံစုသည့်ရင်း၊ ယခုဘဝ၌ပြုအပ်သော ကံစုသည့်ရင်း ကဋတ္တာကံ မည်၏။

### အကျိုးပေးခြင်း အလှည့်အကြိမ်

ထို၄-ပါးတို့တွင်—

၁။ ရှေးကံ၃-ပါးသည် ယခုဘဝ၌ပြုအပ်သော သတ္တမဇောဟု ဆို အပ်သော ဥပပဇ္ဇဝေဒနီယကံစုသာတည်း။

၂။ ကဋတ္တာကံသည် ယခုဘဝ၌ပြုအပ်သော သတ္တမဇောဟု ဆို အပ်သော ဥပပဇ္ဇဝေဒနီယကံ, ရှေးရှေးဘဝတို့၌ပြုအပ်သော အပရာပရိယ ဝေဒနီယကံအားဖြင့်၂-ပါးရှိ၏။

၃။ ထို၄-ပါးစုံရှိသောသူအား ဂရုကကံသည်သာလျှင်ဒုတိယဘဝ၌ အကျိုးပေး၏။

၄။ ၃-ပါးစုံရှိသောသူအား အာစိဏ္ဏကံသည်သာလျှင်ဒုတိယဘဝ၌ အကျိုးပေး၏။

၅။ ၂-ပါးစုံရှိသောသူအား အာသန္နကံသည်သာလျှင်ဒုတိယဘဝ၌ အကျိုးပေး၏။

၆။ ရှေးကံ၃-ပါးမရှိသောသူအား ကဋတ္တာကံသည်သာလျှင် ဒုတိ ယဘဝ၌အကျိုးပေး၏။

### အကျိုးပေးရာကာလအားဖြင့်ကံ၄-ပါး

တနည်းကား—

၁။ ဒိဋ္ဌဓမ္မဝေဒနီယကံ,

၂။ ဥပပဇ္ဇဝေဒနီယကံ,

၃။ အပရာပရိယဝေဒနီယကံ,

၄။ အဟောသိကံ-

ဟူ၍ အကျိုးပေးရာကာလ အပြားအားဖြင့် ၄- ပါး အပြားရှိ၏၊

www.dhammaransi.com



ထို၄-ပါးတို့တွင်—

၁-၄။ ယခုဘဝ၌သာအတိတ်ဝိပါက် နာမက္ခန္ဓာကဋတ္တာရုပ်တည်းဟူသော ပဝတ္တိအကျိုးတို့ကို ဖြစ်စေနိုင်သော ပဌမဇောစေတနာသည် ဒိဋ္ဌဓမ္မဝေဒနီယကံမည်၏။

ထိုသို့ အကျိုးမပေးရသော ပဌမဇောစေတနာသည် အဟောသိကံမည်၏။

၂-၄။ ဒုတိယဘဝ၌ ပဋိသန္ဓေအကျိုးကို, ဘဝများစွာတို့၌ ပဝတ္တိအကျိုးကို ဖြစ်စေနိုင်သော သတ္တမဇောစေတနာသည် ဥပပဇ္ဇဝေဒနီယကံမည်၏၊ ထိုသို့ အကျိုးမပေးရသော သတ္တမဇော စေတနာသည် အဟောသိကံမည်၏။

၃-၄။ တတိယဘဝမှစ၍ နိဗ္ဗာန်ရသည့် ဘဝတိုင်အောင် အခွင့်ရရာ၌ ပဋိသန္ဓေအကျိုးကို ၅-ကြိမ်, ဘဝများစွာတို့၌ ပဝတ္တိအကျိုးကို ဖြစ်စေနိုင်သော အလယ်ဇော ၅-ချက်စေတနာသည် အပရာပရိယဝေဒနီယကံမည်၏၊ ထိုသို့အကျိုးမပေးရသော အလယ်ဇော ၅- ချက်စေတနာသည် အဟောသိကံမည်၏။

အဝိဇ္ဇာကြောင့်သင်္ခါရဖြစ်ပုံပြီး၏။

---

## ၂-သင်္ခါရကြောင့်ဝိညာဏ်ဖြစ်ပုံ

"သင်္ခါရပစ္စယာ ဝိညာဏံ" ဟူသောပါဌ်၌—

၁။ ဥဒ္ဒစ္စစေတနာသည် ကြဉ်အပ်သော ဆိုအပ်ခဲ့ပြီးသော အကုသိုလ်စေတနာ ၁၁-ခုဟု ဆိုအပ်သော အပုညာဘိသင်္ခါရသည်ပဋိသန္ဓေအခါ အပါယ် ၄-ဘုံတို့၌ အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏဟု ဆိုအပ်သော ပဋိသန္ဓေဝိညာဏ်ကိုဖြစ်စေ၏။

၂။ ဥဒ္ဒစ္စစေတနာနှင့်တကွဖြစ်သော အကုသိုလ်စေတနာ ၁၂-ခုဟု ဆိုအပ်သော ထိုအပုညာဘိသင်္ခါရသည် ပဝတ္တိအခါ ကာမဘုံတို့၌ အကုသလဝိပါက် ၇-ခုဟုဆိုအပ်သော ပဝတ္တိဝိညာဏ်ကိုဖြစ်စေ၏။

၃။ အသညသတ် ကြဉ်သောရူပ ၁၅- ဘုံတို့၌ အကုသလဝိပါက် စက္ခုဝိညာဏ်, သောတဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏဟု ဆိုအပ်သော ပဝတ္တိဝိညာဏ်ကိုဖြစ်စေ၏။

www.dhammaransi.com



၄။ ဒွိဟိတ်ဩမကစေတနာ ၄-ခုဟု ဆိုအပ်သောပုညာဘိသင်္ခါရသည် ပဋိသန္ဓေအခါ လူ့ဘုံ၌ ပဋိသန္ဓေအားဖြင့် ကန်းသောသူ အစရှိသော လူတို့အားဇင်း, စာတုမဟာရာဇ်ဘုံ၌ ဝိနိပါတိက အသုရာ ဟုဆိုအပ်သော ဘုန်းတန်ခိုး ဣဒ္ဓိပါဒ်နည်းသော ဘုမ္မစိုးနတ်တို့အားဇင်း အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏဟု ဆိုအပ်သော ပဋိသန္ဓေဝိညာဏ်ကို ဖြစ်စေ၏၊ ပဝတ္တိအခါ ကာမဘုံတို့၌ အဟိတ်ကုသလ ဝိပါက်၈-ခုဟုဆိုအပ်သော ပဝတ္တိဝိညာဏ်ကို ဖြစ်စေ၏၊ အသညသတ်ကြဉ်သော ရူပ၁၅- ဘုံတို့၌ အဟိတ်ကုသလဝိပါက် စက္ခုဝိညာဏ်, သောတဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏဟု ဆိုအပ်သော ပဝတ္တိဝိညာဏ်ကိုဖြစ်စေ၏။

၅။ ဒွိဟိတ်ဥက္ကဋ္ဌစေတနာ၄-ခု, တိဟိတ်ဩမကစေတနာ၄- ခုဟုဆိုအပ်သော ပုညာဘိသင်္ခါရသည် ပဋိသန္ဓေအခါ ကာမသုဂတိ ၇-ဘုံတို့၌ ဘုန်းရှိသောသူတို့အား မဟာဝိပါက်ဉာဏဝိပ္ပယုတ်ဟုဆိုအပ်သော ပဋိသန္ဓေဝိညာဏ်ကို ဖြစ်စေ၏၊ ပဝတ္တိအခါ ကာမသုဂတိ ၇-ဘုံတို့၌ အဟိတ်ကုသလ ဝိပါက် ၈-ခု,မဟာဝိပါက်ဉာဏဝိပ္ပယုတ် ၄-ခုဟု ဆိုအပ်သော ပဝတ္တိဝိညာဏ်ကို ဖြစ်စေ၏၊ အပါယ် ၄-ဘုံတို့၌ အဟိတ်ကုသလဝိပါက် ၈- ခုဟု ဆိုအပ်သောပဝတ္တိဝိညာဏ်ကို ဖြစ်စေ၏၊ အသညသတ်ကြဉ်သောရူပ ၁၅- ဘုံတို့၌အဟိတ်ကုသလဝိပါက် စက္ခုဝိညာဏ်၊ သောတဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏဟု ဆိုအပ်သော ပဝတ္တိဝိညာဏ်ကို ဖြစ်စေ၏။

၆။ တိဟိတ်ဥက္ကဋ္ဌ စေတနာ ၄-ခုဟု ဆိုအပ်သောကာမပုညာဘိသင်္ခါရသည် ပဋိသန္ဓေအခါ မဟာဝိပါက် ဉာဏသမ္ပယုတ်စိတ် ၄-ခုဟု ဆိုအပ်သော ပဋိသန္ဓေ ဝိညာဏ်ကို ဖြစ်စေ၏၊ပဝတ္တိအခါ ကာမသုဂတိ ၇-ဘုံတို့၌ အဟိတ်ကုသလဝိပါက် ၈-ခု, မဟာဝိပါက် ၈-ခုဟုဆိုအပ်သော ပဝတ္တိဝိညာဏ်ကိုဖြစ်စေ၏၊ အသညသတ် ကြဉ်သောရူပ ၁၅-ဘုံတို့၌ အဟိတ်ကုသလဝိပါက် စက္ခုဝိညာဏ်,သောတဝိညာဏ်,သမ္ပဋိစ္ဆိုင်း,သန္တီရဏဟု ဆိုအပ်သော ပဝတ္တိဝိညာဏ်ကို ဖြစ်စေ၏။

www.dhammaransi.com



၇။ အဘိညာဉ်ကြွဉ်သော ရူပကုသိုလ် ၅-ခုဟု ဆိုအပ်သောရူပ-ပုညာဘိသင်္ခါရသည် ပဋိသန္ဓေအခါ အသညသတ်ကြွဉ်သောရူပ ၁၅-ဘုံတို့၌ ရူပဝိပါက် ၄-ခုဟု ဆိုအပ်သော ပဋိသန္ဓေဝိညာဏ်ကိုဖြစ်စေ၏။

၈။ အဘိညာဉ်စေတနာနှင့်တကွဖြစ်သော ထိုရူပပုညာဘိသင်္ခါရသည် အသညသတ်ကြွဉ်သော ရူပ ၁၅-ဘုံတို့၌အဟိတ်ကုသလဝိပါက် စက္ခုဝိညာဏ်, သောတဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏဟု ဆိုအပ်သော ပဝတ္တိ ဝိညာဏ်ကိုဖြစ်စေ၏။

၉။ အရူပကုသိုလ် ၄-ခုဟု ဆိုအပ်သောအာနဉ္စာဘိ သင်္ခါရသည် အရူပ ၄-ဘုံတို့၌ အရူပဝိပါက် ၄-ခုဟု ဆိုအပ်သော ပဋိသန္ဓေဝိညာဏ်, ပဝတ္တိဝိညာဏ်ကို ဖြစ်စေ၏။

သင်္ခါရကြောင့် ဝိညာဏ်ဖြစ်ပုံပြီ ၏။

---

### ၃–ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်ပုံ

"ဝိညာဏပစ္စယာ နာမရူပံ" ဟူသောပါဠိ၌–

(က) ဝိညာဏ်သည် ဆိုအပ်ခဲ့ပြီးသော ဝိညာဏ်စုပင်တည်း။

(ခ) နာမ်ရုပ်ဟူသည်ကား–

၁။ ပဋိသန္ဓေဝိညာဏ်နှင့် တကွဖြစ်သော စေတသိက်ပဋ္ဌတိံသ သည်ရင်း, ပဝတ္တိဝိညာဏ်နှင့် တကွဖြစ်သော စေတသိက် ပဋ္ဌတိံသသည်ရင်း နာမ်မည်၏။

၂။ ပဋိသန္ဓေဝိညာဏ်နှင့် တကွဖြစ်သော ပဋိသန္ဓေ ကမ္မဇရုပ် ဝီသသည်ရင်း, ပဝတ္တိဝိပါက် ဝိညာဏ်ကြောင့် ဖြစ်သော ပဝတ္တိစိတ္တဇရုပ်စုသည်ရင်း, ပစ္ဆာဇာတပစ္စယုပ္ပန် ဖြစ်သော ရုပ် အဋ္ဌဝီသသည်ရင်း ရုပ်မည်၏။

ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်ပုံပြီး၏။

www.dhammaransi.com



## ၄–နာမ်ရုပ်ကြောင့် သဠာယတနဖြစ်ပုံ

"နာမရူပပစ္စယာ သဠာယတနံ" ဟူသောပါဌ်၌–

၁။ ဆိုအပ်ခဲ့ပြီးသော ပဋိသန္ဓေဝိညာဏ်,ပဝတ္တိဝိညာဏ်နှင့် တကွဖြစ်သော စေတသိက်ပဉ္စတိံသသည် နာမ်မည်၏။

၂။ ပဿာဒရုပ် ၅-ခုအား ကျေးဇူးပြုတတ်သော မဟာဘုတ် ၄-ပါး၊ မနာယတနအား ကျေးဇူးပြုတတ်သော ဝတ္ထုရုပ် ၆-ပါး၊အာဟာရရုပ်, ဇီဝိတရုပ်ဟု ဆိုအပ်သော ၁၂-ပါးသောရုပ်သည် ရုပ်မည်၏။

၃။ စက္ခာယတန, သောတာယတန,ဃာနာယတန, ဇိဝှါယတန, ကာယာယတနဟုဆိုအပ်သော အာယတန ၅-ပါးသည်ငှင်း, လောကီဝိပါက်ဗာတ္တိံသဟု ဆိုအပ်သော မနာယတနသည်ငှင်း အာယတနမည်၏။

ထိုနာမ်ရုပ်တို့တွင် မဟာဘုတ် ၄-ပါး, အာဟာရရုပ်, ဇီဝိတရုပ်သည် မိမိနှင့်သဟဇာတ်ဖြစ်သော စက္ခာယတန, သောတာယတန, ဃာနာယတန,ဇိဝှါယတန,ကာယာယတနဟု ဆိုအပ်သောရုပ်အာယတနတို့ကို ဖြစ်စေ၏၊ ဆိုအပ်ခဲ့ပြီးသော စေတသိက်ပဉ္စတိံသဟု ဆိုအပ်သော နာမ်သည်ငှင်း, ဝတ္ထုရုပ် ၆-ပါးဟု ဆိုအပ်သော ရုပ်သည်ငှင်း မနာယတနကို ဖြစ်စေ၏။

နာမ်ရုပ်ကြောင့် သဠာယတနဖြစ်ပုံပြီး၏။

---

## ၅–သဠာယတနကြောင့် ဖဿဖြစ်ပုံ

"သဠာယတနပစ္စယာ ဖဿော" ဟူသော ပါဌ်၌–

(က) အာယတနသည် ဆိုအပ်ခဲ့ပြီးသော အာယတနစုပင်တည်း။

(ခ) ၁။ စက္ခာယတန, ရူပါယတန, စက္ခုဝိညာဏ်ဟု ဆိုအပ်သော မနာယတန၊ ဤအာယတန ၃-ပါးကိုအစွဲပြု၍ ဖြစ်သော စက္ခုဝိညာဏ်နှင့် ယှဉ်သော စက္ခုသမ္ဖဿသည်ငှင်း,

www.dhammaransi.com



၂။ သောတာယတန, သဒ္ဒါယတန, သောတဝိညာဏ်ဟု ဆိုအပ်သော မနာယတန၊ ဤအာယတန ၃-ပါးကို အစွဲပြု၍ဖြစ်သော သောတဝိညာဏ်နှင့် ယှဉ်သော သောတသမ္ဖဿသည်၎င်း,

၃။ ဃာနာယတန, ဂန္ဓာယတန, ဃာနဝိညာဏ်ဟု ဆိုအပ်သော မနာယတန၊ ဤအာယတန ၃-ပါးကိုအစွဲပြု၍ဖြစ်သော ဃာနဝိညာဏ်နှင့် ယှဉ်သောဃာန သမ္ဖဿသည်၎င်း,

၄။ ဇိဝှါယတန, ရသာယတန, ဇိဝှါဝိညာဏ်ဟု ဆိုအပ်သော မနာယတန၊ ဤအာယတန ၃-ပါးကိုအစွဲပြု၍ ဖြစ်သော ဇိဝှါဝိညာဏ်နှင့်ယှဉ်သော ဇိဝှါသမ္ဖဿသည်၎င်း,

၅။ ကာယာယတန, ဖောဋ္ဌဗ္ဗာယတန, ကာယဝိညာဏ်ဟု ဆိုအပ်သော မနာယတန၊ ဤအာယတန ၃-ပါးကို အစွဲပြု၍ ဖြစ်သော ကာယဝိညာဏ်နှင့် ယှဉ်သော ကာယသမ္ဖဿသည်၎င်း။

၆။ ကြွင်းသော မနာယတန, ဓမ္မာယတန၊ ဤအာယတန ၂-ပါးကိုအစွဲပြု၍ဖြစ်သော သမ္ပယုတ္တိုင်း အစရှိသော မနောဝိညာဏ်နှင့် ယှဉ်သော မနောသမ္ဖဿသည် ၎င်း,

ဤဖဿတရား၆-ပါးသည် ဖဿမည်၏။

သဠာယတနကြောင့် ဖဿဖြစ်ပုံပြီး၏။

---

### ၆-ဖဿကြောင့်ဝေဒနာဖြစ်ပုံ

"ဖဿပစ္စယာဝေဒနာ"ဟူသောပါဠ်၌—

(က) ဖဿသည် ဆိုအပ်ခဲ့ပြီးသော ဖဿစုပင်တည်း။

(ခ) ဝေဒနာသည်—

၁။ စက္ခုသမ္ဖဿနှင့်ယှဉ်သော စက္ခုသမ္ဖဿဇာဝေဒနာ,

၂။ သောတသမ္ဖဿနှင့်ယှဉ်သော သောတသမ္ဖဿဇာ ဝေဒနာ,

www.dhammaransi.com



၃။ ဃာနသမ္ဖဿနှင့်ယှဉ်သော ဃာနသမ္ဖဿဇာဝေဒနာ,
၄။ ဇိဝှါသမ္ဖဿနှင့်ယှဉ်သော ဇိဝှါသမ္ဖဿဇာဝေဒနာ,
၅။ ကာယသမ္ဖဿနှင့်ယှဉ်သော ကာယသမ္ဖဿဇာဝေဒနာ,
၆။ မနောသမ္ဖဿနှင့်ယှဉ်သော မနောသမ္ဖဿဇာ ဝေဒနာ အားဖြင့် ၆-ပါးအပြားရှိ၏။

ဖဿကြောင့် ဝေဒနာဖြစ်ပုံပြီး၏။

### ၇-ဝေဒနာကြောင့်တဏှာဖြစ်ပုံ

"ဝေဒနာပစ္စယာ တဏှာ"ဟူသောပါဠ်၌—

(က) ဝေဒနာသည် ဆိုအပ်ခဲ့ပြီးသောဝေဒနာစုပင်တည်း။

(ခ) တဏှာသည်—

၁။ ရူပါရုံ၌သာယာတတ်သောတဏှာသည် ရူပတဏှာမည်၏။
၂။ သဒ္ဒါရုံ၌ သာယာတတ်သော တဏှာသည် သဒ္ဒတဏှာ မည်၏။
၃။ ဂန္ဓာရုံ၌ သာယာတတ်သော တဏှာသည် ဂန္ဓတဏှာ မည်၏။
၄။ ရသာရုံ၌ သာယာတတ်သော တဏှာသည် ရသတဏှာ မည်၏။
၅။ ပထဝီ,တေဇော,ဝါယော-ဟုဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံ၌ သာယာတတ်သော တဏှာသည် ဖောဋ္ဌဗ္ဗတဏှာမည်၏။
၆။ လောကီစိတ် စေတသိက်, စေတသိက်ဒွေပညာသ,ပသာ-ဒရုပ်၅-ခု, သုခုမရုပ်သောဠသ, ပညတ်ဟုဆိုအပ်သော ဓမ္မာရုံ၌ သာယာတတ်သော တဏှာသည် ဓမ္မတဏှာ မည်၏။

ဝေဒနာကြောင့်တဏှာဖြစ်ပုံပြီး၏။

www.dhammaransi.com



## ဂ-တဏှာကြောင့် ဥပါဒါန်ဖြစ်ပုံ

''တဏှာပစ္စယာ ဥပါဒါနံ''ဟူသောပါဠိ၌–

(က) တဏှာသည် ဆိုအပ်ခဲ့ပြီးသောတဏှာစုပင်တည်း။

(ခ) ဥပါဒါန်သည်–

၁။ ကာမုပါဒါန်,

၂။ ဒိဋ္ဌုပါဒါန်,

၃။ သီလဗ္ဗတုပါဒါန်,

၄။ အတ္တဝါဒုပါဒါန်,

ဟူ၍၄-ပါးအပြားရှိ၏၊ ထို၄-ပါးတို့တွင်–

၁။ ကာမဂုဏ်၅-ပါးတို့၌ အပြင်းအထန် စွဲလမ်းသော တဏှာသည် ကာမုပါဒါန်မည်၏။

၂။ အပြင်းအထန် စွဲလမ်းသော ၆၂-ပါးသော ဒိဋ္ဌိသည် ဒိဋ္ဌုပါဒါန်မည်၏။

၃။ ဂေါသီလ, ဂေါဝတ-စသည်တို့ကို သံသရာမှ ထွက်မြောက်ကြောင်း စင်စစ်ဖြစ်၏ဟု စွဲလမ်းသော ဒိဋ္ဌိသည် သီလဗ္ဗတုပါဒါန်မည်၏။

၄။ ရုပ်သည်ပင် ငါတည်း၊ငါသည်ပင် ရုပ်တည်း-ဟူ၍၎င်း, ငါအား ရုပ်ရှိ၏ဟူ၍၎င်း, ငါ၌ ရုပ်မှီသည်ဟူ၍၎င်း, ရုပ်၌ ငါမှီသည်ဟူ၍၎င်း ရူပက္ခန္ဓာ၌ စွဲလမ်းခြင်း၄-ပါး။

ဝေဒနာသည်ပင် ငါတည်း၊ ငါသည်ပင် ဝေဒနာတည်းဟူ၍၎င်း, ငါအား ဝေဒနာရှိ၏ ဟူ၍၎င်း, ငါ၌ ဝေဒနာမှီသည်ဟူ၍၎င်း,ဝေဒနာ၌ ငါမှီသည်ဟူ၍၎င်း ဝေဒနာက္ခန္ဓာ၌ စွဲလမ်းခြင်း၄-ပါး။

သညာသည်ပင် ငါတည်း၊ ငါသည်ပင် သညာတည်းဟူ၍၎င်း, ငါအား သညာရှိ၏ဟူ၍၎င်း, ငါ၌ သညာမှီသည်ဟူ၍၎င်း, သညာ၌ ငါမှီသည်ဟူ၍၎င်း သညာက္ခန္ဓာ၌ စွဲလမ်းခြင်း၄-ပါး။

သင်္ခါရသည်ပင် ငါတည်း၊ ငါသည်ပင် သင်္ခါရတည်းဟူ၍၎င်း, ငါအား သင်္ခါရရှိ၏ဟူ၍၎င်း, ငါ၌ သင်္ခါရမှီသည်ဟူ၍၎င်း, သင်္ခါရ၌ ငါမှီသည်ဟူ၍၎င်း သင်္ခါရက္ခန္ဓာ၌ စွဲလမ်းခြင်း၄-ပါး။

www.dhammaransi.com



ဝိညာဏ်သည်ပင် ငါတည်း၊ ငါသည်ပင် ဝိညာဏ်တည်းဟူ၍ ၎င်း, ငါအား ဝိညာဏ်ရှိ၏ဟူ၍၎င်း,ငါ၌ ဝိညာဏ်မှိသည်ဟူ၍၎င်း,ဝိညာဏ်၌ ငါမှိသည်ဟူ၍၎င်း ဝိညာဏက္ခန္ဓာ၌ စွဲလမ်းခြင်း၄-ပါး။

ဤသို့လျှင် ခန္ဓာ၅-ပါး၌ ၂၀-သော အခြင်းအရာအားဖြင့် အပြင်းအထန် စွဲလမ်းသောသက္ကာယဒိဋ္ဌိသည် အတ္တဝါဒုပါဒါန်မည်၏။

တဏှာကြောင့်ဥပါဒါန်ဖြစ်ပုံပြီး၏။

---

## ၉-ဥပါဒါန်ကြောင့်ဘဝဖြစ်ပုံ

"ဥပါဒါနပစ္စယာ ဘဝေါ" ဟူသောပါဌ်၌–

(က) ဥပါဒါန်သည် ဆိုအပ်ခဲ့ပြီးသော ဥပါဒါန်စုပင်တည်း။

(ခ) ဘဝသည်–

၁။ ကမ္မဘဝ,

၂။ ဥပပတ္တိဘဝ-

အားဖြင့် ၂-ပါးအပြားရှိ၏၊ ထို၂-ပါးတို့တွင်–

၁။ လောကီကုသိုလ်,အကုသိုလ်,စေတနာစုသည်၎င်း၊ ထိုစေတနာနှင့် ယှဉ်သော လောကီကုသိုလ်, အကုသိုလ် စိတ္တုပ္ပါဒ်စုသည် ၎င်း ကမ္မဘဝမည်၏။

၂။ ဥပပတ္တိ ဘဝသည်လည်း ကာမဘဝ, ရူပဘဝ, အရူပဘဝ, သညီဘဝ, အသညီဘဝ, နေဝသညီနာသညီဘဝ, ဧကဝေါကာရဘဝ, စတုဝေါကာရဘဝ, ပဉ္စဝေါကာရ ဘဝ-အားဖြင့် ၉-ပါးအပြားရှိ၏၊ ထို၉-ပါးတို့တွင်–

၁။ ကာမဝိပါက် တေဝီသ,စေတသိက် တေတ္တိံသ, ကမ္မဇရုပ်ဝီသသည်ကာမဘဝမည်၏။

၂။ ရူပဘုံ၌ဖြစ်သော စက္ခုဝိညာဏ် ဒွေ, သောတဝိညာဏ် ဒွေ, သမ္ပဋိစ္ဆိုင်းဒွေ, သန္တီရဏ ၃-ခု, ရူပဝိပါက်စိတ်၅-ခု,စေတသိက်ပဉ္စတိံသသည်၎င်း၊ ဃာန,ဇိဝှါ, ကာယ, ဣတ္ထိဘော, ပုမ္ဘာဝကြဉ်သော ကမ္မဇရုပ်၁၅-ခုသည်၎င်း ရူပဘဝမည်၏။

၃။ အရူပဝိပါက်၄-ခု, စေတသိက်တိံသသည် အရူပဘဝမည်၏။

www.dhammaransi.com



၄။ ဆိုအပ်ခဲ့ပြီးသော ကာမဘဝ, ရူပဘဝစုသည်ရှင်း၊ အာကာသာနဉ္စာယတနဝိပါက်,ဝိညာဏဉ္စာယတနဝိပါက်,အာကိဉ္စညာယတနဝိပါက်, စေတသိက်တို့သသည်ရှင်း သညီဘဝမည်၏။

၅။ အသညသတ်ဘုံ၌ဖြစ်သော ဇီဝိတဆဋ္ဌက, ဇီဝိတနဝကရုပ်သည် အသညီဘဝမည်၏။

၆။ နေဝသညာနာသညာ ယတန ဝိပါက်တခု, စေတသိက်တို့သသည် နေဝသညီနာသညီဘဝမည်၏။

၇။ အသညီဘဝသည် ဧကဝေါကာရဘဝမည်၏။

၈။ အရူပဝိပါက် ၄-ခု, စေတသိက်တို့သသည် စတုဝေါကာရဘဝမည်၏။

၉။ ဆိုအပ်ခဲ့ပြီးသော ကာမဘဝ, ရူပဘဝစုသည် ပဉ္စဝေါကာရဘဝမည်၏။

ဥပါဒါန်ကြောင့်ဘဝဖြစ်ပုံပြီး၏။

**၁၀-ဘဝကြောင့် ဇာတိဖြစ်ပုံ**

''ဘဝပစ္စယာ ဇာတိ'' ဟူသောပါဌ်၌—

၁။ ကမ္မဘဝ,ဥပပတ္တိဘဝ ၂-ပါးတို့တွင် ကမ္မဘဝကိုသာအလိုရှိအပ်၏။

၂။ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ-ဟုဆိုအပ်သော ဥပပတ္တိဘဝတို့၏ ထိုထိုဘုံဘဝတို့၌ အသစ်အသစ်ဖြစ်ပေါ်မှုသည် ဇာတိမည်၏၊ ထိုအသစ်ဖြစ်ပေါ်မှုသည်ဖြစ်ပေါ်သောဓမ္မသဘာဝနှင့်မကင်းလေသောကြောင့် ဇာတိဟူသောပါဌ်ဖြင့် အသစ်အသစ်ဖြစ်ပေါ်ဆဲဖြစ်သော ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ-ဟုဆိုအပ်သော ဥပပတ္တိဘဝကိုပင်ယူအပ်၏။

ဘဝကြောင့်ဇာတိဖြစ်ပုံပြီး၏။

www.dhammaransi.com



## ၁၁-ဇာတိကြောင့်ဇရာမရဏဖြစ်ပုံ

"ဇာတိပစ္စယာ ဇရာမရဏံ" ဟူသောပါဌ်၌--

၁။ ဇာတိသည် ဆိုအပ်ခဲ့ပြီးသော ဇာတိစုပင်တည်း။

၂။ အသစ်အသစ် ဖြစ်ပေါ်သောဝိညာဏ်,နာမ်ရုပ်,သဠာယတန,ဖဿ, ဝေဒနာ-ဟုဆိုအပ်သော ဥပပတ္တိဘဝတို့၏ ရင့်မှု,ချုပ်မှုသည် ဇရာမရဏမည်၏၊ ထိုရင့်မှု,ချုပ်မှုသည် ရင့်သော ချုပ်သော ဓမ္မသဘာဝနှင့် မကင်းလေသော ကြောင့် ဇရာမရဏံ ဟူသောပါဌ်ဖြင့် ရင့်ဆဲ ချုပ်ဆဲဖြစ်သော ဝိညာဏ်,နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ ဟု ဆိုအပ်သော ဥပပတ္တိဘဝကိုပင် ယူအပ်၏။

ဇာတိကြောင့် ဇရာမရဏဖြစ်ပုံပြီး၏။

## ၁၂-ဇာတိကြောင့် သောကစသည်တို့ဖြစ်ပုံ

"သောကပရိဒေဝ ဒုက္ခဒေါမနဿုပါယာသာ သမ္ဘဝန္တိ"ဟူသော ပါဌ်၌--

၁။ ဆွေမျိုးအပေါင်းတို့၏ ပျက်စီးခြင်းအစရှိသောအကြောင်း ကြောင့် အတွင်း၌ စိုးရိမ်သောအခြင်းအရာအားဖြင့် ဖြစ်သော ဒေါမနဿ ဝေဒနာသည် သောကမည်၏။

၂။ အဆွေအမျိုးတို့၏ ပျက်စီးခြင်းအကြောင်းကြောင့် ငိုကြွေးသော အခြင်းအရာအားဖြင့် ဖြစ်သော စိတ္တဇသဒ္ဒသည် ပရိဒေဝမည်၏။

၃။ ဒုက္ခသဟဂုတ် ကာယဝိညာဏ်စိတ်၌ရှိသော ဝေဒနာသည် ဒုက္ခမည်၏။

၄။ ဒေါသမူဒွေ၌ရှိသော ဝေဒနာသည် ဒေါမနဿမည်၏။

၅။ ဆွေမျိုးတို့၏ ပျက်စီးခြင်း အစရှိသော အကြောင်းကြောင့် အပြင်းအထန် ပင်ပန်းသော အခြင်းအရာအားဖြင့် ဖြစ်သော ဒေါသသည် ဥပါယာသမည်၏။

ဇာတိကြောင့် သောကစသည်တို့ ဖြစ်ပုံပြီး၏။

ပဋိစ္စသမုပ္ပါဒ်အကောက် ဤတွင်ပြီး၏။

www.dhammaransi.com